www.myanmarcupid.net

# မင်းလူ

## ယမကာလှုလင်



သီရိဆွေစာအုပ် ၁၂

# ယမကာလုလင်

**မင်းလူ**

MYANMAR CUPID
Myanmar e-Books Library
Commercial Use of This Book will be at Your OWN RISK

Commerical Use of This Book Will Be at Your Own Risk

စာမူခွင့်ပြုချက်အမှတ်

၁၅၉၂/၂၀၀၃ (၁၂)

မျက်နှာဖုံးခွင့်ပြုအမှတ်

၇၁၀/၂၀၀၄(၇)

ပုံနှိပ်ခြင်း

တတိယအကြိမ်

ထုတ်ဝေကာလ

ဩဂုတ်လ၊ ၂၀၀၄ ခုနှစ်

ထုတ်ဝေသူ

ဦးခင်မောင်သန်း (၀၁၄၅၄) သန်းစာပေ၊

အမှတ်–၆၃ခ၊ ၁ လမ်း၊ (၁၁) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**"E-Book"** မှတ်တမ်း

ကွန်ပျူတာစာစီစာရိုက်နှင့် အရေးသတ် တည်းဖြတ်သူ
**born41987**

**Myanmar E-Book** အဖြစ်
ပထမအကြိမ်
ဧပြီလ၊ ၂၀၀၉ ခုနှစ်တွင်

*Myanmarcupid Forum PDF Creator Group*

မှ
တင်ဆက်သည်။

# နိဒါန်း သို့မဟုတ် အမှာစာ သို့မဟုတ် ပြဿနာများ

ပထမဆုံးသော ပြဿနာမှာ ဒီစာအုပ်ကို ဘယ်လိုနာမည်ပေးရမလဲ ဆိုသောကိစ္စ ဖြစ်၏။

စာအုပ်တစ်အုပ်ကို ရေးသားထုတ်ဝေရာတွင် နာမည်က တော်တော်အရေးကြီးသည်။ စာအုပ်တစ်အုပ် ထွက်လာပြီဆိုလျှင် စာအုပ်ကို မမြင်ရသေးခင်၊ မဖတ်ရသေးခင် စာအုပ်နာမည်ကို အရင်တွေ့ရတတ်သည်။ သတင်းစာထဲမှာ၊ မဂ္ဂဇင်းထဲမှာ ကြော်ငြာသည့်အခါ စာအုပ်နာမည်ကို ပရိသတ်က ဦးစွာ တွေ့ရတတ်သည်။

တစ်ချို့စာအုပ်များမှာ နာမည်ကို စိတ်ဝင်စားသောကြောင့် ပို၍အောင်မြင်သွားတတ်ကြ၏။ တစ်ချို့ကတော့ စာအုပ်က ကောင်းပါလျက် နာမည်က ရိုးလွန်းသောကြောင့် မထင်မရှားဖြစ်သွားရတာလည်းရှိ၏။ ထိပ်သီးစာရေးဆရာကြီးအချို့တောင် ပရိသတ်ကို နာမည်နှင့်ဖမ်းစားဖို့ ကြိုးစားကြတာ တွေ့ဖူးပါသည်။

ကျွန်တော်လဲ ဒီစာအုပ်ကို ဘယ်လိုနာမည်ပေးရပါ့မလဲ စဉ်းစားသည်။ စာအုပ်ပါ အကြောင်းအရာက အရက်နှင့် လုံးဝပတ်သတ်နေသည်။ ဒီတော့ စာအုပ်နာမည်တွင် ပုလင်း၊ ဖန်ခွက်၊ ယမကာဆိုသော စကားလုံးပါသင့်သည်။ ပြီးတော့ ခုခေတ်က နာမည်ဆန်းဆန်းလေးတွေ ကြိုက်တတ်သည်။

ထို့ကြောင့် လျှောက်စဉ်းစားကြည့်သည်။ ထူးထူးခြားခြားလေးဖြစ်အောင် 'သင်နှင့် ရမ်ပုလင်းကိုသာ ဝင်ခွင့်ပြုမည်' ဟု အမည်ပေးလျှင် ဘယ်လိုနေမလဲ။ မကောင်း။ တာရာမင်းဝေ၏ စာအုပ်တစ်အုပ်အမည်နှင့် သွားဆင်နေသည်။

'ပုလင်းထဲမှာ မောင့်ကို ထားရစ်ခဲ့'။ ဒါကျတော့ ဂျူးရဲ့စာအုပ်တစ်အုပ်နာမည်ကို တုပသလို ဖြစ်သွားမည်။ 'ခွက်တို့၏မာယာ' ဆိုလျှင် ပိုတောင် ဆိုးသွားဦးမည်။

ခုံခုံညားညားဖြစ်အောင် 'ယမကာဒီပချစ်သူ' ဆိုလျှင်ရော။ ဆရာချစ်ဦးညိုက လိုက်ရိုက်မှာ သေချာသည်။

ရိုးရိုးရှင်းရှင်း တိုတိုတုတ်တုတ် ပုလင်းစကားဟု နာမည်ပေးပြန်တော့လဲ ကိုသုမောင်၏ ကွမ်းစကားကို ထေ့သလို ဖြစ်သွားမည်။

တကယ်တော့ ကျွန်တော်သည်လည်း အရက်နှင့် လုံးဝကင်းရှင်းသူတစ်ယောက် မဟုတ်။ စွဲစွဲလမ်းလမ်း မဟုတ်သည့်တိုင် အရက်သမားများနှင့် လုံးလားထွေးလားနေခဲ့သူသာ ဖြစ်၏။

ကွယ်လွန်သူစာရေးဆရာကြီးတစ်ယောက် ပြောခဲ့သောစကားတစ်ခွန်းကို သတိရမိ၏။

"အရက်ကြိုက်တတ်တဲ့လူတွေကို 'အရက်သမား'လို့ ခေါ်တာ ရင့်သီးလွန်းပါတယ် . . . နားဝင်ချိုအောင် 'ယမကာလုလင်'လို့ ခေါ်သင့်ပါတယ် . . . " တဲ့။

ထို့ကြောင့် နားဝင်ချိုအောင် ကျွန်တော့်စာအုပ်ကို 'ယမကာလုလင်' ဟု အမည်ပေးလိုက်ရပါသည်။

****************

နာမည်ကိစ္စတော့ အဆင်ပြေသွားပြီ။ နောက်ပြဿနာတစ်ခု ရှိသေးသည်။ အရက်နှင့် ပတ်သတ်တာကို ရေးမှာဆိုတော့ အရက်ကောင်းကြောင်းရေးမှာလား။ ဆိုးကြောင်းရေးမှာလား။

အရက်ကောင်းကြောင်း ချီးကျူးရေးသားဖို့တော့ လုံးဝမဖြစ်နိုင်။ သင့်လဲ မသင့်တော်။ အရက်မကောင်းကြောင်း ရှုံ့ချပြီး ရေးမည်ဆိုလျှင်ကော။

ထိုကိစ္စမှာ စာပေဝေဖန်ရေး လုပ်ရတာထက်တောင် ခက်သေးသည်။ စာပေဝေဖန်ရေးကမှ အယူအဆတစ်ခု၊ အုပ်စုတစ်ခုကို တိုက်ခိုက်လျှင် ဆန့်ကျင်ဘက်အုပ်စု၏ ထောက်ခံမှုကို ရနိုင်သေးသည်။

အရက်ကိစ္စမှာကျတော့ ဒီလိုမဟုတ်။ အရက်ကို ဆန့်ကျင်ဝေဖန်မိလျှင် မော်ဒန်၊ ဂန္ထဝင်၊ သရုပ်မှန်၊ သရုပ်ဖော်စသော အုပ်စုအားလုံးတို့၏ တခဲနက်တုံ့ပြန်တိုက်ခိုက်မှုကို ခံရစရာ အကြောင်းရှိ၏။ အဘယ့်ကြောင့်ဆိုသော် ထိုပုဂ္ဂိုလ်အတော်များများသည် စာပေဆိုင်ရာ အယူအဆတွေမှာသာ သဘောထားတွေ ကွဲချင်ကွဲမည်။ ယမကာကို နှစ်သက်မြတ်နိုးရာမှာတော့ လုံးဝ စိတ်သဘောထားချင်း တိုက်ဆိုင်ညီညွတ်ကြသောကြောင့်ပင် ဖြစ်၏။

ထို့ကြောင့် ဒီစာအုပ်မှာ အရက်၏ ကောင်းကျိုး၊ ဆိုးကျိုးများကို ပဓာန မထားပါ။ တကယ်တော့လဲ ကျွန်တော်ရေးချင်တာက အရက်အကြောင်း မဟုတ်ပါ။ အရက်သောက်သူများ အကြောင်းသာ ဖြစ်၏။ ယမကာသမားတို့၏ ဓလေ့စရိုက်သဘာဝအကြောင်းကို ရေးသားထားခြင်းသာ ဖြစ်ပါသည်။ (ဒီအထဲကမှ ရှာကြံပြီး သင်ခန်းစာယူကြမည်ဆိုလျှင်တော့ အထိုက်အလျှောက် အကျိုးရှိနိုင်ပါသည်။)

****************

တတိယပြဿနာ။

ယမကာလုလင်များအကြောင်း ရေးမည်ဟု ကျွန်တော်ဆိုခဲ့သည်။ ဒီလိုဆိုကတည်းက ထိုသူများမှာ ကျွန်တော့်ပတ်ဝန်းကျင်ရှိ သူငယ်ချင်းမိတ်ဆွေများ၊ ရပ်ကွက်ထဲကလူများ၊ ဆွေမျိုးသားချင်းများ၊ ကျွန်တော် ကျင်လည်ခဲ့သော အနုပညာနယ်မှ စာရေးဆရာ၊ ကဗျာဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ စသည်များ ဖြစ်ကြောင်း သိသာနေပါပြီ။

ဒီနေရာမှာ စဉ်းစားစရာတစ်ခု ရှိလာသည်။ စာအုပ်ထဲမှာ သူတို့နာမည်တွေကို အမှတ်အတိုင်း၊ အရင်းအတိုင်း ထည့်ရေးမလား၊ မရေးဘူးလား။ ရေးလို့မဖြစ်။ သူတို့၏ဂုဏ်သိက္ခာကို ငဲ့ညှာရမည့်အကြောင်းတွေ ရှိနေသည်။

တစ်ချို့မှာ သူတို့သောက်လုံးကြီးခဲ့စဉ်က သူများအိမ်ပေါ် လေးဖက်ထောက်တက်လို တက်၊ အိမ်ဦးခန်းမှာ ကွေးနေအောင်ကလို က၊ ဘုရားစင်ရှေ့အန်လို အန်၊ အိမ်သာနှင့် ထမင်းစားခန်း မှားဝင်ပြီး သေးကော့ပန်းလိုပန်း . . . ဆိုးချင်တိုင်းဆိုးခဲ့သော်လည်း ခုကျတော့ အကျွတ်တရားရပြီး အရက်ကို လုံးဝဖြတ်၊ ဘုရားမှန်မှန်တက်၊ အဓိဋ္ဌာန်ပုတီး မှန်မှန်စိပ်နေသူများ ရှိသည်။

ခုချိန်ကျမှ ဟိုအရင်ကအကြောင်းတွေ နာမည်တပ်ရေးလျှင် ငယ်ကျိုးငယ်နာ ဖော်သလို ဖြစ်တော့မည်။ မတော်တဆ သူတို့က ရှက်ပြီး 'တင်း'သွားလို့ ကျွန်တော့်အကြောင်းတွေ ပြန်ဖော်ရေးလျှင် ခက်မည်။

ပြီးတော့ စာအုပ်ထဲ ထည့်ရေးမည်ဟု စိတ်ကူးထားသည့် အချို့အကြောင်းအရာတွေက ကိုယ်တိုင်ကြုံရခြင်း မဟုတ်။ တစ်ဆင့်ကြားရသော စကားဖြစ်၏။ ဒီလိုစကားမျိုးက အတည်ပြုဖို့ ခက်သည်။ သက်သက်နောက်ပြောင်

ပြီး 'ချွန်တွန်း' လုပ်တာလည်း ဖြစ်နိုင်သည်။ ချဲ့ကားပြီး ပိုပိုသာသာပြောတာလည်း ဖြစ်ချင်ဖြစ်မည်။ တစ်ချို့က လုပ်တုန်းက ကိုယ်လုပ်ပြီး သူများကို လွှဲချတာမျိုးလည်း ရှိ၏။ ဒီတော့ တကယ်မဟုတ်တာကို နာမည်တပ်ရေးမိလျှင် ကျွန်တော် အဆဲခံရမည်။

နောက်တစ်ခုလည်း ရှိသေးသည်။ နာမည်တပ် အရေးခံရသူတွေက 'မင်းအစ်ကိုတွေ အကြောင်းကျတော့ ရော' ဟု မေးခွန်းထုတ်လာနိုင်သည်။ မှန်၏။ ကျွန်တော့်အစ်ကိုတွေကလည်း အရက်နှင့်ပတ်သတ်သော နောက်ကြောင်းရာဇဝင်ကလေးတွေ ရှိနေသည်။ သူတို့ကိစ္စတွေကိုလည်း နာမည်နှင့်တကွ ထုတ်ဖော်ရေးရလျှင် 'ကိုယ့်အစ်ကို ပေါင် ကိုယ်လှန်ထောင်း' သလို ဖြစ်နေလိမ့်မည်။

ဒီလိုဆိုတော့ ဘယ်လိုလုပ်ကြမတုံး။ ဂျာနယ်တွေထဲမှာ ရေးကြသလို 'နာမည်သုံးလုံးနှင့် စာရေးဆရာတစ်ဦး၊ တန်လာန်နှင့်စသော ကဗျာဆရာတစ်ဦး' ဆိုတာမျိုးလုပ်ပြန်လျှင်လည်း ဇဝေဇဝါ ဖြစ်ကုန်မည်။

ထို့ကြောင့် ပြဿနာမဖြစ်လောက်သော နေရာများမှာသာ နာမည်ရင်းများကို သုံးထားပါသည်။ အဓိက ဇာတ်ကောင်များကိုတော့ သီးခြားနာမည်များ ပေးထားပါသည်။ ထိုဇာတ်ကောင်များမှာလည်း လူနှစ်ယောက်သုံးယောက်တို့၏ စရိုက်သဘာဝများ၊ အဖြစ်အပျက်များကို ပေါင်းစပ်ဖန်တီးထားခြင်း ဖြစ်ပါသည်။ ဒီထဲမှာမှ တကယ်မဟုတ်ပဲ ကျွန်တော့်ဘာသာ စိတ်ကူးယဉ်ထားသော ဇာတ်ကွက်တွေကိုလည်း ဖြည့်စွက်ထားပါသေးသည်။ (ကျွန်တော့်ကိုကျွန်တော်တော့ မကွယ်မဝှက်ပဲ နာမည်ရင်းအတိုင်းပင် သုံးထားပါသည်။)

************************

နောက်ဆုံးပြဿနာကတော့ ဒီစာအုပ်ကို ဘယ်လိုပုံစံနှင့်ရေးမလဲဆိုသောကိစ္စ ဖြစ်၏။

ကျွန်တော်ရေးမည့်အကြောင်းအရာများသည် ဟိုတစ်စဒီတစ်စ ဖြစ်နေ၏။ လုံးချင်းဝတ္ထုတစ်ပုဒ်လို စလယ်ဆုံးဇာတ်လမ်းကို ဆင်ပြီး သယ်သွားလို့မရ။

တစ်ချို့နေရာတွေမှာ ဝတ္ထုတိုတစ်ပုဒ်လို ဇာတ်ကွက်တွေပါသည်။ တစ်ချို့အပိုင်းတွေကျတော့ အတ္ထုပ္ပတ္တိဆန်ကောင်းဆန်မည်။ တစ်ခါတစ်လေ ဆောင်းပါးတစ်ပုဒ်လို ဖွင့်ဆိုရှင်းပြထားတာတွေ ပါမည်။ အက်ဆေးကဲ့သို့ စိတ်ကူးစိတ်သန်းတွေကို ဖွဲ့ဖွဲ့နွဲ့နွဲ့တင်ပြတာလည်း ရှိနိုင်သည်။

ထို့ကြောင့် ဒီစာအုပ်သည် ဘယ်လိုစာပေအမျိုးအစားထဲမှာ ပါဝင်ကြောင်း တိတိကျကျ ပြောဖို့ ခက်သည်။ 'မြန်မာစာပေသမိုင်းမှာ တစ်ခါမှ မပေါ်ပေါက်ဖူးသေးသော ရေးနည်းရေးဟန် စာပေပုံသဏ္ဌာန်သစ်တစ်ခုကို တီထွင်ဆန်းသစ်လိုက်ပြီ' ဟူ၍ စာပေပညာရှင်များက ချီးကျူး ဂုဏ်ပြုကြလိမ့်မည်မဟုတ်မှန်းတော့ သိပါသည်။

ဘာပဲဖြစ်ဖြစ် စာဖတ်ပရိသတ်များက နှစ်သက်သဘောကျလက်ခံကြသည်ဆိုလျှင် ကျွန်တော် ဝမ်းမြောက်ဂုဏ်ယူရပါမည်။

ရိုသေလေးစားလျက်
မင်းလူ

## ယမကာနှင့် စတင်သိကျွမ်းရခြင်း

တက္ကသိုလ်တွေ ဖွင့်သောနေ့ဖြစ်၏။ ထိုနေ့မှာပင် မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ကျင်းပသည်။

ဘွဲ့နှင်းသဘင်ခန်းမထဲမှာ ပြုလုပ်ခြင်းဖြစ်ပြီး ကျောင်းသားကျောင်းသူသစ်လွင်အားလုံး တက်ရောက်ကြရသည်။ နောက်ရက်တွေကျမှ ကိုယ့်ဌာနအလိုက် သစ်လွင်ကြိုဆိုပွဲတွေ သီးခြားကျင်းပကြရသည်။

ပထမဦးစွာ ပါမောက္ခချုပ်က အမှာစကား၊ ဆုံးမစကား ပြောသည်။ ပြီးတော့ ဌာနအလိုက် ပါမောက္ခများ၊ ဌာနမှူးများနှင့် မော်ကွန်းထိန်းတို့က ပြောကြသည်။

မိမိတို့ သက်ဆိုင်ရာဘာသာများအကြောင်း မိတ်ဆက်ပြောပြကြခြင်း ဖြစ်၏။ အချို့ဆရာကြီးများသည် စကားပြောအလွန်ကောင်းသည်။ ရယ်စရာမောစရာတွေ ကြားညှပ်ပြောသွားကြသဖြင့် တဝေါဝေါ ပွဲကျကြရ၏။

အခမ်းအနားပြီးတော့ တက္ကသိုလ်ကျောင်းသားဘဝ၏ ပထမဆုံးနေ့မှာ တစ်ကြိမ်၊ နောက်ဆုံးဘွဲ့ယူသောနေ့မှာ တစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်သာ တက်ခွင့်ရသော ဘွဲ့နှင်းသဘင်ခန်းမကြီးထဲက ထွက်လာကြ၏။

အထက်တန်းကျောင်းမှာတုန်းက ကျွန်တော်နှင့်တွဲခဲ့ကြသော သူငယ်ချင်းတွေအနက် နှစ်ယောက်က ဆယ်တန်းကျပြီး ကျန်ရစ်သည်။ တစ်ယောက်က ကျွန်တော်နှင့် တစ်နှစ်တည်းအောင်သော်လည်း ဆေးတက္ကသိုလ်ရောက်သွားသဖြင့် ရန်ကုန်တက္ကသိုလ်မှာ ကျွန်တော်တစ်ယောက်တည်း ယောင်လည်လည်ဖြစ်နေ၏။

ကျောင်းထဲကို အရင်က နှစ်ခေါက်သုံးခေါက်ရောက်ဖူးသဖြင့် သိပ်စိမ်းနေတာမျိုးတော့ မဟုတ်။ ခုဟာက တစ်ယောက်တည်းမို့ ခပ်ကြောင်ကြောင်ဖြစ်နေခြင်း။ ဟိုလျှောက်ဒီလျှောက်ပဲ လုပ်ရမလား။ တစ်နေရာရာမှာပဲ ထိုင်ရမလား။

ဗိုက်ထဲကလည်း ဆာလာသည်။ စားသောက်ဆိုင်တစ်ခုခုမှာ သွားထိုင်ရလျှင် ကောင်းမည်။ စားသောက်ဆိုင်တန်းတွေ အများကြီးရှိသော်လည်း ကျွမ်းကျွမ်းကျင်ကျင် မသွားတတ်သေး။ နောက်မှ အပန်းဖြေရိပ်သာထဲမှာ သက်သာစားသောက်ဆိုင်ရှိကြောင်း သတိရသည်။ သွားလို့ အလွယ်ဆုံး။ အဓိပတိလမ်းအတိုင်း လျှောက်လာခဲ့စဉ် . . .

"ဟာ . . . ဟေ့ကောင် . . . ဘယ်လဲ . . . "

ဆယ်တန်းအောင်ပြီး လုပ်အားပေးခဲ့စဉ်က စက်ရုံတစ်ခုမှာ အတူတူဆုံခဲ့သော မောင်ခင်၊ သိန်းရွှေနှင့် မောင်မောင်ကြည်တို့ကို သွားတွေ့သည်။

"ဗိုက်ဆာလို့ကွာ . . . တစ်ခုခုသွားစားမလို့ . . . "

"ဘယ်မှာ စားမလို့လဲ . . . "

"အာရ်စီထဲမှာ . . . "

မောင်ခင်က ခေါင်းကုတ်စဉ်းစားလိုက်ပြီး . . .

"ဟော့ကောင်တွေ . . . ငါတို့ လုပ်အားပေးပြီးကတည်းက ပြန်မဆုံရသေးဘူး . . . ပြီးတော့ ဒီနေ့ တက္ကသိုလ် စတက်ရတဲ့နေ့ အထိမ်းအမှတ်အဖြစ် နည်းနည်းသွားသောက်ရအောင် . . . "

"ဟာ . . . ငါမှ မသောက်တတ်ပဲ . . . "

"ငါလဲ မသောက်ဖူးဘူး . . . "

"ငါလဲ တစ်ခါမှ . . . "

ကျွန်တော်တို့သုံးယောက်တုံ့ပြန်သည်။ မောင်ခင်က . . .

"အေးလေ . . . ဒါကြောင့် သောက်ဖူးတယ်ရှိအောင် သောက်ရအောင်လို့ ပြောတာပေါ့ . . . "

ကျွန်တော်သည် တက္ကသိုလ်ရောက်ပြီဖြစ်၍ ကိုယ့်ကိုယ်ကိုယ် လူကြီးဖြစ်ပြီဟု သတ်မှတ်ထားသည်။ ကိုယ်ပိုင်ဆုံးဖြတ်ချက်ချနိုင်ပြီဟုလည်း ယူဆနေသည်။ အသစ်အဆန်းကိုလည်း မြည်းစမ်းကြည့်ချင်နေသည်။ ထို့ကြောင့် . . .

"အေး . . . ကောင်းတယ်ကွာ . . . ဘယ်ဆိုင်သွားမလဲ . . . ငါတော့ တစ်ခါမှ မသွားဖူးလို့ မသိဘူး . . . "

မောင်ခင်က ခဏစဉ်းစားပြီး . . .

"မင်းသမီးစားတော်ဆက်ကို သွားမယ် . . . "

"ဟာ . . . ဈေးကြီးမှာပေါ့ . . . ငါ့မှာ ပိုက်ဆံ သိပ်မပါဘူး . . . "

"ဈေးမကြီးပါဘူးကွ . . . တခြားဆိုင်တွေလောက်ပါပဲ . . . "

မောင်ခင်၏ဦးဆောင်မှုဖြင့် ရွှေမန်းရုံအောက်ထပ်မှာ ကပ်လျက်ဖွင့်ထားသော မင်းသမီးစားတော်ဆက်သို့ ရောက်သွားကြသည်။

မောင်ခင်သည် ကျွန်တော်တို့ထက် အသက်နှစ်နှစ်လောက်ပိုကြီးသည်။ လည်လည်ပတ်ပတ်လည်း ရှိသည်။ ဆိုင်ထဲရောက်လို့ ကျွန်တော်တို့တွေ ဟိုကြည့်ဒီကြည့် ကြောင်စီစီဖြစ်နေစဉ်မှာပင် သူက စားပွဲထိုးကို . . . "ဟေး . . . ဝိတ်တာ . . . " ဟု လှမ်းခေါ်ပြီး . . .

"ရမ် သရီးပက်၊ ကရင်ဆိုဒါ နှစ်လုံး၊ အစိမ်းကြော် တစ်ပွဲ၊ ကြက်ဥမွှေကြော် တစ်ပွဲ၊ ခေါက်ဆွဲကြော် တစ်ပွဲ . . . "

ဟု မှာလိုက်သည်။

ရမ်ထည့်လာသော ပုလင်းပြား၊ ကရင်ဆိုဒါ၊ ရေခဲနှင့်ဖန်ခွက်များ အရင်ရောက်လာသည်။ (ထိုစဉ်က အအေးပုလင်းများကို ရေခဲစိမ်ထားသည့်စနစ် ခေတ်မစားသေး။)

မောင်မောင်ကြည်က အရက်ပုလင်းကို လှမ်းကိုင်မည်ပြုစဉ် . . .

"နေဦးကွ . . . စားစရာတစ်ခုခုရောက်လာအောင်စောင့်ဦး . . . ဒီအတိုင်းဆို မင်းတို့ သောက်နိုင်မှာ မဟုတ်ဘူး . . . "

မောင်ခင်က ဟန့်သည်။ သိန်းရွှေက . . .

"ကရင်ဆိုဒါ နည်းနည်းသောက်နှင့်မယ်ကွာ . . . "

"မင်းကလဲ . . . ဘယ်လိုဖြစ်နေလဲ . . . "

ဟု ကျွန်တော်ကပြောလိုက်စဉ်မှာပင် ကြက်ဥမွှေကြော် အရင်ရောက်လာသည်။

"ကဲ . . . စကြစို့ . . . "

မောင်ခင်က ကျွန်တော်တို့သုံးယောက်၏ဖန်ခွက်များထဲသို့ နည်းနည်းစီမျှထည့်ပေးပြီး ကျန်တာကို သူ့ခွက်ထဲ အကုန်ထည့်လိုက်၏။ သူ့ခွက်ထဲမှအရက်က ပိုများသည်။

မှာတာမှ သုံးပက်ထဲကို သူက တစ်ပက်လောက်ရှိသဖြင့် ကျွန်တော်တို့သုံးယောက်မှာ တစ်ယောက်လျှင် တစ်ပက်တောင်မပြည့်တော့။ ဘာပဲဖြစ်ဖြစ် သောက်ဖူးဖို့ကအဓိကပဲဆိုပြီး ဖန်ခွက်ထဲကို ကရင်ဆိုဒါအပြည့်ထည့်ပြီး တစ်ငုံ ငုံကြည့်သည်။ ခါးသလိုလို ချိုသလိုလို အရသာ။

သိန်းရွှေသည် ဖန်ခွက်ကို ပါးစပ်နားတေ့လိုက် ပြန်ချလိုက် လုပ်နေ၏။ မောင်မောင်ကြည်ကတော့ ရဲရဲဝံ့ဝံ့ ရင်ဆိုင်မည့်ပုံရှိ၏။ မောင်ခင်က . . .

"ခဏနေကြဦး . . . ချီးယားစ် လုပ်ရအောင် . . . "

ဆိုပြီး ဖန်ခွက်ကို မြှောက်လိုက်သည်။ ကျွန်တော်တို့လည်း လိုက်မြှောက်ပြီး "ချီးယားစ်" ဟု ရေရွတ်ရင်း ဖန်ခွက်ချင်း ထိလိုက်ကြသည်။

မောင်ခင်က တစ်ငုံ ငုံသဖြင့် ကျွန်တော်လည်း လိုက်ငုံသည်။ သိန်းရွှေက ဖန်ခွက်ကို ငေးကြည့်နေသဖြင့် မောင်ခင်က မေးငေါ့ပြလိုက်၏။ ဒီတော့မှ တစ်ငုံ ငုံလိုက်သည်။ သူသည် မသောက်ရခင်ကတည်းက မျက်နှာကို ကြိုတင်ရှုံ့မဲ့ထားလိုက်သေးသည်။ သောက်ပြီးတော့မှ . . .

"ဟဲ . . . ဟဲ . . . ထင်သလောက် မခါးပါဘူးကွ . . . "

ဟု ဆိုသည်။ မောင်မောင်ကြည်ကတော့ ကညာစစ်မနေတော့ပဲ တစ်ခွက်လုံးကုန်အောင် တစ်ရှိန်တည်း မော့ချ လိုက်လေတော့သည်။

"ဟာ . . . ဟေ့ကောင် . . . ဘယ်လိုလုပ်တာလဲကွ . . . အရက်ကို နွားနို့သောက်သလို သောက်ရသလား . . . အဲဒါ ဂေါ်ရင်ဂျီမော့ မော့တယ်လို့ ခေါ်တယ် . . . ရမ်သောက်တဲ့အခါ နည်းနည်းချင်း တစိမ့်စိမ့်သောက်ရတယ်ကွ . . . "

မောင်ခင်က အပြစ်တင်သည်။ မောင်မောင်ကြည်က . . .

"ဟာ . . . ဒီချိုခါးကြီးကို ဖြည်းဖြည်းသောက်လို့ ရမလားကွ . . . ကဲကွာ . . . ဒါဆိုလည်း နောက်ထပ် မှာလိုက် . . . မင်းပြောသလို သောက်မယ် . . . "

"ဘယ်ရမလဲကွ . . . မင်းတို့က အရိုင်းတွေ . . . ဒီလောက်ပဲ တော်ပြီ . . . သောက်ချင်ရင် ကရင်ဆိုဒါပဲ သောက်တော့ . . . "

မောင်ခင်က ကျွန်တော်တို့ကို အရိုင်းတွေဟု ပြော၏။ ဒီတုန်းကတော့ သူ့ကို တကယ့်သမ္ဘာရင့်သူကြီး တစ်ယောက်ဟု အထင်ကြီးမိသေးသည်။ ထိုစဉ်က သူကိုယ်တိုင်လည်း တစ်ပက်ထက် ပိုမသောက်ရဲတာ နောက်မှ စဉ်းစားမိ၏။

တကယ်တော့ ကျွန်တော်တို့သည် အရက်သောက်ကြခြင်း မဟုတ်။ အရက်မြည်းကြခြင်းသာ ဖြစ်၏။ တစ်နည်း အားဖြင့် ကရင်ဆိုဒါထဲကို အရက်နည်းနည်းစပ်သောက်ကြခြင်းသာဖြစ်၏။ စပ်တဲ့အရက်ကလည်း တစ်ပက်တောင် မပြည့်။

ဒီတော့ အရှိုင်းပင်ဖြစ်စေ ငယ်ငယ်ရွယ်ရွယ် ကျန်းမာရေးကောင်းနေသူများမှာ မူးတယ်လို့ မဆိုနိုင်။ သို့ရာတွင် ကျွန်တော်တို့စိတ်ထဲမှာတော့ အရက်သောက်ပြီးပြီ၊ ငါတို့မူးပြီဟု ထင်နေကြ၏။ တကယ့်အရက်သမားတွေဟန်ဖြင့် အာလေးလျှာလေးဖြစ်အောင် တမင်လုပ်ပြီး စကားပြောကြသည်။ အကြောင်းသိသော စားပွဲထိုးကတော့ တစ်နေရာမှ ပြုံးကြည့်နေပေလိမ့်မည်။

စားသောက်ပြီးလို့ ဆိုင်ထဲကထွက်လာတော့ ခြေလှမ်းတွေက ပုံမှန်အတိုင်း ဖြစ်နေ၏။ ဒါကို တမင်တကာ ခပ်ယိုင်ယိုင်ဖြစ်အောင် ကြိုးစားရတာ တော်တော်မလွယ်လှ။ ပြန်စဉ်းစားကြည့်တော့ ရယ်စရာကြီးပဲ။

"ဟေ့ကောင်တွေ . . . ကျောင်းထဲပြန်သွားမယ် . . . အဆောင်ရှေ့မှာ သီချင်းသွားဆိုမယ် . . . "

"အေးကွ . . . ကောင်းတယ် . . . "

နံပါတ်ကိုးကားကို စီးပြီး ကျောင်းဘက်သို့ ပြန်သွားကြ၏။ မာလာဆောင်မှတ်တိုင်မှာ ဆင်း၊ ဂျပ်ဆင် ဝင်ပေါက်မှဝင်ပြီး သီရိဆောင်ရှေ့မှာ ရပ်လိုက်ကြသည်။

အဆောင်ရှေ့မှာ လူရှင်းနေသည်။ သီချင်းဆိုမည့်သူတွေ တစ်ယောက်မှ မလာကြသေး။ ဘယ်လာပါ့မလဲ။ ခုမှ ညနေ ခြောက်နာရီလောက်သာ ရှိသေးသည်။ မှောင်တောင် မမှောင်သေး။

တကယ်က တက္ကသိုလ်မှာ ညခုနစ်နာရီ ရှစ်နာရီလောက်ကျမှ အဆောင်ရှေ့မှာ သီချင်းလာဆိုကြခြင်းဖြစ်၏။ ခုလို လင်းလင်းချင်းချင်းကြီးမှာ သီချင်းဆိုဖို့ဆိုပြီး ရောက်လာသော ကျွန်တော်တို့တစ်သိုက်ကား တကယ်ငကြောင် တွေဖြစ်၏။

တကယ်တမ်းကျတော့လည်း ဆိုရဲတာမဟုတ်။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အပြန်အလှန် မေးငေါ့ပြကြသည်။ ကျွန်တော်က . . .

"ကြောင်တောင်တောင်ကြီးကွာ . . . "

ဟု ညည်းလိုက်သည်။

"အေး . . . ဟုတ်တယ် . . . "

"တခြား ဘယ်သူမှလည်း မရှိဘူးကွ . . . "

"အဆောင်ပေါ်က ကောင်မလေးတွေ ဝိုင်းရယ်ကြရင် ရှက်စရာကြီး . . . "

"ပြန်တာ ကောင်းပါတယ်ကွာ . . . "

အသီးသီးရှေရွှတ်ပြီး ပြန်ထွက်လာခဲ့ကြ၏။

ဘာပဲဖြစ်ဖြစ် အရက်ကိုတော့ မြည်းစမ်းကြည့်ဖူးသွားပြီ။ အရက်မူးသည့်အရသာကိုလည်း ခံစားဖူးပြီဟု ထင်မိ၏။ တကယ်မူးတာမဟုတ်ကြောင်း မရိပ်မိသေး။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ် ဟုတ်လှပြီဟု ထင်သည်။

"အရက်သောက်တယ်ဆိုတာ ဘာခက်သလဲကွ . . . ငါဆိုရင် တော်ရုံတန်ရုံ သောက်တာလောက်နဲ့ ထိတဲ့ ကောင် မဟုတ်ဘူးကွ . . . "

ဟု ကိုယ့်ကိုယ်ကိုယ် အထင်ကြီးမိ၏။

ဒါကြောင့်လည်း နောက်တစ်ပွဲမှာ ရေရေလည်လည် ခံစားလိုက်ရခြင်း ဖြစ်လေ၏။

**************

# စိတ်မကျေပွဲ

ငယ်သူငယ်ချင်းတွေ မဆုံဖြစ်တာ နည်းနည်းကြာသွားပြီ။ ကျွန်တော်က ရန်ကုန်တက္ကသိုလ်ရောက်၊ တစ်ယောက်က ဆေးတက္ကသိုလ်တက်၊ စာမေးပွဲကျကျန်ခဲ့သောနှစ်ယောက်က ဆယ်တန်းဖြေဖို့ ကျောင်းပြန်တက် . . . တကွဲစီဖြစ်ကုန်သဖြင့် အရင်ကလောက် မတွေ့နိုင်တော့။

နောက်တစ်နှစ်မှာတော့ သူတို့ ဆယ်တန်းအောင်သွားသည်။ ဒီအတွက် ကျွန်တော်တို့ မနှစ်က အောင်ထားသူနှစ်ယောက်က ဂုဏ်ပြုသည့်အနေဖြင့် ကျွေးမွေးဖို့တိုင်ပင်ကြသည်။

ထိုအကြောင်းကို လက်ဖက်ရည်ဆိုင်မှာ ထိုင်၍ပြောကြရင်း ကျွန်တော်က မောင်မယ်သစ်လွင် ကြိုဆိုပွဲနေ့က အရက်သောက်ကြကြောင်းကို အာပေါင်အာရင်းသန်သန် ကြွားမိ၏။

အေးသိန်းက ခေါင်းတညိတ်ညိတ် နားထောင်နေပြီး . . .

"သြော် . . . ဟုတ်လား . . . "

ဟု ရေရွတ်သည်။ ပြီးတော့ သူ့ထုံးစံအတိုင်း . . . "ဟင်းဟင်း . . . ဟင်းဟင်း . . . " ဆိုပြီး ရယ်သလို ညည်းညူသလို လုပ်နေသည်။ ဒီပုံစံမှာ တစ်ဖက်လူကို မခိုးမခန့်လုပ်ချင်သည့်အခါတိုင်း သူပြုမူနေကျဖြစ်သဖြင့် . . .

"ဘာလဲကွ . . . မင်းသောက်ချိုးက . . . "

ဟု ကျွန်တော်မေးသည်။ သူက . . .

"ဟင်းဟင်း . . . ရမ်တစ်ပက်မပြည့်တစ်ပြည့်ကိုများ ကရင်ဆိုဒါနဲ့ ရောသောက်တယ်တဲ့ . . . ဟင်းဟင်း . . . "

"အောင်မယ် . . . မင်းကရော ဘယ်လောက်ရင့်နေလို့လဲ . . . "

"ဒါကတော့ ညကျရင် သိမှာပေါ့ကွာ . . . "

"ဘာ . . . ညကျရင် . . . "

ထိုအခါ နောင်စိုးက . . .

"ဒီလိုကွ . . . ငါတို့အိမ်ကလူကြီးတွေ ရွာဘုရားပွဲသွားကြတယ် . . . အိမ်မှာ ငါတစ်ယောက်တည်း အိမ်စောင့်ကျန်ရစ်ခဲ့တယ် . . . "

"ဒီတော့ . . . "

"ငါတို့နှစ်ယောက်က ဒီကောင်တွေကို ဂုဏ်ပြုမယ်လို့ ပြောထားတယ် မဟုတ်လား . . . ဒီတော့ ဒီနေ့ည နောင်စိုးတို့အိမ်မှာ သွားအိပ်ကြမယ် . . . ပြီးတော့ နည်းနည်းပါးပါး သောက်ကြတာပေါ့ကွာ . . . "

ချစ်ဖေက သူတို့ချင်း ကြိုတင်စီစဉ်ထားတာကို ပြောပြသည်။ ကျွန်တော်ကလည်း ပထမအကြိမ်တုံးက မစိုမပို့ သောက်ခဲ့ရတာကို စိတ်ထဲက အားမလိုအားမရ ဖြစ်နေတာမို့ . . .

"အေး . . . ကောင်းတယ်ကွ . . . "

************

ဟု အားတက်သရော သဘောတူလိုက်၏။

နောင်စိုးတို့အိမ်မှာ ညနေခြောက်နာရီဆုံကြသည်။ အိမ်ကိုတော့ ချစ်ဖေတို့အဖေ ဆေးရုံတက်ရလို့ ညသွားစောင့်အိပ်ပေးရမယ်ဟု ပြောခဲ့သည်။

တကယ်တော့ ချစ်ဖေတို့အဖေမှာ လွန်ခဲ့သော ဆယ့်ငါးနှစ်လောက်ကပင် ဆုံးပါးခဲ့ပြီဖြစ်၏။ သို့တိုင်အောင် အပြင်မှာအိပ်ချင်သည့်အခါတိုင်း 'ချစ်ဖေတို့အဖေ အသည်းအသန်ဖြစ်လို့'၊ 'ချစ်ဖေတို့အဖေ လေဖြန်းသွားလို့' စသည်ဖြင့် အကြောင်းပြမြဲဖြစ်၏။ အမေကတောင် . . . "မောင်ချစ်ဖေတို့အဖေက တော်တော်ချျာတယ်နော် . . . " ဟု ပြောနေသေးသည်။ ချစ်ဖေ အိမ်ကို လာသောအခါ . . . "မင်းအဖေက ကျန်းမာရေးမကောင်းဘူးဆို . . . အမေ ဖော်ထားတဲ့ ဆေးလေးယူသွား . . . " ဆိုပြီး ပေးတတ်သေးသည်။

ချစ်ဖေကလည်း တော်တော်မျက်နှာပြောင်သည်။ နောက်တစ်ခါလာတော့ အမေက . . . "ဘယ့်နှယ်လဲဟေ့ . . . မင်းတို့အဖေ အမေ့ဆေးနဲ့ တည့်ရဲ့လား . . . " ဟု မေးသောအခါ "ဟာ . . . တည့်တယ် အမေရဲ့ . . . အရင်က မောမောနေတာ အခုတော်တော်ဟန်ကျနေပြီ . . . " ဟု အလိုက်သင့်ပြန်ဖြေသည်။ အမေကလည်း သဘောတွေကျပြီး ဆေးတွေ ထပ်ပေးသည်။

အမေ့ဆေးမှာ အပူငြိမ်း အားတိုးသွေးဆေးဖြစ်၏။ ဒီကောင်က အမေပေးသည့် သွေးဆေးတွေ သူ့ဘာသာ သောက်ပစ်ခြင်း ဖြစ်၏။ "ကောင်းတယ်ကွ . . . အိပ်လို့လည်း ပျော်တယ် . . . ထမင်းလည်း ပိုစားကောင်း လာတယ် . . . ဒါကြောင့် ညာပြီးထပ်တောင်းတာ . . . " ဟု ဆိုသည်။

နောင်စိုးအိမ်မှာ လူစုံကြသောအခါ ဒီပွဲ၏ ဦးစီးခေါင်းဆောင်ဖြစ်သော အေးသိန်းက တာဝန်ခွဲဝေသတ်မှတ်ပေးသည်။

"ငါနဲ့ချစ်ဖေက အရက်သွားဝယ်မယ် . . . နောင်စိုးနဲ့ ဥာဏ်ကြီးက စားစရာစီစဉ်ထား . . . "

ကျွန်တော်က မနေခဲ့ချင်။ အရက်သွားဝယ်သည့် အတွေ့အကြုံကို လိုချင်သည်။ နောက် ကိုယ့်ဟာကိုယ်ဝယ်လျှင်လည်း ဝယ်တတ်အောင် . . .

"မင်းနဲ့ ငါလိုက်မယ်ကွာ . . . "

ဟု ပြောလိုက်၏။ အေးသိန်းက သူ့ကို စောဒကတက်ရကောင်းလားဆိုသောပုံစံဖြင့် စောင်းကန်းစောင်းကန်းကြည့်သည်။ ခုကိစ္စမှာ သူက ဦးစီးခေါင်းဆောင်ကိုး။

"အေး . . . မင်းလိုက်သွား . . . ငါက အိမ်ကနေ ဒီထိ အဝေးကြီးလမ်းလျှောက်လာရတာ . . . ခြေထောက်တွေ ညောင်းနေပြီ . . . "

ချစ်ဖေကပါ ဝင်ပြောမှ အေးသိန်းက "ဒါဆိုလည်း လိုက်ခဲ့ . . . "ဟု သဘောတူလိုက်၏။

ထိုအချိန်က ခုလို ကွမ်းယာဆိုင်မှာတောင် အရက်ဝယ်လို့ရသော အခါသမယ မဟုတ်သေး။ အစိုးရဖွင့်သောဆိုင်များနှင့် အရက်ပုန်းဆိုင်တို့သာ ရှိ၏။ အစိုးရဖွင့်သောဆိုင်များမှာ တစ်မြို့နယ်လုံးမှာမှ နှစ်ဆိုင်၊ အလွန်ဆုံး သုံးဆိုင်လောက်သာ ရှိ၏။ ဒါတွေကလည်း အရက်ဖြူသာရောင်းသည်။ ရမ်တို့ဘာတို့လို အနီတွေက မြို့ထဲဘက်ရှိ ဆိုင်ကြီးတွေမှာသာ ရသည်။

ကျွန်တော်တို့ မြို့နယ်ထဲမှာတော့ ဘူတာနားမှာ တစ်ဆိုင်၊ အောက်ချိုင့်ဟု ခေါ်သောနေရာမှာ တစ်ဆိုင်ရှိ၏။ အေးသိန်း ကျွန်တော့်ကို ခေါ်သွားတာက ဒီဆိုင်တွေမဟုတ်။

နောင်စိုးတို့ရပ်ကွက်နှင့် မျက်နှာချင်းဆိုင်ရှိ ကျူးကျော်ရပ်ကွက်တစ်ခုထဲ ဝင်သွားခြင်းဖြစ်၏။

"ဟေ့ကောင် . . . ဘယ်သွားမလို့လဲ . . . ဆိုင်ကြီးမှာ သွားမဝယ်ဘူးလား . . . "

ကျွန်တော်ကမေးသဖြင့် . . .

"ဆိုင်ကြီးမှာဆိုရင် ဒီရက်ပိုင်းမှာ ဘီအီးအဝင်နည်းလို့တဲ့ကွ . . . တစ်ယောက်လေးပက်ပဲ ရောင်းတယ် . . . တန်းစီနေရတာနဲ့ ကြာမယ် . . . နှစ်ယောက်ပေါင်းမှ ရှစ်ပက်ပဲ ရမှာ . . . ဒါကြောင့် . . . "

သူကပြောရင်း လမ်းကြားလေးတစ်ခုထဲ ကွေ့ဝင်လိုက်သည်။ လမ်းကလေးက အိမ်ကြိုအိမ်ကြားမှာ ကွေ့ကွေ့ကောက်ကောက် ဖြစ်နေ၏။ ခဏကြာတော့ အိမ်နှစ်အိမ်ကြားမှ ကပ်သီးကပ်သတ် ဝင်သွားရပြန်၏။ အိမ်တစ်အိမ်၏နောက်ဖေးဘက်မှ ဖြတ်ထွက်ပြီးနောက် တဲကလေးတစ်လုံးထဲ ဝင်သွားသည်။

ရှေ့ခန်းမှာ လူနှစ်ယောက် ထိုင်သောက်နေကြ၏။ ကျွန်တော်တို့ကို မြင်တော့ တစ်ယောက်က . . .

"ဒေါ်ပု . . . ဝယ်သူလာတယ်ဗျို့ . . . "

ဟု အတွင်းခန်းထဲ လှမ်းအော်လိုက်၏။ မိန်းမကြီးတစ်ယောက်ထွက်လာပြီး . . .

"ဘယ်လောက်ယူမှာလဲ . . . "

ဟု မေးသည်။ အေးသိန်းက လက်ထဲမှ ပလတ်စတစ်ပုံးလေးကို လှမ်းပေးပြီး . . .

"နှစ်လုံး . . . "

မိန်းမကြီးက အထဲဝင်သွားသည်။ ခဏကြာတော့ အရက်ထည့်ထားသောပုံးကို လာပြန်ပေးသည်။ အေးသိန်းက ပုံးကို မီးခွက်ရောင်မှာထောင်ကြည့်ပြီး . . .

"ပြည့်ရဲ့လား အဒေါ်ရ . . . "

"အမယ်လေး . . . ဖောက်သည်တွေကို မဟုတ်တာ လုပ်ပါ့မလား . . . "

"ဒါကြောင့်လည်း အဒေါ်ဆီ တကူးတကက လာဝယ်တာပေါ့ . . . "

ဟု အေးသိန်းကပြောရင်း ရှပ်အင်္ကျီအိတ်ကို နှိုက်သည်။ ကျွန်တော်က သူ့လက်ကိုတားလိုက်ပြီး . . .

"ဟော့ကောင် . . . ငါတိုက်မယ်လို့ ပြောထားတယ်လေကွာ . . . "

ဆိုပြီး အသင့်ထုတ်ထားသည့် ဆယ်တန်တစ်ရွက် ပေးလိုက်၏။ မိန်းမကြီးက နှစ်ကျပ်ပြန်အမ်းသည်။ ကျွန်တော်က . . .

"မအမ်းနဲ့ . . . နောက်နှစ်ကျပ်ဖိုး ထပ်ထည့် . . . "

ဟု ပြောလိုက်၏။ အေးသိန်းက ဆတ်ခနဲလှည့်ကြည့်ပြီး . . .

"ဟော့ကောင် . . . ကြည့်လည်း လုပ်ပါဦး . . . "

"ဟာ . . . တော်ကြာမလောက်လို့ရှိရင် တစ်ခါ ထပ်လာနေရဦးမယ် . . . "

သူက ဘာမှမပြောတော့ပဲ ခေါင်းတညိတ်ညိတ်လုပ်ရင်း ပြုံးနေ၏။ သူပြုံးပုံမှာ 'ကြည့်ကြသေးတာပေါ့ကွာ' ဆိုသော သဘော။ တကယ်တော့လည်း ဒီလိုချောင်ကြိုချောင်ကြားရှိ အရက်ပုန်းဆိုင်ကို သိနေတယ် ဆိုကတည်းက သူ ကျွန်တော့်ထက် ဝါရင့်ကြောင်း သိသာနေပြီ။ ဒီလိုဖြစ်အောင်ပဲ သူက တမင်ခေါ်ခဲ့သလား မသိ။

သို့တိုင်အောင် ကျွန်တော်က သိပ်မာန်မချချင်သေး။ တကယ်သောက်တဲ့အခါ သူနဲ့ လယ်ဗယ်တန်းတူ သောက်နိုင်လိမ့်မည်ဟု ယုံကြည်နေ၏။

************

နောင်စိုးတို့အိမ်သို့ ပြန်ရောက်ကြသောအခါ ဟိုနှစ်ကောင်က စားစရာတွေ အဆင်သင့်ပြင်ထားပြီးကြောင်း တွေ့ရ၏။ မီးဖိုထဲက စားပွဲဝိုင်းကလေးပေါ်မှာ စားစရာတွေ ဖန်ခွက်တွေနှင့် စောင့်နေကြ၏။

သူတို့လုပ်ထားသည့်စားစရာများမှာ ဝက်ခေါင်းသုပ်၊ ကြက်ဥမွှေကြော်၊ ပဲကြီးလှော် . . . ဒါတွေက အရက်နှင့်မြည်းလို့ ကောင်းသည့်အရာတွေပဲ။ ပဲနီလေးဟင်းချိုကတော့ လိုက်မှန်း၊ မလိုက်မှန်း ကျွန်တော်လည်း မသိ။

အဲ . . . မတော်မတည့်လုပ်ထားတာကတော့ အုန်းယိုနှင့် မလိုင်လုံးတွေကိုပါ ပန်းကန်ပြားတစ်ချပ်နှင့် ထည့်ထားခြင်းဖြစ်၏။ အေးသိန်းက ဒါကိုကြည့်ပြီး ရှုံ့မဲ့သွားသည်။ မနှစ်မြို့ဟန်ပြုရင်း . . .

"မင်းတို့က ဘာလဲကွ . . . ဒါတွေက ဘာလုပ်ဖို့လဲ . . . "

မလိုင်လုံးပန်းကန်ကို လက်ညှိုးထိုးပြီး မေးသည်။ နောင်စိုးက . . .

"အချိုတည်းဖို့လေကွာ . . . "

"ဖွတ်တဲ့မှပဲ . . . အရက်သောက်တာ အချိုတည်းရတယ်လို့ . . . "

"ဟာ . . . အရက်က ခါးတယ်ကွ . . . အချိုလေးနဲ့ ဖြေမှဖြစ်မယ် . . . မင်းမစားချင်နေ . . . ငါတို့စားမယ် . . . "

ဟု ချစ်ဖေက ဝင်ပြောသည်။

ထို့နောက် ဝိုင်းကိုစကြသည်။ အေးသိန်းက 'မာကာ'လုပ်ပြီး ဖန်ခွက်တွေထဲ ငှဲ့ထည့်ပေးသည်။ ကျွန်တော်တို့လည်း အနောက်တိုင်းဆန်ဆန် ဖန်ခွက်တွေမြှောက်ပြီး 'ချီးယားစ်' လုပ်ကြ၏။ အေးသိန်းက . . .

"ဟော့ကောင်တွေ . . . ရေရောကြဦးလေ . . . အရက်လောကမှာ ရေမရောရင် အသေစောတယ်ဆိုတဲ့ စကားရှိတယ်ကွ . . . "

ဟု ဆရာကြီးလေသံဖြင့် ပြော၏။ ဟိုနှစ်ကောင်က လိုက်နာပြီး ရေရောကြသည်။ ကျွန်တော်ကတော့ ဒီကောင် ကျောတောတောပြောနေတာ မခံချင်သဖြင့် . . .

"ငါက နိပ်ပဲ သောက်ချင်တယ် . . . "

ဟု ပြန်ပြောလိုက်၏။ အေးသိန်းသည် တစ်ချက်စောင်းငဲ့ကြည့်ပြီး ပြုံး၍ ခေါင်းတညိတ်ညိတ် လုပ်နေပြန်သည်။

တကယ်တော့ ခုဝယ်လာသည့်အရက်သည် အစိုးရထုတ် ဘီအီးမဟုတ်။ တော၊ ဂျုန်းဂဲလ်၊ ထွေးညိုစသည်ဖြင့် အမျိုးမျိုးခေါ်ကြသော အရက်ဖြစ်၏။

ရန်ကုန်မြို့အထွက်ရှိ ချောင်ကျသောအရပ်များမှာ ချက်ကြသည်။ ထန်းလျက်၊ ကောက်ညှင်း၊ ခနိရည်၊ တင်လဲ . . . အဆင်ပြေရာနှင့် ချက်သည်။ ပုံသေနည်းဖော်မြူလာ တိတိကျကျမရှိ။ ကဇော်ဖောက်ရာမှာလည်း အဆင်ပြေရာပစ္စည်းကို သုံးကြသည်။ တစ်ချို့က ဓာတ်မြေသြဇာနှင့် ဖောက်သည်။ တစ်ချို့က ရာဘာအလေအလွင့်များနှင့် ဖောက်သည်ဟု ကြားဖူး၏။ ဒီဂရီလည်း ပုံသေမရှိ။ တစ်ပုလင်းသောက်လို့ ရီတီတီဖြစ်ရုံ ရှိတာမျိုးလည်း ဖြစ်ချင်ဖြစ်မည်။ တစ်ခွက်နှစ်ခွက်နှင့် မှောက်သွားအောင် မူးတာမျိုးလည်း ရှိချင်ရှိမည်။

အန္တရာယ် မကင်းတာတော့ အမှန်ပဲဖြစ်၏။ အခန့်မသင့်လျှင် အဆိပ်သင့်ပြီး သေတတ်သည်။ နောက်ပိုင်း မက်သနောနှင့်ချက်သည်ဟု နာမည်ထွက်သော 'ဖောရော' ဆိုတာတောင် ပေါ်လိုက်သေးသည်။ သောက်ပါများလျှင် တစ်ကိုယ်လုံးဖောရောင်လာပြီး မကြာခင် သေဆုံးတတ်သောကြောင့် ဖြစ်၏။

အဲဒီတုံးကတော့ ဖောရောတွေဘာတွေမသိ။ အတွေ့အကြုံက နုသေးတော့ အရက်ဆို အတူတူပဲ မှတ်နေသည်။ ဖန်ခွက်ချင်းတေ့၍ 'ချီးယားစ်' လုပ်ကြပြီးနောက် အေးသိန်းမှလွဲ၍ ကျွန်တော်တို့ ကျန်သုံးယောက်မှာ တစ်ခါတည်းကုန်အောင် မော့သောက်လိုက်ကြ၏။ ဟိုနှစ်ကောင်ကတော့ ဘယ်လိုနေလဲမသိ။ ကျွန်တော်ကတော့ ရေလည်းရောမထားသဖြင့် ပူခါးနံသော အရသာဆိုးများကို တစ်ပြိုင်တည်း ခံစားလိုက်ရ၏။ သူတို့ရှေ့မှာ သိက္ခာကျမှာစိုးလို့သာ မရှုံ့မဲ့မိအောင် စိတ်တင်းထားလိုက်ရ၏။

"ဟာ . . . မင်းတို့က ဘယ်လိုသောက်တာလဲ . . . တဖြည်းဖြည်းချင်း ဇိမ်ခံသောက်မှပေါ့ . . . ဒါမှ ယူရုပ်ပီယန်စတိုင် ဖြစ်မှာပေါ့ . . . မင်းတို့သောက်ပုံက ဂေါ်ရင်ဂျီမော့ မော့တယ်လို့ ခေါ်တယ် . . . "

အေးသိန်းက အပြစ်တင်သည်။

"ဂေါ်ရင်ဂျီမကလို့ ခေါ်တောစတိုင်ပဲ ဖြစ်ဖြစ်ကွာ . . . ဒီခါးခါးနံနံကြီးကို ဇိမ်ဆွဲသောက်မနေနိုင်ဘူး . . . ဝမ်းထဲ မြန်မြန်ရောက်ပြီးတာပဲ . . . "

ဟု ချစ်ဖေက ပြန်ပြော၏။ အေးသိန်းက . . .

"အဲဒါ သမ္ဘာက စကားပြောတပဲ . . . "

ဆိုပြီး သူ့ဖန်ခွက်ထဲက အရက်ကို တစ်ငုံ ထပ်ငုံသည်။ ကျွန်တော်တို့သုံးယောက်ကတော့ ဝမ်းထဲက ပူသွားတာတွေပြေအောင် အမြည်းတွေနှိုက်စားကြ၏။

အေးသိန်းက ကျွန်တော့်ကို ကြည့်ပြီး မျက်စပစ်လိုက်၏။ 'ဘယ်လိုလဲ . . . နို့မှ သောက်ချင်တယ်ဆိုတဲ့ကောင် . . . ' ဆိုသော သဘော။ ကျွန်တော်ကလည်း သူကျောတောတောကြည့်တာကို မခံချင်သဖြင့် ပုလင်းကိုကောက်ကိုင်ပြီး ဖန်ခွက်ထဲ ထည့်လိုက်ပြန်၏။ ပထမတစ်ခါလို တစ်ဝက်တော့မဟုတ်။ နည်းနည်းလျှော့လိုက်၏။ ပြီးတော့ သူ့ကိုပြန်၍ မျက်စပစ်ပြလိုက်သည်။ 'မင်းကကော ဘယ်လိုလဲ . . . ရေရောထားတဲ့ တစ်ခွက်တောင် မကုန်သေးပါလား . . . ' ပေါ့။

ဒီကောင်ကလည်း သဘောပေါက်သွားဟန်ဖြင့် ခေါင်းဆတ်ပြီး လက်ကျန်ကိုရှင်းသည်။ ထပ်ဖြည့်ပြီး ရေရောသည်။ ဖန်ခွက်မြှောက်ပြသည်။ ကျွန်တော်ကလည်း ပြန်မြှောက်ပြပြီး မော့ချလိုက်သည်။

ပထမတစ်ခါလောက် အဝင်မဆိုးတော့။ နောက်တစ်ခုထူးခြားတာက နှစ်ခွက်မြှောက်သည်ထိ ကျွန်တော် ဘာမှမဖြစ်သေး။ မူးလည်းမမူး။ ပုံမှန်အတိုင်းတော့ မဟုတ်။ ခေါင်းထဲက ထုံတုံတုံဖြစ်နေတာတော့ သတိပြုမိ၏။ စကားတော့ အတော်ပြောလို့ကောင်းသည်။ တစ်ဝိုင်းလုံးမှာ ကျွန်တော့်အသံချည်းပဲဟု နောက်ပိုင်းကျမှ ပြန်ပြောကြ၏။

ဒီလိုနှင့် အေးသိန်းတစ်ခွက် ကျွန်တော်တစ်ခွက် အပြိုင်သောက်ကြသည်။ ဟိုနှစ်ကောင်ကတော့ လူလည်တွေ။

"ဟာ . . . မင်း တော်တော်ထိန်းနိုင်တာပဲ . . . "

ဟု ကျွန်တော့်ကို ဝိုင်းမြှောက်ပေးကြ၏။ သူတို့ကတော့ နည်းနည်းပါးပါးလောက်သာ ထပ်သောက်ပြီး အမြည်းတွေသာ ခွစားနေကြသည်။ အချိုတည်းဦးမှပဲဆိုပြီး အုန်းယိုတွေ။ မလိုင်လုံးတွေ စားကြသည်။

ပထမပုလင်းတစ်လုံး ကုန်သွား၏။ အေးသိန်းက . . . "ဘယ်လိုလဲ . . . " ဟု မေးသည်။ ကျွန်တော်က . . . "လုပ်လေကွာ . . . ဝယ်ထားပြီး ဒီအတိုင်း ဘာလို့ထားမှာလဲ . . . " ဟု ပြောပြီး နောက်တစ်ပုလင်းဖွင့်သည်။

ကျွန်တော်သည် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရရှိသွားပြီ။ ခုထိ ဘာမှမဖြစ်သေး။ အမှန်မှာ အနည်းငယ် အာလေးလျှာလေးဖြစ်လာပြီ။ ကိုယ့်ဘာသာသတိမထားမိခြင်းဖြစ်၏။

ဒုတိယပုလင်းထဲက ငှဲ့ထားသော ပထမဆုံးဖန်ခွက်ကို မော့လိုက်စဉ်မှာပင် ခေါင်းထဲက တစ်ချက်ဆောင့်တက်လာသည်။ နားထင်ကြောတွေလည်း နည်းနည်းတင်းလာသည်။ 'ဟဲ . . . ဟဲ . . . ခုမှပဲ မူးသလိုလို ရှိတော့တယ် . . . ' ဟု တွေးလိုက်၏။

ဖန်ခွက်ထဲက အရက်ကို ထပ်မော့မည်ပြုသောအခါ ကုန်နေကြောင်း တွေ့ရ၏။ ထို့ကြောင့် ထပ်ငှဲ့မည်ဟု စားပွဲပေါ်က ပုလင်းကို လှမ်းကိုင်မည်ပြုသောအခါ . . . "ဟာ . . . ဘယ့်နှယ် ငါတို့ဝယ်တာ နှစ်လုံးတည်းပါ . . . ခု ဘာကြောင့် လေးလုံးဖြစ်နေတာလဲ . . . ဟိုကောင်အေးသိန်းများ . . . "

အတွေးတစ်ပိုင်းတစ်စနှင့် အေးသိန်းကိုမော့ကြည့်လိုက်ရာ အေးသိန်းမျက်နှာမှာ လိုင်းကောင်းကောင်း မမိသော ရုပ်မြင်သံကြားထဲကလို နှစ်ထပ်ဖြစ်နေ၏။ သူက ပြုံးကြည့်နေသည်။

ကျွန်တော်က ပုလင်းကိုလှမ်းယူ၏။ လက်က ပုလင်းကိုမကိုင်မိ။ ပန်းကန်ထဲက ဝက်ခေါင်းသုပ်တစ်ဖတ်ကို ကောက်ယူသည်။ ဝက်ခေါင်းဖတ်မဟုတ်ပဲ ကြက်သွန်ဖတ်သာ လက်ထဲပါလာသည်။ ပါးစပ်ထဲထည့်တော့လည်း ပါးစပ်မရောက်ပဲ နှာခေါင်းထဲဝင်မလို ဖြစ်သွား၏။ ဘယ်သူ့ဆီကမှန်းမသိသော ရယ်သံသဲ့သဲ့ ထွက်လာ၏။

မော့ကြည့်မည်ပြုသော်လည်း ခေါင်းကထောင်မလာ။ ထိုအခိုက်မှာပင် ရင်ထဲက အော်ဂလီဆန်သလို ဖြစ်လာ၏။ အန်ချင်လာသည်။ အန်လိုက်လျှင် ပေါ့သွားမည်ဟု ထင်မိ၏။

ထို့ကြောင့် ရေကပြင်ဘက်သွားရန် ထရပ်လိုက်သည်။ ယိုင်ထိုးပြီး လဲမလိုဖြစ်သွား၏။

"ဟာ . . . ဟော့ကောင် . . . "

တစ်ယောက်ယောက်က ကျွန်တော့်ကို ဖမ်းထိန်းသည်။ 'ရတယ် . . . ရတယ် . . . ' ဆိုပြီး ရေကပြင်ဘက် ထွက်လာသည်။ အထွက်မှာ တံခါးပေါင်ကို ပခုံးနှင့် တိုက်မိသေးသည်။

ရေကပြင်မှာ ထိုင်ချလိုက်စဉ်မှာပင် ဝေါခနဲ ထိုးအန်လိုက်သည်။ တစ်ယောက်ယောက်က ကျောကိုလာနှိပ်ပေးမှန်းသိလိုက်၏။ စကားပြောသံ မသဲမကွဲကြားရ၏။ နှစ်ခါသုံးခါ အန်လိုက်ပြီးနောက် နည်းနည်းပေါ့သွားသည်။

"ရပြီ . . . ရပြီ . . . " ဟု ရေရွတ်ရင်း ပြန်ထသည်။

"ဟော့ကောင် . . . ပက်လက်ကုလားထိုင်ပေါ်မှာ ခဏလှဲနေလိုက် . . . "

ကျွန်တော် ပက်လက်ကုလားထိုင်ပေါ် ထိုင်ချလိုက်သည်။ နောက်ကိုမှီချပြီး မျက်စိမှိတ်လိုက်သည်။

ထိုအခါ နားထင်ကြောနှစ်ဖက်က ဒုတ်ဒုတ် ဒုတ်ဒုတ်နှင့် သွေးတွေဆောင့်တိုးလာ၏။ ဦးခေါင်းတွင်းမှာ သံတုံးကြီးထည့်ထားသလို လေးလံလွန်းလှသည်။ အလွန်နက်သော ချောက်ထဲသို့ ပြုတ်ပြုတ်ကျသွားသလို ခံစားရသည်။

ထို့ကြောင့် မျက်စိကို ပြန်ဖွင့်လိုက်ရ၏။ ဒီတော့လည်း သက်သာရာမရ။ ရဟတ်စီးနေရသလို အိမ်ကြီးက ချာချာလည်နေသည်။ အန်ချင်လာပြန်၏။ ဒီတစ်ခါတော့ နောက်ဖေးဘက် မထွက်နိုင်တော့ပဲ အိမ်ရှေ့ကိုသွားသည်။ လှေကားထိပ်မှာပင် အန်ချလိုက်ရ၏။

တကယ်တော့ ဝမ်းထဲမှာ အန်ထုတ်စရာ အစာမရှိတော့။ အူတွေအသည်းတွေ ပြုတ်ပြီး အန်ထွက်လာမလား အောက်မေ့ရ၏။

အန်လို့အားရတော့ အမောဆိုက်နေသည်။ ထိုနေရာမှာပင် ပစ်လှဲချလိုက်ချင်သည်။ မဖြစ်သေးသဖြင့် ပက်လက်ကုလားထိုင်ရှိရာ ပြန်လာပြီးထိုင်သည်။ စောစောကလို ပြန်ဖြစ်ချင်လာပြန်၏။ ထို့ကြောင့် ပက်လက်ကုလားထိုင်ပေါ်က ဆင်းပြီး ကြမ်းပေါ် လှဲချလိုက်သည်။ ထိုအခါ အန်ချင်လာပြန်၏။

ဤသို့ဖြင့် အန်လိုက်၊ ပက်လက်ကုလားထိုင်ပေါ်ထိုင်လိုက်၊ ကြမ်းပေါ် လူးလိမ့်လိုက်၊ အန်လိုက်နှင့် ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါ သံသရာလည်နေမှန်းမသိ။

သူငယ်ချင်းတွေက နှိပ်ပေးလိုက်၊ ကျောကိုဖိလိုက် တစ်ခါတစ်ခါ လုပ်ပေးကြတာ သတိပြုမိ၏။ အတော်ကြာအောင် ခံစားနေရပြီးမှ အိပ်ပျော်သလို သတိလစ်သလို ဖြစ်သွား၏။ ဒီကြားထဲမှာ သေသွားတာကမှ ကောင်းဦးမယ်ဟု အတွေးပေါက်ခဲ့မိသေးသည်။

ပြန်နိုးလာသောအခါ သို့တည်းမဟုတ် သတိပြန်ရလာသောအခါ မိုးစင်စင်လင်းနေပြီ။ ခေါင်းတွေက နောက်နေတုံးရှိသေးသည်။ ဝမ်းထဲမှာ အစာလုံးဝမရှိသဖြင့် ရင်ပူပြီး တလှပ်လှပ် ဖြစ်နေ၏။

ဟိုသုံးယောက်သည် စကားထိုင်ပြောရင်း ကျွန်တော်နိုးအလာကို စောင့်နေကြသည်။ ကျွန်တော်လည်း မျက်နှာသွားသစ်ပြီးနောက် . . .

"ဗိုက်ဆာလိုက်တာကွာ . . . "

ဟု ပြောလိုက်၏။

"အေး . . . ငါတို့လည်း ဆာတာပဲ . . . မင်းကို စောင့်နေတာ . . . "

ထို့နောက် ဈေးထဲသွားပြီး ဒေါ်ထွေးကြည်ဆိုင်မှာ မုန့်ဟင်းခါးစားကြသည်။

"ငရုတ်သီး ခပ်စပ်စပ်လေး ထည့်စားကွ . . . ဒါမှ မင်းနေလို့ထိုင်လို့ ကောင်းသွားမယ် . . . "

အေးသိန်းကပြော၏။ သူပြောတာ မှန်သည်။ ငရုတ်သီးမှုန့်ခပ်ကဲကဲလေးနှင့် စားလိုက်သောအခါ ချွေးတွေစို့ထွက်လာပြီး နေရတာ နည်းနည်းပေါ့သွားသည်။

ပြီးတော့ လက်ဖက်ရည်ဆိုင် ဆက်ထိုင်ကြ၏။

အေးသိန်းညွှန်ကြားသည့်အတိုင်း ဘလက်ကော်ဖီကို သံပုရာသီး ညှစ်ထည့်၍သောက်ရင်း သူ၏ပညာပေးမှုကို အောင့်သက်သက်နှင့် နားထောင်ရလေတော့သည်။

"ဒီလိုရှိတယ်ကွ . . . အရက်ဆိုတာမျိုးက သောက်ပြီးပြီးချင်း ချက်ချင်းမူးတာ မဟုတ်ဘူး . . . သောက်ချလိုက်တဲ့အခါ အစာအိမ်က စုပ်ယူတယ် . . . ပြီးတော့ သွေးထဲရောက် . . . အဲဒီကမှ ဦးနှောက်ဆီကို သွားတာကိုး . . . နည်းနည်းချင်း တဖြည်းဖြည်းသောက်မှ ဦးနှောက်ဆီကို တစိမ့်စိမ့်ရောက်သွားပြီး တငြိမ့်ငြိမ့်မူးတာလေ . . . အဲဒါ အရသာပဲ . . . "

ကျွန်တော်သည် ဘလက်ကော်ဖီခါးခါးကြောင့် အနည်းငယ် နေသာထိုင်သာရှိလာသော်လည်း ကတုန်ကယင်တော့ ဖြစ်နေတုန်း။ အရက်နာကျသည့်ဒဏ်က အရှိန်မပြေသေး။ ထို့ကြောင့် ခါတိုင်းလို စောဒကမတက်ပဲ ငိုင်တွေပြီးတော့သာ နားထောင်နေရသည်။ စကားပြောချင်စိတ်လည်း မရှိ။

နောင်စိုးနှင့် ချစ်ဖေတို့ကလည်း ညောင်နာနာနှင့် ထိုင်နားထောင်နေကြသည်။ ထို့ကြောင့် အေးသိန်းက ဆက်၍ လက်ချာရိုက်လေသည်။

"မင်းက တစ်ခွက်နှစ်ခွက်သောက်လို့ ဘာမှမထူးခြားသေးတာကို စိတ်မရှည်ပဲ နင်းကန်သောက်ချတော့ တစ်ခါတည်း ဆောင့်တက်သွားတာပေါ့ကွ . . . အရက်ဆိုတာမျိုးက သွေးထဲရောက်သွားပြီးရင် ဘယ်လိုမှပြန်ထုတ်လို့ မရတော့ဘူး . . . အရက်မှာလဲ ဆေးဝါးတွေလို အိုဗာဒိုစ့်ဖြစ်သွားရင် မကောင်းဘူး . . . အဲဒါ မြဲမြဲမှတ်ထား . . . "

ကျွန်တော်သည် အရက်နှင့်ပတ်သတ်ပြီး သူ့လောက်ဝါမရင့်သေးကြောင်းကို တိတ်ဆိတ်စွာပင် ဝန်ခံလိုက်ရသည်။ သူကလည်း ဒါကို တော်တော်အရသာတွေ့ပြီး ကျေနပ်နေပုံရ၏။

အမုန်အားဖြင့် ခုလိုအရက်၏ဒဏ်ကို ပယ်ပယ်နယ်နယ်ခံလိုက်ရသောကြောင့် နောက်ကို အရက်ဆိုလျှင် အနံ့တောင်မခံတော့ပါဘူးဆိုပြီး နောင်ကြဉ်သွားဖို့ ကောင်းသည်။ ဒီလိုမဟုတ်။ နောက်ဆိုလျှင်တော့ အရက်သောက်တဲ့အခါ ဆင်ဆင်ခြင်ခြင်လုပ်မှုဆိုသော အတွေးမျှလောက်သာ ဝင်ရောက်လာခဲ့သည်။

ထိုအတွေးသည် အလဟဿတော့ မဖြစ်။ နောက်ပိုင်း ကျွန်တော် အရက်သောက်သည့်အခါတိုင်းလိုလို အလွန်အကျွံမဖြစ်အောင် ထိန်းနိုင်သည့် အကျင့်ကို ရရှိခဲ့၏။ ထိုပထမဆုံးအတွေ့အကြုံကြောင့်ပင် ကျွန်တော် အရက်ကို စွဲစွဲလမ်းလမ်း ဖြစ်မသွားခဲ့ခြင်းဟု ယူဆနိုင်ကောင်းသည်။

**********

## ယမကာ၏ သမိုင်းအစ

အရက်ကို လူတို့ ဘယ်အချိန်ကစတင်တွေ့ရှိခဲ့ကြောင်း တိတိကျကျ မပြောနိုင်သေးချေ။ စိတ်ကူးနှင့် မှန်းဆခဲ့သော ပုံပြင်ဆန်ဆန်ကောက်ချက်များသာရှိ၏။

တစ်ခါက မုဆိုးတစ်ယောက်သည် အမဲလိုက်ရန် တောထဲသွားရင်း တစ်နေရာတွင် ပျော်မြူးနေသော ငှက်များကို တွေ့သည်။ ပုံမှန်အတိုင်းဆိုလျှင် ငှက်များသည် လူရိပ်မြင်သည်နှင့် ပျံပြေးတတ်ကြသည်။ ဒီတစ်ခါတော့ ကြောက်လန့်ပုံမပြသည့်အပြင် မုဆိုး၏ကိုယ်ပေါ်သို့ပင် လာနားပြီး ဆော့ကစားကြ၏။

မုဆိုးသည် ထူးခြားသောအဖြစ်ကြောင့် စုံစမ်းကြည့်သောအခါ ငှက်များသည် သစ်ခေါင်းတစ်ခုထဲက အရည်များကို သောက်လိုက်၊ မြူးထူးပျော်ပါးလိုက် ဖြစ်နေကြောင်း သိရ၏။ ထိုအခါ မုဆိုးလည်း သစ်ခေါင်းထဲမှာ စစ်ဆေးကြည့်သောအခါ ကြွေကျနေသော သစ်သီးများမှ စိမ့်ထွက်နေသည့် အရည်များကိုတွေ့ရသည်။ သူကိုယ်တိုင်သောက်ကြည့်သောအခါမှာလည်း ထူးခြားသောခံစားမှုကို ရရှိသည်။ သို့ဖြင့် သူနေထိုင်ရာသို့ ပြန်ရောက်သောအခါ သစ်သီးများကို အိုးခွက်များအတွင်းထည့်၍ စိမ်ထားပြီး ထွက်လာသော အရည်များကို သောက်ခဲ့ရာမှ အရက်စတင်ပေါ်ပေါက်လာသည်ဟု ဆို၏။

နောက်မှုကွဲတစ်မျိုးက . . .

အသီးအနှံပေါ်များချိန်တွင် အများအပြားခူးယူထားပြီး ရှားပါးချိန်မှာ စားသုံးရန် အိုးများ၊ ကျောက်ခွက်များထဲမှာ သိုလှောင်ထားကြသည်။ လိုအပ်၍ စားသုံးရန်ကြည့်လိုက်သောအခါ သစ်သီးများမှ အရည်များ စိမ့်ထွက်နေသည်ကို တွေ့ကြရ၏။

နောက်ဆုံးမတတ်နိုင်၍ ထိုအသီးများကိုပင် စားကြ၊ အရည်များသောက်ကြရာမှ မြူးထူးတက်ကြွလာကြကြောင်း သတိပြုမိကြ၏။

တစ်ချို့ကျတော့ သိမ်းဆည်းထားသည့် စပါး၊ မုယောစသော အစေ့အဆန်များထဲသို့ အကြောင်းကြောင်းကြောင့် မိုးရေ၊ စိမ့်စမ်းရည်များဝင်ပြီး အချဉ်ပေါက်ရာမှ စိမ်ရည်များ ရရှိသောက်သုံးမိကြသည်။

နောက်ပိုင်း ထိုအရည်များကို အကြောင်းတစ်ခုခုကြောင့် မီးနှင့်ချက်ကြည့်ရမှ အရက်ပြင်းချက်နည်းကို တွေ့ရှိခဲ့ကြခြင်းဖြစ်သည်ဟု ယူဆကြသည်။

လူသမိုင်းတွေ အရက်ဘယ်အချိန်က စတင်ပေါ်ပေါက်ခဲ့သလဲဆိုတာတော့ ငြင်းခုန်နေကြတုန်းပင် ဖြစ်၏။

အီဂျစ်တို့က အရက်သည် သူတို့နိုင်ငံမှာ စတင်ပေါ်ပေါက်ခြင်းဖြစ်သည်ဟု ဆိုကြ၏။ ရှေးဟောင်းနေရာများကို တူးဖော်ရာတွင် စပျစ်သီးနှင့် ချက်သည့်အရက်များ ထည့်သည့်အိုးများကို တွေ့ရသောကြောင့် ဖြစ်၏။ ထိုအိုးများ၏ သက်တမ်းမှာ နှစ်ပေါင်းငါးထောင်ခန့် ရှိပြီ။

အီဂျစ်တွေ ကြွားလို့ကောင်းနေတုန်းအချိန်မှာပင် တရုတ်တို့က တွေ့ရှိချက်အသစ်တစ်ခုကို ဖော်ထုတ်လိုက်လေ၏။

တရုတ်နိုင်ငံ ဖီကျန်ပြည်နယ်၊ ယူဗာအို စီရင်စုရှိ ဟီမူဒူ ရှေးဟောင်းယဉ်ကျေးမှု အပျက်အစီးများကြားမှ တူးဖော်တွေ့ရှိခဲ့ကြခြင်းဖြစ်၏။

တာအိုဟီခေါ် မြေအိုးအမျိုးအစားဖြစ်ပြီး သက်တမ်းနှစ်ပေါင်းခြောက်ထောင်ခန့်ရှိနေပြီ။ ထို့ကြောင့် အီဂျစ်တို့တွေ့ရှိခဲ့သည့် အရက်အိုးထက် နှစ် နှစ်ထောင်ခန့်စောနေသည်။ ထို့ကြောင့် 'အရက်အစ တရုတ်က' ဟု ကြွေးကြော်နိုင်ပြီ ဖြစ်၏။

ကိုယ့်နိုင်ငံက အရက်စပြီးပေါ်ပေါက်တာကိုများ ဘာကြောင့် ဂုဏ်ယူချင်ကြတာလဲ မသိ။ ကျွန်တော်တို့ဆီမှာလို လူသား၏အစ ဖြစ်နိုင်ဖွယ်ရှိသော ပရိုင်းမိတ်ရုပ်ကြွင်းမျိုးတွေ့ရှိတာဆိုလည်း ထားပါတော့။

ဘာပဲပြောပြော သူရာအရက်သည် ဘာသာတရားထက်ပင်ပို၍ စောစီးစွာပေါ်ပေါက်ခဲ့တာကတော့ သေချာသည်။ ထို့အတူ ဘာသာတရားထက်ပို၍ ကြာရှည်စွာ တည်တံ့နေလေမလားတော့ မပြောတတ်။

*************

## အရက်အမျိုးမျိုးတွေ အတင်းတိုက်လို့သာ

အဆိုတော်ကြီး ဒေါ်မေရှင်သီဆိုခဲ့သည့် 'အောင်ခြင်းရှစ်ပါး' သီချင်းထဲတွင် . . .

'နာဠာဂီရိအမည်ရှိတဲ့ဆင်ကို . . . အရက်အမျိုးမျိုးတွေ အတင်းတိုက်လို့သာ . . . ဘုရားမြတ်စွာကိုပင် အနင်းခိုင်းတော့တာ . . . '

ဆိုသော စာသားပါရှိ၏။

ကျမ်းဂန်တစ်ချို့မှာတော့ နာဠာဂီရိဆင်ကြီးကို အရက်ကိုးမောင်းတိုက်သည်ဟု ဖတ်ဖူးသည်။ 'မောင်း' ဆိုသည်မှာ ဘယ်လိုအချင်အတွယ်မျိုးဖြစ်မလဲဟု ရှာကြည့်သည်။

'မောင်း'ဆိုသော အချင်အတွယ်ကို မတွေ့မိ။ 'မောင်းခွက်'ဆိုတာတော့ တွေ့သည်။ မောင်းထောင်းရာတွင် အောက်မှခံသော သစ်သား၊ ကျောက်တို့ဖြင့် ပြုလုပ်ထားသည့် ခွက်ကြီးဖြစ်၏။ ဒီလိုခွက်ကြီးမျိုးဖြင့် အရက်ကိုးခွက်တိုက်တာကို ဆိုလိုသလား။

ဒါမှမဟုတ် ဆင်ကိုအရက်တိုက်ရာတွင် အဆင်ပြေအောင် မောင်းတက်ဆင်ပြီး တိုက်ရခြင်းကို ဆိုတာလား။

နောက်တစ်ခုရှိသေးသည်။ တစ်မောင်းဆိုသည်မှာ မြန်မာအချိန် တစ်နာရီကို ဆိုလို၏။ ထို့ကြောင့် အချိန်ကိုးမောင်း (မြန်မာနာရီကိုးနာရီ) ကြာအောင် အရက်တိုက်တာမျိုးလား။

တစ်ချီတစ်မောင်းဆိုသောစကားအရ ကိုးချီကိုးမောင်းအရက်တိုက်ခြင်းကိုပဲ ပြောချင်သလား။

ဘာပဲဖြစ်ဖြစ် ဆင်ကြီးတစ်ကောင်ကို မူးအောင်တိုက်ဖို့ အရက်ပမာဏ တော်တော်များများ လိုအပ်မှာတော့ သေချာသည်။ ဒါကြောင့်ပင် အရက်သမားလောကမှာ သောက်လုံးကြီးသူတို့ကို 'နာဠာဂီရိ' ဘွဲ့ ပေးအပ်ကြခြင်း ဖြစ်၏။

တကယ်တော့ နာဠာဂီရိမှာ အပြစ်မရှိပါ။ ဒေဝဒတ်က အတင်းတိုက်လို့သာ သောက်ရခြင်းဖြစ်၏။

******

'အရက်' ဆိုသည်မှာ မြန်မာစကားစစ်စစ်မဟုတ်။ အာရဗီဘာသာစကား **(ARAQ)** မှ ဆင်းသက်လာခြင်း ဖြစ်သည်ဟု တစ်ချို့က ဆိုကြ၏။

ဖြစ်နိုင်ပါသည်။ လုံခြည်၊ ပိုက်ဆံ၊ ပလာတာစသော စကားလုံးများလိုပင် အခြားဘာသာစကားများမှ မွေးစားထားသော စကားလုံးတွေ အများအပြားရှိကြ၏။

ပါဠိလိုတော့ အရက်ကို သုရာဟုလည်းကောင်း၊ မေရယ ဟူ၍လည်းကောင်း ဖော်ပြလေ့ရှိသည်။ သုရာ မေရယ ဟူ၍လည်း တွဲ၍ရေးလေ့ရှိပါသည်။ ဤသို့ပေါင်းစပ်ရေးလျှင် အရက်တစ်မျိုးတည်း မဟုတ်တော့ပဲ အခြား မူးယစ်စေသောအရာများပါ အကျုံးဝင်သွားသည်ဟုလည်း ဆိုပါသည်။

မြန်မာများသည် ရှေးတုံးကတော့ အရက်ကို သေရည်(အတိုကောက် – သေ) ဟု ပြောကြသည်။ သေရည် သေရက်ဟူ၍လည်း တွဲလုံးနှင့် သုံးတတ်သေးသည်။ သေရက်မှ အရက်ဟူ၍ ပြောင်းလဲရွေ့လျောလာခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

အင်္ဂလိပ်ဘာသာစကားအားဖြင့်တော့ 'လစ်ကာ' ဟု ခေါ်ထားသည်။ ကျွန်တော်တို့ဆီမှာ 'ယမကာ' ဟု နားဝင်ချိုအောင် သုံးနှုန်းသည့်သဘောမျိုး ဖြစ်လိမ့်မည်။

သူတို့ဆီမှာ အရက်နှင့်ပတ်သတ်သည့် စကားလုံးကလေးတွေ ရှိသေးသည်။ အရက်စွဲနေသူများက **Alcoholic** ဟု ခေါ်သည်။ တောအရက်ကို **country spirit** /

ပြီးတော့ ထူးထူးခြားခြား ဗန်းစကားတစ်ခုရှိသေးသည်။ အရက်ဖြတ်လိုက်ပြီဆိုသော စကားလုံးက **On the wagon** ဟု သုံးထားတာ ဆရာကြီးတက်တိုး၏ အဘိဓာန်ထဲမှာ တွေ့ရ၏။

**Wagon** ဆိုသည်မှာ လေးဘီးတပ်လှည်းကြီး သို့မဟုတ် ရထားတွဲကို ဆိုလိုသည်။ ဒီတော့ ထိုစကားစု၏ အနက်ရင်းက 'လှည်းကြီးပေါ်မှာ' ဟု အဓိပ္ပါယ်ရသည်။ အနက်ပွားကျတော့ 'အရက်မသောက်တော့၊ အရက်ဖြတ် လိုက်ပြီ'။

ဒီစကားလုံး ဘယ်လိုပေါ်ပေါက်လာသလဲဆိုတာတော့ အဘိဓာန်ထဲမှာ မတွေ့ရ။ ဖြစ်နိုင်တာကို စဉ်းစား ကြည့်တော့ . . .

အမေရိကန်ပြည်ထောင်စု တည်ထောင်ခါစက ခရီးရှည်သွားကြသည့်အခါ ပေါင်းမိုးတပ်မြင်းလှည်းကြီး များနှင့် သွားကြသည်။ ညဘက်နားကြသည့်အခါကျတော့ ဝိုင်းဖွဲ့ပြီး ပုလင်းထောင်ကြမည်။

အရက်ဖြတ်ထားတဲ့လူက ဝိုင်းထဲမှာ မဝင်ဆံ့တော့သဖြင့် လှည်းပေါ်တက်ပြီး စောစောအိပ်နေမည်။ ဒါမှ မဟုတ် အရက်ဖြတ်ထားသည့် ဝေဒနာကြောင့် သူများလို မြင်းစီးခြင်း၊ လမ်းလျှောက်ခြင်း မလုပ်နိုင်သောကြောင့် လှည်းပေါ်မှာ ခွေနေရမည်။ ဒီလိုနှင့် 'လှည်းပေါ်မှာ' ဆိုသောစကားသည် အရက်ဖြတ်ခြင်းကို ရည်ညွှန်းသော အသုံး အနှုန်း ဖြစ်လာဟန်တူ၏။

နောက် စကားစုတစ်ခု ရှိသေးသည်။ အရက်အကြောင်း မဟုတ်သော်လည်း နည်းနည်းတော့ ပတ်သတ် နေသည်။

**'to kick the bucket'**

တိုက်ရိုက်အဓိပ္ပါယ်ကား 'ရေပုံးကို ကန်သည်' ဟု ဖြစ်၏။ ဗန်းစကားအနေနှင့်ဆိုလျှင် 'သေဆုံးသည်' ဟု အဓိပ္ပါယ်ထွက်သည်ဆို၏။

ထို့ကြောင့် သောက်လုံးကြီးသူ သူငယ်ချင်းတစ်ယောက်ယောက်ကို . . .

**'on the wagon or kick the bucket'**

'အရက်ဖြတ်ရင်ဖြတ် . . . ဒါမှမဟုတ် သေလိုက် . . . '

ဟု ကျွန်တော်တို့ နောက်ပြောင်လေ့ ရှိ၏။

************

အရက်ကို ဘိုဆန်ဆန် 'လစ်ကာ' လို့ပဲ ခေါ်ခေါ်၊ ပါဠိလို 'သုရာ' ဟုပဲပြောပြော၊ နားဝင်ချိုအောင် ယမကာလို့ပဲသုံးသုံး သောက်လျှင် မူးတာတော့ အမှန်ပဲဖြစ်၏။

မူးရသည့်အကြောင်းရင်းမှာ အယ်လ်ကိုဟောဓာတ်ကြောင့်ဖြစ်၏။ သူက အငွေ့ပျံပြီး သွေးထဲမှတစ်ဆင့် ဦးနှောက်ဆီရောက်သည်။ ထို့နောက် ဦးနှောက်၏ လုပ်ငန်းဆောင်တာများကို ကမောက်ကမဖြစ်စေခြင်းသည် အရက်မူးခြင်းဟု ဆိုနိုင်သည်။

အယ်လ်ကိုဟောနှစ်မျိုးရှိသည်ဟု အကြမ်းဖျင်းပြောနိုင်သည်။ တစ်မျိုးက မီသိုင်းအယ်လ်ကိုဟော။ သောက်သုံးလို့မရ။ အရက်ပြန်ဟု ခေါ်ကြသည်။ နောက်တစ်မျိုးက အီသိုင်းအယ်လ်ကိုဟော။ ကျွန်တော်တို့သောက်နေကြသည့် အရက်တွေထဲမှာ ပါဝင်သည်။

သောက်လို့ရသည့်အရက်တွေကို ယေဘုယျအားဖြင့် သုံးမျိုးသုံးစားခွဲနိုင်သည်။

- ကောက်နှံအစေ့အဆန်များမှ ချက်လုပ်သောအရက် (ဝီစကီ၊ ကောက်ညှင်းအရက်၊ ဆန်အရက် စသည်)

- သစ်သီးမှ ချက်သောအရက် (ဝိုင်၊ ဘရန်ဒီ စသည်)

- ကြံ၊ သကြား၊ တင်လဲမှချက်သောအရက် (ရမ်အမျိုးမျိုး) တို့ဖြစ်၏။

ဒီနေရာမှာ ရုပ်မြင်သံကြားမှ ပြနေသည့် အရက်ကြော်ငြာများအကြောင်း သွားသတိရသည်။ ဘီယာကြော်ငြာတစ်ခုတွင် 'ဘီယာဟာ အရက်တော့မဟုတ်ပါ' ဆိုသော သီချင်းစာသားတစ်ခု ပါသည်။

အရက်မဟုတ်လျှင် ဘာလဲ။ ဖျော်ရည်လား၊ အားဆေးလား၊ အားဖြည့်အချိုရည်လား မေးစရာရှိလာပါသည်။

တကယ်တော့ ဆေးဝါးအချို့မှလွဲ၍ အယ်လ်ကိုဟောပါသော၊ မူးယစ်စေတတ်သော အရည်မှန်သမျှ အရက်စာရင်းထဲမှာပါသည်။

ဝီစကီ၊ ရမ် စသော အရက်ပြင်းတွေထဲမှာ အယ်လ်ကိုဟော နှစ်ဆယ်မှ လေးဆယ်ရာခိုင်နှုန်းအထိ ပါသည်။ ဘီယာမှာတော့ လေးရာခိုင်နှုန်းမှ ကိုးရာခိုင်နှုန်းလောက်ထိ ပါတတ်သည်။

ဘီယာတစ်ဘူး သို့မဟုတ် တစ်ပုလင်းသောက်ခြင်းသည် အရက်ပြင်းကို ဆိုဒါအများကြီးရောသောက်ခြင်း နှင့် သိပ်မထူးလှပါ။ ဘီယာထဲတွင် အာဟာရဓာတ်အနည်းငယ် ပါသဖြင့် အရက်ပြင်းတွေလောက် အန္တရာယ် မရှိခြင်းသာ ကွာခြားသည်။

ထို့ကြောင့် 'ဘီယာဟာ အရက်တော့မဟုတ်ပါ' ဟု ပြောလို့မရ။ 'ဘီယာဟာ အရက်ပြင်းမဟုတ်ပါ' ဆိုလျှင် တော့ လက်ခံနိုင်စရာ ရှိပါသည်။

ဒီအကြောင်းပြောရင်း ရုပ်မြင်သံကြားမှ အရက်ကြော်ငြာတစ်ချို့အကြောင်း သွားစဉ်းစားမိသည်။ သူတို့ လုပ်ပုံမှာ အရက်ပုလင်းတွေကိုင်ပြီး 'သောက်ကြစမ်းပါ . . . သောက်ကြစမ်းပါ . . . ' ဟု အတင်းတိုက်တွန်းသလို ဖြစ်နေ၏။

အမှန်အားဖြင့် အရက်များကိုကြော်ငြာရာတွင် အမှတ်တံဆိပ်ကို ကြော်ငြာခြင်းသာ ဖြစ်သင့်သည်။ အရက် ဆိုသောအရာကို ကြော်ငြာပေးခြင်းမျိုး မဖြစ်သင့်။ တစ်နည်းအားဖြင့် အရက်သောက်တတ်ပြီးသူများကို ဒီတံဆိပ် ကလေးလည်း သောက်ကြည့်ပါဦးဟု တင်ပြခြင်းမျိုးသာဖြစ်သင့်သည်။ အရက်မသောက်တတ်သေးသူများကို သောက်ချင်လာအောင် မြှူဆွယ်ခြင်းမျိုးမဖြစ်သင့်ဟု ထင်၏။

(ခုလို သူတော်ကောင်းလိုလို ဆရာကြီးလုပ်၍ ပြောနေရခြင်းမှာ အကြောင်းရှိပါသည်။ နောက်ပိုင်းတွင် ဘီယာ၏ ကောင်းခြင်း၊ ဘီအီး၏ အရသာတို့ကို ပြောပြရန်ရှိသဖြင့် အကောင်းအဆိုး၊ အင်အားချိန်ခွင်လျှာညီလို့ ရအောင် ကြိုတင်အကာအကွယ်ယူထားရခြင်း ဖြစ်ပါသည်။)

************

# ယမကာပုံပြင်

"ကယ်ကြပါဦးဗျို့ . . . ကျွန်တော့်ကို ကယ်ကြပါဦး . . . "

လူတစ်ယောက်သည် ခြောက်လမ်းသွား လမ်းမကြီးတစ်ခု၏ အလယ်ကောင်ရှိ ဓာတ်တိုင်တစ်တိုင်ကို ဖက်ရင်း အော်ဟစ်အကူအညီတောင်းနေသည်။

ထိုနေရာမှာ လူအနည်းငယ်ပြတ်သည်။ ကားတွေကတော့ တဝီဝီဖြတ်သွားနေကြ၏။ လမ်းလျှောက်လာသော လူနှစ်ယောက်သည် ထိုသူ့အသံကို ကြားရ၏။ ထို့ကြောင့် လမ်းလယ်သို့ကူးပြီး ထိုသူ့နား ကပ်သွားကြသည်။

"ဘာဖြစ်လို့လဲ . . . "

တစ်ယောက်ကမေးသည်။ ဓာတ်တိုင်ဖက်နေသူက . . .

"ကျွန်တော် . . . ကျွန်တော် . . . ဟိုဘက်လမ်းကို မကူးရဲတော့ဘူးဗျ . . . ကျွန်တော့်ကို ကူညီပါဗျာ . . . "

သူသည် လမ်းမကူးတတ်လောက်အောင် တောကတက်လာသည့်ပုံစံလည်း မဟုတ်။ ကိုယ်လက်အင်္ဂါ ချို့ယွင်းနေသူလည်း မဟုတ်။ စိတ်ဝေဒနာရှင်တစ်ယောက်နှင့်လည်း မတူ။ သူ့အဝတ်အစားတွေက ကြေမွပေကျံနေသည့်တိုင် စုတ်စုတ်ချာချာမဟုတ်။ အတော်အသင့် ကောင်းမွန်သော အဝတ်အစားများဖြစ်၏။

"ကျွန်တော့်ကို ကယ်ကြပါဦးဗျာ . . . "

သူက ထပ်ပြောသည်။ ထိုအခါကျမှ သူ့ပါးစပ်က အရက်နံ့ထောင်းခနဲထွက်လာတာ သတိပြုမိကြ၏။ အခြေအနေကိုလည်း သဘောပေါက်မိသည်။ ထိုသူမှာ လမ်းဖြတ်ကူးလာပြီး အလယ်ရောက်မှ မဟန်နိုင်သဖြင့် ဓာတ်တိုင်ကို ဖက်ထားခြင်းဖြစ်၏။ ကားတွေ အဆက်မပြတ်သွားနေသဖြင့် ဒီဘက်ကို ထပ်မကူးရဲတော့ခြင်းပင်ဖြစ်၏။

"ကဲ . . . ကဲ . . . လာ . . . "

လမ်းလျှောက်လာသူနှစ်ယောက်က အမူးသမားကို တွဲလိုက်သည်။ ကားအရှင်းကိုစောင့်ပြီး ဒီဘက် လမ်းဘေးသို့ ခေါ်လာခဲ့ကြ၏။ သူသည် တကယ်ပင် ခြေလှမ်းကိုဖြောင့်အောင်မလှမ်းနိုင်တော့။ တရွတ်တိုက် လုနီးပါး လိုက်ပါလာသည်။ ဒီဘက်ရောက်လို့ . . .

"ကဲ . . . ခင်ဗျား ဘယ်ပြန်မလဲ . . . ကားငှားပေးရမလား . . . ဆိုက်ကားခေါ်မလား . . . "

မေးတော့ အမူးသမားက . . .

"ဘယ်မှ မပြန်ဘူး . . . "

"ဟင် . . . မပြန်လို့ ဘာလုပ်မှာလဲ . . . "

"အိမ်ပြန်ရင်လဲ ယောက္ခမက ပြဿနာရှာမှာပဲ . . . မိန်းမကလည်း သူ့အမေဘက်ကလိုက်ပြီး ပူညံပူညံ လုပ်မယ် . . . အိမ်ထဲတောင် အဝင်ခံမှာ မဟုတ်ဘူး . . . ဒီတော့ ထပ်သောက်တာပဲ ကောင်းတယ် . . . "

"ဘာ . . . ဟာ . . . ဘယ်ဖြစ်မလဲ . . . ခင်ဗျားဒီလောက်မူးနေတာ . . . လမ်းတောင် လျှောက်နိုင်တာ မဟုတ်ဘူး . . . "

"ဟာ . . . လုပ်ပါဗျာ . . . ကျွန်တော့်ကို အရက်ဆိုင်တွဲပို့ပေးစမ်းပါ . . . မဝေးပါဘူး . . . ရှေ့က ကားမှတ်တိုင်နားမှာ ရှိပါတယ် . . . "

အမူးသမားသည် ကူညီသူနှစ်ယောက်ကို ရစ်လိုက်သည်။ သူ့ကိုယ်မှာ မဟန်နိုင်ပဲ လူနှစ်ယောက်ကြားမှာ ဟိုဘက်ယိုင်သွားလိုက်၊ ဒီဘက်ယိုင်သွားလိုက် ဖြစ်နေ၏။ လူနှစ်ယောက်က တစ်လှည့်စီ ဖမ်းကိုင်ထားရသည်။ လွှတ်လိုက်တာနဲ့ ဒီလူလဲကျတော့မှာမို့ နှစ်ယောက်ညှပ်ထိန်းနေရ၏။ သူတို့လည်း စိတ်ပျက်စပြုလာပြီ။ ဒုက္ခရောက် နေသူမှတ်လို့ ကူညီမိကာမှ တကယ့်ငရစ်နဲ့ လာတွေ့နေရ၏။

"ကဲ . . . ခင်ဗျား ပြန်ရင်ကောင်းမယ် . . . "

တစ်ယောက်က လေသံပြတ်ပြတ်ဖြင့် ပြောလိုက်သည်။ အမူးသမားက . . .

"ဟာ . . . ပြန်လို့မဖြစ်ပါဘူးဆိုမှ . . . လုပ်ပါဗျာ . . . ဆိုင်ကိုလိုက်ပို့စမ်းပါ . . . ခင်ဗျားတို့သောက်ချင် ရင်လဲ ကျွန်တော်တိုက်ပါ့မယ် . . . ကျွန်တော့်မှာ ပိုက်ဆံပါ . . . "

ပြောရင်း ရှပ်အင်္ကျီအိတ်ကို စမ်းလိုက်ပြီးနောက် . . .

"ဟင် . . . ပိုက်ဆံအိတ်မရှိတော့ဘူး . . . "

"ဘာ . . . ပိုက်ဆံအိတ် . . . တစ်နေရာရာမှာ ကျကျန်ခဲ့ပြီထင်တယ် . . . "

"မကျဘူး . . . ခုန လမ်းကူးလာတဲ့ထိ ရှိသေးတယ် . . . ခုကျမှ မရှိတော့တာ . . . "

"ဟာ . . . ခင်ဗျားကလဲ . . . "

"ဟုတ်တယ် . . . သေချာတယ် . . . ကျုပ်ကို ဒီလိုလုပ်လို့ မရဘူး . . . ကျုပ် ငတုံးမဟုတ်ဘူး . . . "

ကုညီသူနှစ်ယောက် မျက်လုံးပြူးသွား၏။ ပိုက်ဆံအိတ်ကို သူတို့ယူထားသည့်သဘောမျိုးတောင် အစွပ်စွဲခံနေရပြီ။ အမူးသမားက . . . 'ကျုပ်ကို ဒီလိုလုပ်လို့ မရဘူး' ဆိုသော စကားကို ထပ်ကာထပ်ကာ ရေရွတ်နေ၏။

ဒီအတိုင်းဆိုလျှင် မလွယ်။ လုယက်မှုနှင့်တောင် ပြဿနာရှင်းရမည့်ကိန်း ဆိုက်နေပြီ။ ထို့ကြောင့် တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ဘယ်လိုလဲဆိုသောသဘော မျက်စပစ်လိုက်ကြပြီး . . .

"ကဲ . . . လာ . . . လာ . . . ခင်ဗျား သွားချင်တဲ့ဆီ ပို့ပေးမယ် . . . "

ဟု ပြောပြီး အမူးသမားကို တွဲခေါ်ခဲ့ကြ၏။ အရက်ဆိုင်ဆီကိုတော့ မဟုတ်။ လမ်းလယ်သို့ ပြန်ခေါ်ခဲ့ကြခြင်းသာ ဖြစ်၏။ စောစောက ဓာတ်တိုင်ဆီသို့ ရောက်သောအခါ . . .

"ကဲ . . . ရောက်ပြီ . . . "

ဆိုပြီး အမူးသမား၏လက်နှစ်ဖက်ကို မူလပုံစံအတိုင်း ဓာတ်တိုင်ကို ပြန်ဖက်ထားခိုင်းလိုက်၏။ ပြီးတော့ အလျှင်အမြန်လစ်ထွက်လာခဲ့ကြရ၏။ အမူးသမားမှာ . . .

"လုပ်ကြပါဦး . . . ကျွန်တော့်ကို ကယ်ကြပါဦး . . . "

ဟု အော်ဟစ်ရင်း ကျန်ရစ်ခဲ့လေသည်။

*********

"အဲဒါပဲကွ မှတ်ထား . . . အရက်သမားတစ်ယောက်ကို ဘယ်တော့မှ ကယ်တင်ဖို့ မကြိုးစားမိစေနဲ့ . . . "

ဟု အော်ကျူးကပြောပြီး သူ့စကားကို အဆုံးသတ်လိုက်၏။

သူ့စကားသည် လိုက်နာရအခက်၊ မလိုက်နာရအခက် ဖြစ်၏။ အကြောင်းမှာ သူကိုယ်တိုင်က အရက်သမားတစ်ယောက်ဖြစ်ပြီး ခု ထိုစကားကိုလည်း အရက်သောက်နေရင်းက ပြောလိုက်သောကြောင့်ပင်ဖြစ်၏။

သူသည် အရက်သမားများနှင့်ပတ်သတ်သော ဇာတ်လမ်းများကို ခုလိုပဲ စကားကြုံတဲ့အခါ ပြောပြလေ့ရှိ၏။ သူပြောသည့်အကြောင်းအရာများထဲမှာ ရီးဒါးစ်ဒိုင်ဂျက်မဂ္ဂဇင်းများတွင်လည်းကောင်း၊ ဆရာငွေကြည်၏ ရိုးရာဟာသ ကာတွန်းများတွင်လည်းကောင်း၊ အခြားစာနယ်ဇင်းများတွင်လည်းကောင်း ဖတ်ခဲ့ဖူးသည့်ပုံပြင် ဇာတ်လမ်းများလည်း ပါဝင်နေသည်။ သူကတော့ 'ငါ့ကိုယ်တွေ့တွေပဲကွ' ဟု ခပ်တည်တည်ပင် ဆိုလေ့ရှိ၏။

တစ်ခါတလေ အလိုက်ကန်းဆိုးမသိသူတစ်ယောက်ယောက်က အေးအေးဆေးဆေး အသာနားမထောင်ပဲ . . .

"အော်ကျူးပြောတာတွေက ငွေကြည်ကာတွန်းထဲက ဟာတွေပဲဗျ . . . "

ဟု အထွန့်တက်မိသောအခါ သူက . . .

"အေး . . . ဟုတ်တယ် . . . အဲဒါ ငွေကြည့်ကို ငါ ပြောပြလိုက်လို့ သူက ကာတွန်းပြန်ဆွဲထားတာ . . . "

ဟု ဆိုပြန်သည်။ ဟုတ်မဟုတ်တော့ မသိ။

ဘာပဲဖြစ်ဖြစ် သူသည် စိတ်ဝင်စားစရာလူတစ်ယောက်ဖြစ်သောကြောင့် သူ့အကြောင်း နည်းနည်းတော့ ပြောပြချင်ပါသည်။

အော်ကျူးဆိုသည်မှာ သူ့နာမည်ရင်းမဟုတ်။ သူ့နာမည် အပြည့်အစုံကိုလည်း ဘယ်သူမှ သေသေချာချာ မသိ။ ဦးကျော်လင်းလား၊ ဦးကျော်လွင်လား၊ တစ်ချို့ကလည်း ဦးကျော်မင်းပါဟု ဆိုကြ၏။

တကယ်တော့လည်း သူ့နာမည်သည် အရေးမကြီး။ ဘယ်သူကမှလည်း ဂရုတစိုက်မေးမနေကြ။ ရှေ့ဆုံး စကားလုံးကိုသာ အတည်ယူပြီး ဦးကျော်ဟု အဖျားဆွတ်ခေါ်ကြသည်။

တိုက်တိုက်ဆိုင်ဆိုင်ပဲ သူသောက်နေကျအရက်ဆိုင်၏အမည်မှာ 'အော်ကျူး' ဟူ၍ဖြစ်၏။ ထိုဆိုင်ကို အစွဲ ပြု၍ သူ့နာမည် ဦးကျော်မှ အော်ကျူးဟု ပြောင်းလဲခေါ်တွင်ကြလေတော့သည်။

သူ့နာမည်လိုပင် သူဘယ်မှာနေသလဲဆိုတာကိုလည်း ပုံသေပြောလို့မရ။ သူသည် အိမ်ခြေယာခြေမရှိသူ ခြေသလုံးအိမ်တိုင်တစ်ယောက်တော့ မဟုတ်။ သူတို့ မိသားစုပိုင် တိုက်ခန်းတစ်ခန်း ရန်ကုန်မြို့လယ် အချက်အချာ ကျသောနေရာမှာ ရှိသည်။ စားနိုင်သောက်နိုင်၊ ပြည့်ပြည့်စုံစုံနေနိုင်သူများ ဖြစ်ကြ၏။

သို့ရာတွင် သူက အိမ်မှာနေလေ့မရှိ။ မိတ်ဆွေသူငယ်ချင်း အိမ်တွေမှာသာ တစ်လှည့်စီ စတည်းချလေ့ရှိ၏။ တစ်ပတ်ဆယ်ရက်နေမှ သူ့တိုက်ခန်းကိုတစ်ခေါက်လောက် ပြန်တတ်သည်။ ဒါကလည်း ဝတ်ထားသည့်အဝတ် အစားတွေ လျှော်ဖို့ပေးခဲ့ပြီး အသစ်လဲဖို့နှင့် အသုံးစရိတ်ငွေ ယူဖို့သာ ဖြစ်၏။

တစ်ခါတလေ သူ့တိုက်ခန်းနှင့် သူ့တိုက်ခန်းနှင့် တစ်လမ်းခြားနှစ်လမ်းခြားဝန်းကျင်မှာ ဆယ့်ငါးရက်၊ ရက်နှစ်ဆယ်လောက် လှည့်ပတ်သွားလာနေသော်လည်း အိမ်ကို တစ်ခေါက်မှ မဝင်ဖြစ်တာမျိုးလည်း ရှိ၏။ ထိုအခါ သူ့အိမ်က စိတ်ပူပြီး သတင်းလိုက်စုံစမ်းရသည်။

ခုလို အိမ်မပြန်ပဲနေခြင်းမှာ အိမ်တွင်းရေးအဆင်မပြေသောကြောင့် မဟုတ်။ အားလုံးက သူ့ကို အရေး ပေးထားကြသည်။ သူကိုယ်တိုင်က အတည်တကျမနေလိုခြင်း ဖြစ်၏။ လူပျိုကြီးဖြစ်သောကြောင့်လည်း နေချင်သလို လွတ်လပ်ခွင့်ရနေ၏။

သူဘာအလုပ်လုပ်သလဲဆိုတာ ပြောရခက်သည်။ ဒီလိုပဲ အလုပ်မရှိအကိုင်မရှိဟု ပြောလို့လည်း မရ။ သူ့မှာ တစ်ယောက်ယောက်က အကူအညီတောင်းထားသောကိစ္စ အနည်းဆုံးတစ်ခုတော့ ရှိနေတတ်သည်။

သူဆောင်ရွက်ပေးနိုင်သည့်ကိစ္စတွေကလည်း တော်တော်စုံသည်။ နာရီပြင်သည့်ကိစ္စမှအစ မော်တော်ကား လိုင်စင်လဲတာ အလယ်၊ အိမ်ဂရန်မြေဂရန်ကိစ္စအဆုံးပင်ဖြစ်၏။

ထို့ကြောင့် သူ့ကိုပွဲစားလို့ ပြောလို့လည်းမရပြန်။ သူကလည်း အခကြေးငွေ ဘယ်ရွေ့ဘယ်မျှဆိုပြီး သတ် မှတ်၍လုပ်ကိုင်ပေးတာ မဟုတ်။ သိတတ်လို့ကျွေးမွေးလျှင် စားသည်။ တိုက်လျှင်သောက်သည်။ စားဖို့သောက်ဖို့ သို့တည်းမဟုတ် စရိတ်စကအတွက် ပေးလျှင်ယူသည်။ မပေးလျှင်လည်း ဘာမျှမပြော။ သူ့ဝါသနာကိုက သူများ ကိစ္စတွေ လိုက်လုပ်ပေးနေရလျှင် ကျေနပ်နေခြင်းဖြစ်၏။

တစ်ခါတလေတော့လည်း အကြောင်ကြောင်နိုင်တာမျိုးဖြစ်တတ်၏။ ငွေသောင်းနှင့်ချီကုန်မည့် ကိစ္စမျိုးကို သူလိုက်လုပ်ပေးသဖြင့် တစ်ထောင်၊ ထောင့်ငါးရာလောက်နှင့်ပြီးသွားတာမျိုးရှိသလို ကိုယ့်ဘာသာလုပ်လျှင် နှစ်ရာသုံးရာနှင့်ပြီးမည့်ကိစ္စ သူ့ကိုအကူအညီတောင်းမိခါမှ ထမင်းဖိုး အရက်ဖိုး ထောင်နှင့်ချီကုန်သွားရတာမျိုးလည်း ရှိသည်။

ဘာပဲဖြစ်ဖြစ် သူ့ကိုကျွေးမွေးရသည့်အတွက်တော့ ငြိုငြင်ခြင်းမရှိကြ။ သူ၏ထူးခြားချက်မှာ တွေ့ဖူးသူတိုင်းက သူ့ကိုခင်မင်မိကြခြင်းပင်ဖြစ်၏။

သူ၏ကုသိုလ်ကံထူးပုံတစ်ခုရှိသေးသည်။ လူတွေမှာ စောရနက္ခတ်နှင့်ယှဉ်မွေးသည်၊ ဝိသာခါနက္ခတ်နှင့်ယှဉ်မွေးသည် စသည်ဖြင့်ပြောလေ့ရှိ၏။ သူရာနက္ခတ်ဆိုတာ ရှိမရှိတော့မသိ။ သူသည် အရက်ကံကောင်းတာတော့ အမှန်ပဲ။

သူ့ကိုမြင်လိုက်လျှင် အရက်တိုက်ချင်စိတ်ပေါ်လာတတ်ခြင်းပင်ဖြစ်၏။ သူ့မှာ အရက်နှင့်ပတ်သတ်၍ အဆောင်ယတြာတွေ လက်ဖွဲ့တွေရှိမရှိတော့မသိ။ လွယ်လွယ်ပြောရလျှင်တော့ ချစ်မွေးပါတဲ့လူတွေလို 'အရက်မွေး' ပါသည်ဟု ဆိုရုံသာရှိလေ၏။

တစ်ခုရှိတာက သူသည် အရက်ကြိုက်တတ်သော်လည်း စည်းမရှိကမ်းမရှိ သောက်တာမျိုးမဟုတ်။ တစ်ပုလင်းလုံး ထောင်ပေးပေမယ့်လည်း သူ့ရေချိန်ကိုက်ပြီဆိုလျှင် . . .

"တော်ပြီ . . . သိမ်းထားလိုက်တော့ . . . နောက်နေ့မှဆက်သောက်မယ် . . . "

ဆိုပြီး ထထွက်သွားတတ်၏။ သူ ရပ်ပျက်ဆင်းပျက် မူးတယ်ရယ်လို့လည်း သိပ်မရှိလှ။ တစ်ချို့လူတွေလို မူးပြီးရမ်းတာ၊ ပြဿနာရှာတာမျိုးလည်း မရှိ။

တစ်ခါတလေ နည်းနည်းများသွားတဲ့အခါမှာတော့ သီချင်းဆိုပြီး ကတတ်သည်။ ထူးဆန်းတာက သူဆိုသောသီချင်းမှာ စန္ဒရားချစ်ဆွေ၏ 'မွေးလွန်းသည့်ပန်း' ဖြစ်သော်လည်း ကတဲ့အခါကျတော့ မြိုင်ထဖြစ်နေခြင်းပင်။

ဒါဆိုလျှင် သူနည်းနည်းပေါက်သွားပြီဖြစ်ကြောင်း သိသာ၏။ သူက နေ့လယ်မှာ ဘယ်တော့မှ မသောက်။ ညနေစောင်းမှ ပုလင်းဖွင့်တတ်သူဖြစ်၏။

အသောက်သမားဆိုသော်လည်း ကျန်းမာရေးကို ဂရုစိုက်တတ်သည်။ အစားအသောက် အပျက်မခံ။ မနက်အိပ်ရာကနိုးလျှင် ပဲပြုတ်နံပြား၊ ပေါင်မုန့်ကြက်ဥကြော်၊ မုန့်ဟင်းခါးစသည်ဖြင့် စားလေ့ရှိ၏။

နေ့လယ် ထမင်းစားတော့လည်း ဘယ်ဆိုင်မှာ ငါးရှဥ့်ကောင်းတယ်၊ ဘယ်ဆိုင်က နံရိုးပေါင်းရတယ်၊ ပုန်းရည်ကြီးနဲ့ဝက်သား စားချင်ရင် ဘယ်ဆိုင်သွား စသည်ဖြင့် တကူးတက ရှာဖွေစားတတ်၏။

တစ်ပတ်ကိုတစ်ခါလောက် တရုတ်ဆေးခါးကြီးသောက်ပြီး ဝမ်းထဲကအပူအပုပ်တွေ ရှင်းတတ်သည်။ ကန့်ကလာပြုတ်သောက်တာတို့၊ နွေရာသီမှာ အပူစင်အောင် ဥသျှစ်သီးဖျော်ရည်၊ မန်ကျည်းဖျော်ရည်သောက်တာတို့လည်း ရှိသည်။

သူအရက်သောက်သည့်အခါ အမြည်းမပါပဲ ဘယ်တော့မှသောက်လေ့မရှိ။ အနည်းဆုံး မြေပဲလှော်တစ်ထုပ်၊ ငါးကြော်တစ်တုံးလောက်ည်တော့ပါမှ။

ပြီးတော့ သူကိုယ်တိုင် ချက်ပြုတ်စားသောက်ခဲ့သည့် အမြည်းများလည်း ရှိသေးသည်။

"မင်းတို့ကို တစ်ခါလောက်ချက်ကျွေးရဦးမယ် . . . "

ဟု မကြာခဏပြောတတ်သော်လည်း တစ်ခါမှတော့ မကြုံခဲ့ဖူးသေး။ သူ့ဟင်းလျာတွေက အထူးအဆန်းတွေချည်းဖြစ်၏။

မုန်လာဥအရိုးနှပေါင်း၊ ငါးပနော်စွပ်ပြုတ်၊ ညောင်းသီးရို့စ်၊ ဝက်ခြေထောက် ငါးပိချက်။

ကျွန်တော်သည် သူနှင့်မကြာခဏ အတူထိုင်သောက်ခဲ့ဖူးသည်။ သူက တစ်ခွက်နှစ်ခွက်လောက် ဝင်သွားပြီး လျှင် လေအေးအေးကလေးဖြင့် အရက်သမားပုံပြင်များကို ပြောပြတတ်လေသည်။

*************

"တစ်ခါတုန်းက အရက်ဆန့်ကျင်ရေးအသင်းက အမှုဆောင်အဖွဲ့ဟာ ကွင်းဆင်းခရီးထွက်ခဲ့ကြတယ် . . . သူတို့ရဲ့ရည်ရွယ်ချက်ကတော့ အရက်ဟာ လူရဲ့ကျန်းမာရေးကို ထိခိုက်စေတယ် . . . အရက်သေစာကင်းရှင်းတဲ့လူ ဟာ အသက်ရှည်တယ်ဆိုတာ သက်သေပြဖို့ပဲ . . . သူတို့ဟာ ရွာတွေကို တစ်ရွာပြီးတစ်ရွာဝင်ပြီး အရက်သေစာ လုံးဝသောက်စားခြင်းမရှိပဲ အသက်ရှည်တဲ့လူကြီးတွေကို လိုက်ရှာကြတယ် . . . "

"တွေ့တော့တွေ့ပါတယ် . . . အသက်ခြောက်ဆယ်ကျော် ခုနစ်ဆယ်ကျော်တွေ တွေ့ပြန်တော့ မိန်းမကြီးတွေ ဖြစ်နေတယ် . . . ဒီလောက်နဲ့တော့ ကျေနပ်လို့မဖြစ်သေးဘူး . . . "

"ဒီလိုနဲ့ဆက်သွားရာမှာ ရွာတစ်ရွာရောက်တော့ အသက်ရှစ်ဆယ်ကျော်နေပြီဖြစ်တဲ့ အဘိုးအိုတစ်ဦးကို တွေ့ကြတယ် . . . အဘိုးကြီးဟာ ဒီအရွယ်ထိ သန်သန်မာမာရှိနေတုံးပဲ . . . သွားလဲ မကျိုးဘူး . . . မျက်စိလဲ မမှုန်ဘူး . . . သူတို့ရောက်သွားတဲ့အချိန်မှာ ထင်းခွဲနေတာတွေ့ရတယ် . . . "

"ဒါနဲ့ အဘိုးကြီးကို ဓာတ်ပုံတွေဘာတွေ ရိုက်ပြီး အင်တာဗျူးလုပ်တာပေါ့ . . . "

(အဘိုးခင်ဗျာ . . . အဘိုးဟာ ဒီအရွယ်ထိ ခုလိုကျန်းမာသန်စွမ်းနေတာဟာ ဘာကြောင့်ပါလဲ . . . )

လို့မေးတော့ အဘိုးကြီးက ပြောတယ်။

(အဘိုးခုလိုကျန်းမာနေတာကတော့ ငယ်စဉ်ကတည်းက အရက်သေစာကို ရှောင်ကြဉ်ခဲ့လို့ပဲ . . . အရက်ကို သောက်ဖို့မဆိုထားနဲ့ . . . အနံ့တောင် မခံခဲ့ဖူးဘူး . . . )

အရက်ဆန့်ကျင်ရေးအသင်းက လူတွေလဲ ဝမ်းသာအားရနဲ့ ရေးကြမှတ်ကြလုပ်နေတုံး အဘိုးကြီးရဲ့ အိမ်အပေါ်ထပ်က ဆူဆူညံညံနဲ့ ဆဲသံဆိုသံတွေ ကြားလိုက်ရတယ် . . . ဧည့်သည်တွေလဲ မျက်လုံးတွေ ပြူးပြီး ထိတ်ထိတ်ပျာပျာဖြစ်ကုန်ကြတာပေါ့ . . . အဲဒီမှာပဲ အိမ်ရှင်အဘိုးအိုက ပြုံးလိုက်ပြီး . . .

(မကြောက်ကြပါနဲ့ကွာ . . . အဲဒါ ငါ့အဖေပါ . . . သူက အရက်မူးရင် နည်းနည်းသွေးဆိုးတယ်ကွ . . . )

လို့ ပြောလိုက်သတဲ့။

*************

## ကျောင်းတုန်းက သူငယ်ချင်းတွေ

"အစားကောင်း စားရတဲ့အခါ အချစ်ဆုံးသူကို သတိရတတ်တယ်ဆိုတာ သိပ်မှန်တာပဲကွ . . . "

ဟု သူငယ်ချင်းသဘော်သားတစ်ယောက်က ပြော၏။ သူက ဆက်လက်၍ . . .

"နိုင်ငံခြားဆိပ်ကမ်းတွေက စားသောက်ဆိုင်ကောင်းကောင်းတွေမှာ စားရတဲ့အခါ ငါ့မိန်းမကို သိပ်သတိရတာပဲကွာ . . . "

"အေပေး . . . ငါတို့တော့ သတိမရဘူး . . . "

ကျွန်တော်က ဆဲသောအခါ . . .

"ဟီး . . . ဟီး . . . ငါ့မိန်းမက အစားပုတ်တာကိုးကွ . . . အဲ . . . မင်းတို့ကို သတိရတဲ့အခါလဲ ရှိပါတယ် . . . လှိုင်းမူးပြီးအန်တဲ့အခါကျရင်လေ . . . "

တစ်ယောက်တစ်ခွန်းစီ ငါနှင့် ကိုင်တုတ်ကြသည်။ သူက ကျွန်တော်တို့ဆဲတာကို မြိန်ရေရှက်ရေ အရသာခံနေပြီးမှ . . .

"အလကားပြောတာပါကွာ . . . နိုင်ငံခြားမှာ အရက်ကောင်းကောင်းတွေ သောက်ရတဲ့အခါကျရတော့ မင်းတို့ကို သတိရပါတယ် . . . "

ဟု လေပြည်ထိုးလိုက်၏။

"ဒါဆို အခုကော ငါတို့ကို သတိမရဘူးလား . . . "

ထုံးစံအတိုင်း တစ်ယောက်က စကားခေါ်သည်။

"သတိရလို့ပဲ ခုလို ငါ့အိမ်ကို ချိန်းတာပေါ့ကွ . . . "

ဟု ဆိုပြီး အိမ်ခန်းထဲဝင်သွားသည်။ ပြန်ထွက်လာတော့ လက်ထဲမှာ ဂျော်နီဝါးကား ဘလက်လေဘယ် တစ်ပုလင်းပါလာ၏။ သူက ပုလင်းကို စားပွဲပေါ် ချလိုက်သည်။ ပုလင်းက ဖောက်ပြီးသား နှစ်ပက်စာလောက် လျော့နေသည်။

"ခွေးကောင် . . . မင်း ငါတို့ပုလင်းထဲက ခိုးသောက်ထားတယ် မဟုတ်လား . . . "

ဟု အသောက်လောဘကြီးသူတစ်ယောက်က ဟောက်လိုက်သည်။ သူပြောပုံကိုလည်း ကြည့်ဦး။ ဘယ်လောက်လူဝါးဝလိုက်သလဲလို့။ သူများတိုက်တဲ့အရက်ကိုတောင် သူ့ကိုတာ လျော့မှာစိုးသဖြင့် ပုလင်းပိုင်ရှင်ကိုပြန်ပြီး သူခိုးစွပ်စွဲလိုက်သေးသည်။

သဘော်သားဆိုတဲ့သောက်ပေါကလည်း ဘာပြန်ပြောသလဲဆိုတော့ . . .

"အေးကွာ . . . ငါလဲ မနေ့ညက အပြင်သွားရင်း မိုးနည်းနည်းမိသွားလို့ အချမ်းပြေနည်းနည်းချလိုက်မိတယ် . . . "

ဟု မျက်နှာငယ်လေးနှင့် တောင်းပန်နေသေးသည်။

ကျွန်တော်တို့ သူငယ်ချင်းအုပ်စုတွေက ဒီလိုပဲ။ တစ်ခါတစ်ခါခုလို ကြောင်တောင်တောင်တွေ လုပ်တတ်သည်။

"ကဲပါကွာ . . . ငါပြန်လျော်ပေးပါ့မယ် . . . သောက်သာသောက်ပါ . . . ဒါကုန်ရင် ဘီယာလေးဘာလေး ထပ်ချတာပေါ့ . . . "

တကယ်တော့ သူကလည်း ခုလိုသူငယ်ချင်းတွေဆုံတုန်း အပြတ်ကဲချင်ပုံရ၏။ သူ့မိန်းမသည် အရက်သောက်ခြင်းကို မကန့်ကွက်သော်လည်း လွန်သွားမှာကြောက်ပုံရသည်။ သူငယ်ချင်းတွေ ရှိနေသောကြောင့် ဟန့်တားရမှာလည်း အားနာနေသည်။ ထို့ကြောင့် . . .

"သူငယ်ချင်းတွေကို ကားနဲ့ ပြန်ပို့ပေးရမှာနော် . . . "

ဟူ၍သာ နောက်ဆက်တွဲ အခိပ္ပါယ်ပါသောစကားကို ဆို၏။ အမြည်းတွေကိုတော့ ပြည့်ပြည့်စုံစုံ လုပ်ပေးရှာပါသည်။ ဒါနဲ့တောင် မကျေနပ်သေးပဲ အပြင်ကို ကားနှင့်ထွက်ပြီး ဘဲကင်နှင့် တောင်ပံအစာသွတ်ကြော်သွားဝယ်လိုက်သေးသည်။

ကျွန်တော်တို့မှာ ကိုယ့်အလုပ်နှင့်ကိုယ်၊ ကိုယ့်မိသားစုနှင့် ကိုယ် ရုန်းကန်လှုပ်ရှားနေကြရသဖြင့် ငယ်ငယ်ကလို မကြာခဏ မဆုံနိုင်ကြတော့။ သဘော်သားတွေ၊ ရှီးဂျော့သမားတွေနှင့်ဆို အနည်းဆုံး ခြောက်လ တစ်နှစ်နေမှ တစ်ခါလောက် ပြန်ဆုံကြရခြင်းဖြစ်၏။

ထို့ကြောင့် ဒီဝိုင်းမှာ ကျွန်တော်တို့ကလည်း မဆုံဖြစ်ကြသည့်ကာလအတွင်းက ကိုယ့်အခြေအနေများကို ပြောပြသည်။ သဘော်သားကလည်း သူ့နိုင်ငံခြားအတွေ့အကြုံတွေကို ပြောပြသည်။ ဒီလိုပြောနေကြတုန်း တစ်ယောက်က . . .

"နေဦးကွ . . . စောစောက မင်းပြောတဲ့စကားကို ပြန်ကောက်ရဦးမယ် . . . အစားကောင်းစားရတဲ့အချိန်မှာ မိန်းမကိုသတိရပြီး အရက်ကောင်းသောက်ရတဲ့အချိန်မှာ သူငယ်ချင်းကို သတိရတယ်ဆိုတော့ ခုလိုအရက်ကောင်းကောင်းလဲသောက်ရ၊ အစားကောင်းကောင်းလဲ စားရတဲ့အချိန်မှာကော ဘယ်သူ့ကို သတိရသလဲ . . . "

သဘော်သားသည် ခဏတွေ၍ စဉ်းစားနေပြီးနောက် . . .

"ငယ်ငယ်တုန်းကအကြောင်းတွေကို ပြန်သတိရတယ်ကွာ . . . ငါတို့တွေ အဲဒီတုန်းက သောက်ခဲ့ရတာဟာ ခုလိုပြည့်ပြည့်စုံစုံမဟုတ်ပေမယ့် ဟိုတုန်းက ပိုပြီး ပျော်စရာကောင်းသလိုပဲကွ . . . "

"အေး . . . ဟုတ်တယ် . . . အဲဒီတုန်းက လမ်းဘေးဆိုင်ကလေးတွေမှာ အပေါစားအမြည်းနဲ့ ဘီအီးသောက်ရတာ ပိုပြီးလွတ်လပ်သလိုပဲ . . . "

ထို့နောက် ငယ်ငယ်က ပျော်ခဲ့ကြပုံများကို တစ်ယောက်တစ်ခွန်း လုပြောမိကြလေသည်။

ကျွန်တော်သည် အေးသိန်းတို့နှင့် သောက်ခဲ့တုန်းက ပညာကောင်းကောင်းရခဲ့ပြီဖြစ်၏။ အရက်ဆိုသည်မှာ သောက်ဖို့လွယ်သလောက် ပြန်အန်ထုတ်ဖို့ခက်သည်။ မူးဖို့လွယ်သလောက် အမူးပြေအောင်လုပ်ဖို့ ခက်သည်။

ထို့ကြောင့် အရက်သောက်မိသည့်အခါတိုင်း မများအောင် သတိထားလေ့ရှိ၏။ အရက်စွဲသွားမှာ ကြောက်သဖြင့် မကြာခဏ မသောက်မိအောင်လည်း ကြိုးစားရသည်။

ကျွန်တော်တို့သည် သောက်တတ်ခါစ လူတို့၏ ထုံးစံအတိုင်း ထပ်ပြီးတော့ လက်တည့်စမ်းချင်သည်။ ရွံလည်းရွံနေသည်။ အမိကကတော့ တကယ့်အရက်ဆရာကြီးတွေလို တကယ့်အရက်ဆိုင်မှာ ထိုင်သောက်လိုခြင်း ပင်ဖြစ်၏။

ထို့ကြောင့် ဆယ့်ခြောက်ကွေ့ဆိုင်ဟုခေါ်သော ဝေဇယန္တာလမ်းနှင့် ပြည်သာယာလမ်းထောင့်ကဆိုင်ကို ရွေးလိုက်ကြ၏။ ကျွန်တော်တို့အိမ်များနှင့် သိပ်မဝေးလှပဲ သွားရေးလာရေး လွယ်ကူသောကြောင့် ဖြစ်၏။ ထိုဆိုင်သည် ကုန်သွယ်ရေး (၄)မှ ဖွင့်ထားသော ပြည်သူပိုင်အရက်ဖြူဆိုင်ဖြစ်၏။

ဆိုင်ကြီး၏ဘေးကွက်လပ်မှာ အမြည်းဆိုင်လေးများရှိသည်။ ကျွန်တော်တို့က ဒေါ်ပုဆိုင်မှာ ထိုင်လေ့ရှိ၏။ ပထမဆုံးအကြိမ်ရောက်စဉ်က ဝင်မထိုင်ရဲသဖြင့် ဆိုင်တန်းတစ်လျှောက် ဟိုယောင်ဒီယောင်လုပ်နေတုန်း . . .

"မောင်လေးတို့ . . . လာထိုင်လေ . . . ဘာစားမလို့လဲ . . . အရက်ဝယ်ချင်ရင် ဆိုင်ကြီးမှာ သွားဝယ်ပေးမယ် . . . အေးအေးဆေးဆေးထိုင်ကြ . . . "

ဖော်ဖော်ရွေရွေလှမ်းခေါ်သဖြင့် ဝင်ထိုင်ဖြစ်သွားသည်။ ထိုမှစပြီး ဒေါ်ပုဆိုင်သည် ကျွန်တော်တို့ ထိုင်နေကျဖြစ်လာ၏။

အမြည်းများမှာ သိပ်ထူးထူးထွေထွေမဟုတ်။ အမဲသားမျှင်ကြော်၊ ငါးရှဉ့်ကျပ်တိုက်ကြော်၊ ဘဲဥသုပ်၊ ပဲခြမ်းကြော်သုပ်၊ ခရမ်းချဉ်သီးသုပ်၊ ပုဇွန်ခြောက်သုပ်၊ ဧည့်သီး စသည်တို့သာ ဖြစ်၏။ တစ်ပွဲတစ်ကျပ်သာ ပေးရသည်။ လက်ဖက်ရည်ပန်းကန်ပြားလောက်ရှိသည့် သတ္တုပန်းကန်လေးများဖြင့် ထည့်ပေးခြင်းဖြစ်၏။

ထိုအမြည်းကလေးများကိုပင် စားလို့ကောင်းအောင် ဒေါ်ပုက ပြင်ဆင်ပေးတတ်သည်။ ဘာပဲမှာမှာ ကြက်သွန်စိမ်းနှင့် ရှောက်သီးစိတ်ကလေး ထည့်ပေးတတ်သည်။ အသုပ်ဆိုလျှင်လည်း အစပ်အဟပ်တည့်အောင် သုတ်ပေးတတ်သည်။

အရက်ကိုတော့ ကိုယ့်ဘာသာ ဆိုင်ကြီးမှာ သွားဝယ်လျှင်လည်းရသည်။ ဒေါ်ပုဆိုင်မှ ပုလင်းလွတ်တစ်လုံးယူပြီး သွားတန်းစီရသည်။ ထိုစဉ်က အရက်ဆိုင်တွေမှာပါ 'ကိုတာစနစ်' က ရှိနေသဖြင့် တစ်ယောက် ငါးပက်၊ ခြောက်ပက်စသည်ဖြင့်သာ ရောင်းပေးသည်။ ဒီနည်းက သိပ်အဆင်မပြေလှ။

ပိုကောင်းတာက ချာတိတ်တစ်ယောက်ယောက်ကို မုန့်ဖိုးပေးပြီး သွားဝယ်ခိုင်းခြင်းဖြစ်၏။ ကိုယ်က အမြည်းဆိုင်မှာ ထိုင်စောင့်နေရုံပဲ။ သူ့နည်းသူ့ဟန်နဲ့ကျတော့ လွယ်လွယ်ကူကူဝယ်လို့ ရသည်။ လိုသလောက်လည်း ရသည်။

အရက်တစ်ပက်လျှင် အစိုးရဈေး ပြားခြောက်ဆယ်ဖြစ်၏။ တစ်ပုလင်းတွင် ဆယ့်နှစ်ပက်ခွဲပါပြီး သတ်မှတ်ချက်အရ ဆယ့်နှစ်ပက်စာ ခုနစ်ကျပ်ပြားနှစ်ဆယ်ပေးလျှင် တစ်ပုလင်းရသည်။ အလုံးလိုက်ဝယ်သဖြင့် ပက်တစ်ဝက် အပိုရသည့်သဘောဖြစ်၏။

တကယ်တန်းလက်တွေ့မှာတော့ ပိုမရသည့်အပြင် ကိုယ့်ထဲကတောင် အနုတ်ခံလိုက်ရသည်။

အရက်ရောင်းသည့်ကောင်တာမှ ပုဂ္ဂိုလ်များသည် ဆိုင်မဖွင့်ခင်ကပင် ပုလင်းအဖုံးများကို ဖွင့်ထားနှင့်ပြီး ဖြစ်၏။ တစ်ပုလင်းလျှင် နှစ်ပက်သုံးပက်ခန့် ထုတ်ယူပြီး ရေပြန်ရောထားတတ်သည်။ ဟိုတုန်းကတော့ အရက်ဆိုင်မှာ ရေရောသည့်ကိစ္စသည် သိပ်မထူးဆန်းလှပါ။ သောက်သုံးသူတွေကလည်း နားလည်သဘောပေါက် ခွင့်လွှတ်ထားသော ကိစ္စဖြစ်၏။

ဤကဲ့သို့ မူလပုလင်းထဲက အရက်ကို ထုတ်ယူ၍ ပြင်ဆင်ဖန်တီးခြင်းကို 'ခေါင်းချိုးသည်' ဟု ခေါ်၏။ ဆိုင်မှရောင်းသည့်အခါမှာလည်း ခေါင်းချိုးပြီးသား ပုလင်းထဲမှာပင် လောင်းထည့်ပေးခြင်းဖြစ်၏။

တကယ်လို့ ခေါင်းမချိုးရသေးသည့် စက်ရုံထုတ်ပက်ကင်ပုလင်းလိုချင်လျှင်တော့ နည်းနည်းပါးပါး ပိုပေးရသည်။ ကျွန်တော်တို့ကတော့ လွယ်လွယ်ကူကူပင် ခုနစ်ကျပ် ပြားနှစ်ဆယ်အစား တစ်ဆယ်တိတိကို အမြည်းဆိုင်မှ ချာတိတ်ကလေးကို ပေးလိုက်ပြီး . . .

"ခေါင်းမချိုးတာ ယူခဲ့ကွာ . . . "

ဟု မှာလိုက်သည်။ ချာတိတ်က သူ့အတွက် မုန့်ဖိုးတစ်ကျပ်လောက်နုတ်ယူပြီး ဆိုင်ကို ကိုးကျပ်ပေး၍ ပက်ကင်ပိတ်ပုလင်း ယူလာပေးတတ်သည်။

ဆိုင်ကြီးပိတ်သွားသည့်အချိန်ဆိုလျှင်တော့ ကိုယ်ထိုင်သည့်အမြည်းဆိုင်မှာပင် တစ်ပက်ဆယ်ပြားပိုပေး၍ မှာသောက်လို့ရသည်။ သိပ်တော့ကွာလတီကောင်းကောင်း မရနိုင်တော့။ ဆိုင်ကြီးက နည်းနည်းရေရောပြီးသားကို ဆိုင်လေးက ထပ်ရောထားခြင်း ဖြစ်၏။

ဘာပဲဖြစ်ဖြစ် ဒီလိုဆိုင်တွေမှာ သောက်ရတာ ငွေကုန်ကြေးကျ အလွန်သက်သာသည်။ လက်လုပ်လက်စား များ၊ လစာနည်းဝန်ထမ်းများမှာ ဒီနေရာတွေကိုသာ အားကိုးကြရ၏။

ကျွန်တော်တို့သည် နည်းနည်းလူရည်လည်လာတော့ မြို့နယ်အတွင်းက တခြားဆိုင်တွေကိုပါ လှည့်ပတ်ထိုင်ဖြစ်လာသည်။

ဘူတာက အမားဆိုင်၊ ဆယ့်ငါးလမ်းဆုံက ကိုမြသောင်းဆိုင်၊ ကိုသန်းဖေ၏ဆိုင်၊ ဖန်နေဝန်း၊ ကြို့ဆိုပါ၏ . . . စသည်ဖြင့်။ ပေါင်းသင်းဆက်ဆံရေးကျယ်လာသည်နှင့်အမျှ ဆိုင်တွေလည်း ပိုစုံလာသည်။

ကျွန်တော်သည် တက္ကသိုလ်နောက်ဆုံးနှစ်ရောက်သောအခါ ရန်ကုန်တက္ကသိုလ် အနုပညာအသင်း၏ ပန်းချီဌာနစိတ်မှ နံရံကပ်စာစောင်မှာ ကဗျာဝင်ရေးရင်း ပန်းချီအဖွဲ့နှင့် ပေါင်းမိသည်။ နံရံကပ်စာစောင် အယ်ဒီတာအဖွဲ့ဝင်တိုးမိုးနှင့် ခင်မင်မိရာမှ တိုးမိုး၏ငယ်သူငယ်ချင်း စောမောင်မောင်နှင့်ပါ သိကျွမ်းရသည်။

စောမောင်မောင်သည် စက်မှုတက္ကသိုလ် (ယခု – နည်းပညာတက္ကသိုလ်) ကျောင်းသားဖြစ်ပြီး တိုးမိုးကိုအကြောင်းပြု၍ ပန်းချီသင်တန်းလာတက်နေသူ ဖြစ်၏။ သူမှတစ်ဆင့် စက်မှုတက္ကသိုလ်မှ သူ့အပေါင်းအသင်းများနှင့်ပါ ခင်မင်ရပြန်သည်။

ဒီလိုနှင့် ကျွန်တော်တို့အုပ်စုမှာ ကြီးထွားလာပြီး ဝိုင်းတွေလည်း ဆက်လာတော့သည်။ ကျွန်တော်တို့က စက်မှုတက္ကသိုလ်ဘက် သွားသောက်လိုက်၊ သူတို့က ရန်ကုန်တက္ကသိုလ်ထဲ လာသောက်လိုက်။

တစ်ခုတော့ရှိသည်။ ကျွန်တော်တို့သည် တကယ့်အရက်သမားကြီးတွေလို နေ့စဉ်ရက်ဆက် သောက်နေကြသူတွေတော့ မဟုတ်ပါ။ တစ်ပတ်ဆယ်ရက် တစ်ခါလောက် ဆုံဖြစ်ကြခြင်းသာ ဖြစ်၏။ ကျွန်တော်တို့အတိုင်းအတာအရ ဒါလောက်ကို ဝိုင်းစိပ်သည်ဟုဆိုရခြင်း ဖြစ်၏။

ပြီးတော့ ကျွန်တော်တို့သောက်ပုံမှာ အရက်နှင့်ပတ်သတ်သော ဂရင်းမာစတာကြီးတွေအဖို့ ရယ်စရာကောင်းနေပါလိမ့်မည်။ အရက်တစ်ပုလင်းကို လူသုံးလေးယောက် ဝိုင်းသောက်နေကြခြင်းသာ ဖြစ်၏။ ဆိုင်တွေမှာထိုင်ကြပြီဆိုလျှင် သောက်တာကနည်းနည်း၊ အမြည်းစားတာက များများ၊ စကားပြောတာကတော့ တစ်ဆိုင်လုံးညံသွားစေရမည်။

တကယ်တော့ ကျွန်တော်တို့သည် အရက်၏အရသာကို ခံစားလိုကြခြင်း မဟုတ်။ မူးချင်လို့လည်း မဟုတ်။ သူငယ်ချင်းတွေနှင့် ပျော်ပျော်ပါးပါး စကားပြောချင်ကြသောကြောင့်သာ သောက်ကြခြင်းဖြစ်၏။

ထို့ကြောင့် ကျွန်တော်တို့ကြားမှာ . . . “ငါတို့က အရကင်သောက်တာမဟုတ်ဘူး . . . သူငယ်ချင်းသောက်တာ . . . ” ဟု ပြောလေ့ရှိကြ၏။

ကျွန်တော်တို့အုပ်စု ဆုံမိကြလျှင် ကမာရွတ်သံလမ်း၊ သို့မဟုတ် ကျိုက်ကုလားရှိ ဆိုင်များမှာ ထိုင်လေ့ရှိ၏။ ထိုအခါမျိုးမှာ ကျောင်းရှိ သူငယ်ချင်းတို့၏ အဆောင်များမှာ အိပ်တတ်သည်။

တစ်ခါတလေတော့ ကျွန်တော်တို့ သဃ်ကျွန်းဘက်သို့ တစ်အုပ်စုလုံးလိုက်လာကြပြီး ညအိပ်လေ့ရှိကြသည်။

များသောအားဖြင့် နည်းနည်းမှန်လာလျှင် ကျောင်းထဲက မိန်းကလေးအဆောင်များရှေ့တွင် သီချင်းသွားဆိုတတ်ကြလေသည်။

"အို . . . အဆောင်သူချစ်နှမအပေါင်းတို့ . . . ယခုသီဆိုရန် အလှည့်ကျသူများကား မောင်ကြီးတို့ ပုလင်းဘွိုင်အဖွဲ့ဖြစ်ပေသည် . . . ပြတင်းပေါက်များ ပိတ်လိုက ပိတ်ထားကြလော့ . . . နားရွက်များကို အလျှင်အမြန် ဂွမ်းဆို့ထားကြလော့ . . . ကဲ . . . ဆိုပြီဟေ့ . . . "

"သောက်တော်ဘူးရယ်နဲ့ . . . အိုမကွာ အိုမကွာ . . . သောက်တော်ဘူးရယ်နဲ့ အိုမကွာ အိုမကွာ . . . မင်းကျော်စွာမို့ မကျော်လား . . . ဝေးရာကရှား . . . လောင်းစရာ ငွေမရှားပါဘု . . . ကြက်ကျားကိုတဲ့ တိုက်မယ်ပြင် . . . မြင်စိုင်းကြော့ရှင် . . . ချစ်လို့ရယ်တဲ့ခင်မင် . . . လင်ရှားရော့လား . . . ကိုကြီးကျော်ရေ . . . ဗျို . . . ဗျို . . . ဗျိုး . . . မောင်ကြီးကျော်ရေ . . . ဗျာ . . . ဗျာ . . . ဗျား . . . ဤဇမ္ဗူမှာ ပြိုင်ဘက်ရှား . . . မိုးကျနတ်သား . . . "

ဇာတ်သဘင်ထဲက အပျိုတော်ထွက်သည့်အခါမှာဆိုသော နတ်ချင်းကို သံပြိုင်အော်ကြသည်။ ထိုအခါ အဆောင်ပေါ်ရှိ ကျောင်းသူများထံမှ . . .

"ကြောက်ပါပြီရှင့် . . . ပြန်ပါတော့ . . . "

"ကန်တော့ပါသေးရဲ့ရှင် . . . "

"ပြန်ဖို့ကောင်းပြီ . . . အိပ်ချင်ပြီဟေ့ . . . "

စသော တုံ့ပြန်သံများ၊ ဝရန်တာ သံမံတလင်းပေါ်ကို သံပန်းကန်ပြားကို ဂွမ်းခနဲနေအောင် တမင်ပစ်ချသံများ ထွက်လာတတ်၏။

ကျွန်တော်တို့လည်း . . .

"ခုလိုအားပေးတဲ့အတွက် ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ အလှည့်ကျတဲ့အခါ ဗွေးတုတ်သီချင်းနဲ့ ဖျော်ဖြေပါဦးမယ် . . . "

ဟု ပြန်အော်ကြသည်။ ထို့နောက် တစ်ခြားအဖွဲ့တစ်ဖွဲ့ သီဆိုဖို့ အလှည့်ပေးလိုက်ကြ၏။ ကျောင်းက အဆောင်ရှေ့မှာ သီချင်းဆိုသောအခါ စည်းကမ်းတစ်ခုကို လိုက်နာကြရသည်။ ကိုယ်တစ်ဖွဲ့တည်းမဟုတ်ပဲ တခြားအဖွဲ့တွေရှိနေလျှင် အလှည့်ကျသီဆိုကြရခြင်းဖြစ်၏။

တခြားအဖွဲ့တွေကတော့ ဂစ်တာတစ်လက်စီတော့ အနည်းဆုံးပါကြသည်။ ထိုအချိန်က ခေတ်စားနေသော ပလေးဘွိုင်သန်းနိုင်၊ စိုင်းထီးဆိုင်၊ မင်းမင်းလတ်တို့၏သီချင်းတွေ ဆိုကြသည်။ တချို့လည်း ရှားရှားပါးပါး မယ်ဒလင်နှင့် ကိုတင်လှိုင်တို့၊ စန္ဒရားချစ်ဆွေတို့ သီချင်းတွေလာဆိုကြ၏။

ကျွန်တော်တို့ကတော့ သိတဲ့အတိုင်းပဲ။ နာမည်ကိုက ပုလင်းဘွိုင်အဖွဲ့တဲ့ မဟုတ်လား။ ဘယ်တော့မှ သူများတွေလို ဗီလင်သီချင်းတွေဆိုလေ့မရှိ။ စိုင်းထီးဆိုင်ရဲ့ မောင့်လပြည့်ဝန်းသီချင်းကိုတောင် 'မောင့်လက်ပစ်မုံး' ဆိုပြီး ဖျက်ဆိုတဲ့ကောင်တွေ။

အဆောင်ရှေ့မှာလာဆိုသူတွေထဲမှာလည်း ရည်ရွယ်ချက်အမျိုးမျိုးရှိ၏။ အပျင်းပြေလာဆိုသူ၊ သီချင်းဆိုတာ ဝါသနာပါလို့ စင်မြင့်တစ်ခုသဖွယ် အသံလာစမ်းသူ၊ အဆောင်မှာ ကိုယ်ကြိုက်နေသော ကောင်မလေးရှိလို့၊ ကိုယ့်ရည်းစားရှိနေလို့ လာဆိုသူ . . . အမျိုးစုံရှိ၏။

တချို့ဆိုလျှင် နေ့လယ်ကတည်းက ကြိုတင်အချိန်းအချက် လုပ်ထားသည်။ ညဘယ်နှစ်နာရီတိတိ လာဆိုပါမည်၊ အဆောင်ရှေ့ရောက်ပြီဆိုလျှင် မီးခြစ်နှင့် သုံးခါခြစ်၍ အချက်ပြမည်။ ထိုအခါ အဆောင်ပေါ်က ကျောင်းသူကောင်မလေးကလည်း လက်နှိပ်ဓာတ်မီးကို ဖွင့်ချည် ပိတ်ချည် သုံးခါ လုပ်ပြမည်။ ဒါဆို သီချင်းစဆိုလို့ ရပြီ။

သီချင်းသုံးလေးပုဒ်ဆိုပြီးတဲ့နောက်မှာ အဆောင်ပေါ်ကကောင်မလေးက သူ့ကောင်လေးအတွက် အမောပြေသောက်ဖို့ ရေပုလင်းတို့၊ အဆာပြေစားဖို့ ငှက်ပျောသီးတို့၊ လက်ဖက်သုပ်တို့ကို အဆောင်စောင့်ကြီးက တစ်ဆင့်ပို့ပေးတတ်သည်။

တချို့ကျောင်းသူတွေကတော့ သီချင်းအဆိုကောင်းသည့် အုပ်စုတွေဆီကို စားစရာတွေပို့ပြီး ဘာသီချင်းဆိုပြပါဟု သောတရှင်လိုရာလို သီချင်းတောင်းတတ်သည်။ ဒီအခါမှာ အောက်ကကောင်တွေက နောက်မှလည်ချောင်းကွဲအမောဆို့ပြီး သေချင်သေ။ အသံကုန်ဟစ်တော့တာပဲ။

တချို့ကောင်တွေကျတော့ သီချင်းဆိုပြရုံမက သူတို့ကောင်မလေးတွေဆီ နှင်းဆီပန်းတို့၊ စံပယ်ပန်းတို့ကို အဆောင်စောင့်ကြီးမှတစ်ဆင့် ပေးပို့တတ်ပြန်သည်။

ကျွန်တော်တို့ကလည်း အားကျမခံ ခွေးသေးပန်းတွေခူးပြီး ပို့တတ်သည်။ ဒါကြောင့်လည်း ကျွန်တော်တို့ဆိုလျှင် ကျောင်းသူတွေက အော့ကြော့လန်ကြသည်။ ဒါ့အပြင် ထိုအချိန်က မိန်းကလေးတွေသည်းသည်းလှုပ်မှုသဘောကျကြသော ကိုသန်းနိုင်တို့၏ ပလေးဘွိုင်အဖွဲ့နာမည်ကိုဖျက်ပြီး ပုလင်းဘွိုင်အဖွဲ့ဆိုသော နာမည်ကိုယူထားကြတာလည်း ရှိသေးသည်။

ထို့ကြောင့် အဆောင်ရှေ့မှာ သီချင်းဆိုခဲ့သည့် သက်တမ်းအတွင်း ကျောင်းသူများထံမှ ပဲကြီးလှော်တစ်စေ့တောင် မရခဲ့ဖူးပါ။ ရှားရှားပါးပါး ရေတစ်ပုလင်းနှင့် စာတစ်စောင်တော့ တစ်ခါရဖူးသည်။ စာထဲမှာ ရေးထားတာက . . .

ပုလင်းဘွိုင်အဖွဲ့ရှင့် . . .

သင်တို့၏ သံသေးသံကြောင် သံပြဲများကြောင့် ကျွန်မတို့မှာ စာကျက်လို့လည်းမရ၊ ဘုရားရှိခိုးရာမှာလည်း အနှောင့်အယှက်ဖြစ်၊ အိပ်လို့လည်း မပျော်၊ အိပ်ပျော်လျှင်လည်း အိပ်မက်ဆိုးများ မက်နေကြရပါသည်။ ထို့ကြောင့် နောက်နောင် ဘယ်သောအခါမှမှ အဆောင်ရှေ့မှာ လာရောက်သီချင်းမဆိုကြပါရန် မေတ္တာရပ်ခံပါသည်။ သင်တို့အမောပြေ သောက်သုံးရန် အိမ်သာထဲက ရေဘုံဘိုင်မှ ရေတစ်ပုလင်း ထည့်ပေးလိုက်ပါသည်။

အဆောင်သူများ

သီချင်းဆိုပြီးလို့ အချိန်ရှိသေးလျှင် ကိုယ့်အိမ်ကိုယ်ပြန်သည်။ အချိန်မရှိတော့လျှင် အဆောင်က သူငယ်ချင်းတစ်ယောက်ယောက်အခန်းမှာ အိပ်ကြသည်။ များသောအားဖြင့် တမင်တကာနောက်ကျအောင် အချိန်ဆွဲလေ့ရှိကြ၏။

ထိုအခါမျိုးတွင် အုပ်စုလေးတွေခွဲပြီး သန်ရာသန်ရာ လုပ်ကြသည်။ တချို့က ဘွဲ့နှင်းသဘင်ခန်းမရှေ့က ကျောက်လှေကားပေါ်ထိုင်ပြီး သူတို့ကောင်မလေးတွေအကြောင်း ပြောသည်။

အဆင်ပြေနေသူကလည်း ပျော်စရာအကြောင်း၊ အဆင်မပြေသူကလည်း လွမ်းရသည့်အကြောင်း၊ နာကြည်း သူကလည်း ခံစားချက်တွေ ပေါက်ကွဲကြသည်။

ကျွန်တော်နှင့်တွဲဖက်ဖြစ်သည့် ကဗျာသမား စာသမားအုပ်စုကတော့ အဓိပတိလမ်းမပေါ် ပက်လက်လှန် အိပ်ပြီး ကြယ်တွေကိုကြည့်ရင်း ကဗျာအကြောင်း စာအကြောင်း ပြောပြသည်။ အမှတ်တရရှိသည့် ကဗျာတွေ တစ်ယောက်တစ်လှည့်စီ ရွတ်ပြကြသည်။

ကျွန်တော်တို့အုပ်စု ထူးထူးခြားခြားလုပ်ခဲ့တာ ရှိသေးသည်။ ကျီးမနိုးပွဲလုပ်ကြခြင်းပင် ဖြစ်၏။ တကယ် တော့ ကျီးမနိုးပွဲဆိုသည်မှာ တန်ဆောင်မုန်းလမှာမှ ပြုလုပ်ရခြင်းဖြစ်၏။ ကျွန်တော်တို့ကတော့ နွေခေါင်ခေါင်ဖြစ် ချင် ဖြစ်မည်၊ မိုးတွင်းကြီး ဖြစ်ချင်ဖြစ်မည်။

အီကိုကင်တင်းစားသောက်ဆိုင်တွေက ဆိုင်းဘုတ်တွေ နေရာပြောင်းချိတ်၊ ကြံရည်လှည်းကြီးကို ဘွဲ့နှင်း သဘင်ခန်းမရှေ့သွားထား၊ စားပွဲကုလားထိုင်တချို့ကို ဂျပ်ဆင်ရှေ့ မြက်ခင်းပြင်ထဲ သွားချထား . . . စိတ်ကူး ပေါက်ရာ လျှောက်လုပ်ကြသည်။

ဆိုင်တွေမှာ ညစောင့်အိပ်သူတွေရှိသော်လည်း ကျောင်းသားတွေ နောက်ကြပြောင်ကြတာမှန်းသိ၍ ဘာမှ မပြောပဲ အိပ်ချင်ယောင်ဆောင်နေကြသည်။ ကျွန်တော်တို့ ထွက်သွားတော့မှ ကိုယ့်ပစ္စည်းကိုယ် လိုက်ရှာသိမ်း ကြသည်။ တကယ်ကို နားလည်မှုရှိသော ချစ်စရာကောင်းသော ဆိုင်ရှင်များဖြစ်လေ၏။

ဒီလိုနေခဲ့ကြလို့ပဲ နောင်တစ်ချိန် စာရေးဆရာဖြစ်လာသောအခါ တက္ကသိုလ်အကြောင်း အသေးစိတ်ပီပြင် အောင် ရေးနိုင်ခဲ့ကြခြင်း ဖြစ်၏။

ထိုအဖြစ်အပျက်များမှာ မနေ့ညကပင် ဖြစ်ခဲ့သလားဟု ထင်ရလောက်အောင် စွဲစွဲလမ်းလမ်း မှတ်မှတ်သား သား ရှိနေသေးသည်။

တွေးမိတိုင်း လွမ်းစရာတွေချည်း။

*********

ဘလက်လေဘယ်ဝီစကီတစ်ပုလင်းလည်းပြောင်သွားပြီ။ လောဘကြီးတတ်သူတို့သည် တစ်ယောက်ကိုတစ် ယောက် မျက်စပစ်နေကြပြီ။ သဘော်သားလည်း အဆဲမခံရခင် အလျင်အမြန်ထ၍ ဘီယာဘူးတွေ သွားယူလာသည်။

"အေး . . . မင်းတော်တယ် . . . ဒီလို အလိုက်သိတတ်လို့လဲ မင်း ချမ်းသာတာပဲ . . . "

ဟု မဆီမဆိုင် အဆက်အစပ်မရှိပဲ ချီးကျူးကြသေးသည်။ ပြီးတော့ ဘီယာဘူးတွေ ကိုယ်စီကိုင်၍ 'တဖောင် ဖောင်' ဖောက်လိုက်ကြသည်။

ဟိုကောင်ကလည်း . . . "သိပ်သဘောကောင်းတာပဲ . . . သိပ်စေတနာကောင်းတာပဲ . . . " ပြောလျှင် အကျေနပ်ကြီး ကျေနပ်တတ်သော သဘော်သားတို့ထုံးစံအတိုင်း သူ့မိန်းမကို လှမ်းခေါ်၍ . . .

“ဟော့ . . . အာလူးကြော်လုပ်ပါဦးကွ . . . ဖရုစ်ဂျဲထဲမှာ ချိစ်ဘူးရှိသေးတယ်မဟုတ်လား . . . ငါ ယူရုပ်က ဝယ်လာတဲ့ အာလ်မန်းအထုပ် ဖောက်လိုက်လေ . . . ”

စသည်ဖြင့် ဘီယာနှင့်လိုက်ဖက်မည့် အကြော်အလှော်များ အမြည်းများ လုပ်ခိုင်းတော့သည်။

စားရင်းသောက်ရင်း စကားဝိုင်းကို ဆက်ကြပြန်၏။ တစ်ယောက်က ချိစ်တစ်တုံးကို ယူ၍ မြုံ့လိုက်ရင်း . . .

“အေးကွာ . . . ခုလို လွတ်လွတ်လပ်လပ် ကိုယ့်စိတ်ကြိုက်သောက်ရတာလဲ ဇိမ်တစ်မျိုးပေါ့ . . . ဟိုအရင်က ခိုးကြောင်ခိုးဝှက်သောက်ခဲ့ရတာ ပြန်စဉ်းစားကြည့်တော့လဲ အရသာတစ်မျိုးကွ . . . ”

ဟု အစဖော်သည်။ ထိုအခါ စကားဝိုင်းသည် နောက်ကြောင်းပြန်ရောက်သွားပြန်၏။

ဟိုအရင် ကျောင်းသားဘဝ၊ လူပျိုဘဝတုန်းက အရက်ကို သောက်ချင်တိုင်းသောက်လို့ ရတာမဟုတ်။ လူကြီးမိဘတွေ မသိအောင်၊ သိသည့်တိုင် မမြင်အောင် သောက်ကြရခြင်းဖြစ်၏။

ကျွန်တော်တို့လူငယ်ဘဝက ဘွဲ့ရပြီးသည့်တိုင် အဖေတွေ အမေတွေ အစ်ကိုတွေ အစ်မတွေကို ကြောက်ကြရသည်။ မကြောက်ရလျှင်လည်း အနံ့ပျောက်အောင် ကွမ်းစားတာတို့ ဘာတို့ လုပ်ရသေးသည်။ အိမ်ပြန်အဝင်မှာ မရိပ်မိအောင် ကြိုးစားထိန်းရသေးသည်။

တစ်ခုတော့ ကောင်းသည်။ ဒီလိုနောက်ကြောင်းမအေးတာမျိုးရှိလို့လည်း လွန်လွန်ကဲကဲမရှိကြခြင်း ဖြစ်၏။

တစ်ခါတလေကျတော့ သူငယ်ချင်းတွေဆုံမိပြီး သောက်ဖို့စီစဉ်ကြသည်။ ဒီအခါမှာ သံယောဇဉ်က မပြတ်ချင်။ ပါနေကျ သူငယ်ချင်းတွေမပါလျှင် အိမ်လိုက်ခေါ်တတ်သည်။

တချို့ကောင်တွေက အိမ်မှာမရှိ။ ပြန်မရောက်သေးတာတို့၊ အပြင်ထွက်သွားတာတို့ ဖြစ်တတ်သည်။ လူကြီးတွေကို . . .

“ကျွန်တော်တို့အရက်သွားသောက်မလို့ . . . ဟိုကောင်ပြန်လာရင် ဆိုင်ကိုလိုက်ခဲ့ပါလို့ ပြောပေးပါ . . . ”

ဆိုပြီး မှာခဲ့လို့ ဖြစ်တာမဟုတ်။ ဒီတော့ ကိုယ့်အထာနှင့်ကိုယ် ကိုယ့်သင်္ကေတနှင့်ကိုယ် မှာခဲ့ရသည်။

“ဒေါ်ဒေါ် . . . ဟိုကောင်ပြန်လာရင် ကျွန်တော်တို့ ဘုတာနားက လက်ဖက်ရည်ဆိုင်မှာ ရှိမယ်လို့ ပြောလိုက်ပါနော် . . . ”

“ကိုမြသောင်းတို့အိမ်ကို လိုက်ခဲပါလို့ ပြောပေးပါ . . . ”

ဘူတာနားကလက်ဖက်ရည်ဆိုင်ဆိုသည်မှာ ဘူတာနားက အရက်ဆိုင်၊ ကိုမြသောင်းတို့အိမ် ဆိုတာကတော့ ဆယ့်ငါးလမ်းဆုံဆိုင်။ ဖန်နေဝန်းကဖီးတို့၊ ဘူးသီးကြော်သွားစားတယ်တို့ ဆိုတာတွေရှိသေးသည်။

တစ်ခါတလေကျတော့ ကျွန်တော်တို့ဆုံနေကျ အိမ်မှာရှိသည့် ကျောက်သင်ပုန်းကလေးပေါ်မှာ ကျွန်တော်တို့ချင်းနားလည်သည့် သင်္ကေတတစ်ခုခုကို အမှတ်မထင်ရေးခြစ်ထားခဲ့သည်။ ဥပမာ . . . ၁၆ ဆိုသော ဂဏန်းကို ရေးပြီး ဘေးက T ပုံသဏ္ဌာန်ရေးထားလျှင် ၁၆ကွေ့ ဆိုင်။ ၁၃၊ ၁၄၊ ၁၅ ဟု ရေးထားလျှင် မော်တော်ယာဉ်အသင်း တိုက်နားက ‘ကြို့ဆိုပါ၏’ အမည်ရှိ စားသောက်ဆိုင်။ ဒါတွေကိုကြည့်ပြီး ဆိုင်ကို တန်းလိုက်ခဲ့ရုံပဲဖြစ်၏။

ဒီနည်းက လုံးဝစိတ်ချရတာတော့ မဟုတ်။ တစ်ရက်မှာ ကျွန်တော့်သူငယ်ချင်းအိမ်ကို ရောက်သွားသည်။ ဟိုကောင်က အိမ်မှာမရှိ။ သူ့အစ်ကိုပဲ ရှိ၏။

ကျန်တဲ့သူငယ်ချင်းတွေက ဆိုင်မှာ စောင့်နေကြပြီ။ ထို့ကြောင့် ကျွန်တော်က . . .

"အစ်ကိုကြီး . . . ဟိုကောင်လာရင် ကျွန်တော် ဖန်နေဝန်းကဖီးမှာ ရှိမယ်လို့ ပြောလိုက်ပါနော် . . . "

ဟု အမှာစကားပြောသည်။ အစ်ကိုကြီးက . . .

"အေး . . . အတော်ပဲကွ . . . ငါလဲ လက်ဖက်ရည်သောက်ချင်နေတာ . . . မင်းတို့ ထိုင်နေကျဆိုင်ဆိုတော့ တော်တော်ကောင်းမှာပဲ . . . မင်းကောင်ကို ကျောက်သင်ပုန်းမှာ စာရေးပြီးမှာခဲ့ကွာ . . . ငါလဲ မင်းနဲ့ လိုက်ခဲ့မယ် . . . "

ဆိုပြီး ရှပ်အင်္ကျီကောက်စွပ်လိုက်သည်။ ကျွန်တော်ပြာသွား၏။

"လက်ဖက်ရည်ကတော့ သိပ်မကောင်းလှပါဘူး . . . ထိုင်လို့ အဆင်ပြေတာနဲ့ . . . "

ဆိုပြီး လှည့်ပတ်ဖို့ ကြိုးစားသည်။ သူက . . .

"ထိုင်လို့ကောင်းရင် ပြီးတာပါပဲ . . . "

ဟုပြောပြီး အိမ်ပေါ်က ဆင်းလိုက်သည်။ ကျွန်တော်လည်း မတတ်သာသဖြင့် လိုက်ဆင်းရသည်။ ရပ်ကွက်လမ်းထဲဖြတ်လျှောက်ရင်း . . .

"ဟို . . . ဆိုင်က နည်းနည်းဝေးတယ် အစ်ကိုကြီးရ . . . တော်ကြာ ခြေထောက်ညောင်းနေဦးမယ် . . . "

ရလိုရငြား ထပ်ကြိုးစားကြည့်သည်။

"ရပါတယ်ကွာ . . . ငါလဲ တစ်နေ့လုံး အိမ်မှာကုပ်နေတာ . . . လမ်းလေးဘာလေးလဲ လျှောက်ချင်သေးတယ် . . . "

ဆိုသဖြင့် လက်လျှော့လိုက်ရသည်။ ဘယ်လိုထပ်ပြီး လှည့်ပတ်ရကောင်းမလဲဟု အပူတပြင်း စဉ်းစားသည်။ ဘာအကြံမှ ပေါ်မလာ။ ရပ်ကွက်အစွန်ကိုကျော်ပြီး လမ်းမကြီးဆီသို့ပင် ရောက်လာသည်။ ဖန်နေဝန်းသို့သွားလျှင် ညာဘက်ချိုးရမည်။ ကျွန်တော်သည် ကြံရာမရသဖြင့် လုပ်မိလုပ်ရာ ဘယ်ဘက်သို့ချိုးကွေ့လိုက်၏။

"ဟေ့ကောင် . . . ညာဘက်ချိုးရမှာ မဟုတ်လား . . . "

သူက ရုတ်တရက်ပြောလိုက်သဖြင့် ကျွန်တော်ကြောင်သွားသည်။ ပြီးမှ သူ့ကို ဇဝေဇဝါကြည့်လိုက်၏။ လမ်းမှားတာ သူက ဘယ်လိုလုပ်သိသလဲ။ သူက ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်ပြီး . . .

"မင်းတို့သွားသွားထိုင်နေတဲ့ ဖန်နေဝန်းဆိုတာ ဘာလဲလို့ ငါသိပါတယ်ကွ . . . "

ကျွန်တော်ဘာမှမပြောပဲ ခေါင်းငုံ့နေလိုက်သည်။ ကျွန်တော်တို့ငယ်စဉ်က သူငယ်ချင်း၏အစ်ကိုကို ကိုယ့်အစ်ကိုအရင်းလို လေးစားကြရသည်။ ဆူရင် ကြိမ်းရင်လည်း ခံကြရသည်။

"မင်းတို့ အထာလေးတွေနဲ့ ပြောပြောနေတဲ့နေရာတွေက ဘယ်နေရာတွေလဲဆိုတာ ငါ့ကိုလဲ ပြောပြထားပါဦးကွ . . . "

ကျွန်တော်သည် ချောင်ပိတ်မိနေ၏။ 'အလကားပါ ကိုကြီးရာ . . . ဘာမှမဟုတ်ပါဘူး . . . ' ဆိုပြီး လျှောချလို့လည်းမဖြစ်။ အမှန်အတိုင်းပြောလိုက်ပြန်လျှင်လည်း ကျွန်တော်တို့၏ 'သောက်ပေါက်' ပိတ်သွားတော့မည်။ ကျွန်တော်ခေါင်းကုတ်ပြီး ယောင်ချာချာလုပ်နေစဉ် သူက ဆက်ပြောသည်။

"ဒီလိုကွ . . . ငါလဲ အလုပ်ပင်ပန်းတဲ့အခါမျိုး၊ ခေါင်းရှုပ်တဲ့အခါမျိုးကျရင် တစ်စိတ်လောက် သွားမော့တတ်တယ်ကွ . . . အဲဒီအခါ မတော်တဆ မင်းတို့နဲ့ သွားတိုးရင် မကောင်းဘူးလေကွာ . . . မင်းတို့သွားနေကျဆိုင်တွေကို သိနေရင် ရှောင်လို့ရတာပေါ့ . . . "

လက်စသတ်တော့ သူကလည်း ခွက်ပုန်းကြီးပဲကိုး။

တကယ့်တကယ်စဉ်းစားကြည့်တော့လည်း သူသည် အစ်ကိုကြီးဆိုပေမယ့် ကျွန်တော်တို့ထက် လေးနှစ်လောက်သာကြီးခြင်းဖြစ်၏။ သူ့အရွယ်မှာ လူငယ်ဟု မခေါ်ချင်လျှင်တောင် လူကြီးမဟုတ်သေး။ လူရွယ်မျှသာရှိသေးသည်။

အိမ်မှာ အစ်ကိုအကြီးဆုံးမို့လို့သာ ဣန္ဒြေနှင့်တည်တည်ကြီးလုပ်နေရရှာခြင်းဖြစ်၏။ အခြေအနေပေးလျှင် သူလည်းကဲချင်မှာပဲဆိုတာ နားလည်နိုင်ပါသည်။ သို့တိုင်အောင် အစ်ကိုကြီးလုပ်သူများကို စိတ်ချလက်ချယုံလို့တော့မဖြစ်သေး။ တစ်ခါတလေ သူတို့က လူလည်ကျတတ်သည်။ ရင်းရင်းနှီးနှီး လိုက်လိုက်လျောလျော ပေါင်းသင်းဆက်ဆံသလို လုပ်ပြီး စကားနှိုက်တတ်သည်။ ပြီးမှ လူကြီးတွေကို ပြန်တိုင်ချင်တိုင်မှာ။

ထို့ကြောင့် သူ့ကို နှစ်ဆိုင်သုံးဆိုင်လောက်သာဖွင့်ပြောပြီး အဓိကနေရာများကို လျှို့ထားလိုက်သည်။

သူ တစ်ကယ်ရိုးရိုးသားသား ပြောခြင်းဖြစ်ကြောင်း နောက်တစ်ခါ သူတို့အိမ်အရောက်မှာ သိလိုက်ရ၏။ ကျွန်တော်ရောက်သွားသောအခါ . . .

"မင်းကောင်တော့ ငါတို့အဒေါ်အိမ်သွားတယ်ကွ . . . တစ်အိမ်လုံး ဘုရားဖူးသွားကြလို့ စောင့်အိပ်ပေးရမှာ . . . ဒီနေ့ပြန်လာမှာ မဟုတ်ဘူး . . . "

ဟု အစ်ကိုကြီးက ပြောသည်။

"ဟုတ်လား . . . ဒါဆိုလဲ ကျွန်တော်ပြန်လိုက်ဦးမယ် . . . "

ကျွန်တော့်အကြံက ဟိုကောင်ရှိနေသည့်အိမ်ကို လိုက်သွားမည်။ တစ်ယောက်တည်း အိမ်စောင့်နေရတာဆိုလျှင် ပုလင်းတစ်လုံးဝယ်ပြီး နှစ်ယောက်သောက်ကြမည်။ ဟိုကောင့်ဆီမှာ ဝယ်ထားနှင့်ပြီးသားတောင် ရှိချင်ရှိနေမည်။ သို့ရာတွင် . . .

"ဟ . . . ဘယ်လိုလဲကွ . . . မင်းသူငယ်ချင်းမရှိတာနဲ့ပဲ ချက်ချင်း ပြန်လစ်တော့မလို့လား . . . နေပါဦးကွ . . . ငါလဲအဖော်မရှိလို့ ပျင်းနေတာ . . . တစ်နေရာရာမှာ သွားထိုင်ရအောင်ကွာ . . . "

ဆိုပြီး အိမ်ပေါ်က ဆင်းချလာ၏။ ကျွန်တော်လည်း မတတ်သာသဖြင့် အသာခပ်ကုပ်ကုပ် လိုက်ခဲ့ရသည်။ လမ်းရောက်တော့မှ . . .

"ဟေ့ကောင် . . . 'ကြို့ဆိုပါ၏' မှာ သွားထိုင်ရအောင်ကွာ . . . ငါလည်း ညနေဘက်ရေချိုးပြီး ချမ်းစိမ့်စိမ့်ဖြစ်နေလို့ . . . "

ဟု ပြောလာသည်။ အရင်က ကိုယ်သောက်တာသိလျှင် ဆူမှာစိုးလို့ ရှောင်ခဲ့ရသူကိုယ်တိုင်က လာမြူဆွယ်နေသောအခါ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွားရ၏။ ကျွန်တော်က . . . 'အင်း . . . အဲ . . . ' လုပ်နေတုန်း . . .

"ငါ တိုက်မှာပါကွ . . . လာပါ . . . "

ဆိုပြီး အတင်းခေါ်သဖြင့် လိုက်သွားရ၏။

'ကြိုဆိုပါ၏ ' အမည်ရှိဆိုင်မှာ ထိုင်မိကြတော့ . . .

"မင်း ဘယ်လောက်ချလေ့ ရှိလဲ . . . "

သူက မေးသည်။

"ကျွန်တော်က နည်းနည်းပါးပါးပါ . . . "

"ငါ့ကို အားမနာနဲ့နော် . . . လိုအပ်သလို လုပ် . . . "

"တကယ်ပါ . . . ကျွန်တော် သိပ်အများကြီး မသောက်တတ်ဘူး . . . "

"အေး . . . အဲဒါကောင်းတယ် . . . များသွားရင် မူးတာပဲအဖတ်တင်တယ် . . . သောက်ရတာ အရသာမရှိတော့ဘူး . . . ငါလဲ စကားပြောကောင်းရုံလောက် သောက်တာပါ . . . "

ဆိုပြီး ဆေးစိမ်အရက်တစ်ပိုင်းနှင့် နံရိုးကြော်တစ်ပွဲ၊ အစိမ်းကြော်တစ်ပွဲ မှာလိုက်သည်။ သူနှင့်တစ်ခါမှ အတူတူမသောက်ခဲ့ဖူးသောကြောင့် ရွံ့တွန့်တွန့်ဖြစ်နေမိ၏။ သူကပင် ခွက်ထဲငှဲ့ထဲ့ပေးသည်။ စကားဝိုင်းကိုလည်း သူကပင် ဦးဆောင်လေသည်။

"မင်း သိတဲ့အတိုင်းပဲလေ . . . ငါက အိမ်မှာ အစ်ကိုအကြီးဆုံးဆိုတော့ အစစအရာရာ ထိန်းထိန်းသိမ်းသိမ်းနဲ့ သတိထားနေရတာ . . . တကယ်တော့ ငါလဲ သူများတွေလို ပျော်ပျော်ပါးပါး ပေါ့လားဝါးလား နေချင်တာပေါ့ကွာ . . . "

ပြောရင်းဆိုရင်းကပင် အရက်တစ်ပိုင်း ကုန်သွားသည်။ သူက ကုန်သွားသောပုလင်းကို ထောင်ကြည့်ပြီး . . .

"အင်း . . . တစ်စိတ်တ်လောက်ထပ်ယူရင် ကောင်းမယ်ထင်တယ် . . . ဘယ့်နှယ်လဲ . . . "

ကျွန်တော်ငြင်းလို့မဖြစ်သဖြင့် 'ကိုကြီးသဘောပါပဲ . . . ' ဟု ပြန်ပြောလိုက်ရသည်။ သူ တစ်စိတ်ထပ်မှာသည်။ စကားဆက်ပြောသည်။ အိမ်မှာ အစစအရာရာ သူပဲ ဦးဆောင်လုပ်ရသည့်အကြောင်း၊ တာဝန်ကြီးသည့်အကြောင်း၊ တစ်ခါတစ်ခါတော့ ငြီးငွေ့လာကြောင်း . . . ။

"ငြီးငွေ့ရင်လဲ ဘုန်းကြီးဝတ်လိုက်ပေါ့ . . . "

ဟု စိတ်ထဲက ပြန်ပြောသည်။ ပါးစပ်ကတော့ . . .

"ဒါပေါ့ ကိုကြီးရာ . . . အစ်ကိုကြီးတော့ အဖအရာလို့ဆိုတယ် မဟုတ်လား . . . "

ဟု အလိုက်သင့် ပြန်ပြောပေးရ၏။

တစ်စိတ်ကုန်ပြန်တော့ . . .

"ငါက သိပ်သောက်လှတယ်မဟုတ်ပါဘူးကွာ . . . ဒါပေမယ့် ဒီနေ့တော့ နည်းနည်း စိတ်ဆာနေတယ် . . . "

ဆိုပြီး နောက်တစ်စိတ်မှာပြန်သည်။ ကျွန်တော်သည် သိပ်မသောက်နိုင်တော့သဖြင့် နောက်ဆုံးတစ်ခွက်ငှဲ့ထားတာကို တစ်ငုံချင်း ငုံနေရသည်။ သူကပဲ ထပ်မှာသည့်တစ်စိတ်ကို ဆက်သောက်ရင်း ပြောပြန်သည်။ နောက်ဆုံး သူ၏အချစ်ရေးကိစ္စသို့ ရောက်သွား၏။

"ငါ ဘယ်သူ့ကိုမှ ပြောပြခဲ့တာမဟုတ်ဘူး . . . ဒါ မင်းတစ်ယောက်ကို ပထမဆုံး ပြောပြတာပဲ . . . ငါ့ရင်ထဲမှာ သိမ်းဆည်းထားတဲ့အကြောင်း . . . "

အစချီပြီး သူသည် သူ့ထက် အသက်များစွာငယ်သော ကောင်မလေးတစ်ယောက်ကို ချစ်မိနေကြောင်း၊ ကောင်မလေးမှာ ခုမှ ရှစ်တန်းပဲရှိသေးကြောင်း၊ သူ့မိဘကရော ကောင်မလေးမိဘဘက်ကရော သဘောတူမှာ မဟုတ်တာ သေချာကြောင်း စသည်ဖြင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောလေသည်။

"လူကြီးတွေက အရေးမကြီးပါဘူး ကိုကြီးရာ . . . ကောင်မလေးက ကိုကြီးအပေါ် သစ္စာရှိရှိ ချစ်နေရင်ပြီးတာပါပဲ . . . "

ကျွန်တော်က စကားထောက်ပေးလိုက်ရာ သူက ဖန်ခွက်ထဲက လက်ကျန်ကို မော့သောက်လိုက်ပြီး . . .

"အဲဒါ ခက်နေတာပေါ့ကွာ . . . ကောင်မလေးက ငါ သူ့ကို ချစ်နေတဲ့အကြောင်း သိတောင်မသိသေးဘူး . . . ငါ သိပ်ခံစားရတယ်ကွာ . . . ခံစားရတယ် . . . "

ပြောရင်းပြောရင်း အသံတွေတုန်လာပြီးနောက် တရှုံ့ရှုံ့ငိုပါလေတော့၏။ ကျွန်တော် ဘာလုပ်ရမှန်းမသိ။ ကလေးငယ်တစ်ယောက် မဟုတ်သဖြင့် ဘယ်လိုချော့ရမလဲ စဉ်းစားရခက်သည်။ ထို့ကြောင့် . . .

"တရားနဲ့သာ ဖြေပေါ့ ကိုကြီးရာ . . . "

ဟု ပြောမိပြောရာ ပြောလိုက်ရ၏။ ဘာပဲဖြစ်ဖြစ် သူသည် ကျွန်တော့်ကို တော်တော်သဘောကျသွားသည်။

"မင်းနဲ့ သောက်ရတာ အဆင်ပြေတယ်ကွာ . . . သောက်ရတာ အပေးအယူမျှတယ် . . . ငါ တော်တော် စိတ်ချမ်းသာတယ်ကွာ . . . "

ဟု အပြန်လမ်းမှာ တဖွဖွပြော၏။

ဒါအကောင်းမဟုတ်။ နောက်ပိုင်းကျတော့ မကြာခဏဆိုသလို ကျွန်တော့်ကို သူနှင့်တူတူသောက်ဖို့ ခေါ်တော့သည်။

ကျွန်တော့်မှာ မိန်းမနှစ်ယောက် တစ်ပြိုင်တည်းယူထားမိသလို ဗျာများနေရတော့သည်။ အစ်ကိုနဲ့တူတူ သောက်လိုက်၊ ညီနဲ့တူတူသောက်လိုက်နှင့် ကြာလျှင် ခက်တော့မည်။ ထို့ကြောင့် အခြားသူငယ်ချင်းတွေကို ဖွင့်ပြောပြီး အကူအညီတောင်းရသည်။ တစ်ယောက်က အကြံပေးသည်။

"လွယ်ပါတယ်ကွာ . . . ကိုကြီးကိုပါ ငါတို့အဖွဲ့ထဲ ထည့်လိုက် . . . ငါတို့သောက်တဲ့အခါ သူ့ကိုပါ ခေါ်ပေါ့ . . . "

"ဟာ . . . ဖြစ်ပါ့မလား . . . ညီအစ်ကိုနှစ်ယောက် တစ်ဝိုင်းထဲထိုင်လို့ ဘယ်ဖြစ်မလဲ . . . "

"ဖြစ်ပါတယ်ကွ . . . ကိုကြီးကိုပါ ဆွဲသွင်းထားလိုက်တော့ ငါတို့လဲ အကာအကွယ်ရတာပေါ့ . . . နို့မို့ဆို သူ့ကို ရှောင်နေရတာက အလုပ်တစ်ခု ဖြစ်နေတယ် . . . "

ဒီလိုနှင့် ကိုကြီးပါ ကျွန်တော်တို့အုပ်စုဝင်ဖြစ်လာ၏။ တစ်ခုတော့ ကောင်းသွားသည်။ ကိုကြီးပါလာသဖြင့် ရမ်းရမ်းကားကားမလုပ်ရဲကြတော့။ အလွန်အကျွံသောက်တာမျိုးလည်း သိပ်မဖြစ်တော့ပေ။

တစ်ခုပဲ ရှိ၏။ ကိုကြီးသည် ခုချိန်ထိတိုင် တစ်ခါတစ်ခါ ကျွန်တော့်ထံပေါက်ချလာပြီး နှစ်ယောက်တည်း ကျိတ်ဝိုင်းကလေးလုပ်ရအောင်ဟု ဆွယ်တတ်တုန်း။ သောက်ပြီးလျှင် တရှုံ့ရှုံ့ငိုတတ်တုန်း။ ကျွန်တော်ကလည်း

'တရားနဲ့ဖြေပေါ့ကိုကြီးရာ' ဟု နှစ်သိမ့်တတ်တုန်း။ ဟိုကောင်မလေးကဖြင့် ခုလောက်ဆိုအိမ်ထောင်ကျပြီး သမီးရှိလျှင်ပင် ရှစ်တန်းလောက်ရောက်နေတော့မည်။ ကိုကြီးကတော့ ခုထိ လွမ်းလို့ကောင်းတုန်း။

*********

## ဘီအီး၏ အရသာ၊ ဘီယာ၏ ကောင်းခြင်း

ရှေ့ပိုင်းတစ်နေရာတွင် အရက်ကြော်ငြာကိစ္စများရေးရင်း အကောင်းအဆိုးမျှတမှုရှိစေရန် ဘီယာနှင့် ဘီအီးတို့၏ကောင်းခြင်းကိုလည်း ရေးပါဦးမည်ဟု ကတိပြုခဲ့၏။

ခု–တကယ်ရေးမည်ပြုသောအခါ နည်းနည်းတော့ လက်တွန့်မိသည်။ အရက်ကောင်းကြောင်းရေးလျှင် စာရေးဆရာတို့ထုံးစံအတိုင်း တကယ်သရုပ်ပေါ်အောင် ရေးရတော့မည်ဖြစ်၏။ (ကောင်းလည်း တကယ်ကောင်းတာကိုး)

ထိုအခါ အရက်သောက်ခြင်းကို အားပေးသလို၊ အရက်သောက်ဖို့ မြှူဆွယ်သလိုဖြစ်သွားမှာ စိုးရသည်။ ထို့ကြောင့် ဖတ်နေရင်းက အရက်သောက်ချင်စိတ်ပေါ်လာလျှင် ခဏသည်းခံမျိုသိပ်၍ စာအုပ်ဆုံးအောင်ဖတ်ပြီးမှ ဆုံးဖြတ်ပါဟု မေတ္တာရပ်ခံလိုပါသည်။

ခုလို မေတ္တာရပ်ခံပြီးပြီဆိုတော့လည်း ရေးချင်တာရေးလို့ရပြီပေါ့။ ကဲ . . .

ဘီအီးဆိုသည်မှာ အရက်ဖြူကိုခေါ်ခြင်းဖြစ်၏။ ရမ်၊ ဘရန်ဒီ၊ ဝီစကီစသော အရောင်ရှိသည့်အရက်များနှင့် ကွဲလွဲစေရန် လွယ်လွယ်ကူကူ အရက်ဖြူဟု ခေါ်လိုက်ခြင်းသာ ဖြစ်ပါသည်။ တကယ်တော့ ဂျင်၊ ဗော့ဒ်ကာစသော အရက်များသည်လည်း အဖြူရောင် (တစ်နည်းအားဖြင့် ရေကဲ့သို့ကြည်လင်သောအရောင်မဲ့) များပင်ဖြစ်၏။

သို့တိုင်အောင် အရက်ဖြူဆိုလျှင် ပြည်တွင်းဖြစ် အများသုံးအရက်တစ်မျိုးဖြစ်ကြောင်း အရက်နှင့်ပတ်သတ်သော ဗဟုသုတရှိသူတိုင်း သိကြပါသည်။

လေးဘီးကားဆိုသော ဝေါဟာရလိုပင် ဖြစ်၏။ သုံးဘီးကားတွေပေါ်လာပြီးမှ ဆက်၍ပေါ်လာသော ကားမျိုးဖြစ်၍ လွယ်လွယ်ကူကူ လေးဘီးဟု ခေါ်လိုက်ခြင်းဖြစ်၏။ တခြားကားတွေကတော့ ငါးဘီးတို့ခြောက်ဘီးတို့ရှိလို့ မဟုတ်။ ဘာပဲဖြစ်ဖြစ် 'လေးဘီးကား' ဟု ဆိုလိုက်လျှင် မာဇဒါ ဘီ–၃၆၀၊ ဘီ–၆၀၀ အမျိုးအစား ကားငယ်ကလေးများဟု လူတိုင်းသိကြသည့် သဘောပင် ဖြစ်လေ၏။

ဘီအီး သို့မဟုတ် အရက်ဖြူကို အရက်သမားတွေက အဖြူ၊ ဝှိုက်စကီး စသည်ဖြင့် ချစ်စနိုးခေါ်ကြသည်။ ကိုယ့်ရည်းစားကို အသက်၊ ချစ်၊ မိုး စသည်ဖြင့် အဖျားဆွတ် ခေါ်ကြသလိုမျိုး။

ခုချိန်မှာတော့ အရက်ဖြူကို ဘီအီးဟူ၍သာ အဆင့်မြင့်မြင့် ခေါ်နေကြပြီဖြစ်၏။ ဘီအီးဆိုသော စကားလုံးမှာလည်း ခုမှပေါ်လာခြင်း မဟုတ်။ လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်လောက်ကတည်းက ရှိခဲ့သော အခေါ်အဝေါ်ဖြစ်၏။

ထိုအကြောင်းကို 'နှောင်းအရက်သမား'တို့သိလိမ့်မည် မဟုတ်။ ကျွန်တော်တို့တောင် တစ်ဆင့်ကြားနှင့် သိရခြင်းဖြစ်၏။

ဟိုတုန်းက ဘီအီးဒီစီဆိုသော ကာကွယ်ရေးဌာနပိုင်အဖွဲ့အစည်းတစ်ခုရှိခဲ့ဖူးသည်။ ထိုအဖွဲ့အစည်းက ပြည်သူများအတွက် လူသုံးကုန် စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးခဲ့ရာ အရက်ဖြူလည်း ပါဝင်သည်။

သူ့အရင်က ထွက်ခဲ့ဖူးသည့် အောင်သပြေဆိုသော အရက်နှင့်ကွဲပြားစေရန် မူလထုတ်လုပ်သည့် အဖွဲ့အစည်းအမည်ကို အစွဲပြု၍ ဘီအီးဒီစီအရက်ဟုခေါ်ကြသည်။ ကျွန်တော်တို့ငယ်ငယ်က ဦးလေးတော်တစ်ယောက်သည် အဖေမသိအောင် အရက်ခိုးခိုးသောက်သဖြင့် သူ့ကို ဘီအီးဒီစီခင်မောင်ဟု ခေါ်ခဲ့ကြတာ မှတ်မိနေသေးသည်။

ကာလရွှေ့လျောလာသောအခါ အတိုကောက် ဘီအီးဟု ခေါ်ကြရာမှ ခုချိန်ထိ ထိုအမည်တွင်ခဲ့ခြင်းဖြစ်၏။ ခုအခါ ပုဂ္ဂလိကစက်ရုံများမှချက်သည့် အရက်ဖြူကိုပင် ဘီအီးဟူ၍ပင် တံဆိပ်တပ်နေကြတာတွေ့နေရ၏။

ဘာပဲဖြစ်ဖြစ် ဘီအီးဆိုသောအမည်မှာ ဘူတာရုံဆိုသော စကားလုံးလိုပင် တွင်သွားခဲ့ပြီဖြစ်၏။

ဘီအီးကို သကြားချက်လုပ်ရာမှ ပိုလျှံလာသော တင်လဲပွက်ရည်ဖြင့် ချက်ရသည်။ ထို့ကြောင့် သကြားစက်နှင့်မနီးမဝေးတွင် အရက်ချက်စက်ရုံတည်ကြခြင်းဖြစ်၏။ နိုင်ငံပိုင်ဘီအီးစက်ရုံကို ဇေယျဝတီဘက်မှာတည်ခဲ့ခြင်းမှာ ဒီသဘောဖြစ်လိမ့်မည်။

ဒီလောက်တောင်ညွှန်းရအောင် မင်းဘီအီး ဘယ်လောက်ကောင်းလို့လဲဟု အရက်နှင့်မနီးစပ်သူများက မေးခွန်းထုတ်ကောင်းထုတ်နိုင်သည်။ ဒါကတော့ သိပ်ရှည်ရှည်ဝေးဝေး သက်သေပြစရာတောင်မလို။ မိမိတို့အနီးအနားမှာရှိသည့် ဝါရင့်သောက်သုံးသူတစ်ယောက်ကို မေးကြည့်ပါ။ ထိုသူက အောက်ပါအတိုင်း မမောနိုင်မပန်းနိုင်ရှင်းပြပါလိမ့်မည်။

"ဘီအီးဟာ အရက်ဖြူဆိုပေမယ့် အနံ့မပြင်းဘူး . . . သကြားကို ညောင်စေးကျအောင် ကျိုတဲ့အခါ ထွက်လာတဲ့အနံ့လို သင်းသင်းလေး . . . အရသာကလည်း လုံးဝမခါးဘူး . . . ချိုမြမြနဲ့ . . . သူမူးပုံကလည်း ယဉ်ယဉ်ကလေးတက်လာတာ . . . အမူးလဲပြေလွယ်တဲ့အတွက် နောက်တစ်နေ့မှာ ခေါင်းကိုက်တာတို့ ဘာတို့ မဖြစ်ဘူး . . . ဝမ်းလဲမချုပ်ဘူး . . . ဈေးနှုန်းကလဲ အခြေခံလူတန်းစားတွေ လက်လှမ်းမီနိုင်တဲ့ အနေအထားဆိုတော့ ကျုပ်တို့အတွက် ညနေစာ ဇိမ်ခံပစ္စည်းတစ်မျိုးပေါ့ဗျာ . . . "

ဘီအီးကို သောက်နည်းအမျိုးမျိုးရှိ၏။ ဟိုအရင်က နဂါးမင်းလေနိုင်ဆေးနှင့် စပ်သောက်ကြသည်။ အမြည်းကောင်းကောင်းမစားနိုင်သူများအတွက် အစာအိမ်မထိအောင် ခုလိုသောက်ရခြင်းဖြစ်၏။ တချို့ကတော့ (ဆီး) ဇီးဖျော်ရည် အနှစ်နည်းနည်းစပ်သည်။ 'ဘီအီးတစ်လုံး ဇီးတစ်ဖုံး' ဟု အဆိုရှိ၏။

တကယ်တော့ ဘီအီးသည် နဂိုကပင် အနံ့အရသာကောင်းပြီးဖြစ်သဖြင့် တခြားဘာမှမရောပဲ ရေနှင့်ရောသောက်ခြင်းသာ အကောင်းဆုံးဖြစ်၏။

တချို့လူတွေက ခုထွက်နေသော ဘီအီးများသည် ဟိုအရင် တစ်ပက်ပြားခြောက်ဆယ်၊ တစ်လုံးခုနစ်ကျပ်ပြားနှစ်ဆယ်နှင့်ရောင်းသော ဘီအီးကို အနံ့အရသာမှာ မမီဘူးဟုဆိုကြသည်။

ဒါ အကြောင်းရှိပါသည်။

ဟိုအချိန်က ဘီအီးကို နိုင်ငံပိုင်စက်ရုံမှသာ ထုတ်လုပ်ပါသည်။ စက်ပစ္စည်းကိရိယာများ၊ ကုန်ကြမ်းများ စစ်မှန်ကောင်းမွန်ခြင်း၊ ဖော်မြူလာတိကျမှန်ကန်ခြင်းတို့ကြောင့် အရည်အသွေးမြင့်သည်။

စက်ရုံမှ ထွက်သည့် ဒီဂရီရာနှုန်းပြည့်နီးပါးရှိသော အဆီကို ရေရောပြီးမှ ပုလင်းသွင်းရသည်။ ထိုသို့ရောရာတွင် သောက်သုံးရန်သင့်တော်သည့် ဒီဂရီအတိအကျဖြစ်အောင် စနစ်တကျတွက်ချက်ခြင်း၊ အနည်အမှုန်နှင့် ပိုးမွှားကင်းစင်သော ရေကောင်းရေသန့်ကိုသာ ရောခြင်းတို့ကြောင့် အနံ့အရသာကောင်းရခြင်းဖြစ်သည်။

ခုနောက်ပိုင်းတွင် ပုဂ္ဂလိက အရက်ချက်စက်ရုံတွေ အများအပြားပေါ်လာ၏။ ဒီထဲက အများစုမှာလည်း ဘီအီးကိုသာ အဓိကထားချက်ကြသည်။ ထိုအခါ ဖော်မြူလာချင်း တူချင်မှတူကြမည်။ အရက်ချက်ရာတွင် သုံးသောရေကလည်း ကွဲပြားလိမ့်မည်။

အရက်ချင်လျှင် ရေက အလွန်အရေးကြီးသည်။ ရေကောင်းမှ အရက်ကောင်းသည်။ စကော့ဝီစကီနာမည်ကြီးရခြင်းမှာ စကော့တလန်တောင်ကုန်းများပေါ်ရှိ စိမ့်စမ်းရေနှင့်ချက်သောကြောင့်ဖြစ်၏။

ယခု လမ်းဘေးမှာရောင်းနေသောဆိုင်ကလေးများမှ ဘီအီးအရက်များသည် များသောအားဖြင့် ပုလင်းသွတ်ပြီးသား (ပက်ကင်ပိတ်) မဟုတ်။ နီးစပ်ရာစက်ရုံတစ်ခုခုမှ အရက်ဆီကို ပုံးလိုက်ဝယ်ပြီး ကိုယ့်ဘာသာကိုယ် ရေရောထားခြင်းသာဖြစ်၏။

ထိုအခါ ဒီဂရီလည်း တိကျမှန်ကန်မှုမရှိ။ ရောသည့်ရေကလည်း ရေကောင်းရေသန့်မဟုတ်။ ဘုံဘိုင်ရေ၊ အဝီစိရေ၊ ရေတွင်းရေ၊ ကန်ရေ ရရာကိုရောကြခြင်းဖြစ်၏။ ရောပုံရောနည်းမှာလည်း စနစ်ကျမှန်ကန်မှု ရှိချင်မှ ရှိမည်။

ထို့ကြောင့် ဟိုအရင်ဘီအီးကို မမီဘူးဟု ပြောကြခြင်းဖြစ်နိုင်၏။ အကောင်းဆုံးကတော့ ဘီအီးချင်းတူတူ တံဆိပ်အမှတ်အသားနှင့် စနစ်တကျထုတ်လုပ်သော ပုလင်းများထဲမှ ကိုယ်သောက်လို့အဆင်ပြေသော တံဆိပ်ကို ရွေးသောက်ခြင်းသည် အတော်အတန်စိတ်ချရပါသည်။

ဘီအီး၏အရသာအကြောင်းပြီးတော့ ဘီယာ၏ကောင်းကြောင်းကိုလည်း ရေးလိုပါသေးသည်။

ကမ္ဘာပေါ်မှာ ဘီယာစတင်ပေါ်ပေါက်လာခဲ့တာ နှစ်ပေါင်းထောင်နှင့်ချီကြာခဲ့ပြီဟု ဆိုနိုင်သည်။ ရှေးဟောင်းအီဂျစ်နိုင်ငံတွင် ဘီယာနှင့်တူသောအရည်တစ်မျိုးကို သောက်ခဲ့ကြသည့် အထောက်အထားတွေ့ရသောကြောင့်ပင်ဖြစ်၏။

ဘီယာကို ဘာလီ၊ မုယောစသည်တို့နှင့်ကဖော်ဖောက်ပြီး **Hops** ခေါ် တဆေးသီး (ဗျစ်ပွင့်)နှင့် ပေါင်းစပ်ချက်လုပ်ရသည်။ ဘီယာ၏အနံ့အရသာကောင်းဖို့အတွက် ဗျစ်ပွင့်သည်အဓိကပင် ဖြစ်၏။ ဗျစ်ပွင့်အမျိုးအစားကောင်းလေ ဘီယာကောင်းလေပင်ဖြစ်၏။

ဗျစ်ပင်သည် နေရာတိုင်းမှာ မဖြစ်ထွန်း။ ဟော်လန်နိုင်ငံတွင် အကောင်းစားဗျစ်ပွင့်များ ထွက်သဖြင့် ဒတ်ချ်ဘီယာနာမည်ကြီးခြင်းဖြစ်၏။ ဗျစ်ပွင့်မထွက်သောနိုင်ငံများသည် နိုင်ငံခြားမှ ဈေးကြီးပေး၍ တင်သွင်းချက်လုပ်ကြရသည်။ ထို့ကြောင့် ဘီယာကို ဈေးပေါပေါနှင့်မရောင်းနိုင်ခြင်းဖြစ်၏။

မြန်မာနိုင်ငံတွင် ဗျစ်ပင်ကို ပြင်ဦးလွင်ဘက်၌ စမ်းသပ်စိုက်ပျိုးခဲ့ဖူးသည်။ သို့ရာတွင် အပွင့်ပွင့်ဖို့အတွက် တစ်နေ့တာအတွင်း နေရောင်ခြည်အချိန်များစွာ (နေ့တာအလွန်ရှည်ဖို့) လိုအပ်သဖြင့် ညဘက်မှာ မီးများထွန်းပေးထားရသည်ဟု ကြားဖူး၏။ အောင်မြင်မှုရှိမရှိတော့ မသိရ။ အောင်မြင်သော်လည်း စီးပွားရေးတွက်ခြေမကိုက်သဖြင့် ဆက်မစိုက်ပျိုးတော့တာလည်း ဖြစ်ချင်ဖြစ်မည်။

ဘီယာကို မြန်မာတို့နှင့် စတင်မိတ်ဆက်ပေးသူမှာ ဒတ်ချ်ကုန်သည်များဖြစ်နိုင်သည်။ နောက်ပိုင်းကျတော့ အင်္ဂလိပ်ကုန်သည်များနှင့် သံတမန်များက ဆက်လက်သယ်ဆောင်လာခဲ့ကြသည်။

သူတို့သည် မြန်မာနိုင်ငံရှိ ဘုရင်နှင့်တကွ နန်းတွင်းအရာရှိများ၊ စစ်တပ်အရာရှိများကို ဘီယာစည်များ လက်ဆောင်ပေးခြင်း၊ ဧည့်ခံပွဲများတွင် ဘီယာများ ဖောဖောသီသီတိုက်ခြင်းတို့ဖြင့် ဆွဲဆောင်ခဲ့ကြ၏။

အစတုန်းက ကုန်ရောင်းကုန်ဝယ်ကိစ္စ အဆင်ပြေဖို့အတွက်သာဖြစ်၏။ နောက်ပိုင်းကျတော့ နိုင်ငံရေးကိစ္စ ပါလာသည်။ မြန်မာ့နန်းတွင်းအရာရှိများကို သံတဲသို့ဖိတ်ပြီး ဘီယာမူးအောင်တိုက်၊ နန်းတွင်းရေးသတင်းများကို အစ်အောက်မေးတာမျိုး လုပ်လာသည်။

မြန်မာတွေထဲမှာလည်း ကင်းဝန်မင်းကြီးတို့၊ ယောမင်းကြီးတို့လို ထက်မြက်ပါးနပ်သောသူတွေရှိသလို မိဖုရား၏မောင်တော်လို၊ ဘုရင့်ဆွေမျိုးများမှတစ်ဆင့် မြန်မာ့နန်းတွင်းမှ လျှို့ဝှက်အပ်သောသတင်းများ ပေါက်ကြားခဲ့ရလေသည်။

အင်္ဂလိပ်တို့သည် တရုတ်ပြည်ကို ဘိန်းစစ်ပွဲဆင်နွှဲခဲ့သလို မြန်မာနိုင်ငံကိုလည်း ဘီယာစစ်ပွဲ ဆင်နွှဲခဲ့လေသလားဟု သံသယဖြစ်ဖို့တောင် ကောင်းနေသည်။

ကြည့်လေ။ ၁၈၈၅ ခုနှစ်ကုန်ခါနီးမှာ မန္တလေးကို အင်္ဂလိပ်တို့သိမ်းယူသည်။ နောက်နှစ် ၁၈၈၆ မှာ ပထမဆုံးသော စက်ရုံတစ်ရုံတည်သည်။ လူသုံးကုန်ပစ္စည်းများထုတ်သည့် စက်ရုံမဟုတ်။ ဘီယာနှင့်အရက်ချက်စက်ရုံသာဖြစ်၏။

မြန်မာတွေကလည်း ဘီယာကိုဘယ်လောက်ကြိုက်သလဲဆိုလျှင် ထိုဘီယာစက်ရုံကြီးသည် ခုထိလည်းပတ်ထုတ်လုပ်နေသေးသည်။ နှစ်ပေါင်းတစ်ရာတောင် ကျော်ခဲ့ပြီ။ သက်တမ်းအရှည်ဆုံးနှင့် အအောင်မြင်ဆုံးစက်ရုံကြီးပင်ဖြစ်၏။

ဘာပဲဖြစ်ဖြစ် ပြီးတာတွေလည်း ပြီးခဲ့ပါပြီ။ အင်္ဂလိပ်တွေ လူလည်ကျတာလည်းကျတာပေါ့။ မြန်မာတွေ ဘီယာကြိုက်သွားတာကိုလည်း အပြစ်မဆိုသင့်ပါ။ တကယ်ဆို ဘီယာကလည်း ကြိုက်မယ်ဆိုကြိုက်ချင်စရာ . . . သောက်လို့အလွန်ကောင်းတာကိုး။

ဘီယာ၏ကောင်းချက်မှာ တခြားအရက်တွေလို သောက်ပြီးလျှင် ရင်ပူခြင်း၊ ရေငတ်ခြင်းမရှိ။ ရင်ကို အေးမြစေသည်။ ရေဆာနေတုန်းသောက်လျှင် ရေငတ်ပြေစေသည်။ ပင်ပင်ပန်းပန်းအလုပ်လုပ်ပြီးသည့်အချိန်သောက်လျှင် အမောပြေစေသည်။

ဘီယာသည် ရေတို့၊ ဆိုဒါတို့ ထပ်ရောစရာမလိုသဖြင့် အစပ်အဟပ်မတည့်မှာမပူရ။ အရက်ပြင်းတွေလို အယ်လ်ကိုဟော သိပ်များများမပါ။ အစာအိမ်တို့အသည်းတို့ကိုလည်း ထိခိုက်မှုနည်းသည်။ အမြည်းမပါပဲ သူ့ချည်း သောက်လို့လည်း ရသည်။

ဘီယာ၏ထူးခြားချက်က သူ့ထဲမှာ အာဟာရဓာတ်တွေ ပါဝင်နေခြင်းပင်ဖြစ်၏။ ထို့ကြောင့်လည်း တခြားအရက်တွေလောက် လူကိုမထိခြင်းဖြစ်၏။

တစ်ခုတော့ ရှိသည်။ ဘီယာများများသောက်လျှင် ဝလာတတ်သည်။ ဗိုက်ရွှဲလာတတ်သည်။ အဆီတွေစုပြီး ကော်လက်စထရောဓာတ်တွေ သွေးထဲမှာ မြင့်တက်လာတတ်သည်။ နှလုံးရောဂါ၊ သွေးတိုးရောဂါတို့ ဝင်လာတတ်သည်။ လေဖြတ်တတ်သည်။

ချင့်ချင့်ချိန်ချိန်သောက်မည်ဆိုလျှင်တော့ တခြားအရက်တွေထက်စာလျှင် ဘီယာကို ထောက်ခံမှုပေးလိုပါသည်။ (ကျွန်တော်မထောက်ခံလည်း သောက်တဲ့လူတွေကတော့ သောက်မှာပါပဲ။)

ဘီယာနှင့်ပတ်သတ်ပြီး ဖတ်ဖူးမှတ်ဖူးထားတာလေးတွေ ပြောရဦးမည်။

တချို့က အမြှုပ်မထအောင်ဆိုပြီး ဖန်ခွက်ကိုမှောက်၍ တစောင်းကိုင်ပြီးမှ ပုလင်းခေါင်းကိုတေ့ပြီး ငှဲ့တတ်သည်။ နည်းစနစ်မှန်မှန်ဆိုလျှင် ဒီလိုမငှဲ့ရပါ။ ဖန်ခွက်ကို စားပွဲပေါ်မှာ ငြိမ်ငြိမ်တင်ထားပြီး အပေါ်မှ အသာလေးလောင်းထည့်ရပါသည်။ အမြှုပ်ထလျှင် ထပါစေ၊ အမြှုပ်ထခြင်းသည်ပင် ဘီယာ၏သရုပ်မှန်ခြင်းဖြစ်၏။

ထို့ကြောင့် ဘီယာကို အမြှုပ်မထနိုင်လောက်အောင် အေးစက်နေသည့်အခြေအနေမှာ မသောက်သင့်။ လုံးဝမအေးလျှင်လည်း ရတသည့်အရသာ မခံစားရပဲရှိတတ်သည်။ အေးလည်းအေး၊ အမြှုပ်ကလေးတစီစီလည်းထနေသည့်အချိန်သည် သောက်လို့အကောင်းဆုံးဖြစ်သည်ဟု ဆို၏။

ဘီယာသောက်သည့်အခါ အမြှုပ်ကို အပေါ်နှုတ်ခမ်းနှင့်ဖိချပြီး တဖြည်းဖြည်းမော့သောက်ရသည်။ ဖန်ခွက်ထဲမှာ လက်ကျန်ရှိနေသေးလျှင် ထပ်မဖြည့်ရ။ ကုန်အောင်သောက်ပြီးမှ ထပ်ထည့်ရသည်။

ဘီယာနှင့်တခြားအရက်များ မတူသည့်အချက်တစ်ခုမှာ တခြားအရက်တွေက သက်တမ်းကြာလေကောင်းလေ ဖြစ်သော်လည်း ဘီယာကတော့ လတ်လေကောင်းလေဖြစ်၏။

ပြီးတော့ ဘီယာက ငြိမ်ငြိမ်လေးနေရတာကိုကြိုက်သည်။ သူ့ကို မကြာခဏ ဟိုရွှေ့ဒီရွှေ့လုပ်လျှင်၊ သယ်ယပို့ဆောင်သည့်အခါမှာ သိပ်လှုပ်လွန်းလျှင် အရသာပေါ့သွားတတ်သည်။

ထို့ကြောင့် အကောင်းဆုံးဘီယာကိုသောက်ချင်လျှင် ထိုဘီယာထုတ်လုပ်သည့်မြို့မှာ သောက်သင့်သည်။ မန္တလေးဘီယာကို မန္တလေးမှာသောက်လျှင် တခြားနေရာတွေမှာ သောက်တာထက်ပို၍ကောင်းကြောင်း ကျွန်တော့်ကိုယ်တွေ့အရ သိသည်။

ဘီယာနှင့်လိုက်ဖက်သောအမြည်းများမှာ ကြွပ်ကြွပ်ရွရွကြော်ထားသော အသားများ၊ ဘဲကင်၊ ဝက်နံကင်၊ အာလူးကြော်၊ မြေပဲ၊ သီဟိုဠ်စေ့၊ ချိစ်၊ ဆင်းဒဝစ်ချ်စသည်တို့ ဖြစ်၏။

ဘီယာကို ပျော့လို့ သူ့ချည်းမသောက်ချင်းဘူးဆိုလျှင်လည်း တခြားအရက်တွေနှင့်ရောလို့ရသည်။ ဘီယာနှင့်ရောဖို့ အကောင်းဆုံးအရက်မှာ ဘီအီးပင်ဖြစ်၏။

ဘီအီးက အနံ့သိပ်မပြင်း၊ ခါးလည်းမခါးသဖြင့် ဘီယာ၏အနံ့အရသာကို အနှောင့်အယှက် မပေးတတ်။ ဘီယာကိုနည်းနည်းပိုပြင်းသွားစေရုံသာရှိ၏။ တစ်ခါက နာမည်ကြီးခဲ့ဖူးသော တင်လဲဖြူသည်လည်း ဘီယာနှင့်ရောလို့ကောင်းသည်။

တတ်နိုင်လျှင်တော့ အိုးဘရန်ဒီနှင့်ရောတာကို အကြိုက်ဆုံးဖြစ်၏။ ဘီယာတစ်ပုလင်းထဲကို အိုးဘရန်ဒီနှစ်ပက်လောက် ရောထည့်လိုက်လျှင် အနံ့က ပို၍မွှေးပျံ့လာပြီး အရသာမှာလည်း ချိုပြင်းလေးမို့ ဘယ်အရက်မှ မမီအောင် သောက်လို့ကောင်းသည်။

သို့ရာတွင် အောက်ပါအချက်အလက်များကိုကြည့်ပြီး ကိုယ့်ဆန္ဒကို ချိုးနှိမ်နိုင်လျှင်တော့ မဆိုးလှပါ။

လွန်ခဲ့သောနှစ်အနည်းငယ်က နိုင်ငံခြားမှဘီယာများကို ဖောဖောသီသီသွင်းခွင့်ရခဲ့သည်။ ထိုစဉ်က ပြည်တွင်းဖြစ်နှင့် နယ်စပ်ကဝင်တာမပါပဲ တစ်နှစ်လျှင် ဘီယာဘူးပေါင်း သန်းငါးဆယ်လောက် တင်သွင်းခဲ့ဖူးသည်ဟု ဆို၏။ ဒီအတွက် ကုန်ကျသောနိုင်ငံခြားငွေမှာ တစ်နှစ်စာ ကျောက်မျက်ရတနာရောင်းရငွေထက်တောင် ပိုချင်ပိုဦးမည်။

နိုင်ငံခြားမှ စီးကရက်တင်သွင်းမှုတန်ဖိုးသည်လည်း ထိုမျှလောက်ပင်ရှိခဲ့သည်ဟု ဆောင်းပါးတစ်ပုဒ်မှာ ဖတ်ဖူးပါသည်။

ဒီတော့ ကျွန်တော်တို့သည် အဖိုးတန်ကျောက်သံပတ္တမြားတွေကို ဘီယာနဲ့လဲသောက်သူက သောက်၊ မီးရှို့ပစ်သူက ပစ် . . . အတော်ကဲခဲ့ကြတာပါကလား။

ခုတော့ ဒါတွေတင်သွင်းခွင့်ကို ကန့်သတ်လိုက်ပြီ ဖြစ်ပါသည်။

************

## အကျိ၊ အန်းမကြီးနှင့်ကို့မြသောင်း

ကျွန်တော်တို့အုပ်စုသည် ကျောင်းပြီးသွားကြတော့ အလုပ်ရသူက ရ၊ အလုပ်ရှာသူက ရှာ၊ ကြုံရာကျရာကို ယာယီဝင်လုပ်သူက လုပ်နှင့် လူစုကွဲသလို ဖြစ်သွားသည်။

ဒါတောင် အရင်လိုတစ်ပြုံတစ်မကြီး မဆုံဖြစ်ကြတာသာရှိသည်။ နီးစပ်ရာနှစ်ယောက်တစ်တွဲ၊ သုံးလေးယောက်တစ်တွဲတော့ မကြာခဏ ဆုံဖြစ်နေဆဲပင် ဖြစ်၏။

ကျွန်တော်သည် ကျောင်းတက်နေစဉ်ကပင် မဂ္ဂဇင်းတွေမှာ ဝတ္ထုတိုလေးတွေ မတောက်တစ်ခေါက်ရေးခဲ့ပြီးဖြစ်သဖြင့် ကျောင်းပြီးသောအခါ စာပေနယ်ထဲသို့ ခြေစုံပစ်ဝင်ခဲ့၏။

ထိုစဉ်က မြို့ထဲမှာ အဖေ့အလုပ်တိုက် ရှိသည်။ တာဝန်ခံက ကျွန်တော့်အစ်ကို ကိုရှုပ။ ထိုအလုပ်တိုက်မှာ ကျွန်တော်တို့သူငယ်ချင်းတစ်စု စတည်းချရာဖြစ်၏။ အလုပ်အကိုင်မရှိသေးသူတွေက ပုံမှန်လို လာထိုင်တတ်ကြ၏။ အလုပ်ရှိသူတွေကလည်း ကြုံလျှင် ဝင်လာတတ်သည်။

သူငယ်ချင်းတွေဆုံမိသည့်အခါ လက်ဖက်ရည်ဆိုင်သွားထိုင်ပြီး စကားပြောကြသည်။ တချို့ရက်တွေကျတော့ ယမကာဆိုင်တစ်ဆိုင်ဆိုင်မှာ သွားထိုင်ကြသည်။

ကျွန်တော်တို့၏ထုံးစံမှာ 'အရက်သွားသောက်ရအောင်' ဟူ၍ ဘယ်သူကမှ တရားခံလုပ်ပြီး စကားစလေ့မရှိခြင်းပင် ဖြစ်၏။

ထိုင်စကားပြောနေကြရင်းက ညနေစောင်းလာသောအခါ တစ်ယောက်က အပျင်းဆန့်သလိုလုပ်မည်။ တစ်ယောက်က ဝရန်တာထွက် ဟိုကြည့်ဒီကြည့်လုပ်ရင်း . . .

"မိုးရွာမယ် ထင်တယ်ကွ . . . "

ဟု ပြောမည်။ ထိုအခါ တစ်ယောက်က . . .

"အေးကွ . . . နည်းနည်း ချမ်းစိမ့်စိမ့်ဖြစ်လာတယ် . . . "

နည်းနည်းပွင့်လင်းသူတစ်ယောက်ကတော့ . . .

"အားကစားသမားတွေကတော့ ရာသီဥတုအကြိုက်ပဲဟေ့ . . . ဟား . . . ဟား . . . "

ဆိုပြီး နောက်သလို ပြောင်သလို ပြောမည်။ ထိုအချိန်မှာ သူငယ်ချင်းတစ်ယောက်ယောက်များ မျက်စိလည် ပြီး ရောက်လာလို့ကတော့ ဒီကောင်တရားခံဖြစ်ပြီ။

"ကြည့်စမ်း . . . ခွေးကောင် . . . တော်တော်အနံ့ခံကောင်းတယ် . . . လူစုံမယ်ဆိုတာ ဘယ်လိုလုပ်သိလဲ . . . "

ဟု အဓိပ္ပာယ်အမျိုးမျိုးကောက်လို့ရသောစကားဖြင့် တစ်ယောက်က အစထောင်လိုက်သည်။ နောက်ရောက် လာတဲ့ကောင်ကလည်း ဘုမသိဘမသိ . . .

"ဟဲ . . . ဟဲ . . . ဆရာမပါပဲ ဒီလိုကျိတ်ဝိုင်းလုပ်လို့ ဘယ်ရမလဲကွာ . . . "

ဟု အားလုံးစီစဉ်ပြီးသားမှတ်၍ ပြောလိုက်သည်။

ဒီလိုနဲ့ 'အရက်သောက်ရအောင်' ဆိုသော စကားတစ်ခွန်းမှ မပါပဲ ဝိုင်းဖြစ်သွားခဲ့ရလေသည်။

တစ်ခါတစ်လေကျတော့လည်း လူများများမဟုတ်ပဲ နှစ်ယောက်တည်းဖြစ်နေတတ်သည်။ ဒီလိုအခါကျတော့ 'ခွင်'ဆင်ရတာ ပိုခက်သည်။ ညနေစောင်းလို့ပြန်ကြသောအခါ ကိုယ့်လမ်းကိုယ်မသွားကြပဲ တစ်ယောက်က ကျန်တစ် ယောက်စီးမည့်ကားမှတ်တိုင်သို့ စကားမပြတ်သေးသလိုလို ဘာလိုလိုနှင့် လိုက်လာတတ်သည်။

ကျန်တစ်ယောက်ကလည်း ကိုယ်စီးရမည့်ကား လာပါလျက် ကျပ်တယ် ဘာညာအကြောင်းပြပြီး အချိန် ဆွဲသည်။ နောက်တော့ . . .

"ကားကျပ်တယ်ကွာ . . . အောက်လမ်းက ပတ်စီးရင်ကောင်းမယ် . . . "

ဟု ပြောသည်။ ဒါကလည်း ပရိယာယ်တစ်မျိုးဖြစ်၏။ သောက်နေကျဆိုင်တွေက အောက်လမ်းဘက်မှာ ရှိသည်။ တဖြည်းဖြည်းဆိုင်နားနီးအောင် မျှားခေါ်ခြင်း။ တစ်ယောက်ကလည်း အထာပေါက်ပြီး လိုက်လာသည်။ လျှောက်လာကြရင်း . . .

"ဒီနေ့ တစ်ယောက်မှလဲ မလာကြပါလားကွ . . . "

"အေးကွ . . . ငါ့စိတ်ထင် ဒီကောင်တွေ တစ်နေရာရာမှာဆုံမိပြီး ဆိုင်ရောက်နေကြပြီ ထင်တယ် . . . "

"အေးကွ . . . ဖြစ်နိုင်တယ် . . . ဆိုင်ကိုသွားကြည့်ရင် ကောင်းမယ် . . . "

ဆိုပြီး သွားရှာကြ၏။ ရှိမှာမဟုတ်မှန်းလည်း သိသည်။ ဟိုရောက်လို့ မတွေ့သောအခါ . . .

"ရောက်မှတော့ မထူးပါဘူးကွာ . . . ခဏစောင့်ကြည့်ရအောင် . . . ဒီကောင်တွေ ရောက်ချင်ရောက်လာမှာ . . . "

ဟု ဆိုပြီး ဝင်သောက်ဖြစ်သွားလေတော့သည်။

တစ်လမ်းတည်း တူတူပြန်ရမည့်သူငယ်ချင်းတစ်ယောက်နှင့် ကျွန်တော်ကျတော့ တစ်မျိုး။ ကျွန်တော်ဆင်း ရမည့်မှတ်တိုင်နား ရောက်သောအခါ သူက ကျွန်တော့်ကို တစေ့တစောင်း အကဲခတ်သည်။ ကျွန်တော်ကလည်း ဆင်းရကောင်းနိုး ဆက်လိုက်ရကောင်းနိုး ဖြစ်နေ၏။ အမှန်ဆိုလျှင် တာမွေလေးခုံးတံတားကိုကျော်ပြီးသည်နှင့် ဆင်းဖို့အတွက် စတင်ပြင်ဆင်ရမည်။ ခရီးသည်တွေကြားက တိုးဝှေ့ပြီး အပေါက်ဝနားမှာ အဆင်သင့်ရပ်နေရမည်။ ခုတော့ ကျွန်တော်ကမလှုပ်။ ဒါဆို သူက အားတက်သွားပြီး . . .

"မင်း ဆင်းမှာလား . . . "

ဟု မေးသည်။ ကျွန်တော်က . . .

"မင်း ဘာစိတ်ကူးရှိလို့လဲ . . . "

"ကိုမြသောင်းဆီ မရောက်တာကြာပြီကွ . . . "

ထို့နောက် ဘာမှဆက်မပြောတော့။ သို့ရာတွင် နှစ်ယောက်စလုံး နားလည်လိုက်ကြပြီ။ မှတ်တိုင်မှာ ကားရပ်သောအခါ ကျွန်တော် မဆင်းဖြစ်တော့။ ရှေ့ဆက်စီးပြီး ဇဝနမှတ်တိုင်ရောက်မှ ဆင်းသည်။ ထို့နောက် ကားတစ်ဆင့်ဆက်စီးပြီး ဆယ့်ငါးလမ်းဆုံထိ သွားသည်။ ကိုမြသောင်းဆိုင်မှာ ထိုင်ဖြစ်သွားကြလေ၏။

ကျွန်တော်တို့ထဲမှာ တစ်ယောက်ကတော့ 'ခွင်'ဆင်တာ အကောင်းဆုံးဖြစ်၏။ သူသည် မိုးရွာမယ်မှန်းသိလျက် တမင်တကာထီးမယူပဲ ထွက်လာတတ်သည်။ မြို့ထဲရောက်လို့ မိုးရွာလာတော့လည်း ဆင်ဝင်အောက်တို့၊ လေကားချောင်တို့မှာ ဝင်မခိုပဲ မိုးရွာထဲမှာ လျှောက်လာသည်။ ပြီးမှ ကျွန်တော်တို့အလုပ်တိုက်ပေါ်ကို စိုစိုရွှဲရွှဲတက်လာသည်။ ခိုက်ခိုက်တုန်နေသည့်ဟန်ပြပြီး . . .

"ငါတော့ အအေးမိတော့မှာပဲ . . . ငါတော့ ဖျားလိမ့်မယ်ထင်တယ် . . . "

ဟု တတွတ်တွတ်ရွတ်ဆိုသည်။ ထို့ကြောင့် ကျန်သူများက . . .

"မင်း ဒီအတိုင်းနေလို့မဖြစ်ဘူး . . . နွေးသွားအောင် လုပ်မှဖြစ်မယ် . . . "

ဟု အလိုက်တသိပြောပေးရ၏။ ထို့နောက် တစ်ဆိုင်ဆိုင်မှာ သွားထိုင်သောက်ကြလေတော့သည်။

တစ်ခါတော့ ဒီကောင် ဒီအပေါက်မျိုး ခဏခဏ ချိုးတတ်တာကို နည်းနည်းချဉ်လာသဖြင့် မိုးမိဟန်ဆောင်ပြီး တဟီးဟီးလုပ်ပြနေစဉ် ကျွန်တော်က . . .

"ဒီတိုင်းဆို မဖြစ်ဘူး . . . နမိုးနီးယားဖြစ်မှာ ကြောက်ရတယ် . . . "

ဆိုပြီး ကော်ဖီကြမ်းတစ်ခွက်မှာ၍ ပါရာစီတမောတစ်လုံး အတင်းတိုက်လိုက်သည်။ ဒီကောင် ကျွန်တော့်ကို ကွယ်ရာမှာ ကောင်းကောင်းဆဲခဲ့တာမှတ်မိသေးသည်။

ကျွန်တော်က စာပေနယ်ထဲမှာ တစ်နေရာရဖို့ ကြိုးစားတိုးဝင်နေရသည့်အချိန်၊ နေ့စဉ် မြို့ထဲရှိ အလုပ်ခန်းကိုသွား၊ ပြီးတော့ မဂ္ဂဇင်းတိုက်တွေ၊ စာအုပ်တိုက်တွေ သွား၊ သူငယ်ချင်းတွေနှင့်ဆုံ၊ လက်ဖက်ရည်ဆိုင်ထိုင်၊ ရံခါတလေ ယမကာဆိုင်ရောက် . . . စသည်ဖြင့် ကျင်လည်နေစဉ် ကျွန်တော်တို့၏ဇာတ်လိုက်ကြီး အော်ကျူးနှင့် ပေါင်းဖက်မိခဲ့လေ၏။

အမှန်အားဖြင့် အော်ကျူးသည် ကျွန်တော့်အစ်ကိုများ၏ အပေါင်းအသင်းဖြစ်၏။ အစ်ကိုများ၏ အပေါင်းအသင်းဆိုတာတောင် သူက ကျွန်တော့်အစ်ကိုအကြီးဆုံးထက် ဆယ်နှစ်လောက် အသက်ကြီးသေးသည်။ ကြည့်ရတာတော့ သူနှင့်ရွယ်တူတန်းတူတွေက အကျွတ်တရားရကုန်သဖြင့် သူ့မှာ အဖော်မရှိတော့သောကြောင့် ကျွန်တော့်အစ်ကိုများနှင့် လာပေါင်းခြင်းဖြစ်နိုင်၏။

သူ့ကို ကျွန်တော့်အစ်ကို ကိုဝဏ္ဏ၏ရုပ်ရှင်ရိုက်ကွင်းတွေပေါ်မှာ မကြာခဏတွေ့ရသည်။ သူ့အလုပ်ရှိလို့တော့မဟုတ်။ သက်သက် အပျော်အဖြစ်လာခြင်းဖြစ်၏။ ရိုက်ကွင်းပေါ်မှာ လိုအပ်တာတွေကို အောက်ခြေသိမ်းကူညီလုပ်ကိုင်ပေးတတ်သည်။ ညနေစောင်းလို့ အလုပ်သိမ်းပြီဆိုမှ သူတို့အုပ်စု ပုလင်းထောင်ကြသည်။

အော်ကျူးသည် ကျွန်တော့်ကို နဂိုက ချာတိတ်တစ်ယောက်လိုပင် ဘာသိဘာသာဆက်ဆံသည်။ နောက်တော့ နည်းနည်းအရောဝင်လာသည်။ တစ်ရက်မှာတော့ သူသည် မဟာဗန္ဓုလပန်းခြံလမ်းရှိ ကျွန်တော်တို့အလုပ်တိုက်ပေါ်သို့ တက်လာပြီး . . .

"မင်း တစ်ယောက်တည်းလား . . . "

ဟု မေးသည်။

"ဟုတ်တယ် အော်ကျူး . . . ကိုရှုပက လက်ကမ်းကြော်ငြာရိုက်ဖို့ကိစ္စသွားနေလို့ ကျွန်တော် စောင့်ပေးနေတာ . . . "

"ငါးနာရီတောင် ထိုးတော့မယ် . . . မင်း အလုပ်တိုက်မပိတ်သေးဘူးလား . . . "

"ကိုရှုပက ငါးနာရီထိုးလို့မှ သူပြန်မလာရင် ပိတ်လိုက်တော့လို့ ပြောတယ် . . . "

အော်ကျူးသည် အခန်းထောင့်မှာချထားသည့် ပက်လက်ကုလားထိုင်ပေါ် ဝင်ထိုင်သည်။ ဒူးယားစီးကရက်တစ်လိပ် မီးညှိပြီး ဖွာနေသည်။ ပြီးမှ . . .

"မင်းသူငယ်ချင်းတွေ မလာဘူးလား . . . "

"ဒီနေ့ တစ်ကောင်မှ မလာကြဘူး . . . "

"မလာတော့လဲ မင်းနဲ့ငါ နှစ်ယောက်တည်းပေါ့ . . . "

ဟု ဘာအဓိပ္ပာယ်မှန်းမသိ ပြောသည်။

ကျွန်တော်က အခန်းတံခါးပိတ်ပြီး အောက်ဆင်းလာသောအခါ သူလိုက်လာသည်။

"မင်း ပြန်တော့မလို့လား . . . "

"ဟုတ်တယ် အော်ကျူး . . . ဘာဖြစ်လို့လဲ . . . "

"မင်း ပျင်းရင် ငါနဲ့လိုက်ခဲ့ပါလား . . . "

ဟု ခေါ်သည်။ ဘယ်ကိုလိုက်ရမလဲဆိုတာတော့ မေးစရာမလို။ အရက်ဆိုင်တစ်ဆိုင်ဆိုင်ဖြစ်မှာ သေချာသည်။ အရင်က ဘာသိဘာသာနေခဲ့ပြီး ခုကျမှ ဘာကြောင့် အရေးတယူခေါ်နေရသလဲဆိုတာတော့ စဉ်းစားဖို့လိုလာ၏။

နောက်မှ သွားသတိရသည်။ သူနှင့်တွဲနေကျဖြစ်သော ကျွန်တော့်အစ်ကိုများနှင့် ဆရာအောင်ပြည့်တို့သည် နယ်သို့ ရုပ်ရှင်ရိုက်ရန် ခရီးထွက်နေကြသည်။ ဒီတော့ သူတစ်ယောက်တည်း ပျင်းနေသောကြောင့် ကျွန်တော့်ကို အဖော်ခေါ်ခြင်းပင် ဖြစ်၏။

ကျွန်တော်ကလည်း လူငယ်အသင်းမှာ ကစားနေရသည့် ခြေစွမ်းတက်စဘောလုံးသမားလေးလို လက်ရွေးစင်အသင်းကြီးက ဘယ်တော့ခေါ်မလဲဟု မျှော်လင့်နေသူမျိုးဖြစ်၏။ ထို့ကြောင့် . . .

"ကောင်းသားပဲ . . . "

ဟု သဘောတူပြီး လိုက်သွား၏။ သူတို့သွားနေကျဆိုင်အချို့ကို ကျွန်တော်ကြားဖူးနားဝရှိသည်။ ငါးဆယ့်ငါးလမ်း၊ လေးဆယ့်နှစ်လမ်း၊ သုံးဆယ့်ရှစ်လမ်း . . .။

ခု သူခေါ်သွားတာက ထိုဆိုင်များမဟုတ်။ ပန်းဆိုးတန်းလမ်းအတိုင်း အောက်ဆုံးထိဆင်းသွားပြီး ဒလသင်္ဘောဆိပ်နားတောင် ရောက်သွားသည်။

ဒလဘက်ကမ်းများ ခေါ်သွားမလို့လားဟု ထင်မိသေးသည်။ မဟုတ်။ ဇောတံတားမရောက်ခင် ညာဘက်ချိုးပြီး တံခါးမကြီးတစ်ခု၏ မလှမ်းမကမ်းမှ ဝင်သွားရသည်။

ထိုနေရာကား ဆိပ်ကမ်းအလုပ်သမားများအတွက် ဖွင့်ပေးထားသောအရက်ဖြူဆိုင်ပင် ဖြစ်၏။ ထိုင်စရာခုံတွေ စားပွဲတွေတော့ ကျကျနနမရှိ။ ဆိုင်ကြီးမှာ တစ်ပုလင်းဝယ်ပြီး ရေ့က မြက်ခင်းပေါ်မှာ ထိုင်ရသည်။ အမြည်းကတော့ ကုလားပဲသုပ်တို့၊ မြစ်အတွင်းက ဖမ်းယူရရှိသော ငါးကြော်တို့သာ ဖြစ်၏။

လုံးဝသားနားခြင်းမရှိသော အခင်းအကျင်းဖြစ်သော်လည်း သောက်ရတာ အလွန်ဇိမ်ရှိသည်။ မြစ်တွင်းမှ တိုက်ခတ်လာသောလေကို ရှူရှိုက်ရင်း လှေ၊ သင်္ဘောများကို ငေးကြည့်လို့ရသည်။

ဒီနေရာမှာ အောက်ခြေက လူမျိုးစုံကိုလည်း တွေ့နိုင်သည်။ တစ်နေ့လုံး ပင်ပင်ပန်းပန်း ကုန်ထမ်းပြီး ညနေမှာ အမောပြေလာသောက်ကြသော ဆိပ်ကမ်းလုပ်သားများ၊ လစာနည်းဝန်ထမ်းများ၊ လက်လုပ်လက်စားများ လာသောက်ကြသည်။ အခြေခံလူတန်းစားများ၏ တကယ့်အပန်းဖြေစခန်းပင် ဖြစ်၏။

တချို့လူများသည် ဇောတံတားပေါ်ထိုင်ပြီး ငါးမျှားကြသည်။ ရလာသော ငါးတွေကို ဆိုင်အနီးအနားမှာပင် လာရောင်းကြသည်။ လတ်လည်း လတ်ဆတ်၊ ဈေးလည်းသက်သာသဖြင့် တချို့က အိမ်အတွက် ဝယ်သွားကြသည်။ ငါးရောင်းသူတွေကလည်း ရသည့်ငွေဖြင့် ဘီအီးတစ်ပိုင်း၊ တစ်လုံး စသည်ဖြင့် ဝယ်သောက်ကြသည်။ သူ့ဈေးကွက်နှင့် သူတော့ အဆင်ပြေနေကြလေသည်။

အော်ကျူးသည် ကျွန်တော့်အစ်ကိုများမရှိခိုက် ကျွန်တော့်ကို ကွန်ချက်တွေအများကြီးပြပေးခဲ့လေသည်။ သူတို့သွားနေကျဆိုင်များကို တစ်လှည့်စီ ခေါ်သွားတတ်သည်။ ထိုဆိုင်များ၏ အထာများ၊ ဘယ်ဆိုင်က ဘယ်အစားအသောက်ကောင်းတယ်ဆိုသော အချက်များ၊ ဆောင်ရန်ရှောင်ရန်များကို သင်ပေးသည်။

ဥပမာ . . . အစီးယားဆိုင်က ဆိတ်ခေါင်းဟင်း၊ ငါးဆယ့်ငါးလမ်းက ဘဲခေါင်း၊ ခြေထောက်၊ တောင်ပံ၊ လေးဆယ့်နှစ်လမ်း ဘိုကလေးဆိုင်က ငါးကျည်းခြောက်ကြော်၊ ထရော်လီကွေ့ဆိုင်က ငါးချဉ်သုပ် စသည်ဖြင့်။

အော်ကျူးလိုက်ပို့သည့်ဆိုင်တွေထဲက သုံးဆယ့်ရှစ်လမ်းထဲမှ 'အိ' ဆိုသောဆိုင်ကို မျက်စိကျမိ၏။ ဆိုင်းဘုတ်တွင် အပေါ်က ဆိုင်နာမည် ပန်းသီတာဟု ရေးထားပြီး အောက်တွင် EAT ဆိုသော စာလုံးကို အကြီးကြီးရေးထား၏။ ထို့ကြောင့် လွယ်လွယ်ကူကူ 'အိ' ဟု ခေါ်ကြခြင်းဖြစ်၏။

ဒီဆိုင်က အစိုးရဆိုင်ကြီးတွေဘေးမှ ကပ်ဖွင့်တတ်သော လမ်းဘေးဆိုင်မျိုးမဟုတ်။ တိုက်ခန်းထဲမှာ သပ်သပ်ရပ်ရပ်ဖွင့်ထားခြင်းဖြစ်၏။ ထိုင်ခုံတွေကတော့ မီးရထားထိုင်ခုံများနှင့် တူသည်။

ဆိုင်က အလယ်အလတ်အဆင့်လောက်ရှိ၏။ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် ထိုင်နိုင်သည်။ အစားအသောက်တွေကလည်း ဈေးသင့်သည်။ ဘီအီးလည်း ရသည်။

ထို့ကြောင့် ကျွန်တော်က သဘောကျသွားပြီး သူငယ်ချင်းများကို ခေါ်ပြသည်။ သူတို့ကလည်း ကြိုက်သွားပြီး နောက်တော့ မြို့ထဲမှာဆုံတိုင်း ဒီဆိုင်မှာပင် သွားထိုင်လေ့ရှိလေသည်။

ဒီဆိုင်က အစားအသောက်တွေ ဈေးသင့်သည်။ ကောင်းလည်းကောင်းသည်။ ကျွန်တော်တို့အကြိုက်ဆုံးက ငါးရှဥ့်ချဉ်စပ်ပင် ဖြစ်၏။ တချို့ဆိုင်တွေလို အသားက မာတောင့်တောင့်ကြီးမနေ။ နူးနူးညံ့ညံ့ရှိပြီး အလွန်ချိုသည်။ ချိုမှာပေါ့ . . . မီးဖိုခန်းထဲမှာ ငါးရှဥ့်အရှင်တွေ စဥ့်အိုးထဲထည့်ထားပြီး မှာတော့မှ သတ်ပြီး လတ်လတ်ဆတ်ဆတ် ချက်ပေးတာကိုး။ငါးရှဥ့်တစ်ပွဲမှာစားပြီး အသားတွေကုန်သောအခါ ထမင်းကြော်တစ်ပွဲထပ်မှာသည်။ ရောက်လာသောအခါ စောစောကကျန်နေသော ငါးရှဥ့်ချဉ်စပ်အရည်ကို ထမင်းကြော်ပူပူထဲ လောင်းထည့်လိုက်သောအခါ မွှေးပြီးချိုသွားလေတော့သည်။

ဒီဆိုင်က ထူးခြားချက်တစ်ခုက စားပွဲတိုင်းကို ဆာဒါးဟင်းချို ပေးလေ့ရှိခြင်းဖြစ်၏။ တချို့ဆိုင်တွေလို ဆာဒါးဆိုတဲ့အတိုင်း တကယ့်ရေနွေးသာသာလောက် လုပ်ထားခြင်းမဟုတ်။ ဝက်အရိုးများဖြင့် ကျကျနနပြုတ်ထားသောကြောင့် ချဥ်ဆီဖတ်တွေဝေ့ပြီး အရသာရှိသည်။

ကျွန်တော်တို့က ဟင်းချိုထဲကို ငရုတ်သီး၊ ချင်း၊ ကြက်သွန်ဖြူနှင့် ရှာလကာရည်စပ်ထားသော ချဉ်ငန်စပ်အရည်ကို လောင်းထည့်လိုက်သောအခါ ယိုးဒယားဟင်းချိုလို ဖြစ်သွား၏။

ကျွန်တော်သည် အော်ကျူးနှင့်ပထမဆုံးအကြိမ် ရောက်ခဲ့စဉ်က ဆာဒါးဟင်းချိုထဲမှာ ဝက်ရိုးတွေထည့်ပေးတာ သတိပြုမိ၏။ ချဥ်ဆီများကို စုပ်ယူပြီး စားလို့ရသည်။

နောက်တစ်ခါ ကျွန်တော်တို့သူငယ်ချင်းတွေချည်း သွားသောအခါ ဟင်းချိုပန်းကန်က သေးသွားသည်။ ဝက်ရိုးလည်း မပါတော့။ ထိုအခါ ကျွနတ်ော်က ဆိုင်ရှင်အမျိုးသမီးကြီးကို . . .

"အကျို . . . အရိုးလည်း မပါဘူး . . . "

ဟု ပြောရာ သူက . . .

"အရိုးက မောင်မောင်သိုက်အတွက် ချန်ထားရမယ် . . . "

ဟု ပြန်ပြောသည်။ ထိုအခါကျမှ သဘောပေါက်သည်။ ဆာဒါးဟင်းချိုထဲတွင် အရိုးပါ မပါကို ကြည့်၍ စားသုံးသူအဆင့်အတန်းကို အကဲဖြတ်နိုင်သည်။ သူတို့ဆိုင်တွင် သောက်နေကျ ဂုဏ်ထူးဆောင်ဖောက်သည်များကိုသာ အရိုးထည့်ပေးခြင်းဖြစ်၏။

ပန်းချီကိုမောင်မောင်သိုက်၊ ဆရာအောင်ပြည့်၊ ကျွန်တော့်အစ်ကို ကိုဝဏ္ဏ၊ အော်ကျူးတို့မှာ ဂုဏ်ထူးဆောင်များဖြစ်ကြ၏။ ကျွန်တော်တို့သူငယ်ချင်းအုပ်စုမှာလည်း လေးငါးဆယ်ကြိမ်ခန့် ရောက်ပြီးသောအခါ အရိုးရသောအဆင့်သို့ ရောက်ရှိခဲ့လေသည်။

ကျွန်တော်တို့မှာ ထိုဆိုင်တွင် နှစ်အတော်ကြာအောင် စတည်းချခဲ့ကြ၏။

'အိ'မှာလူများလို့ စားပွဲနေရာမရသည့်အခါ သူနှင့်ကပ်လျက်ရှိသည့် 'ပန်းခြံ'ဆိုသောဆိုင်မှာ ထိုင်ဖြစ်ပြန်သည်။ ဒီဆိုင်ကတော့ အဘိုးကြီးအဘွားကြီးလင်မယား ဖွင့်ထားခြင်းဖြစ်၏။ များသောအားဖြင့် သူ့ကို အန်းမကြီးဟု

ခေါ်ကြသည်။ အဘိုးကြီးကို အန်းကုန်းကြီးဟု ခေါ်သင့်သော်လည်း ကျွန်တော်တို့က လွယ်လွယ်ကူကူပင် အန်းမကြီး နှင့်လိုက်အောင် အန်းဖိုကြီးဟု ခေါ်လိုက်ကြသည်။

သူတို့ကျတော့ တစ်မျိုးဖြစ်၏။ တစ်ခါတလေ နယ်က ရောက်လာသည့်သူငယ်ချင်းတွေပါဆုံလျှင် ကျွန် တော်တို့ဝိုင်းသည် လူများတတ်သည်။ ဆယ့်လေးငါးယောက်တောင် ရှိတတ်၏။ တစ်ခါတစ်ရံမှ ဆုံကြတာ။ ကြုံ တောင့်ကြုံခဲဆိုပြီး အသောက်များသွားတတ်သည်။ လစ်မစ်တွေ ဘာတွေ မရှိတော့။ ဘယ်နှစ်ပုလင်းမှန်းလည်း မသိတော့။

ဒီလိုအခါမျိုးမှာ သောက်လုံးကြီးသူတွေကတော့ အကြိုက်ကျနေတာပေါ့။ ထပ်သောက်နိုင်သေးလား မသောက်နိုင်တော့ဘူးလား မစဉ်းစား။ တစ်လုံးပြီးတစ်လုံး ထပ်မှာသည်။ စားပွဲပေါ် မှောက်တဲ့လူက မှောက်ကုန်ပြီ။

"အန်းမကြီး . . . နောက်တစ်လုံး . . . "

အန်းမကြီးသည် အခြေအနေကို တစေ့တစောင်း အကဲခတ်နေခဲ့သည်။ သိပ်မဟန်တော့မှန်း သိလျှင် . . .

"ကောင်လေးတွေ . . . နင်တို့ တော်တော်မူးနေပြီ . . . ထပ်မသောက်ကြနဲ့တော့ . . . "

"လုပ်ပါ အန်းမကြီးရာ . . . တစ်လုံးလောက် . . . "

"မရဘူး . . . ထပ်ရောင်းရင် ငါ ပိုက်ဆံရတာပေါ့ . . . ဒါပေမယ့် နင်တို့ငယ်ငယ်လေးတွေရှိသေးတယ် . . . သိပ်မသောက်ကြနဲ့ . . . "

ဆိုပြီး လုံးဝထပ်မပေးတော့ချေ။ ထိုအခါ အန်းဖိုကြီးကို ဂျီတိုက်ရသည်။ သူကလည်းတစ်မျိုး။ တစ်ခါ တလေ ပိုက်ဆံလေးဘာလေး အဆင်ပြေလို့ ဈေးကြီးသောအစားအသောက်တစ်ခုခု မှာလျှင် . . .

"မင်းတို့က သူဌေးသားတွေလား . . . ပိုက်ဆံကို လွယ်လွယ်လေးရတယ် ထင်နေလား . . . အစိမ်းကြော် တို့ ကြက်ဥမွှေကြော်တို့ဆို တော်ရောပေါ့ . . . "

ဟု ဆုံးမချင်တတ်သည်။

ခုလည်း သူ့ဆီမှာ အရက်ထပ်တောင်းလျှင် . . .

"ဘာလဲ . . . မင်းတို့ ပုနိုပ်လို ဖြစ်ချင်လို့လား . . . "

ဟု ပြောသည်။ ပုနိုပ်ဆိုသည်မှာ ဖဲဝိုင်း၊ ဂျင်ဝိုင်းများအတွက် လူစုပေးရသည့် ဝိုင်းဂျပိုးဖြစ်၏။ ပွဲခ၊ ထိုးသားများထံမှ အော်နာ စသည်တို့ရသည့်အပြင် တစ်ခါတစ်ခါ ကိုယ်တိုင်ဝင်ထိုးပြီး နိုင်လေ့ရှိသောကြောင့် သုံးနိုင်စွဲနိုင်သည်။ ဒီဆိုင်ကို နေ့တိုင်းလာလေ့ရှိ၏။

နောက်တော့ အရက်စွဲသွားသည်။ မသောက်ရ မနေနိုင် ဖြစ်လာ၏။ လောင်းကစားဝိုင်းတွေကလည်း အဖမ်း အဆီးများသဖြင့် အခြေအနေမကောင်းတော့။ ဝင်ငွေမရှိသော်လည်း အရက်ကျတော့ မသောက်ပဲမနေနိုင်

ထိုအခါ အရက်ဆိုင်တကာလှည့်ပြီး ဆိုင်ဂျပိုးဖြစ်သွားတော့သည်။ ဆိုင်တွေမှာ တောက်တိုမည်ရ လုပ်ပေး သည်။ ပြီးတော့ အရက်နှင့် ထမင်းကျန် ဟင်းကျန် စားရသောက်ရသည်။ အရက်တစ်စိတ်လောက်တိုက်လျှင် နင်း ခိုင်း၊ နိုပ်ခိုင်းလို့ရသည်

ဒါမျိုးဖြစ်သွားချင်လို့လားဟု အန်းဖိုကြီးက သတိပေးစကားပြောခြင်းဖြစ်၏။ အရက်ဆိုင်ဖွင့်ထားသော်လည်း သောက်သုံးသူတွေအပေါ် ထားသော သူ့စေတနာကိုတော့ လေးစားရလေသည်။

*****************

ကျွန်တော်တို့အုပ်စုသည် မြို့ထဲမှာဆိုလျှင် အိ၊ ပန်းခြံနှင့် လေးဆယ့်နှစ်လမ်းက ဘိုကလေး၊ တရုတ်တန်းဘက်က ဂူချပ်ခီတို့မှာ ထိုင်လေ့ရှိ၏။ သဃ်န်းကျွန်းဘက်မှာတော့ ကြိုဆိုပါ၏၊ ရွှေလေ့ကား၊ ဆယ့်ငါးလမ်းဆုံတို့မှာ ထိုင်တတ်သည်။

'ကြိုဆိုပါ၏' ဆိုသောဆိုင်က အစားအသောက်ကောင်းသည်။ သူ့ဆိုင်ကခေါက်ဆွဲကြော်မှာ သဃ်န်းကျွန်းတစ်ဝိုက်တွင် နာမည်ကြီးဖြစ်၏။ ရွှေလေ့ကားကတော့ နံရိုးကြော်ကောင်းသည်။ သို့ရာတွင် ထိုဆိုင်များသည် ကျွန်တော်တို့အိမ်အနီးအနားမှာ ဖြစ်နေသောကြောင့် ကိုယ့်သူငယ်ချင်းတွေနှင့် အေးအေးဆေးဆေး သီးခြားထိုင်ဖို့ခက်သည်။ ရပ်ကွက်ထဲကလူတွေနှင့် မကြာခဏဆုံပြီး နှုတ်ဆက်ရ၊ အတူတူထိုင်သောက်ရနှင့် သိပ်မလွတ်လပ်။ တစ်ခါတလေ ကိုယ့်သူငယ်ချင်းတွေထဲက တစ်ယောက်ယောက်နှင့် ရပ်ကွက်ထဲက အသိတစ်ယောက်တို့ စားရင်းသောက်ရင်း ငြိမိကြသောအခါ နှစ်ဖက်စလုံးကို မျက်နှာပူရသည်။

ပြီးတော့ ထိုဆိုင်များမှာ ကျွန်တော့်အိမ်နှင့် ပေတစ်ရာ တစ်ရာ့ငါးဆယ်လောက်သာ ဝေးသဖြင့် တစ်ခုခုပြဿနာဖြစ်လျှင် အိမ်က ချက်ချင်းသိမည်။ ရပ်ကွက်ထဲကဆိုင်တွေဖြစ်နေတော့ အိမ်နီးနားချင်းတွေကြားမှာ သိက္ခာမကျရအောင် ကိုယ့်ကိုယ်ကိုယ် ထိန်းနေရတာကလည်း အလုပ်တစ်ခု။

ဒီတော့ သူငယ်ချင်းတွေနှင့် လွတ်လွတ်လပ်လပ်ထိုင်လို့ရသည့် နေရာကိုသာ အများအားဖြင့် သွားလေ့ရှိ၏။ ထိုနေရာကား ဆယ့်ငါးလမ်းဆုံ။ ဟိုအရင်က အမှတ် ဆယ့်လေးနှင့် အမှတ် ဆယ့်ငါးဘတ်စ်ကားတို့ ဆုံရာဖြစ်သောကြောင့်လည်းကောင်း၊ ဆယ့်ငါးရပ်ကွက် တည်ရှိရာဖြစ်သောကြောင့်လည်းကောင်း ဆယ့်ငါးလမ်းဆုံဟု ခေါ်ခြင်းဖြစ်၏။

ဒီနေရာသည် သူငယ်ချင်းအားလုံးတို့၏အိမ်နှင့် လွတ်ကင်းသည်။ လမ်းဆုံလမ်းခွဖြစ်သဖြင့် သွားရေးလာရေးလွယ်ကူသည်။

ဆယ့်ငါးလမ်းဆုံတွင် ကုန်သွယ်ရေးမှဖွင့်သော အရက်ဖြူဆိုင်တစ်ဆိုင် ရှိသည်။ ထိုဆိုင်၏ဘေး ကွက်လပ်ထဲတွင် အမြည်းဆိုင်ကလေးများရှိ၏။ အဖြူဆိုင်ဘေးမှ အမြည်းဆိုင်တို့၏ထုံးစံအတိုင်း တဲငယ်ကလေးများဖြစ်၏။ ပဲခြမ်းကြော်သုပ်၊ ပုစွန်ခြောက်သုပ်၊ ဘဲဥသုပ်၊ အာပြဲခြောက်ကြော်၊ အမဲသားကြော်၊ ငပြင်းသီးစသော တန်ဖိုးနည်းစားစရာများ ရသည်။

ဒီထဲမှာ ဆိုင်တစ်ဆိုင်က ထူးခြားနေ၏။ အခေါက်ကင်၊ အသည်းကင်၊ ဝက်သားလုံး စသည်တို့ရောင်းသည်။ ဈေးကလည်း သက်သာ၏။ စားသောက်ဆိုင်တွေမှာ ရောင်းနေသည့်နှုန်းထက် တစ်ဝက်သာသာလောက်သာရှိ၏။ ကျွန်တော်တို့က အရက်နည်းနည်းသောက်ပြီး အစားများများစားကြသူများဖြစ်၍ ထိုဆိုင်မှာပင် ထိုင်တတ်ကြသည်။

လမ်းဘေးဆိုင်ဖြစ်သော်လည်း အစားအသောက်မှာ ဆိုင်ကြီးတွေထက်သာသည်။ ဒီလိုပြောတော့ ကျွန်တော်တို့သည် ဆိုင်ကြီးတွေမှာ မစားဖူးလို့ဖြစ်မည်ဟု ထင်ကောင်းထင်နိုင်သည်။ အခေါက်ကင်ကြိုက်တတ်လို့ တစ်မြို့လုံးနံ့အောင် လိုက်ရှာစားနေသူတစ်ယောက်ကို ထိုဆိုင်မှ အခေါက်ကင်ဝယ်ကျွေးကြည့်ရာ နာမည်ကြီး ခွေးနီဆိုင်က အခေါက်ကင်နှင့် တစ်မျိုးစီကောင်းပါသည်ဟု ဝန်ခံခဲ့ပါသည်။

ထူးခြားတာက အခေါက်ကင်ပေါ်ဆမ်းပေးသည့် ပဲအချိုရည်ဖြစ်၏။ အသားတွေစားလို့ ကုန်သွားလျှင် တောင်ပဲ အရည်ချည်းသက်သက်ခပ်သောက်လို့ရအောင် ကောင်းသည်။

ကျွန်တော်တို့အုပ်စုသည် လူသုံးလေးယောက်လောက်ကို အမြည်းဆယ့်လေးငါးပွဲလောက် မှာစားတတ်ကြသည်။

ဒီဆိုင်မှာ ကျွန်တော်တို့စက်ကျရသည့်အကြောင်းမှာ အစားအသောက်တစ်ခုတည်းကြောင့်မဟုတ်၊ ဆိုင်ရှင်ကို သဘောကျခြင်းသည်လည်းတစ်ကြောင်း အပါအဝင်ဖြစ်၏။

သူ့နာမည်က ကိုမြသောင်း။ အသားညိုညို၊ ခပ်ကျစ်ကျစ်၊ သွယ်သွယ်၊ သူ့မျက်နှာက တည်ငြိမ်အေးဆေးသည်။ စကားနည်းသည်။ ပြောလျှင်လည်း ခပ်တိုးတိုးညင်ညင်သာသာဖြစ်၏။

သူသည် အရက်ရောင်းနေသူတစ်ယောက်နှင့်မတူ။ အရက်ရောင်းသူများသည် စရိုက်မျိုးစုံရှိသော အရက်သမားများနှင့်ဆက်ဆံရသဖြင့် သည်းခံနိုင်စွမ်းရှိရမည်ဆိုတာ မှန်သည်။ သို့ရာတွင် သိပ်တရားလွန်လာသောအခါ ကြမ်းသင့်လျှင်ကြမ်းရသည်။ ဟောက်သင့်လျှင် ဟောက်ရသည်။

ခုလို ဆိုင်ကြီးနားမှာ ကပ်၍ရောင်းရသော အမြည်းဆိုင်များမှာ လူပေါင်းစုံ လာတတ်သည်။ လစာနည်းဝန်ထမ်းများ၊ အသေးအဖွဲ့အရောင်းအဝယ်လုပ်သူများ၊ ဆိုက်ကားဆရာများ၊ ကားစပယ်ယာ ဒရိုင်ဘာများ၊ စာရေးဆရာ၊ ကဗျာဆရာများ၊ ဂီတသမားများ၊ ပန်းချီကာတွန်းဆရာများ . . .။ ထို့ပြင်မက ထောင်ထွက်လူမိုက်များ၊ သူခိုးခါးပိုက်နှိုက်များ၊ လူလိမ်လူကောက်များလည်း လာတတ်သည်။

ဒီလူတွေအားလုံးနှင့် ပြေလည်အောင်နေဖို့ဆိုတာ လွယ်တာမဟုတ်။ မိုက်ကြေးခွဲသူများကို ပေးသင့်လျှင် ပေး၊ တောင်းပန်သင့် တောင်းပန်၊ ပြန်ပြီး မိုက်သင့် မိုက်ပြရသည်။

ကိုမြသောင်းကတော့ ဘယ်သူ့ကိုမဆို သည်းခံသည်။ သူ့ကို လာရင့်လျှင်လည်း ခပ်အေးအေးပင် အလျှော့ပေးလိုက်တတ်သည်။ သူ့ကိုကြည့်ရသည်မှာ အားလုံးကိုကြောက်သော လူပျော့လူညံ့တော့ ဟုတ်ပုံမရ။ နားအေးပါးအေးနေချင်လို့ဖြစ်စေ၊ ပြဿနာဖြစ်လျှင် သူ့စီးပွားရေးထိခိုက်မှာစိုးလို့ဖြစ်စေ၊ သူ့စိတ်ဓာတ်ကိုက မြင့်နေသဖြင့် ဒီလိုလူမျိုးတွေကို အဖက်မတန်ဘူးဟု ယူဆသောကြောင့်ဖြစ်စေ လျှစ်လျူရှုနေခဲ့ခြင်း ဖြစ်လိမ့်မည်။

သူက သည်းခံနိုင်သော်လည်း ဘေးလူကမခံနိုင်။ သူ့ကိုယ်စားဝင်ပြီး ဟန့်တားတာတို့၊ ချဲတာတို့ လုပ်ပေးရသည်။ ဒီလိုနှင့် သူ့ဆိုင်မှာသောက်ရင်း သူ့ကိုခင်မင်မိကြသူတွေက ဆိုင်ကို အကာအကွယ်ပေးခဲ့ကြသည်။

သူသည် ကျွန်တော်တို့အုပ်စုကိုတော်တော်ခင်သည်။ အနွံအတာလည်း ခံသည်။ တစ်ခါတလေ ကျွန်တော်တို့က စကားပြောကောင်းနေသဖြင့် အချိန်ကို သတိမပြုမိ။ နောက်တော့မှ ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ ဆိုင်တန်းတစ်ခုလုံး မှောင်နေပြီ။ တခြားဆိုင်တွေ သိမ်းသွားကြပြီ။ ကိုမြသောင်းဆိုင်တစ်ဆိုင်နှင့် ကျွန်တော်တို့တစ်အုပ်စုသာ ကျန်တော့သည်။

ကိုမြသောင်းကား ဆိုင်သိမ်းတော့မယ်လည်း မပြော၊ သတိလည်း မပေး။ အိမ်ပြန်ယူရမည့်ပစ္စည်းကလေးတွေ အဆင်သင့်ပြင်ဆင်ပြီး ထိုင်စောင့်နေသည်။ ကျွန်တော်တို့က အားနာပြီး . . .

"ဟာ . . . ကိုမြသောင်းကလဲ ဆိုင်ပိတ်မယ်ဆိုလဲ ပြောရောပေါ့ . . . ကျွန်တော်တို့က စကားကောင်းနေတာနဲ့ ဘေးဘီတောင် မကြည့်မိဘူး . . . "

"ရပါတယ် . . . ကျွန်တော်လဲ အိမ်ပြန်ရောက်ရင် ပျင်းနေမှာပဲ . . . ခင်ဗျားတို့ ပြောနေတာတွေ နားထောင်ရတာ ဗဟုသုတရပါတယ် . . . "

သူက ခပ်အေးအေးပြန်ပြောတတ်သည်။

ကျွန်တော်တို့သည် သူ့ဆိုင်မှာ နှစ်ပေါင်းတော်တော်ကြာအောင် ထိုင်ဖြစ်ခဲ့သည်။ တချို့ကောင်တွေဆိုလျှင် ပို၍အရောက်စိပ်သည်။ ကိုမြသောင်းနှင့် ငယ်သူငယ်ချင်းတွေလိုခင်ပြီး ကျန်းမာရေး၊ လူမှုရေးကိစ္စတွေအထိ ကူညီခဲ့ကြသည်။

နောက်ပိုင်းကျတော့ ကျွန်တော်တို့လည်း လူစုတွေကွဲကုန်သဖြင့် ပုံမှန်မရောက်ဖြစ်တော့။ ကိုမြသောင်းကလည်း ဝက်သားဈေးကြီးလာသဖြင့် ရောင်းရတာ မကိုက်တော့။ သူက တခြားလူတွေလို တက်ဈေးအတိုင်း လိုက်တက်ရောင်းတတ်သူ ဟုတ်ဟန်မတူ။ သူ့ဆိုင်ပိတ်ပြီးနောက် သူငယ်ချင်းတစ်ယောက်နှင့်ဆုံမိစဉ် သူ သစ်စက်တစ်ခုမှာ အလုပ်လုပ်နေကြောင်း ပြောသည်။ သူငယ်ချင်းက ဘာကြောင့်ဆိုင်မထွက်တာလဲဟု မေးသောအခါ . . .

"မျက်နှာပူလို့ဗျ . . . ဝက်သားဈေးတက်တိုင်း ကျွန်တော်က လိုက်ဈေးမြှင့်နေရတော့ စားတဲ့လူတွေကို အားနာတယ်ဗျာ . . . "

ဟု ပြန်ပြောသည်ဆို၏။

သူသည် လေးငါးခြောက်နှစ်လောက် တခြားအလုပ်တွေ လျှောက်လုပ်ခဲ့ပြီးနောက် ဆိုင်ပြန်ဖွင့်သည်။ ယမကာလောကမှ ရုန်းမထွက်နိုင်သေးသော သူငယ်ချင်းတစ်ယောက်က ကိုမြသောင်း ဆိုင်ပြန်ဖွင့်နေပြီဖြစ်ကြောင်း သတင်းပေးသည်။ သူနှင့်တွေ့ချင်သော်လည်း ကျွန်တော်သည် ပုလင်းနှင့် ခပ်ကင်းကင်းနေနေပြီဖြစ်သောကြောင့် မရောက်ဖြစ်။ တစ်နေ့နေ့တော့ သွားစားမယ်ဟူ၍သာ တွေးနေခဲ့သည်။

တစ်လောက မန္တလေးမှာ စီးပွားရေးသွားလုပ်ရင်း ကြီးပွားနေသည့်သူငယ်ချင်းတစ်ယောက် ရန်ကုန်ဆင်းလာသည်။ ကားလာဝယ်ခြင်းဖြစ်၏။ ပြန်မည့်ညနေမှာ ကျွန်တော့်ဆီရောက်လာသည်။ သူငယ်ချင်းတွေနှင့်တွေ့ချင်သည်ဟု ပြော၏။ လူစုဖို့ အချိန်မရတော့။

"ဒါဆိုလဲ မင်းနဲ့ငါ နှစ်ယောက်တည်းပေါ့ကွာ . . . ဘယ်ဆိုင်သွားမလဲ . . . မင်းကို ငါ ညစာကျွေးချင်တယ် . . . "

ဆိုပြီး သူက နာမည်ကြီးဈေးကြီးသည့်ဆိုင်နာမည်တချို့ ရွတ်ပြသည်။ ကျွန်တော်က ဖျတ်ခနဲသတိရပြီး . . .

"ဟေ့ကောင် . . . ကိုမြသောင်း ဆိုင်ပြန်ထွက်နေပြီ ပြောတယ် . . . "

"ဟေ . . . ဟုတ်လား . . . ဒါဆို အဲဒီပဲ သွားရအောင်ကွာ . . . ကိုမြသောင်းလက်ရာ မစားရတာကြာပြီ . . . "

သူဝယ်လာသည့်ကားနှင့်ပင် ကိုမြသောင်းဆိုင်သို့ သွားကြ၏။ ကိုမြသောင်းက ရုတ်တရက်မမှတ်မိ။ ပြီးမှ ဝမ်းသာအားရနှုတ်ဆက်သည်။ ကားကို တစ်ချက်လှမ်းကြည့်ပြီး . . .

"ဒီမှာ ရမ်တို့ ဘာတို့တော့ မရဘူးဗျာ . . . သောက်ချင်ရင် တခြားက သွားယူပေးမယ် . . . "

ဟု ပြောသည်။ ကျွန်တော့်သူငယ်ချင်းက . . .

"အဖြူတွေ အနီတွေ ရမ်တွေ ဝီစကီတွေ အရေးမကြီးဘူး . . . ကိုမြသောင်းလက်ရာ စားရဖို့ပဲ အရေးကြီးတယ် . . . "

ကျွန်တော်က မသောက်သဖြင့် ဘီအီးတစ်ပိုင်းပဲ မှာလိုက်သည်။ အမြည်းကတော့ ထုံးစံအတိုင်း ရသမျှအကုန် တစ်ပွဲစီ။

ကျွန်တော်တို့သူငယ်ချင်းနှစ်ယောက်သည် သူက ဘီအီးတစ်ငုံ ငုံလိုက်၊ ကျွန်တော်က ဖရှုတိုတစ်ငုံ စုပ်လိုက်၊ အခေါက်ကင်၊ အသည်းကင်စသည့်တို့ တစ်ဖတ်ယူမြည်းလိုက်လုပ်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြသည်။ ကိုမြသောင်းကလည်း တစေ့တစောင်း နားထောင်ရင်း အမြည်းတစ်ပွဲပြီးတစ်ပွဲ လာချပေးနေသည်။

ပြောရင်းဆိုရင်း စီးပွားရေးအကြောင်းရောက်သွား၏။ သူ့ကားနှင့်ပတ်သတ်ပြီး သူငယ်ချင်းက . . .

"ငါလဲ စီးချင်လှလို့ မဟုတ်ပါဘူးကွာ . . . လူတောထဲတိုးလို့ကောင်းအောင်လို့ပါ . . . ဈေးကလဲ တန်နေတာနဲ့ဆွဲလိုက်တာ . . . "

ဟု ပြောသည်။ သူ့ကားကို ကျွန်တော်လှမ်းကြည့်ပြီး အတွေးတစ်ခုပေါက်သွား၏။ သူ့ကားကြီးမှာ နံပါတ်က 'ဇက'။ အမျိုးအစားက မာစီဒီး။ ခဲသတ္တုရောင်။ အိမ်စီးကားသန့်သန့်ဖြစ်သောကြောင့် အသစ်လိုပင် ဖိတ်ဖိတ်တောက်နေသည်။ ဆိုင်ကို ဦးတိုက်ရပ်ထားတာတောင် ကားက ဆိုင်ထက် ပိုကြီးနေသေးသည်။ သူငယ်ချင်းက ဈေးတော်တယ်ဟု ပြောခဲ့သည်။ အရင်က တစ်ရာအထက်မှာရှိတာ၊ ခု ရှစ်ဆယ့်ခြောက်သိန်းနှင့် ရခဲ့တာတဲ့။

ဒီလို မာစီးဒီးကားကြီးနှင့်လာပြီး လမ်းဘေးဆိုင်ကလေးမှာ ဘီအီးနှင့်အခေါက်ကင် လာစားသောက်နေကြသော ကျွန်တော်တို့နှစ်ယောက်ကို ဘေးလူတွေက ဘယ်လိုထင်မလဲ။ သူဌေးအလစ်မှာ အရက်လာခိုးသောက်ကြသော ဒရိုင်ဘာနှင့်ခြံစောင့်အလုပ်သမားလို့ မသတ်မှတ်လျှင် ကံကောင်း။

ကျွန်တော်တို့နှင့် အဆင်ပြေသောဆိုင်တွေအကြောင်းပြီးတော့ အဆင်မပြေသောဆိုင်အကြောင်း ပြောရဦးမည်။

များသောအားဖြင့်တော့ ကျွန်တော်တို့သည် အရက်ဆိုင်များနှင့် ပြေလည်ကြပါသည်။ ဒီတစ်ဆိုင်နှင့်သာ ပြဿနာဖြစ်ခဲ့ခြင်းဖြစ်၏။ ဒါကလည်း ကျွန်တော်တို့ကြောင့် မဟုတ်ပါ။ သူက စခြင်းသာဖြစ်၏။ ရန်းရင်းဆန်ခတ်ဖြစ်တာမျိုးလည်း မဟုတ်ပါ။ ထိုကိစ္စသည် လူ့စရိုက်သဘာဝတစ်ခုကို ပေါ်လွင်စေသော အကြောင်းအရာဖြစ်သောကြောင့် အကျဉ်းလောက် တင်ပြပါရစေ။

အရင်က ကျွန်တော်တို့ဘက်မှာ ဆိုင်ကြီးကြီးမားမားမရှိ။ ကုန်သွယ်ရေးမှဖွင့်သော အရက်ဖြူဆိုင်ကြီးဘေးမှာ ကပ်ရောင်းသည့် ကိုမြသောင်းတို့လို ဆိုင်မျိုးလေးတွေ၊ ခေါက်ဆွဲကြော်၊ အစိမ်းကြော်တို့နှင့် အရက်ဖြူတွဲရောင်းသည့် အလတ်စားဆိုင်မျိုးတွေသာ ရှိ၏။

စီးပွားရေးအကွက်မြင်သူတစ်ဦးက ကျွန်တော့်သူငယ်ချင်း အေးသိန်းတို့ရပ်ကွက်ထိပ်မှာ စားသောက်ဆိုင်တစ်ဆိုင်လာဖွင့်သည်။ ဆိုင်အခင်းအကျင်း အပြင်အဆင်ကအစ မြို့ထဲက ဆိုင်ကြီးတွေလို သပ်ရပ်သည်။ အစားအသောက်မျိုးစုံရသည်။ အရက်ဖြူမရောင်း။ ရမ်တို့၊ မော့ဝီစကီတို့သာ ရောင်းသည်။

ကျွန်တော်တို့လည်း စမ်းသပ်သည့်အနေဖြင့် သွားထိုင်ကြည့်သည်။ မဆိုးလှ။ အစားအသောက်ကောင်းသည်။ ဈေးသင့်သည်။ ထိုင်ရတာ အဆင်ပြေသည်။ ကျယ်ဝန်းလွတ်လပ်သည်။ ထို့ကြောင့် ငွေကြေး အဆင်ပြေသည့်အခါ၊ အေးအေးဆေးဆေး စကားပြောချင်သည့်အခါ ထိုဆိုင်မှာ သွားထိုင်ဖြစ်ကြသည်။

ဆိုင်ဖွင့်ခါစဖြစ်သောကြောင့် စားသောက်သူ သိပ်မရှိ။ အများဆုံး နှစ်ဝိုင်းသုံးဝိုင်းသာ ရှိ၏။ ဆိုင်ရှင်က လူပါးဖြစ်၏။ ဝိုင်းတိုင်းဝိုင်းတိုင်းကို ကိုယ်တိုင်လိုက်နှုတ်ဆက်ပြီး စားရသောက်ရတာ အဆင်ပြေရဲ့လား၊ ဘာလိုသေးလဲ၊ အမြင်မတော်တာရှိရင် ပြောပါ၊ ပြုပြင်ပေးပါ့မယ်ဟု လောကွတ်ပျူငှာ လုပ်တတ်သည်။

ကျွန်တော်တို့ နှစ်ကြိမ်သုံးကြိမ်ရောက်ပြီးသောအခါ မျက်မှန်တန်းမိလာပြီး ဘယ်မှာနေကြလဲ ဘာညာမေး၍ မိတ်ဖွဲ့လာသည်။ အေးသိန်းသည် သူ့ဆိုင်ဖွင့်ထားသော ရပ်ကွက်ထဲမှာပင်နေကြောင်း သိသွားသည်။ ထိုအခါ အေးသိန်းကို အပိုင်ပေါင်းဖို့ကြိုးစားတော့သည်။ သူ့ဆိုင်လာသည့်အခါတိုင်း 'ကိုသိန်း . . . ကိုသိန်း . . . ' ဆိုပြီး

အလွန်ဂရုစိုက်သည်။ စားပွဲထိုးတွေကိုလည်း ကျွန်တော်တို့ဝိုင်းကို လိုလေးသေးမရှိ ဂရုစိုက်ရန် မှာသည်။ အစားအသောက်များကို အကောင်းဆုံးပြုလုပ်ပေးရုံသာမက ဝိုင်းသိမ်းခါနီးလျှင် စပျစ်သီးတို့ လိမ္မော်သီးတို့ကို 'မေတ္တာလက်ဆောင်' ဆိုပြီး သူကိုယ်တိုင် လာပို့တတ်သည်။ ပြီးတော့မှ . . .

"ဆိုင်ဖွင့်စားရတာကလဲ မလွယ်ဘူးဗျာ . . . ကျွန်တော်က ဒီကိုရောက်တာ မကြာသေးဘူးဆိုတော့ လူသစ်ဖြစ်နေတယ် . . . ဒါကြောင့် တစ်ချို့က မိုက်ကြေးခွဲချင်ကြတယ်ဗျ . . . "

ဟု ပြောသည်။ သူဆိုလိုတာက ဒေသခံတွေဖြစ်သော အေးသိန်းနှင့်တကွ ကျွန်တော်တို့က သူ့ဆိုင်ကို ကာကွယ်ပေးရန်ပင်ဖြစ်၏။ ကျွန်တော်တို့ကလည်း တတ်နိုင်သမျှ ကူညီသည်။ သူ့ဆိုင်သည် စားလို့သောက်လို့ကောင်းကြောင်း ကြော်ငြာပေးသည်။

တစ်ရက်မှာ သူ့ဆိုင်သို့ ခပ်တေတေအရက်သမားတစ်စု ရောက်လာသည်။ အရက်ဖြူမှာသည်။ သူက အဖြူမရောင်းကြောင်း ပြောသောအခါ ကြီးကျယ်လှချည်လားဆိုပြီး ပြဿနာရှာသည်။ ဆိုင်ကခုံတစ်ခုံကို ရိုက်ချိုးသည်။ ဖန်ခွက်တွေ ခွဲသည်။

ထိုစဉ်မှာ ကျွန်တော်တို့အုပ်စုရောက်သွားပြီး ထိုသူများကို မောင်းထုတ်လိုက်ရသည်။ တကယ်တော့ သူတို့က လူမိုက်များဖြစ်၏။ ကျွန်တော်တို့က လူအုပ်တောင့်နေသောကြောင့်သာ အလျှော့ပေးသွားကြခြင်းဖြစ်၏။

သူ့ဆိုင်မှာ နာမည်လေးရလာပြီးနောက် စည်စည်ကားကားဖြစ်လာ၏။ သူ့အချိုးကလည်း နည်းနည်းပြောင်းလာသည်။ ကျွန်တော်တို့အပေါ် အရင်ကလောက် ဖက်လှဲတကင်းမလုပ်တော့။ လေသံကလည်း နည်းနည်းရင့်လာသည်။

"ကျွန်တော် ဒီဆိုင်ဖွင့်ခါစက ဖြစ်မှဖြစ်ပါ့မလားလို့ စိုးရိမ်မိသေးတယ် . . . ဒီဘက်က ဆင်ခြေဖုံးအရပ်ဆိုတော့ ရမ်တို့ ဝီစကီတို့မှ သောက်တတ်ပါ့မလားလို့ . . . "

ကျွန်တော်တို့အရပ်မှာ တောကျသောကြောင့် အရက်အကောင်းစားသောက်တတ်မှာမဟုတ်၊ ဘီအီးတို့ တောအရက်တို့လောက်သာ အကောင်းထားသောက်တတ်သူတွေဟု ဆိုလိုခြင်းဖြစ်၏။

သူက ဆိုင်ကိုတိုးချဲ့သည်။ သီးသန့်ခန်းတွေ ဘာတွေ လုပ်သည်။ အပြင်အဆင်ကို ပို၍သားနားအောင်လုပ်သည်။ ဆိုင်ကြီးတွေမှာရတတ်သည့် ဂဏန်းလက်မကြော်၊ ကြက်တောင်ပံခရုဆီ၊ ဝက်လက်အေး၊ ပြည်လုံးချမ်းသာ စသော စားကောင်းသောက်ဖွယ်တွေပါ ရှိလာသည်။ နိုင်ငံခြားဖြစ် ဂျော်နီဝါကားတို့၊ ဘလက်အင်ဂိုက်တို့လိုအရက်အကောင်းစားတွေပါ တင်သည်။ ဈေးလည်းကြီးလာသည်။

ထို့အတူ ကျွန်တော်တို့အပေါ်မှာလည်း ပို၍ခပ်တန်းတန်းဖြစ်လာသည်။ အရင်က ကျွန်တော်တို့ဝင်သွားလျှင် ပျာပျာသလဲဆီးကြိုပြီး အကောင်းဆုံးစားပွဲမှာ သူကိုယ်တိုင်နေရာချပေးတတ်သည်။ ခုကျတော့ ကျွန်တော်တို့က လှမ်းနှုတ်ဆက်လျှင်ပင် ကောင်တာမှမထပဲ မိန့်မိန့်ပြုံးရုံသာ ပြုံးပြတော့သည်။

သူ့ဆိုင်မှာ နာမည်ကြီးလာသဖြင့် ငွေကြေးသုံးနိုင်ဖြုန်းနိုင်သူတွေ အရောက်များလာသည်။ အလုပ်ကိစ္စအကြောင်း၊ အပေးအယူကိစ္စများအကြောင်း ဆွေးနွေးလိုသူများ၊ လူသိမခံချင်သော စုံတွဲများက သီးသန့်ခန်းတွေမှာလာထိုင်ကြသည်။

ထိုအခါ ကျွန်တော်တို့ကို ပို၍ မလိုမလားဖြစ်လာ၏။ ကျွန်တော်တို့က လူများသဖြင့် ထောင့်တစ်ထောင့်မှာသီးသန့်ချထားသည့် စားပွဲဝိုင်းကြီးမှာ ထိုင်မည်ပြုလျှင် . . .

"ဟာ . . . အဲဒီစားပွဲ မအားဘူး . . . သဘော်ာကပ္ပတိန်တစ်ယောက်က ဧည့်သည်တွေ ညစာကျွေးစရာရှိလို့ ရီဇဗ်လုပ်ထားတာ . . . "

ဆိုတာမျိုး ပြောလာတတ်သည်။ တစ်ခါတလေ ဆိုင်မှာ လူများနေသဖြင့် စားပွဲမရသောအခါ ကျွန်တော်တို့က စားပွဲထိုးကလေးတွေကို ဖန်တီးခိုင်းရသည်။ ဒါကိုမြင်လျှင် သူက . . .

"ဒီလောက်အလုပ်ရှုပ်နေတာ တသီးတခြား ဘယ်လုပ်ပေးနိုင်မလဲ . . . မင်းတို့က ခက်တာပဲ . . . နေရာမရှိလဲ တခြားဆိုင်သွားပစေပေါ့ . . . "

ဟု စားပွဲထိုးကလေးတွေကို ဆူသလိုလိုနှင့် ကျွန်တော်တို့ကြားအောင် အသံမြှင့်ပြောပြီး မသိမသာနင်တတ်သည်။

ဒီ့ထက်ဆိုးသည့်ကိစ္စတစ်ခု ရှိသေးသည်။

ကျွန်တော်တို့မှာ လူများသော်လည်း ဈေးကြီးသည့်အကောင်းစား အစားအသောက်တွေ စားနိုင်တာမဟုတ်။ ခေါက်ဆွဲကြော်၊ အစိမ်းကြော်၊ ကြက်ဥမွှေကြော်လောက်သာ မှာနိုင်သည်။ အလွန်ဆုံး ငါးရှဉ့်ခြောက်စပ်တို့၊ နံရိုးကြော်တို့လောက်သာ စားနိုင်ကြသူများ ဖြစ်၏။ အရက်ကိုလည်း လူလေးငါးဆယ်ယောက်မှ ရမ်နှစ်လုံးလောက်သာ သောက်နိုင်ကြသူများ ဖြစ်၏။

ကျွန်တော်တို့မှာ နေရာကျယ်ကျယ်ပိုယူပြီး ပိုက်ဆံကျတော့ သိပ်မထွက်သူများဟု သူတွက်လိမ့်မည်။ ပြီးတော့ ကျွန်တော်တို့ဝိုင်းက ဆူညံနေတတ်သည်။ ငြင်းကြခုန်ကြ၊ နောက်ကြပြောင်ကြ။

ဒါကို သူက တစ်မျိုးမြင်သည်။ သူ့ဆိုင်မှာ လာသောက်စားကြသည့် ဂုဏ်သရေရှိ လူကြီးလူကောင်းတွေကို အနှောင့်အယှက်ဖြစ်စေသည်ဟု ယူဆဟန်ရှိ၏။ ပြီးတော့ သီးသန့်ခန်းထဲ လာအောင်းကြသည့် စုံတွဲတွေ လန့်သွားမှာကိုလည်း စိုးရိမ်ဟန်တူသည်။ မတော်တဆ သူတို့က ဒီဆိုင်မလွတ်လပ်ဘူးဆိုပြီး နောက်မလာတော့လျှင် ခက်မည်ဟု သူတွေးသလား မသိ။

ထိုအခါ စုတ်စုတ်ပုံ့ပုံ့ သူကြံစည်လေတော့သည်။

တစ်ရက် ကျွန်တော်တို့အဖွဲ့စားသောက်နေကြတုန်း အရှိန်ကလေးရချိန်တွင် သူက နယ်ထိန်းရဲကြပ်ကို သွားခေါ်လာသည်။ ဆိုင်မှာ ကျွန်တော်တို့အုပ်စု မူးပြီးရမ်းနေလို့ဟု ပြောသည်။ သူ့စိတ်ကူးကတော့ ကျွန်တော်တို့ကို တစ်ညလောက်ချုပ်ထားပြီး မနက်ကျမှ ခံဝန်နှင့်ပြန်လွှတ်ဖို့ ဖြစ်၏။ ဒါမှ ကျွန်တော်တို့ သူ့ဆိုင်ကို နောက်မလာရဲမှာဟု တွက်သည်။

သို့ရာတွင် နယ်ထိန်းက ဒါမျိုးတွေ ကြုံဖူးပေါင်းများပြီဖြစ်၍ အတွေ့အကြုံရင့်နေပြီ။ အရမ်းမလုပ်။ အရပ်ဝတ်နှင့် ဝင်လာပြီး ခပ်လှမ်းလှမ်းက ခုံတစ်ခုံမှာထိုင်ပြီး အကဲခတ်သည်။

"တွေ့လား . . . တော်တော်အခြေအနေဆိုးတယ် . . . "

ဟု ဆိုင်ရှင်က ပြော၏။ လေကားဆိုတဲ့ကောင်က စားပွဲကို လက်သီးနှင့်ထုလိုက်တာကိုကြည့်ပြီး ပြောလိုက်ခြင်းဖြစ်၏။ တကယ်တော့ ကျွန်တော်တို့သည် ကဗျာမှာ ကာရန်ပါသင့်၊ မပါသင့် ငြင်းခုန်နေကြခြင်းသာဖြစ်၏။ ပြောရင်းက အေးသိန်းက 'ကစ်ပလင်'၏ ကဗျာတစ်ပုဒ်ကို အင်္ဂလိပ်လိုရွတ်လိုက်သေးသည်။

နယ်ထိန်းက သဘောပေါက်သွားပြီ။ ကျွန်တော်တို့ပုံတွေက လူရမ်းကားတွေနှင့်လည်း မတူ။ ထို့ကြောင့် ဆိုင်ရှင်ကို . . .

"သူတို့က ရမ်းကားနေတာမှ မဟုတ်ပဲဗျ . . . သူတို့ဘာသာ ငြင်းခုန်နေကြတာ . . . နားထောင်လို့တောင်ကောင်းသေးတယ် . . . ဒီကောင်လေးတွေကြည့်ရတာ ပညာတတ်တွေနဲ့ တူပါတယ်ဗျာ . . . "

"ဒါပေမဲ့ သူတို့က ဆူညံလွန်းတယ် . . . အဲဒါ . . . "

"ဒီမှာ ဆရာကြီး . . . ခင်ဗျားဖွင့်ထားတာ ရိပ်သာမဟုတ်ဘူး . . . အရက်ဆိုင်လေဗျာ . . . ဒီလောက်တော့ ရှိမှာပေါ့ . . . ခင်ဗျား ကျွန်တော့်ကို သက်သက်အလုပ်ရှုပ်အောင် လုပ်တာပဲ . . . "

ဆိုပြီး နယ်ထိန်းက ပြန်ထွက်သွားသည်။

နောက်မကြာခင်ရက်အတွင်းမှာ စာအုပ်ထုတ်ဝေခွင့် လျှောက်ဖို့ ထောက်ခံစာတောင်းရန် ရဲစခန်းသို့ ကျွန်တော်ရောက်သွားသည်။ ထိုနယ်ထိန်းနှင့်တွေ့ပြီး တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်မိကြသည်။ သူက လည်း စာပေဝါသနာရှင်တစ်ယောက်ဖြစ်၏။ ပြစ်မှုမဂ္ဂဇင်းမှာ ကိုယ်တွေ့မှုခင်းတွေ တစ်ပုဒ်စ နှစ်ပုဒ်စ ရေးဖူးသည်။ သူနှင့်ကျွန်တော် စာပေသမားချင်း ခင်မင်သွားရာမှ ဟိုတစ်နေ့ညကအကြောင်း သူက ပြန်ပြောပြ၍ သိရခြင်းဖြစ်၏။

ထိုကိစ္စကို ကျွန်တော်က သူငယ်ချင်းတွေကို ပြန်ပြောပြသည်။ ဒီဆိုင်ကိုတော့ ပညာပေးဖို့လိုပြီဟု အားလုံး သဘောတူကြသည်။

ဒီလိုနဲ့ တစ်ရက်မှာ ကျွန်တော်တို့တစ်အုပ်စုလုံး လူစုံတက်စုံချိန်းပြီး သူ့ဆိုင်သို့သွားကြသည်။ ထိုရက်မှာ လလယ်ရက်ဖြစ်ပြီး မိုးကလည်း ဖွဲနေသဖြင့် ဆိုင်မှာ လူပါးနေ၏။

ကျွန်တော်တို့လည်း စားပွဲဝိုင်းကြီးမှာ ရွေး၍ထိုင်ကြသည်။ စားစရာသောက်စရာတွေ မှာသည်။ ရမ်နှစ်လုံး တစ်ပြိုင်တည်းမှာသည်။ တစ်လုံးကိုသောက်ပြီး တစ်လုံးကို စားပွဲအောက်မှာ ဝှက်ထားလိုက်သည်။ နောက်နှစ်လုံး ထပ်မှာသည်။ တစ်လုံးကို စားပွဲအောက် သွင်းထားလိုက်ပြန်၏။

ကံအားလျော်စွာ ကိုးနာရီလောက်မှ လူရှင်းသွားသည်။ ကျွန်တော်တို့တစ်ဝိုင်းသာ ကျန်တော့သည်။ တစ်ယောက်နှင့်တစ်ယောက် မျက်စပစ်လိုက်ကြပြီး ကြိုတင်စီစဉ်ထားသည့်အတိုင်း . . .

"မင်း ဘာလုပ်ါးဝတာလဲ . . . "

ဟု တစ်ယောက်က အသံကျယ်ကျယ်နှင့်အော်ပြီး ထရပ်လိုက်သည်။ နောက်တစ်ယောက်ကလည်း . . .

"မင်းက ဘာကောင်လဲ . . . "

ဆိုပြီး ပုလင်းလွတ်ကို ဆွဲလိုက်သည်။ ဘေးလူတွေက အတင်းဆွဲပြီး ထိုင်ခိုင်းလိုက်သည်။ ဟိုနှစ်ယောက် က တစ်ယောက်ကိုတစ်ယောက် မိုက်ကြည့်ကြည့်ပြီး ဒေါသတကြီး ဆက်လက်အော်ဟစ်ပြောဆိုကြသည်။ ဘေးက လည်း ဖျန်ဖြေသလိုလိုနှင့် ဝင်ထောင်ရင်း အုပ်စုနှစ်စုကွဲသလို ဖြစ်အောင်လုပ်သည်။ စကားသံတွေက ကျယ်လာ သည်။ တစ်ယောက်တစ်ပေါက်လုပြီး ရင့်ရင့်သီးသီးပြောသည်။ ဆဲတာဆိုတာတွေ ပါလာသည်။

ဆိုင်ရှင်သည် စားပွဲထိုးလေးကို ခပ်တိုးတိုးပြောသည်။ စားပွဲထိုးလေးက ခေါင်းညိတ်ပြီး ဆိုင်ပြင်ကို ခပ်သုတ်သုတ်ထွက်သွားသည်။ ဒီတစ်ခါတော့ ရဲကိုခေါ်ခြင်းမဟုတ်။ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များကို သွားခေါ်ခြင်းဖြစ်၏။

ကျွန်တော်တို့ကလည်း တမင်လုပ်ထားခြင်းသာဖြစ်၏။ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင် စီဝင်တွေ ရောက်ခါနီးလောက်မှာ အချိန်ကိုက်ပြီး စောစောကရန်ပွဲကို ရုတ်တရက်ရပ်တန့်လိုက်သည်။ ပြီးတော့ အကြောင်းအရာပြောင်းလိုက်သည်။ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဆိုင်ထဲဝင်လာသော အချိန်တွင် ကျွန်တော်တို့မှာ အလွန်သိမ်မွေ့သောပုံစံများဖြင့် စကားကို တိုးတိုးညင်သာပြောနေကြလေပြီ။ ကျွန်တော် တို့ပြောသည့်အကြောင်းအရာက တန်ဆောင်တိုင်ကျလျှင် ကထိန်သင်္ကန်းကပ်ဖို့အတွက် တတ်နိုင်သမျှ ငွေစုကြရန်။

ရပ်ကွက်အးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက ဆိုင်ရှင်ကိုကြည့်ပြီး ဘယ်လိုလဲဆိုသော မေးခွန်းထုတ်လိုက်ကြသည်။ ဆိုင်ရှင်က ခေါင်းကုတ်ပြီး အင်း . . . အဲ . . . လုပ်နေရ၏။

သူတစ်ချက်သတိလစ်သွားတာ ရှိသေးသည်။ အေးသိန်းသည် ဒီရပ်ကွက်သားဖြစ်နေသည့်အကြောင်း . . .။

ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များက အေးသိန်းကိုမြင်သောအခါ . . .

"ဟာ . . . မောင်အေးသိန်းပါလား . . . ဘယ်သူတွေများလဲလို့ . . . "

အေးသိန်းက ထရပ်ပြီး လေးလေးစားစားဖြင့် . . .

"ဟုတ်ကဲ့ခင်ဗျ . . . ကျွန်တော်တို့သူငယ်ချင်းတစ်ယောက် အလုပ်ရသွားလို့ နည်းနည်းပါးပါး စားကြသောက်ကြတာပါ . . . တစ်ခုခု စားကြပါဦးလားခင်ဗျာ . . . "

"စားပါ . . . မီးကင်းကိစ္စအလုပ်ရှုပ်နေလို့ အချိန်မရဘူးလေ . . . ကဲ . . . ကဲ . . . အေးအေးဆေးဆေး ထိုင်ကြပါ . . . "

ထို့နောက် ဆိုင်ရှင်ဘက်သို့လှည့်၍ ကျွန်တော်တို့မှာ ပညာတတ်ဘွဲ့ရလေးတွေဖြစ်ကြောင်း၊ လူငယ်သဘာဝ တစ်ခါတလေ ပျော်ကြခြင်းဖြစ်ကြောင်း၊ မိကောင်းဖခင်သားသမီးတွေဖြစ်ကြောင်း ပြောပြီး ပြန်ထွက်သွားကြသည်။

ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်တွေ ထွက်သွားပြီးတာနဲ့ ကျွန်တော်တို့လည်း ပြန်လည်ငြင်းခုန်ဆူညံကြပြန်၏။ ဆိုင်ရှင်သည် သူ့ကို ကျွန်တော်တို့ ပညာပေးနေပြီဖြစ်ကြောင်း ရိပ်မိသွားသည်။ ထိုအခါ ဆိုင်ပိတ်ချိန်ရောက်ပြီဖြစ်ကြောင်း လာပြောပြန်သည်။

ကျွန်တော်တို့လည်း ကျသင့်ငွေကို ရှင်းလိုက်သည်။ ပြီးမှ စားပွဲအောက်မှာဝှက်ထားသော ရမ်နှစ်ပုလင်းကို ထုတ်ပြီး . . .

"ဒါလေးကုန်ရင် သွားတော့မှာပါ . . . "

ဟု ပြောလိုက်သည်။ ငွေကလည်း ရှင်းပြီးပြီဖြစ်၍ ဒီအရက်နှစ်ပုလင်းကုန်သည်ထိ သောက်ခွင့်ရှိနေသည်။ သူသည် ဘာမှမပြောသာတော့။ ရဲတို့ ကောင်စီတို့ သွားခေါ်လို့လည်း မဖြစ်တော့။ ကျွန်တော်တို့မပြီးမချင်း ထိုင်စောင့်နေရုံသာရှိ၏။

ကျွန်တော်တို့သည် ရမ်နှစ်လုံးကို မျှဉ်းသောက်သည်။ စကားတွေပြောလိုက်၊ ငြင်းလိုက်ခုန်လိုက်၊ သီချင်းဆိုလိုက်၊ အပျော်ကြီးပျော်လိုက်ကြရာ နာရီပြန်နှစ်ချက်ထိုးခါနီးမှ ဝိုင်းသိမ်းလိုက်၏။

ထိုအခါ ဆိုင်ရှင်သည် ကောင်တာပေါ်မှာ မျက်နှာအပ်ပြီး အိပ်ပျော်နေလေပြီ။

***********

# အရက်သမားဆိုသည်မှာ ဘယ်လိုဟာကိုခေါ်ပါသလဲ

လူအများစုကတော့ အရက်သောက်တတ်တဲ့လူဟာ အရက်သမားပေါ့ဟုပြောကြလိမ့်မည်။ တစ်ခါတစ်ရံ အပျော်သဘော သောက်တတ်သူတွေကတော့ နေ့စဉ်ပုံမှန်သောက်တတ်သူတွေကိုသာ အရက်သမားစု ခေါ်သင့်သည်ဟု ဆိုကြမည်။ နေ့စဉ်ဆိုသော်လည်း ညနေတိုင်ကျမှ အပန်းဖြေမော့လေ့ရှိသူတွေကလည်း အရက်သမားဆိုသည်မှာ မသောက်ရမနေနိုင်လောက်အောင် အရက်ကိုစွဲလမ်းပြီး နှစ်ဆယ့်လေးနာရီလုံးလုံး မူးရူးနေသူတို့ကိုသာ သတ်မှတ်သင့်သည်။ မိမိတို့က ဆေးဖြစ်ဝါးဖြစ်သောက်တာဟု စောဒကတက်ကြသည်။

"ဒါဆိုရင် မင်းကကော . . . "

ဟု ကျွန်တော့်ကိုမေးလျှင် . . .

အားကစားလောကမှာ အပျော်တမ်းနှင့်ဆုကြေးစားဟူ၍ နှစ်မျိုးရှိသလို ယမကာလောကမှာလည်း ပုံမှန်သောက်သူနှင့် တစ်ခါတလေနာမည်ပျက်ရုံ တစ်ခွက်တစ်ဖလား ဝင်မော့တတ်သူဟူ၍ ရှိသည်။

ကျွန်တော်သည် ပရော်ဖက်ရှင်နယ်သမားမဟုတ်။ အမြော ခေါ် အပျော်တမ်းသမားသာဖြစ်၏။ ကျွန်တော်က အရက်ကို စွဲစွဲမြဲမြဲသောက်လေ့မရှိ။ တစ်ခါတလေ သူငယ်ချင်းတွေနဲ့ဆုံမှ သောက်တတ်ခြင်းဖြစ်၏။ သောက်လျှင်လည်း များများမသောက်နိုင်။ သုံးလေးပက်ထက်မပို။ တစ်ယောက်တည်းလည်း ဘယ်တော့မှမသောက်။ တစ်ခါတလေ သူငယ်ချင်းတွေနှင့် မဆုံဖြစ်သဖြင့် လပေါင်းများစွာကြာအောင် မသောက်ပဲလည်းနေနိုင်သည်။ ထို့ကြောင့် ကျွန်တော်သည် အရက်သမားစာရင်းဝင်မဟုတ်။

တကယ်တော့ ကျွန်တော်အပါအဝင် အရက်သောက်တတ်သူအားလုံးနီးပါးသည် သူတို့ကိုသူတို့ အရက်သမားဟု မသတ်မှတ်ကြချေ။ သူတို့ကို အရက်သမားဟုခေါ်လျှင် မကြိုက်။ မလွဲသာ မရှောင်သာပြောရမည်ဆိုလျှင်ပင် ကိုယ့်ကိုယ်ကို 'အသောက်သမား'ဟု စကားလုံးလှအောင် ပြောတတ်သည်။

သူတို့သည် အရက်ကို အိမ်ကမိန်းမထက်တောင် ပိုချစ်တတ်ကြပါလျက် 'အရက်'ဆိုသော စကားလုံးကိုကျတော့ ဘာကြောင့်မုန်းတီးသလို ဖြစ်နေကြပါသလဲ။ ထိုမေးခွန်းကို အော်ကျူးက အောက်ပါအတိုင်းအဖြေပေး၏။

"မင်းရည်းစားကို မင်းဘယ်လိုခေါ်လဲ . . . ထားပါတော့ . . . မင်းရည်းစားနာမည်က မခွေးပုဆိုပါတော့ . . . "

"ဟာ . . . ဒီနာမည်ကြီးမျိုးတော့ မဟုတ်ပါဘူး . . . "

"ဥပမာ ပြောတာပါကွ . . . မင်းက သူ့ကို မခွေးပုလို့ ခေါ်သလား . . . ဘယ်ခေါ်မလဲ . . . ချစ်စနိုးနဲ့ မခွေးရေ၊ ပုပုရေလို့ ခေါ်မှာပေါ့ . . . "

"ကြည့်ရတာ မခွေးပုဆိုတာ အော်ကျူးရဲ့ ငယ်ရည်းစားနာမည်ထင်တယ် . . . "

"ငယ်ငယ်ကပါကွာ . . . ရွာမှာတုန်းက . . . အမယ် . . . ဟော့ကောင် . . . ဒီအကြောင်းပြောနေတာ မဟုတ်ဘူး . . . အဲ . . . ခုနစကား ဘယ်ရောက်သွားပါလိမ့် . . . ဟုတ်ပြီ . . . အဲဒီလိုပဲ တချို့ဆိုရင် ကိုယ့်ရည်းစားကို နာမည်တောင်မခေါ်ရက်လို့ ချစ်တို့ သက်တို့ ခေါ်ကြတယ်မဟုတ်လား . . . "

"ဒါတော့ ဟုတ်တယ်လေ . . . ကိုစိုးထွန်းဆိုရင် သူ့ကောင်မလေးက အဖြေပေးတဲ့နေ့တုန်းက မိုးတွေအရမ်းရွာနေတယ်တဲ့ . . . အဖြေရတော့ ပျော်လွန်းလို့ခြေလှမ်းတွေမှားပြီး ရေမြောင်းထဲတောင ပြုတ်ကျသေးတယ်ဆိုပဲ . . . ဒါကြောင့် သူ့ကောင်မလေးကို အမှတ်တရအနေနဲ့ . . . "

"မြောင်းလို့ ခေါ်တာပေါ့ . . . ဟုတ်လား . . . "

"ဟာ . . . ဘယ်ကလာ . . . မိုးလို့ခေါ်တာပါ . . . "

"အေး . . . အဲဒီသဘောပဲလေ . . . ငါတို့တွေလဲ အရက်ကိုချစ်လွန်းလို့ နာမည်တောင်မခေါ်ရက်လို့ . . . "

"မြောင်းလို့ခေါ်တာပေါ့ . . . ဟုတ်လား . . . "

"ခွေးကောင် . . . ချစ်စနိုးနဲ့ အဖြူလို့ခေါ်တာကွ . . . နောက်ပိုင်းဘိန်းဖြူကို အဖြူလို့ခေါ်လာကြတော့မှ ငါတို့က တစ်မျိုးပြောင်းခေါ်တာ . . . "

"ဘယ်လိုတဲ့လဲ . . . "

"ချစ်ဆိပ်ရည် . . . တဲ့ . . . "

************

ဒီလောက်ထိ စွဲလမ်းရလောက်အောင် အရက်က ဘာများကောင်းလို့လဲဟုမေးလျှင် 'ဘာကောင်းသလဲ သိချင်ရင် သောက်ကြည့်ပေါ့'ဟု သူတို့က ပြောမှာသေချာသည်။

အရက်သည် ကျန်းမာရေးကိုကော ထိခိုက်စေသလားဟု ဆရာဝန်များကို မေးကြည့်လျှင် အဖြေနှစ်မျိုး ထွက်လာနိုင်သည်။

အရက်လုံးဝမသောက်တတ်သူ ဆရာဝန်များက အရက်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေသည် ဟု ယတိပြတ်ပြောလိမ့်မည်။

ကိုယ်တိုင်လည်းသောက်တတ်သော ဆရာဝန်များကတော့ အရက်ကိုအနည်းငယ်သောက်လျှင် သွေးလှည့်ပတ်မှုကောင်းစေသည်၊ ခံတွင်းလိုက်စေသည်၊ အပန်းပြေစေသည်။ များများသောက်လျှင်တော့ အသည်းရောဂါဖြစ်စေသည်၊ နှလုံးကို ထိခိုက်စေသည်၊ အစာအိမ်အနာဖြစ်နိုင်သည်၊ အလွန်အကျွံသောက်လျှင် ဦးနှောက်ကိုပါ ပျက်စီးစေသည်။ ဒါကြောင့် တန်ဆေး လွန်ဘေး ဟု ပြောပေလိမ့်မည်။

တချို့ အရက်ဆန့်ကျင်ရေးသမားတွေက စာရေးဆရာတွေ အရက်သောက်လို့ အချိန်မတိုင်မီ ကွယ်လွန်ကြရသည်ဟု အရက်ကြောင့် အကြွေစောရသော ဆရာကြီးအချို့ကို ထောက်ပြကြသည်။

ထိုအခါ အရက်ကြိုက်သူများက 'ဒါဆို ဆရာကြီးရွှေဥဒေါင်းကျတော့ ဘယ်လိုပြောမလဲ . . . အသက်ရှစ်ဆယ်ကျော်အထိ ကျန်းကျန်းမာမာနေသွားတာပဲ မဟုတ်လား . . . 'ဟု ပြန်လည်ချေပကြမည်။

ဆရာကြီးရွှေဥဒေါင်းသည် အရက်ကို စည်းမဲ့ကမ်းမဲ့သောက်ခြင်းမဟုတ်။ ပြီးတော့ ဆရာကြီးသည် အရက်ကိုမူးချင်လို့သောက်ခြင်းလည်းမဟုတ်။ ထမင်းစားကောင်းအောင် သောက်ခြင်းဖြစ်၏။ သူ့ရည်ရွယ်ချက်ကိုက ခံတွင်းမြိန်ဖို့အဓိကဖြစ်သဖြင့် အန္တရာယ်ဖြစ်သည့်အဆင့်သို့ မရောက်တော့။ အစားအသောက်ကောင်းကောင်းစားခြင်း၊ တစ်ခါတလေ အသီးအနှံများကိုသာ စားခြင်း၊ မနက်တိုင်း စက်ဘီးစီး လမ်းလျှောက်ခြင်းစသည်တို့ကြောင့် အသက်ရှည်ခဲ့ရခြင်းဖြစ်၏။

ဆရာသော်တာဆွေကတော့ ဆရာကြီးထက်စာလျှင် ပိုသောက်သည်ဟု ပြောနိုင်သည်။ ငယ်စဉ်ကဆိုလျှင် အသောက်ကြမ်းခဲ့ဖူးသူဖြစ်၏။ သို့တိုင်အောင် အသက်ကြီးလာသောအခါ ဆရာကြီးရွှေဥဒေါင်း၏နည်းကို ယူပြီး ချင့်ချင့်ချိန်ချိန်သောက်ခြင်း၊ အစားကောင်းကောင်း စားခြင်း၊ မနက်တိုင်း လမ်းလျှောက်၍ဈေးဝယ်ထွက်ခြင်းတို့ကြောင့် ဆရာကြီးလောက်အသက်မရှည်သည့်တိုင် သူ၏သောက်ဖော်သောက်ဖက် အတော်များများထက် ပို၍ကျန်းမာသည်။ အသက်ခုနစ်ဆယ့်ငါးနှစ်လောက်ထိ နေသွားရသည်။

အရက်ကို စနစ်ဇယားချပြီး သောက်ခဲ့ကြသည့် ဝိုင်းတစ်ဝိုင်းအကြောင်း ပြောပြချင်ပါသည်။

ကျွန်တော့်ဦးလေးတော်သူ စာပေတိုက်နှင့် ပုံနှိပ်တိုက်ပိုင်ရှင်၏အိမ်တွင် စာရေးဆရာများ၊ ပန်းချီဆရာများ ဝင်ထွက်သွားလာခဲ့ကြသည်။ ဒီထဲက အသက်အရွယ်ချင်း၊ စိတ်သဘောထားချင်း ညီသူများစု၍ ယမကာဝိုင်းကလေး တစ်ခု လုပ်ဖြစ်ကြသည်။

အိမ်ရှင်ဖြစ်သူဦးလေးက အမြည်းတာဝန်ယူရသည်။ ကျန်သူတွေက ပုလင်းကို အလှည့်ကျ ဆွဲလာကြရ၏။ သူတို့အဖွဲ့ထဲတွင် ဆရာဝန်ကြီးတစ်ဦးလည်းပါသဖြင့် ထိုဆရာဝန်ကြီးချမှတ်ပေးသော စည်းကမ်းအတိုင်း လိုက်နာကြရသည်။

အရက်ကို တစ်ယောက်သုံးပက်ထက် ပိုမသောက်ရ။ သုံးပက်စီပြည့်တာနဲ့ ပုလင်းထဲမှာ အရက်လက်တစ်လုံးပဲကျန်ကျန် မျှထည့်လိုက်တာမျိုးမလုပ်ရ။ ကျန်သလောက်ကို သိမ်းလိုက်ရသည်။ ညကိုးနာရီထိုးလျှင် အားလုံးပြန်ကြရသည်။ အရက်၏ဒဏ်ကိုခံနိုင်သော အသည်းအားဆေးများ စားကြရသည်။ ဝါတွင်းမှာ အရက်ဖြတ်ကြရသည်။

ဝါဆိုလပြည့်နေ့မတိုင်ခင် အဖိတ်နေ့သည် သူတို့အတွက် အထူးအခွင့်အရေးရသောနေ့ပင် ဖြစ်၏။ ထိုနေ့တွင် လစ်မစ်သတ်မှတ်ခြင်းမရှိတော့။ တရားလွန်မဟုတ်လျှင် ကြိုက်သလောက် သောက်လို့ရသည်။

ညနေခြောက်နာရီလောက်ကတည်းက ဆုံကြပြီး အမြည်းမျိုးစုံနှင့်အတူ အကောင်းစားအရက်များကို တစိမ့်စိမ့် စားကြသောက်ကြသည်။ ညဆယ့်နှစ်နာရီထိုးဖို့ ငါးမိနစ်အလိုတွင် နောက်ဆုံးခွက်လက်ကျန်များကို မြှောက်၍ နှုတ်ဆက်ပြီး မော့သောက်လိုက်ကြသည်။ ဆယ့်နှစ်နာရီထိုးပြီးလျှင် ဝါဆိုလပြည့်ကို ကူးပြီဖြစ်၏။ တစ်ဝါတွင်းလုံး မသောက်ကြတော့။

သီတင်းကျွတ်လပြည့်မတိုင်မီ အဖိတ်နေ့ကျတော့ တစ်မျိုး။ ညဦးမှာဆုံကြပြီး ထွေရာလေးပါး စကားပြောရင်း နာရီတကြည့်ကြည့်နှင့် စောင့်နေကြသည်။ စားပွဲပေါ်မှာတော့ မဖောက်ရသေးသည့်ပုလင်းတစ်လုံးက အဆင်

သင့်ရှိနေ၏။ ညဆယ့်နှစ်နာရီတိတိတွင် ပုလင်းကိုဖွင့်၍တစ်ယောက်တစ်ပက်စီ ငှဲ့သည်။ ဖန်ခွက်ချင်းထိပြီး သီတင်းကျွတ်ကို ကြိုဆိုလိုက်ကြလေသည်။

သူတို့သောက်ပုံကို ကျွန်တော်သဘောကျမိ၏။ ထို့ကြောင့် သူငယ်ချင်းတွေကိုပြောပြပြီး အစီအစဉ်တစ်ခုလုပ်သည်။ ဝါတွင်းအရက်ဖြတ်ဖို့တော့ မဟုတ်။

"ငါတို့ ခုလိုစည်းမရှိကမ်းမရှိ ကြုံသလိုသောက်နေတာ အဓိပ္ပာယ်မရှိဘူး . . . ဒီလိုသောက်မယ့်အစားတစ်လကို တစ်ခါပဲသောက်မယ် . . . ဆိုင်ကောင်းကောင်းမှာ အရက်ကောင်းကောင်းကို သောက်မယ် . . . မကောင်းဘူးလား . . . "

အားလုံးက ကောင်းတယ်ဟု ပြောကြသည်။

"ဒီတော့ လတစ်လရဲ့ ပထမဆုံးစနေနေ့ညတိုင်း ဆုံကြမယ် . . . ကျန်တဲ့ရက်တွေ မသောက်ဘူး . . . "

သူတို့သဘောတူကြသည်။ တူမှာပေါ့။ ထိုရက်မှာ လကုန်ခါနီးဖြစ်ပြီး လဆန်းစနေကို ရောက်ဖို့ သိပ်မှမလိုတော့တာ။

ကျွန်တော်၏အစီအစဉ်သည် နှစ်လ၊ သုံးလလောက်သာ အောင်မြင်သည်။ လတစ်လကျတော့ သုံးဆယ့်တစ်ရက်နေ့သည် စနေနေ့ဖြစ်နေ၏။ ကတိအတိုင်း သောက်ခွင့်ရမည့် နောက်လ၏ပထမဆုံးစနေမှာ ခုနစ်ရက်နေ့သွားကျနေသည်။ ထိုအခါ . . .

"တစ်ပတ်ကြီးတောင် စောင့်နေရမှာကွာ . . . "

ဟု တစ်ယောက်က ညည်းသည်။ နောက်တစ်ယောက်က . . .

"တစ်ရက်လောက်နဲ့တော့ မထူးပါဘူးကွာ . . . "

"အေးကွာ . . . ဟိုဘက်လထဲက တစ်ရက်ချေးပြီး ဒီစနေကိုပဲ လဆန်းလို့ သတ်မှတ်လိုက်ရအောင် . . . "

သူတို့က မဲများနေသဖြင့် လိုက်လျောလိုက်ရသည်။ ဒါတွင် မကသေး၊ တချို့ကောင်တွေက ကြားရက်တွေမှာပါ လစ်ရင်လစ်သလို ကျိတ်ဝိုင်းကလေးတွေလုပ်ပြီး ခိုးသောက်ကြသေးသည်။ ဒီတော့ အရင်ကနှင့် ဘာမျှမထူးတော့။ တစ်လတစ်ခါ ပွဲကြီးလုပ်ဖြစ်တာကတောင် အပိုဆုပေါက်သလို ဖြစ်နေသေးသည်။ ထို့ကြောင့် ကျွန်တော့်အစီအစဉ်ကို ဖျက်ပစ်လိုက်ရလေ၏။

တကယ်တော့ အရက်ကိုအချိန်ကိုက်ပြီး လစ်မစ်အတိအကျသောက်ဖို့ဆိုတာ လွယ်သောကိစ္စမဟုတ်။ အရက်သည် စိတ်ဆာသောအချိန်မှာ သောက်ရမှ အရသာရှိသည်။ သောက်ချင်သောအချိန်မှာ ကတိစည်းကမ်းကြောင့် အောင့်ထားရပြီး တကယ်သောက်ခွင့်ရသောအချိန်ကျတော့ စိတ်မပါတော့ပဲ တာဝန်အရမျိုချရသလိုဖြစ်လျှင် အလကားပဲ။

နောက်တစ်ခုက အရက်ကို တစ်နေ့ဘယ်လောက်ပဲသောက်မည်ဟု တိတိကျကျလုပ်ဖို့မလွယ်သည့်ကိစ္စပင်ဖြစ်၏။ အရက်ဆိုသည်မှာ ဆေးသောက်သလိုမဟုတ်။ ဆရာဝန်က ဒီဆေးကို တစ်နေ့လေးကြိမ် ငါးရက်သောက်ပါဟု ညွှန်ကြားသော်လည်း သုံးရက်လောက်နှင့် ရောဂါသက်သာလျှင် ဆက်မသောက်ပဲ နေချင်နေမည်။ အရက်ကို တစ်နေ့သုံးပက်ထက် ပိုမသောက်ပါနှင့်ဆိုလျှင် အနည်းဆုံးသုံးပက်ပြည့်အောင်တော့ သောက်ပါလိမ့်မည်။ တစ်ခါတလေ နည်းနည်းပါးပါးပိုသွားလို့ ပြဿနာမရှိပါဘူးဆိုပြီး တိုးသောက်ဖို့အလားအလာလည်းရှိ၏။ ဒီလိုနှင့် လစ်မစ်က တိုးသွားတတ်သည်။

ဒီလိုဖြစ်ရတာအကြောင်းရှိသည်။ လူ့ခန္ဓာကိုယ်သည် ပြင်ပပစ္စည်းများကို ရတ်တရက်လက်မခံသော်လည်း ကြာလျှင် ယဉ်ပါးသွားတတ်သောသဘောရှိ၏။ ရောဂါပိုးတို့ ဆေးတို့ ယဉ်သွားသလိုမျိုးဖြစ်၏။

အရက်သည်လည်း စသောက်ခါစအရှိန်းဘဝတွင် နည်းနည်းသောက်ရုံနှင့်ထိတတ်သော်လည်း နောက်ပိုင်းကျတော့ ခံနိုင်ရည်ရှိလာသည်။ မျက်မှန်ပါဝါတိုးသလို 'လစ်မစ်'က တိုးလာတတ်သည်။

အရက်သောက်တာ မူးချင်လို့သောက်တာဖြစ်သောကြောင့် မမူးခင်ရပ်ပစ်လို့မဖြစ်နိုင်။ မူးဖို့ဆိုတာကလည်း တဖြည်းဖြည်းပိုသောက်သွားမှဖြစ်မည်။ ဒီလိုနှင့် အသောက်များပြီး အကန့်အသတ်မရှိ ဖြစ်သွားတော့သည်။

စည်းနှင့်ကမ်းနှင့် စနစ်တကျသောက်နေသူတွေကိုကြည့်ပြီး ကိုလ်လည်း သူတို့လိုထိန်းနိုင်မှာပါဟု အလွယ်တကူတွေးလို့မရ။ အရက်ကိုမလွန်အောင် ထိန်းသောက်နိုင်သူတို့မှာ အလွန်စိတ်ဓာတ်ကြံ့ခိုင်မှ ဖြစ်မည်။ ကိုယ့်ကိုယ်ကို ရပါတယ်ဆိုပြီး အထင်မကြီးသင့်။

တကယ်တော့ အရက်ဆိုတာ အစမလုပ်တာ အကောင်းဆုံးပင် ဖြစ်၏။ အချစ်လိုပါပဲ။ စမိလျှင် နောက်ပြန်ဆုတ်ဖို့ ခက်လေသည်။

***************

# ပွဲကြီးပွဲကောင်းများ

ကျွန်တော်သည် စာပေနယ်ထဲတွင် ကျင်လည်နေရသော်လည်း စာပေသမားတို့၏ အရက်ဝိုင်းတွေမှာ သိပ်ပါလေ့မရှိပါ။

အကြောင်းကတော့ . . .

ကျွန်တော်သည် အသက်နှစ်ဆယ်ကျော်လောက်မှာပင် စာရေးဆရာပေါက်စ ဖြစ်လာ၏။ စာရေးဆရာတွေကြားတွင် အမြဲလိုလိုအငယ်ဆုံးဖြစ်နေတတ်သည်။ ထို့ကြောင့် ဆရာကြီးတွေဝိုင်းထဲဝင်ဖို့ မဝံ့မရဲဖြစ်နေရ၏။ တစ်ခါတလေ ရောယောင်ပြီး ညပ်ပါသွားတဲ့အခါမှာလည်း ခံရတာကများသည်။

သူတို့စကားဝိုင်းထဲမှာ ကိုယ့်ဝါအရ ဝင်မပြောရဲပဲ သူတို့ပြောသမျှသာ နားထောင်ရသည်။ ကိုယ့်စိတ်ကြိုက်မစားရဲ၊ မသောက်ရဲသဖြင့် အနေရကျဉ်းကျပ်သည်။ ဒီကြားထဲ သွေးဆိုးတတ်သည့် ဆရာမျိုးပါလာလျှင်မလွယ်။ သူတို့တွေ ငြင်းရင်းခုန်ရင်း ရန်ထဖြစ်တာကို ဝင်ဆွဲရသေးသည်။ အားလုံး သူ့နေရာနှင့်သူ ထိတ်ထိတ်ကြဲတွေချည်းဖြစ်သဖြင့် တစ်ခါတလေ အယူအဆမတူပဲ ငြိတတ်ကြသည်။ ထိုအခါ ဘယ်သူ့ဘက်လိုက်ရမှန်းမသိပဲ ချောက်ကျရလေ၏။

ဝိုင်းသိမ်းလို့ ထွက်လာကြတော့လည်း အေးအေးမနေရ။ တချို့ဆရာတွေက မဝသေးဘူးဆိုပြီး နောက်တစ်ဆိုင်ဝင်ချင်ဝင်တတ်သည်။ ထိုအခါ မပြန်ရသေးပဲ လိုက်ထိုင်ပေးရပြန်၏။

တချို့ကျတော့လည်း သီချင်းအော်ဆိုတတ်သည်။

"ဟော့ကောင် . . . ဒီသီချင်း မင်းရတယ်မဟုတ်လား . . . ဆိုလေကွာ . . . "

ဆိုပြီး လိုက်ဆိုခိုင်းတတ်သည်။

ဆရာတစ်ယောက်ကတော့ အိမ်ပြန်ဖို့ကားစောင့်ရင်း ကြာနေသဖြင့် . . .

"နေဦး . . . ဘတ်စ်ကား ဘယ်နေရာရောက်ပြီလဲ သိရအောင် မျှော်စင်ပေါ်တက်ကြည့်လိုက်ဦးမယ် . . . "

ဆိုပြီး ဓာတ်တိုင်ကို ဖက်တက်တာမျိုးလည်း ရှိ၏။

နောက်ဆရာတစ်ယောက်ကတော့ ထူးထူးခြားခြား တွေ့သမျှသစ်ပင်တွေလျှောက်တက်ပြီး တာဇံလို အော်တတ်သည်။

တစ်ခါကတော့ ဆရာနှစ်ယောက်မှာ လမ်းပေါ်ရောက်မှ စာပေအယူအဆတစ်ခုအကြောင်း အငြင်းပွားပြီး ပြဿနာတက်သည်။ အပြန်အလှန်ပြောကြရာမှ ပြင်းထန်လာပြီး ထိုးမယ်ကြိတ်မယ်ဖြစ်လာ၏။ ကျွန်တော်က ကြားဝင်ပေးရသည်။ ဆရာတစ်ယောက်ထိုးလိုက်သော လက်သီးတစ်ချက် ထိသွားသေးသည်။

"ခင်ဗျားနဲ့ ကျုပ် ဒီနေ့တွေ့တာ နောက်ဆုံးပဲ . . . ဒီနေရာကနေ လမ်းခွဲတော့မယ် . . . ဟေ့ကောင် . . . မင်း ငါနဲ့လိုက်ခဲ့ . . . "

ဆိုပြီး တစ်ယောက်က ကျွန်တော့်လက်မောင်းကို ဆွဲလိုက်သည်။ ထိုအခါ ကျန်တစ်ယောက်က . . .

"မင်း သူနဲ့ မလိုက်နဲ့ . . . မင်းနဲ့သူနဲ့ လိုင်းတူတာမဟုတ်ဘူး . . . ငါနဲ့လိုက်ခဲ့ . . . "

ကျန်လက်တစ်ဖက်ကို ဆွဲသည်။

"အမယ် . . . မင်းက ဖောက်ပြန်တဲ့အတွေးအခေါ်သမားကိုမှ အထင်ကြီးသလား . . . မင်း ငါ့ကဗျာတွေ ကြိုက်တယ်ဆို . . . "

စသည်ဖြင့် ပြောရင်းဆိုရင်း အပြန်အလှန်ဆွဲကြရာ ကျွန်တော်သည် အလယ်မှာ ကားရားကြီးဖြစ်နေ၏။ နောက်ဆုံး မတတ်နိုင်သဖြင့် ဘယ်သူ့ဘက်မှမလိုက်ပဲ ကိုယ်လွတ်ရုန်း ပြေးခဲ့ရ၏။

ဝိုင်းတစ်ဝိုင်းသိမ်းလို့ ဆရာတစ်ယောက်ယောက်က မဟန်နိုင်လောက်အောင် မူးနေပြီဆိုလျှင် အငယ်ဆုံး ဖြစ်သော ကျွန်တော့်ကိုသာ တာဝန်ပေးတတ်သည်။

"မင်း သူ့ကို အိမ်ပြန်ပို့လိုက် . . . "

အဲဒီဆရာက အေးအေးဆေးဆေးပြန်လျှင် တော်သည်။ ရစ်တတ်သောဆရာဆိုလျှင်တော့ နာပြီသာမှတ်။

မဝသေးဘူး၊ တစ်ဆိုင်ဝင်ဦးမယ်၊ တစ်စိတ်လောက်ထပ်ချလိုက်မှ အနေတော်ဖြစ်မှာ ဆိုတာမျိုး လုပ်လာတတ်သည်။

ဆရာတစ်ယောက်ကို ဆိုက်ကားငှားပြီး ပြန်ပို့ရာမှာ . . .

"ဒီမှာ ဟေ့ကောင် . . . ဆရာအောင်လင်းဟာ ပစ်တိုင်းထောင်ဝတ္ထုကိုရေးတုန်းက တကယ်ကို ဆိုက်ကား ထွက်နင်းပြီး လက်တွေ့ကွင်းဆင်းလေ့လာခဲ့တယ်လို့ ကြားဖူးတယ် . . . ငါလဲ အခွင့်အရေးရတုန်း ဆိုက်ကား နင်းကြည့်မယ် . . . "

ဆိုပြီး ဆိုက်ကားဆရာကိုဖယ်ခိုင်း၍ တက်နင်းသည်။ တကယ်တော့ သူသည် ဆရာအောင်လင်းတို့လို တကယ့်ဘဝသမားမဟုတ်။ ကြော့ကြော့လေးနေပြီး စိတ်ကူးယဉ်ဆန်သောဝတ္ထုတွေ ရေးနေသူသာဖြစ်၏။ ဆိုက်ကားကို ဘီးလိမ့်အောင်တောင် မနင်းနိုင်သဖြင့် နောက်က တွန်းပေးရသေးသည်။ ဆိုက်ကားကလည်း ဟိုယိမ်း၊ ဒီယိမ်း ဖြစ်နေ၏။ ကြာတော့ ဆိုက်ကားဆရာက . . .

"တော်ပါတော့ ဆရာ . . . ကြာရင် စပုတ်တိုင် ကျိုးမလား . . . ဘီးခွင်မလားပဲ . . . "

ဆိုပြီး တားယူရလေသည်။

နောက်ဆရာတစ်ယောက်ကတော့ သူ့ကိုလိုက်ပို့ဖို့ ကားမှတ်တိုင်ဆီခေါ်လာတုန်း ဂျစ်ကားတစ်စီးရပ်ထား တာတွေ့တော့ . . .

"ဟာ . . . အတော်ပဲ . . . ဒါ ကာတွန်းမောင်မောင်ရဲ့ ဂျစ်ကားကွ . . . သူ့ကို လိုက်ပို့ခိုင်းရမယ် . . . "

ဆိုပြီး ဟိုကြည့်ဒီကြည့် လိုက်ရှာသည်။

"ဒီလူ ဘယ်များခြေရှည်နေလဲ မသိဘူး . . . ကိစ္စမရှိဘူး . . . ငါ လုပ်ပြမယ် . . . "

ဆိုပြီး ကားပေါ်တက်ထိုင်၍ ဟွန်းတီးခေါ်သည်။ ကျွန်တော်က . . .

"ကိုမောင်မောင့်ကားဆိုတာ ဟုတ်ရဲ့လားဆရာ . . . "

ကျွန်တော့်စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေ၏။ သူကတော့ ကျိန်းသေပါတယ်ဆိုပြီး ဟွန်းတီးပြန်သည်။ ကိုမောင်မောင်ကို အရိပ်အယောင်တောင် မမြင်ရ။ သူက . . .

"နေပစေကွာ . . . ငါ့ဘာသာ မောင်းသွားမယ် . . . "

ဆိုပြီး ကားသော့အံနှင့်စတတ်တာမော်တာ ဆက်ထားသော ဝါယာကြိုးကိုရှာပြီး ဆွဲဖြုတ်နေ၏။

"ဖြစ်ပါ့မလား ဆရာ . . . တော်ကြာ . . . "

ကျွန်တော်ဆိုလိုတာက သူများကားဖြစ်နေလျှင် ခက်မယ်ဆိုသော သဘော။ ဒါကို သူက . . .

"ငါလုပ်တတ်ပါတယ်ကွ . . . အရင်က ငါ့အစ်မရဲ့ဂျစ်ကားကို ဒီလိုပဲ ယူမောင်းနေကျ . . . "

ဆိုပြီး ဝါယာကြိုးနှစ်စကို ပူးလိုက်သည်။ စတတ်တာမော်တာလည်သံကြားရ၏။ ထိုစဉ်မှာပင် . . .

"ဟေ့လူတွေ . . . ဘာလုပ်တာလဲ . . . ဘာလုပ်တာလဲ . . . "

ဆိုသော အော်သံနှင့်အတူ လူနှစ်ယောက် ကားဆီပြေးလာသည်။

"ကားသူခိုးဗျို့ . . . ကားသူခိုး . . . "

သူတို့က အော်ဟစ်အကူအညီတောင်းသည်။ ကံကောင်းချင်တော့ အနီးအနားမှာ လူမရှိ။ ညဆယ့်တစ်နာရီလောက်ဆိုတော့ လူကရှင်းနေသည်။ တကယ်လို့သာ နေ့လယ်ပိုင်း သို့မဟုတ် ညဦးပိုင်းဆိုလျှင်တော့ ဘေးနားက လူတွေဝိုင်းရိုက်တာနဲ့ ကိစ္စများလိမ့်မည်။

ခုတော့ သူတို့ကလည်း နှစ်ယောက်။ ကျွန်တော်တို့ကလည်းနှစ်ယောက်ဆိုတော့ အရမ်းမလုပ်ရဲ။

"ခင်ဗျား . . . ဒါဘာလုပ်တာလဲ . . . "

ဆိုပြီးတော့သာ ကားနားကပ်လာသည်။ ကျွန်တော့်ပုဂ္ဂိုလ်ကတော့ ခပ်အေးအေးပင် . . .

"ဟေ့ . . . မောင်မောင် မပါဘူးလား . . . သူ့ကားကလဲ ကားစုတ်ကြီး . . . ဒေါက်ဂူးလဲ မဟုတ်ဘူး . . . "

ဟု မေးပြောပြောနေသေးသည်။

"ဘာမောင်မောင်လဲ . . . ခင်ဗျားတို့ အူကြောင်ကြောင်လုပ်မနေနဲ့ . . . "

ပြောပြီး အကူအညီတောင်းရန် ဟိုဒီကြည့်ပြန်သည်။

ကျွန်တော်ကဝင်၍ မိတ်ဆွေတစ်ယောက်ရဲ့ကားနဲ့ မှားသွားလို့ပါဟု ရှင်းပြရသည်။

"ဟုတ်တယ် . . . မောင်မောင့်ကားလဲ ဂျစ်ကားပဲ . . . "

ဟု ကျွန်တော့်ပုဂ္ဂိုလ်က ဝင်ပြောပြန်သည်။

"ဂျစ်ကားတွေတိုင်း ကိုယ့်အသိကားလို့ ပြောလို့ရမလား . . . "

"ခင်ဗျားတို့ကားက မောင်မောင့်ကားနဲ့ တူတာကိုးဗျ . . . "

"ဂျစ်ကားကတော့ အားလုံးပုံစံတူချည်းပဲဗျ . . . "

ကျွန်တော်လည်း . . .

"ဟုတ်ပါတယ် . . . ဆရာ ကားမှားပြီးတက်မိတာပါ . . . လာပါ ဆရာ . . . "

ကားပေါ်က ချော့မော့ဆင်းခိုင်းပြီး ဟိုလူတွေကိုလည်း တောင်းပန်ရသည်။ လူအင်းအားချင်းကလည်းမျှနေ၊ ကျွန်တော်တို့ဆရာကလည်း မူးနေ၊ ပြီးတော့ ကားသူခိုးဆိုလည်း လူမိလျှင် ထွက်ပြေးရမှာ၊ ခုတော့ ပြန်တောင် ဟောက်နေသဖြင့် ဟိုလူတွေလည်း ဘာမှ ထပ်မပြောတော့ပဲ ကားပေါ်တက်၍ မကျေမနပ်ရေရွတ်ရင်း မောင်းထွက်သွားသည်။

ဆရာကတော့ မလျှော့သေး။ ကားထွက်သွားရာကို လိုက်ကြည့်ရင်း . . .

"ငါ သေသေချာချာ မှတ်မိပါတယ်ကွာ . . . ဧကန္တ . . . ဒီလူတွေ ဒီကားကို မောင်မောင့်ဆီက ဝယ်လိုက်တာ မကြာသေးဘူးထင်တယ် . . . "

လုပ်နေသေးသည်။ ကျွန်တော်ကလည်း ကားကိုလှမ်းကြည့်လိုက်ပြီးမှ တစ်ခု သွားသတိရ၏။ ကာတွန်းကိုမောင်မောင့်ကားက အစိမ်းရောင်၊ ဒီကားက နက်ပြာရောင်။ ဘာမှုမဆိုင်။

*************

နောက်ဆရာတစ်ယောက်ကျတော့ တစ်မျိုး။

သူ့ကိုအိမ်လိုက်ပို့စဉ် လမ်းမကြီးက သွားတာ ကြာတယ်ဆိုပြီး ရပ်ကွက်တွေထဲက ဖြတ်ဝင်၏။ တချို့ရပ်ကွက်လမ်းတွေက အတော်မှောင်သည်။ တစ်နေရာကျတော့ ကွင်းပြင်တစ်ခုကို ဖြတ်ရ၏။ ကွင်းအစပ်အရောက်တွင် တစ်ဖက်မှ လက်နှိပ်ဓာတ်မီးရောင်ကို လှမ်းမြင်ရသည်။ သူက . . .

"ဟော့ကောင် . . . ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကင်းလှည့်လာတာဖြစ်မယ် . . . သူတို့နဲ့တွေ့ရင် မေးလားမြန်းလားနဲ့ အရစ်ရှည်နေဦးမယ် . . . သစ်ပင်ပေါ်တက်ပုန်းနေရအောင် . . . "

ပြောပြီး သူက ပိတောက်ပင်ပေါ် လှစ်ခနဲ တက်သွားသည်။ သူက မူးလာတိုင်း သစ်ပင်တက်နေကျဆိုတော့ အခက်အခဲမရှိ။ ကျွန်တော်ကတော့ သစ်ပင်ပေါ်တက်ပုန်းလို့ မိသွားမှ ပိုမသင်္ကာဖြစ်မည်ဟု တွေးပြီး ယောင်ချာချာပင် ရပ်နေလိုက်၏။ သူတို့က လက်နှိပ်ဓာတ်မီးနှင့်လှမ်းထိုးရင်း အနားကပ်လာသည်။

"ဘာလုပ်နေတာလဲ . . . "

"ကျွန်တော် . . . ဟို . . . အပေ့ါသွားချင်လို့ . . . "

သူတို့က ဟိုဒီကြည့်ပြီး . . .

"စောစောက နှစ်ယောက်မြင်လိုက်တယ် . . . နောက်တစ်ယောက်ကော . . . "

ဟု မေးလာသည်။ ကျွန်တော်လည်း ဘယ်လိုဖြေရမှန်း မသိပဲ 'အင်း . . . အဲ . . . ' လုပ်နေတုန်း . . .

"အား . . . ဝူး . . . ဝါး . . . "

ကျွန်တော့်ဆရာသည် တာဇံလိုအော်လိုက်ပြီး ဝုန်းခနဲခုန်ဆင်းလာသည်။ ဟိုလူတွေ လန့်ဖျပ်သွား၏။ ပြီးမှ . . .

"ခင်ဗျား . . . ဒါ . . . ဒါ . . . ဘာလုပ်တာလဲ . . . ဟင် . . . "

"ခင်ဗျားတို့က ဘာမို့လို့ မေးလားမြန်းလားလုပ်နေရတာလဲ . . . "

"ကျွန်တော်တို့ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်တွေဗျ . . . တာဝန်အရ မေးတာ . . . "

"ကျုပ်လဲ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ပဲ . . . "

"ဘာ . . . ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဆိုပြီး သစ်ပင်ပေါ် ဘာတက်လုပ်တာလဲ . . . "

သူတို့က ယုံကြည်ပုံမရ။

"ဒါဆို ခင်ဗျားစိစစ်ရေးကတ် ပြစမ်းပါ . . . "

တစ်ယောက်က ပြောသည်။ ကျွန်တော်ကတော့ 'သွားပြီ . . . အလိမ်ပေါ်ပြီ . . . 'ဟု စိတ်ထဲကရေရွတ်ရင်း စိုးရိမ်သွားမိ၏။ ကျွန်တော့်ပုဂ္ဂိုလ်ကတော့ ခပ်တည်တည်ပင် အိပ်ကတ်ထဲက ကတ်ပြားတစ်ခု ထုတ်ပေးလိုက်သည်။ ခုမှ ကျွန်တော်သဘောပေါက်သည်။ သူ ထုတ်ပေးလိုက်သော ကတ်ပြားကလည်း ကောင်စီဝင်ကတ်ပါပဲ။ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတော့မဟုတ်။ ပန်းချီပန်းပုကောင်စီ။

ဘာပဲဖြစ်ဖြစ် ထိုကတ်ပြားသည် ကျွန်တော်တို့ မသမာသူများမဟုတ်ကြောင်းကိုတော့ သက်သေပြလိုက်နိုင်သည်။ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်တစ်ဦးက ကတ်ပြားကို လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်ပြီး . . .

"သြော် . . . ပန်းချီဆရာကိုး . . . ဒါနဲ့ ဆရာက သစ်ပင်ပေါ် ဘာတက်လုပ်တာလဲ . . . "

ထိုအခါ ကျွန်တော်က အလျင်အမြန်ဝင်၍ ပြောလိုက်ရ၏။

"ဟိုဟာလေ . . . ဆရာက . . . ဟိုဒင်း . . . ညရှုခင်းကို ပန်းချီဆွဲချင်လို့ မြင်ကွင်းကောင်းတဲ့နေရာကို အပေါ်စီးက တက်ကြည့်တာပါ . . . "

သူတို့သည် အနုပညာသမားဆိုတာ ဒီလိုခပ်ကြောင်ကြောင်တွေပဲဟု ထင်သွားသလားမသိ။ ဘာမှ ပြဿနာ မရှာတော့ပဲ . . .

“ရှခင်းကြည့်ချင်ရင်လဲ နေ့ခင်းဘက် မြင်သာထင်သာကျမှကြည့်ရောပေါ့ဗျာ . . . ကဲ . . . ကဲ . . . သွားကြပါတော့ . . . ဒီနားက လူပြတ်တယ်ဗျ . . . လူဆိုးသူခိုးနဲ့တွေ့နေရင် မကောင်းဘူး . . . ”

ဆိုပြီး အသာတကြည်ပင် ခွင့်ပြုလိုက်၏။ ဒီတော့မှ ကျွန်တော်သက်ပြင်းချနိုင်သည်။

နည်းနည်းပါးပါး ကိုယ့်ကိုယ်ကိုယ်ထိန်းနိုင်ဟန်နိုင်သေးလျှင် လိုက်ပို့ရတာ မထောင်းတာလှ။ တချို့ကျ တော့ ခြေလှမ်းတောင် မှန်အောင်မလှမ်းနိုင်သူတွေ ရှိ၏။

သူတို့လမ်းလျှောက်ပုံမှာ တော်တော်ထူးဆန်းသည်။ ခြေလှမ်းက ရှေ့ကို လှမ်းတော့လှမ်းတာပဲ။ လူက မရွေ့။ ဒီလိုပုံစံမျိုးကို တုပပြီးလျှောက်ကြည့်ဖို့တောင် မလွယ်။ သူတို့ကိုယ်တိုင်ပင်လျှင် မမူးပဲ သာမန်အချိန်မှာ လျှောက်ခိုင်းလျှင် လျှောက်တတ်မည်မထင်။

ဒီအခါမှ ဘေးက အသာတွဲပြီး ရှေ့ကို တွန်းတွန်းပေးရ၏။ လူကောင်သိပ်မကြီးလျှင် တော်သေးသည်။ တချို့ကျတော့ နည်းတဲ့ ကိုယ်ခန္ဓာမဟုတ်။ ကျွန်တော်က ပိန်ပိန်သေးသေးဆိုတော့ မထိန်းနိုင်။ ထိုအခါ ကိုယ်ပါ ရောစွဲ၍ယိမ်းထိုးနေသည်။ ဘေးလူအမြင်မှာတော့ မဟန်နိုင်လောက်အောင် မူးနေသူနှစ်ယောက်၏ အညမညဖြစ်စဉ်ဟု ထင်ပေလိမ့်မည်။

ဒီလိုပုဂ္ဂိုလ်မျိုးကျတော့ ဆိုက်ကားငှားတန် ငှား၊ ခရီးဝေးလျှင် တက္ကစီငှားပြီး ပို့ပေးရ၏။ ကားခကိုလည်း ကိုယ်ကပင် ထုတ်ရသည်။ တချို့ သူ့အိမ်နှင့်ကိုယ့်အိမ် ရန်ကုန်အရှေ့စွန်နှင့် အနောက်စွန် လုံးဝဆန့်ကျင်ဘက်ဖြစ် နေတတ်သည်။ သူ့ကို ကားငှားပြီး တကူးတက လိုက်ပို့ရသည်။ ကိုယ်ကတော့ ဘတ်စ်ကားတစ်လှည့်၊ ဆိုက်ကား တစ်လှည့်၊ ကုန်းကြောင်းတစ်လှည့် ဖြစ်သလို ပြန်ရသည်။

ဒါတောင် မျက်နှာကောင်း ရချင်မှ ရသည်။ ကိုယ့်ဆရာတွေက သူတို့ကို ဘယ်သူက အပင်ပန်းခံပြီး လိုက်ပို့တယ်ဆိုတာ မှတ်မိချင်မှ မှတ်မိသည်။ ဆရာတစ်ယောက်ဆိုလျှင် သူ့ကို တစ်လမ်းလုံး ဒုက္ခခံပြီး ထိန်းလိုက် တွဲလိုက်ဆွဲလိုက် လုပ်လာရသည်။ ကားငှားပြီး ပြန်ပို့တော့လည်း တစ်လမ်းလုံး ကားသမားကို ပြဿနာရှာလာ သည်။

မီးကြိုးဖွင့်မောင်း၊ အချက်ပြလိုက်ဦး၊ ကွေ့ရင်ဂီယာချိန်းမှပေါ့ . . . စသည်ဖြင့် ဆရာလုပ်နေသည်။ ကားသမားက နည်းနည်းစိတ်တိုလာပြီး . . .

“ဒါကြောင့် အရက်သမားဆို မလိုက်ချင်တာ . . . ”

ဟု ရေရွတ်သည်။ ထိုအခါ ကျွန်တော့်ဆရာက ပွဲကြမ်းတော့သည်။ ကားသမားသည် ခရီးကို မရည်ရှည် အောင် ကွေ့ပတ်မောင်းယူပြီး ပိုက်ဆံညာယူသည်ဟု စွပ်စွဲသည်။

“ငါတို့ကို အချဉ်တွေ မှတ်နေသလား . . . ”

ဆိုသောစကားကို ထပ်ကာထပ်ကာ ပြောသည်။ တကယ်တော့ သူပြောတာ လုံးဝပြောင်းပြန်ကြီးဖြစ်၏။ ကားငှားရာမှာ ဘယ်သွားမလဲပြော၊ ဈေးပြောဈေးညှိ၊ အဆင်ပြေရင် စီးရခြင်းဖြစ်၏။ မီတာနှင့်ငှားရခြင်း မဟုတ်။ ဘယ်ကားသမားကမှ ကွေ့ပတ်ပြီး မမောင်း။ သူတို့ဓာတ်ဆီအကုန်သက်သာအောင်၊ အချိန်ကုန်သက်သာအောင် အနီး ဆုံးလမ်းက အမြန်ဆုံး မောင်းကြရခြင်းသာ ဖြစ်၏။

ကျွန်တော့်မှာ သူလည်း ငြိမ်အောင်၊ ကားသမားလည်း စိတ်မတိုအောင် တစ်လှည့်စီ ချော့ရသည်။ ဒီလိုနှင့် အိမ်ရှေ့ရောက်၊ ကားခရင်း၊ ကားပေါ်ကဆင်း၊ သူ့အိမ်ပေါ် ယိုင်ထိုးယိုင်ထိုးနှင့်တက်၊ အိမ်ပေါက်ဝအရောက်တွင် ကျွန်တော့်ကိုလှည့်ပြီး နှုတ်ဆက်လိုက်ပုံက . . .

"ဂွတ်နိုက် ကိုသွေး . . . ကျေးဇူးပဲဗျာ . . . " တဲ့။

ဆရာမောင်သွေးသစ်နှင့် ကျွန်တော့်ကို မှားပြီး နှုတ်ဆက်သည်။ ကြည့်ပါဦး၊ ဆရာမောင်သွေးသစ်က ဖြူဖပ်ဖြူရော်၊ ကျွန်တော်က ညိုညစ်ညစ်၊ လုံးဝတခြားစီ။

ဒါလည်း တစ်ခုတော့ ကောင်းသည်။ သူ့နှုတ်ဆက်သံကိုကြားလျှင် အိမ်ထဲက သူ့မိန်းမက ဆရာမောင်သွေးသစ်နှင့်သောက်ပြီး မူးလာတာပဲထင်လိမ့်မည်။ ကျွန်တော်အပြစ်လွတ်သွားပြီ။ တချို့မိန်းမတွေက သူတို့ယောကျာ်းတွေ ကိုယ့်ဟာကိုယ်ကြိုက်လို့သောက်တာကို အပြစ်မမြင်။ အပေါင်းအသင်းမကောင်းလို့၊ သူငယ်ချင်းတွေက ဖျက်ဆီးလို့ဟု ထင်တတ်ကြသည်။

********

ဆရာတွေနှင့် လိုက်မသောက်ချင်သည့် အကြောင်းတစ်ခုလည်း ရှိသေးသည်။ များသောအားဖြင့် စာပေအယူအဆချင်း တူရာတူရာအုပ်စုဖွဲ့ပြီး သောက်လေ့ရှိကြသည်။ ကျွန်တော်က ဘယ်အုပ်စုမှာမှမပါ။ အားလုံးနှင့်အဆင်ပြေအောင် နေချင်သူသာဖြစ်၏။ ဘယ်အုပ်စုနှင့်မဆို ဝင်ထိုင်လို့ရသည်။

သို့ရာတွင် အုပ်စုတစ်စုနှင့်လိုက်သွားလျှင် တခြားအုပ်စုတစ်စုက တမျိုးမြင်ချင်မြင်မည်။ လိုက်သောက်မိသည့်အခါမှာလည်း သတိထားရသည်။ သူတို့နှင့်မတည့်သော အခြားအုပ်စုတစ်ခုခုမှ လူတစ်ယောက်ကို ချီးကျူးတာမျိုးမလုပ်မိဖို့အရေးကြီးသည်။ ပြောမိလျှင် ဝိုင်းပြီးနိပ်ကွပ်တာ ခံရမည်။

တစ်ခါတလေကျတော့ တခြားအုပ်စုတစ်စုကဖြစ်စေ၊ သီးခြားနေသူပင်ဖြစ်စေ ကိုယ်နှင့်သိပ်ခင်သူတစ်ယောက်အကြောင်းကို အရက်ဝိုင်းမှာ ပျစ်ပျစ်နှစ်နှစ် ဝေဖန်တိုက်ခိုက်နေတာမျိုး ကြုံရသည်။ ကိုယ်က မခံနိုင်လို့ ဝင်ပြီး ခုခံကာကွယ်ပြောလို့လည်း မဖြစ်။ တကယ်လို့ အပြောခံရသူပုဂ္ဂိုလ်၏ အသိတစ်ယောက်ယောက်က မြင်သွားကြားသွားလျှင် ကိုယ်ပါ အလိုတူအလိုပါအဖြစ် ထင်ခံရနိုင်သည်။

တစ်ခါတလေများ သူတို့ဝေဖန်ချင်သူက ကျွန်တော်နှင့်ခင်မှန်းသိသဖြင့် ကျွန်တော့်ကို ထိုသူ့ကိုယ်စားလှယ်အဖြစ် အတင်းသတ်မှတ်ပြီး ဝိုင်းဆော်တာခံရသည်။

ထို့ကြောင့် အုပ်စုဖွဲ့သောက်ကြသည့် အရက်ဝိုင်းများကို ကျွန်တော်ရှောင်သည်။ ဒီလိုဆိုသောကြောင့် စာရေးဆရာဆိုတဲ့လူတွေဟာ အရက်တူတူသောက်လို့မကောင်းသောသူတွေ၊ သွေးဆိုးပြီး ရစ်တတ်သူတွေ၊ သူများမကောင်းကြောင်း ကွယ်ရာမှာ ပြောတတ်သူတွေချည်း ဖြစ်သည်ဟု မထင်ကြစေလိုပါ။

စာပေသမားတွေထဲမှာ ချစ်စရာကောင်းသော အလေ့အထလေးတွေလည်း ရှိပါသေးသည်။

ထိုစဉ်က မဂ္ဂဇင်းများသည် လကုန်ရက်လောက်မှာ ထွက်လေ့ရှိသည်။ စာမူခကိုတော့ လဆန်းပထမပတ်မှ လလယ်လောက်အထိအတွင်းမှာ ပေးလေ့ရှိ၏။ ဝတ္ထုတိုတစ်ပုဒ်အတွက် စာမူခ ခုနစ်ဆယ့်ငါးကျပ်ခန့် ရတတ်သည်။ ဟိုတုန်းကတော့ ငွေခုနစ်ဆယ့်ငါးကျပ်မှာ လူငါးယောက်လောက်ကို ဘီအီးတစ်ဝိုင်းလောက် ကောင်းကောင်းတိုက်နိုင်သည်။

ဒီနေ့ တစ်ယောက်က စာမူခရလျှင် နီးစပ်ရာတစ်ဖွဲ့လုံးခေါ်သွားပြီး တိုက်ရသည်။ နောက်တစ်နေ့ကျတော့ နောက်တစ်ယောက် စာမူခရလျှင် သွားကြပြန်သည်။ သူ့အလှည့်လည်း ကိုယ်လိုက်သောက်၊ ကိုယ့်အလှည့်လည်း သူ့ကိုတိုက်၊ ဒီလိုနဲ့ ဝိုင်းတွေကမပြတ်တော့။

ဒါကိုပင် ကျွန်တော်ကကြောက်ခြင်းဖြစ်၏။ သူတို့အလှည့်ကျတော့ လိုက်သောက်ပြီး ကိုယ့်အလှည့်မှာ ပြန်မတိုက်လျှင်မကောင်း။ ကိုယ့်အလှည့်မှာတိုက်ပြီး သူတို့အလှည့်ကျတော့ မလိုက်ချင်ဘူးပြောလို့လည်း မရ။ တစ်ခါလိုက်မိလျှင် အပြန်အလှန်ပွဲပေါင်း ဆယ့်လေးငါးပွဲဆက်တတ်သည်။

ကျွန်တော်က နေ့တိုင်းသောက်နိုင်တာမဟုတ်။ ပြီးတော့ များများလည်း သောက်နိုင်တာမဟုတ်။ ဒီနေ့သောက်ပြီး နောက်နေ့ကျလျှင် မအီမသာကြီး ဖြစ်နေတတ်သေးသည်။ တချို့ဆိုလျှင် အရက်မသောက်တတ်သဖြင့် အမြည်းလိုက်စားရာမှ နောက်တော့ အရက်ကိုပါမြည်းစမ်းကြည့်ရင်း အစွဲကြီးစွဲသွားသူတွေလည်း တွေ့ဖူးသည်။ ထို့ကြောင့် ထိုဝိုင်းများကို ကျွန်တော်ရှောင်ခြင်းဖြစ်၏။

စာရေးဆရာတွေထဲမှာ အတူတူသောက်လို့ကောင်းသူများလည်းရှိကြောင်း တင်ပြမှသာ တရားမျှတမှုရှိလိမ့်မည်ဟု ထင်ပါသည်။ ဒီထဲက ကျွန်တော်နှင့်တူတူ အကြိမ်များများလည်းသောက်ဖူးပြီး နာမည်ထုတ်ပြောလို့လည်း တင့်တယ်သူများကို ဖော်ပြပါမည်။

ဆရာအောင်ပြည့်၊ ဆရာချစ်ဦးညို၊ ဆရာမောင်ခိုင်မာ၊ ဆရာမြေဇာတို့ဖြစ်၏။ (ကျွန်တော်တစ်ဦးတည်း၏ မှတ်ချက်သာဖြစ်ပါသည်။ တခြားနေရာတွေမှာ ထိုဆရာများ ပွဲကြမ်းခဲ့တာမျိုး ရှိခဲ့လျှင်တော့ တာဝန်မယူပါ။ လူကြီးတွေထဲမှာလည်း အတူသောက်လို့ကောင်းသူတွေရှိပါသည်။ ဂိုဏ်းသင့်မည်စိုးသောကြောင့် မဖော်ပြခြင်းကို ခွင့်လွှတ်စေလိုပါသည်။)

ဆရာချစ်၊ ဆရာခိုင်နှင့် ဆရာမြေတို့နှင့် ရန်ကုန်မှာ အတူသောက်ခြင်းထက် နယ်သို့ စာပေဟောပြောပွဲ တူတူသွားကြရာမှာ သောက်ခြင်းတို့က များပါသည်။ သူတို့သည် ကျွန်တော့်ထက် အသက်ရောဝါပါ အတော်အတန်ကြီးကြသော်လည်း သူငယ်ချင်းပေါင်း ပေါင်းကြသဖြင့် အဆင်ပြေသည်။ သူတို့နှင့်သောက်သောအခါ လေးစားမှုတွေ၊ ရိုသေမှုတွေ လုပ်နေစရာမလို။ နောက်ချင်နောက် ပြောင်ချင်ပြောင်၊ နေချင်သလိုနေ၊ ဗသောက်ချင်သလိုသောက်လို့ရသည်။

သူတို့နှင့် ကျွန်တော်သည် စာရေးရာမှာ လိုင်းချင်းမတူကြ။ သို့ရာတွင် ပြဿနာမရှိ။ စာပေအယူအဆလည်း တူချင်မှတူမည်။ သို့ရာတွင် အငြင်းမပွားခဲ့ကြ။

စာပေအယူအဆဆိုလို့ ခုဒီစာကို ရေးနေရင်းကမှ သတိရသည်။ သူတို့နဲ့ ငါနဲ့ စာပေအယူအဆတူသလား မတူဘူးလား၊ ကျွန်တော်မသိ။ စာပေအယူအဆအကြောင်း ပြောတောင် ပြောခဲ့ကြဖူးကြရဲ့လား၊ ကျွန်တော် မမှတ်မိတော့။

တကယ်တော့ ကျွန်တော်တို့သည် စာပေအယူအဆချင်း တူ မတူ ညှိပြီးမှ ပေါင်းခဲ့ကြခြင်းမဟုတ်။ တစ်ယောက်နှင့်တစ်ယောက် တွေ့ရင်းဆုံရင်း စာပေဟောပြောပွဲတွေ အတူသွားရင်း ဒီလိုပဲ ခင်မင်သွားကြခြင်းသာဖြစ်၏။

ဆရာအောင်ပြည့်နှင့်ကတော့ စာရေးဆရာတွေထဲမှာ အတူတူသောက်ဖြစ်သည့်အကြိမ် အများဆုံးဖြစ်၏။ သူသည် စာပေသမား၊ ရုပ်ရှင်သရုပ်ဆောင်အနေဖြင့် ဆက်စပ်မှုရှိရုံမက ဂျီသြမေတြီနည်းဖြင့်တွက်ကြည့်လျှင် ဆွေမျိုးနီးစပ်လည်းတော်နေသဖြင့် ကျွန်တော်တို့နှင့် အဆက်အဆံများလှသည်။

သူ ကျူရှင်ဆရာလုပ်နေရာမှ စာပေဘက်ကိုပြန်ပြီး ခြေဦးလှည့်လာစဉ်ကာလမှာ ကျွန်တော်နှင့် တော်တော်တွဲဖြစ်လိုက်သေးသည်။ တကယ်တော့ သူသည် အော်ကျူးလိုပင် ကျွန်တော့်အစ်ကိုများနှင့် တွဲသောက်နေကျဖြစ်၏။ နောက်တော့ ကျွန်တော့်အစ်ကိုတွေ ရုပ်ရှင်ဘက်မှာ အလုပ်များနေချိန်၊ သူက စာရေးတဲ့ဘက်ဦးလှည့်လာချိန် ကျွန်တော်နှင့်ဆုံမိခြင်း ဖြစ်၏။

သူနှင့်သောက်ရတာအဆင်ပြေသည်။ သူက အတင်းအကျပ်လည်း မခေါ်။ စည်းလည်း မစည်းရုံး။ ညနေဘက် သူဆိုင်ဘက်သွားခါနီးတွင် . . .

"ဟေ့ကောင် . . . လိုက်ဦးမလား . . . "

ဟု ခေါ်သည်။ လိုက်ချင်လည်း လိုက်သွား၊ မလိုက်ချင်လည်း . . .

"ဒီနေ့တော့ မလိုက်တော့ဘူး ဆရာပြည့်ရာ . . . "

ဟု ပြောလိုက်လျှင် ပြီးသည်။ သောက်တဲ့အခါမှာလည်း ကိုယ်နိုင်သလောက် သောက်ရုံပဲ။ သူ့ကို ဦးစားပေးနေစရာ မလို။ ရိုသေလေးစားပြနေစရာ မလို။ လွတ်လွတ်လပ်လပ် နေနိုင်သည်။ ပြောချင်ရာ ပြောနိုင်သည်။ နောက်လို့ပြောင်လို့လည်း ရသည်။ သူနှင့်တူတူသောက်ရတာ ပျော်စရာကောင်းသည်။

သူက စကားပြောကောင်းသူလည်း ဖြစ်၏။ အကြောင်းအရာတစ်ခုကို သိုင်းဝိုင်းဖွဲ့နွဲ့ပြီး ပြောတတ်သည်။ ပြောနေရင်းက အရွှန်းဖောက်တတ်သည်။ ပြောစရာတွေကလည်း မကုန်နိုင်။ နောက်ဆုံး ပြောစရာမရှိလျှင် မနက်အိမ်ကထွက်အလာ အမြန်ကားပေါ်မှာ တွေ့ရကြုံရပုံကိုပင် စိတ်ဝင်စားစရာဖြစ်အောင် ပြောတတ်သည်။ ၏

ကျွန်တော်နှင့်ပတ်သတ်ပြီး ကျွန်တော့်သူငယ်ချင်းတွေနှင့်ပါ သူနှင့်ပေါင်းမိကုန်သည်။ များစွာသောအခါတို့တွင် ကျွန်တော်တို့လူငယ်တွေကြားထဲမှာ ဟောပြောပွဲအသေးစားလေး လုပ်နေသော ဆရာပြည့်ကို တွေ့ရတတ်လေ၏။

ကျွန်တော့်မင်္ဂလာဆောင်တုန်းကတောင် လူပျိုညကို သူနှင့်အော်ကျူးတို့က ဦးဆောင်ပြီး ကျင်းပခဲ့သေးသည်။ ထိုပွဲတွင် ဆရာပြည့်က သီချင်းဆိုပြီး အော်ကျူးက ကွေးနေအောင်ကခဲ့တာ ပြန်တွေးရင် လွမ်းစရာ။

ခုတော့ဖြင့် တိုက်တိုက်ဆိုင်ဆိုင်ပင် ဆရာပြည့်၊ ဆရာချစ်၊ ဆရာခိုင်၊ ဆရာမြေတို့လေးယောက်စလုံး အရက်ပြတ်နေကြပြီဟု ဆို၏။ (ရန်ကုန်၊ နိဝင်ဘာ၊ ၉၈)

(တလောကတော့ ဆရာချစ်ဦးညိုက ဘီယာလေးဘာလေးလောက်တော့ တစ်ခါတလေချရရင် ကောင်းမလားဟု အဖော်ဆွယ်သေးသည်။ သူ့အကြံကို ကျွန်တော်သိ၏။ ကျွန်တော်က အတင်းတိုက်လို့သောက်ရတာပါဆိုပြီး သူ့လေဒီကြီးကို အကြောင်းပြလိမ့်မည်။ တရားခံရှာနေခြင်းဖြစ်ကြောင်း ရိပ်မိသဖြင့် အပြတ်ငြင်းလိုက်ရသည်။)

စာပေဟောပြောပွဲတွေ သွားပြီဆိုလျှင်တော့ အရက်ကိုလည်းကောင်း၊ အရက်သောက်တတ်သူများကိုလည်းကောင်း ရှောင်လို့မရတော့။ ဟိုတစ်ချိန်က စာပေဟောပြောပွဲတစ်ခု ကျင်းပတော့မည်ဆိုလျှင် ယမကာသည်လည်း အစီအစဉ်တစ်ခုအဖြစ် မပါမဖြစ် ပါရသည်။ ဟောပြောပွဲစီစဉ်သူတို့မှာ ယမကာနှင့်ပတ်သတ်သောအစီအစဉ်ကို အခမ်းအနားခင်းကျင်းပြင်ဆင်ရေး၊ သက်ဆိုင်ရာအာဏာပိုင်များထံမှ ပွဲမိန့်ခွင့်ပြုချက်ရရှိရေး စသောကိစ္စများနှင့် တန်းတူထား၍ မလစ်ဟင်းအောင် စီစဉ်ကြရသည်။ ရမ်တို့ ဘရန်ဒီတို့ ဘီယာတို့ ရှားပါးစဉ်ကာလကဆိုလျှင် တချို့မြို့ငယ်လေးများက ဟောပြောပွဲဖြစ်မြောက်ရေးကော်မတီထဲတွင် ကုန်သွယ်ရေး (၄) မှ အဖျော်ယမကာဆိုင် တာဝန်ခံမန်နေဂျာကို မဖြစ်မနေ ထည့်သွင်းထားရသည့်အထိ အရေးပါခဲ့၏။

စာရေးဆရာတွေထဲမှာလည်း ငါးယောက်မှာ သုံးယောက်လောက်က အရက်သောက်တတ်သူတွေကိုး။

ကျွန်တော်ကတော့ ထုံးစံအတိုင်း ဟောပြောပွဲတွေသွားရာမှာလည်း အသက်ငယ်ဆုံးပင် ဖြစ်တတ်သည်။ ကျွန်တော့်အသက်အရွယ်၊ ကျွန်တော့်အဆင့်အတန်းအရ ဟောပြောပွဲမှာ ဘယ်စာရေးဆရာပါရင် မလိုက်ဘူး၊ ဘယ်စာရေးဆရာနဲ့မှတွဲမယ်ဟု ငြင်းပယ်ခွင့်၊ ရွေးချယ်ခွင့်မရှိ။ အဆင်သင့်သလို ကြုံသလိုတွဲလိုက်ရသည်။

ကျွန်တော်၏ပထမဆုံးသော စာပေဟောပြောပွဲခရီးမှာပင် တကယ့်ပွဲကြီးပွဲကောင်းနှင့် ကြုံရသည်။ သွားရမည့်နေရာမှာ ရန်ကုန်မှ လေးငါးနာရီလောက် ကားမောင်းသွားလျှင် ရောကနိုင်သည့်မြို့ဖြစ်၏။ ထိုမြို့သားအချို့က ရန်ကုန်က စာပေနယ်ထဲမှာ ရှိနေသည်။ သူတို့က ဦးဆောင်ပြီး ခေါ်သွားခြင်းဖြစ်၏။

သူတို့မှာ စာပေသမားတွေလည်း ဖြစ်၊ လူချင်းလည်း အတော်ခင်နေသဖြင့် သောက်ဖို့ကိစ္စကို အထူးအစီအစဉ် လုပ်ထားလေသည်။

ဟိုင်းလတ်ကားတစ်စင်းကို အသွားအပြန်အတွက် စင်းလုံးငှားလိုက်သည်။ နေ့လယ်ပိုင်းတွင် ရန်ကုန်မှ စထွက်သည်။ ကားခေါင်မိုးဝက်ခြံပေါ်မှာ လေးဂါလန်ဝင် ပုံးတစ်ပုံးဖြင့် ဘီအီးအပြည့်ထည့်ပြီး တင်ထားသည်။ ပုံးထဲတွင် ပလတ်စတစ်ပိုက်တစ်ခုကို စွပ်ပြီး ပြုတ်မထွက်အောင်ချည်ထား၏။ ပိုက်၏တစ်ဖက်စွန်းကို ကားနောက်ခန်းထဲရှိ လက်ကိုင်တန်းမှာ ကွင်းလျှောလိုလုပ်ထားသည့်ကြိုးမှာ ချိတ်ထားလိုက်သည်။

သောက်ချင်သူက ကြိုးကိုဆွဲလိုက်လျှင် အရက်ပိုက်က လက်ကိုင်တန်းအတိုင်း လျှောပြီး ကိုယ့်ရှေ့ရောက်လာ၏။ ပါးစပ်ခံပြီး ပိုက်ဝမှာတပ်ထားသည့် အဆို့ကလေးကိုဖြုတ်လိုက်လျှင် အရက်များ အလိုလိုထွက်ကျလာလိမ့်မည်။

ဒီလိုနှင့် ကားပေါ်မှာပါသည့် စာရေးဆရာတွေရော၊ အဖော်လိုက်လာသည့် အပေါင်းအသင်းတွေရော၊ လူနှစ်ဆယ်ခန့် တစ်လှည့်စီသောက်သွားကြသည်။

ဟိုရောက်တော့ မှောင်ရီပျိုးပြီ။ ထမင်းစားကြပြီးနောက် စာပေဟောပြောပွဲစတင်သည်။ ဇာတ်ရုံကြီးမှာပြုလုပ်ခြင်းဖြစ်၏။ အလှည့်ကျသူက ဟောနေတုန်း ကျန်သူများက ဇာတ်စင်နောက်ဖက်မှာ ဝိုင်းဖွဲ့ထိုင်နေကြသည်။ ညဆယ့်နှစ်နာရီလောက် ဟောပြောပွဲပြီးသည်။

ပြီးပြီးချင်းပင်ပြန်ကြသည်။ အပြန်ကျတော့လည်း အလာတုန်းကလိုပင် ခေါင်မိုးပေါ်က ပုံးထဲမှ ဘီအီးကို ပိုက်နှင့်စုပ်သောက်ကြပြန်သည်။ အတော်ကဲခဲ့ကြသောပွဲဖြစ်၏။ ဟောပြောပွဲကလည်း ပရိသတ်စည်စည်ကားကား။ ပြောလို့လည်း ကောင်း၊ သောက်လို့လည်း ကောင်း၊ ပျော်စရာကောင်းပြီး အောင်မြင်သော ပွဲတစ်ပွဲဖြစ်ခဲ့၏။

ကိုယ်နှင့်တူတူသွားရသည့် ဆရာတွေက အေးအေးဆေးဆေးမဟုတ်ပဲ အသောက်ကြမ်းရုံမက ရစ်တတ်သူ၊ ပြဿနာရှာတတ်သူတွေဆိုလျှင်တော့ သိပ်မလွယ်၊ အသက်အငယ်ဆုံးဖြစ်သော ကျွန်တော့်မှာ သူတို့ဆိုးသမျှ ခံဖို့၊ သူတို့မူးသမျှ ထိန်းဖို့ တမင်သက်သက်ခေါ်လာခဲ့သလို ဖြစ်ရလေတော့၏။

ရထားနှင့်ခရီးသွားကြသည့်အခါ ရန်ကုန်ဘူတာကြီးက ထွက်လို့ ငမိုးရိပ်တံတားကျော်တာနဲ့ ပုလင်းကိုစဖွင့်ကြတာ ထုံးစံလိုဖြစ်နေ၏။ အရက်ကလေး သောက်လိုက်၊ အမြည်းကလေး စားလိုက်၊ စကားလေးပြောလိုက် ဖိမ်ယူကြပြီးနောက် ညရှစ်နာရီလောက်မှာ ထမင်းစား၊ စကားဆက်ပြောရင်း ဗိုက်လေးလာ၊ ရီဝေလာပြီး အိပ်ပျော်သွားကြသည်။

အဲ . . . တစ်ခါတစ်ခါ အသောက်လောဘကြီးသော ဆရာတစ်ယောက်ယောက်ပါလာလျှင်တော့ . . .

တစ်ခါက ဟောပြောပွဲသွားကြရာ ဖိတ်ကြားသူများက အစစအဆင်ပြေအောင် စီစဉ်ပေးကြသည်။ အထက်တန်းအိပ်ခန်းထဲမှာ စားစရာ၊ သောက်စရာအပြည့်အစုံ ထည့်ပေးလိုက်၏။ သူတို့ကတော့ ရိုးရိုးတန်းကသာ လိုက်လာကြ၏။

အိပ်ခန်းဆိုတော့ သက်တောင့်သက်သာ ရှိသည်။ လွတ်လည်းလွတ်လပ်သည်။ စားရင်းသောက်ရင်း စကားပြောရင်း ခြေညောင်းလက်ဆန့်လှဲလို့လည်း ရသည်။ အတော်အဆင်ပြေသည့်ခရီးဖြစ်၏။

တစ်ခုပဲ ရှိသည်။ ဆရာတစ်ယောက်က တော်တော်သောက်နိုင်သည်။ ထမင်းစားကြရမှာပင် . . .

"စားနှင့်ကြ . . . ကျွန်တော် ပြီးမှစားမယ် . . . "

ဆိုပြီး ဆက်သောက်သည်။ ကျွန်တော်တို့ စာရေးဆရာအဖွဲ့မှာ လေးယောက်ဖြစ်၏။ ဆရာကြီးနှစ်ယောက်၊ ဆရာလတ်တစ်ယောက်နှင့် ကျွန်တော်တို့ဖြစ်၏။ အသောက်ကြမ်းသူမှာ ဆရာလတ်ဖြစ်သည်။ ဆရာကြီးတွေက သူ့အကြောင်း သိသဖြင့် . . .

"ဟေ့လူ . . . သိပ်လဲ မလုပ်နဲ့နော် . . . ဟိုကျတော့ ခက်နေဦးမယ် . . . "

ဟု သတိပေးသည်။

"ရပါတယ် ဆရာတို့ရဲ့ . . . ကျွန်တော့်လစ်မစ် ကျွန်တော်သိပါတယ် . . . ဒါလေးဖြတ်ပြီးရင် အိပ်မှာပါ . . . "

ဆရာကြီးများမှာ တားလို့ရမည်မဟုတ်မှန်းသိသဖြင့် ဆက်မပြောတော့ပဲ . . .

"မင်း သူ့ကို ကြည့်ထိန်းထားလိုက် . . . ဒီတစ်လုံးကုန်ရင် ဆက်မသောက်စေနဲ့ . . . တော်ကြာ ဟိုရောက်ရင် ထမ်းချနေရမယ် . . . "

ဟု ကျွန်တော့်ကို ကျိတ်၍တာဝန်ပေးပြီး သူတို့နှစ်ယောက်ကတော့ အပေါ်ဆင့်အိပ်စင်များပေါ် အသီးသီး တက်အိပ်ကြလေတော့သည်။ ခဏအကြာမှာ သူတို့ဆီက တခေါခေါဟောက်သံများကို အပြိုင်ကြားရလေသည်။

ကျွန်တော့်မှာတော့ . . .

ပုဂ္ဂိုလ်သည် တော်တော်နှင့်မအိပ်၊ တစ်ကျိုက်မော့လိုက်၊ စကားပြောလိုက်၊ တစ်ကျိုက်မော့လိုက် . . .။ ပုလင်းထဲက လက်ကျန်ကုန်တော့ နောက်တစ်ပုလင်း ဖွင့်ပါလေတော့သည်။ ကျွန်တော်က . . .

"ဆရာ . . . တော်ကြာ သိပ်ပြီး . . . ဟိုဒင်းဖြစ် . . . "

သူက လက်ကာပြပြီး . . .

"ကိုယ်သိတယ်လေ . . . နည်းနည်းလိုနေသေးလို့ပါ . . . "

ဆိုပြီး ထပ်မော့ပြန်၏။ ကျွန်တော်လည်း မအိပ်ပဲ သူပြောသမျှစကားကို နားထောင်ရသည်။ သူ့စကားသံက ဗလုံးဗထွေးဖြစ်လာပြီး ဘာတွေပြောနေမှန်းတောင် မသိတော့။ ပုလင်း၏ သုံးပုံတစ်ပုံလောက်ထပ်ချပြီးမှပင် ဇက်ကျိုးကျသွားသည်။

ကျွန်တော်လည်း သူ့ကို အိပ်စင်ပေါ်နေသားတကျဖြစ်အောင် လုပ်ပေးပြီး အိပ်ဖို့ပြင်ရသည်။ တကယ်မအိပ်လိုက်ရပါ။ မျက်စိတွေလေးလာပြီး အိပ်ပျော်လုလုမှာပင် ပုလင်းတွေလဲကျသံကြား၍ ထကြည့်လိုက်တော့ ကိုယ့်ဆရာက လက်ကျန်ပုလင်းတွေကို လိုက်စမ်းနေသည်။ လူကမထပဲ လက်ချည်းသာ လျှောက်ရမ်းနေသဖြင့် ပုလင်းလွတ်များကို တိုက်မိကုန်ခြင်းဖြစ်၏။ ကျွန်တော်လည်း ဆက်ခနဲထပြီး . . .

"ဘာလဲ ဆရာ . . . "

ဟု အသံပေးလိုက်၏။ သူက . . .

"ဘာမှ မဟုတ်ပါဘူး . . . အပေါ့သွားမလို့ . . . "

ဆိုပြီး ဒယိမ်းဒယိုင်ထရပ်သည်။ ကျွန်တော်လည်း သူ့ကိုတွဲပြီး အိမ်သာကိုလိုက်ပို့ရသည်။ ရထားက ယိမ်းထိုးနေရတဲ့ကြားထဲ သူကပါ ယိုင်ထိုးနေသဖြင့် ကျွန်တော့်မှာ လဲပြိုမကျအောင် အတော်ထိန်းရ၏။ အိမ်သာသွားပြီး အခန်းထဲပြန်ရောက်တော့လည်း လက်ကျန်ပုလင်းကို ဆွဲပြန်သည်။

"ဟတ်ပက်လောက်ဆို အဆင်ပြေသွားမယ် . . . "

ဟု ပြောပြီး မော့ချသည်။ ဟတ်ပက်သာဆိုတယ်၊ သူမျိုချတာ ဂလု ဂလု ဂလုနှင့် သုံးခါလောက်မြည်သွားသည်။ ကျွန်တော်လည်း မတတ်သာတော့သဖြင့် ပုလင်းကို လှမ်းယူလိုက်ပြီး . . .

"တော်လောက်ပြီထင်တယ် ဆရာ . . . "

ဟု လေသံခပ်ဆတ်ဆတ်နှင့် ပြောလိုက်ရ၏။ သူက . . .

"ဟုတ်ပြီ . . . သိုင်းကျူး . . . သိုင်းကျူး . . . "

ဆိုပြီး အိပ်စင်ပေါ် မှောက်ကျသွားလေ၏။

ကျွန်တော်စဉ်းစားရပြီ။ ဒီအတိုင်းဆို မလွယ်။ တော်ကြာ ထပြီးထပ်သောက်ဦးမှာပဲ။ တကယ်လို့ မနက်ဘူတာရုံမှာ ရထားဆိုက်သောအခါ လုံးဝမထနိုင်တော့ပဲ ဖလက်ပြနေလျှင် ရပ်ပျက်ဆင်းပျက်ဖြစ်တော့မည်။ ဘူတာရုံမှာ အုံလိုက်ကျင်းလိုက် လာကြိုကြမည့် မြို့ခံပုဂ္ဂိုလ်များရှေ့မှာ သိက္ခာကျတော့မည်။ ဒါတွင်မက အပေါ်ထပ်အိပ်စင်မှာ ကောင်းကောင်း "ယူ" နေကြသော ဆရာကြီးများက ကောင်းကောင်းမထိန်းရကောင်းလားဆိုပြီး ကျွန်တော့်ကို ဆူကြတော့မည်။

မတတ်နိုင်သဖြင့် ပုလင်းထဲက လက်ကျန်အရက်များကို သွန်ပစ်လိုက်ရတော့သည်။

ထင်တဲ့အတိုင်းပဲ ကျွန်တော်လဲအိပ်ပြီး မကြာခင်မှာပင် ပုဂ္ဂိုလ်သည် လူးလွန့်လာသည်။ ယိုင်ထိုးယိုင်ထိုး ထပြီး ပုလင်းကိုရှာလေတော့သည်။ ပုလင်းလွတ်တွေချည်း တွေ့သောအခါ . . .

"ဟာ . . . ဘယ်ရောက်သွားလဲ . . . ဘယ်ရောက်သွားလဲ . . . "

ဟု တတွတ်တွတ်ပြောနေသည်။ ကျွန်တော်လည်း စိတ်ပေါက်ပေါက်ရှိသဖြင့် . . .

"ကျွန်တော် အကုန်သောက်ပစ်လိုက်ပြီ . . . "

ဟု အိပ်နေရာက မထပဲ ပြောလိုက်သည်။

သူက 'ခက်တာပဲ' ဟု ပြောသည်။ ခေါင်းကုတ်လိုက် ပြန်လှဲလိုက်၊ ထထိုင်လိုက်၊ 'ခက်တာပဲ' ပြောလိုက်၊ ပုလင်းလွတ်တွေကို ကိုင်ကြည့်လိုက်၊ လေးငါးကြိမ်လောက် ဒီပုံစံအတိုင်းဖြစ်နေပြီးမှ လက်လျှော့လိုက်ဟန်ဖြင့် အိပ်စင်ပေါ် ပစ်လှဲချသည်။ စန့်စန့်ရန့်ရန့် အိပ်သည့်ပုံစံမဟုတ်။ အိပ်ခန်းနံရံကို တစ်ပိုင်းမှီလျက် ခွေခွေခေါက် ခေါက်ကြီးဖြစ်နေခြင်း။

ကျွန်တော်လည်း စိတ်မရှည်တော့သဖြင့် အနေအထားကို သက်သက်သာသာဖြစ်အောင် ထ မပြင်ပေးတော့ပဲ ကိုယ့်ဘာသာ အိပ်ပျော်အောင်သာ ကြိုးစားလိုက်၏။ သူ့ဆီကတော့ ညည်းသံလိုလို သက်ပြင်းချသံလိုလို၊ တစ်ခါတစ်ခါ ခြေလက်များ ဂနာမငြိမ်ဖြစ်ရင်း နံရံကို ဒုန်းခနဲကန်မိ တိုက်မိသည့်အသံများ ကြားရသည်။

ကျွန်တော်သည် အိပ်ရာပြောင်းလဲဖြစ်၊ ရထားကလည်း လှုပ်၊ သူ့ကို စိတ်မချသည့်အာရုံကလည်း ရှိနေသဖြင့် တော်တော်နှင့်အိပ်မပျော်။ နာရီအနည်းငယ်ကြာမှ မှေးခနဲအိပ်ပျော်သွားစဉ်မှာပင် . . .

ရထားအရှိန် ရုတ်တရက်လျော့သွားသည်။ အပြင်ဘက်မှ လူသံသူသံကြားရသည်။ သာစည်ဘူတာကို ရထားဆိုက်ခြင်းပင်ဖြစ်၏။ ကျွန်တော်လည်း လန့်နိုးလာသည်။ ငြိမ့်ခနဲ ရထားဆိုက်တာနဲ့ တစ်ပြိုင်နက် သူ ငေါက်ခနဲထထိုင်လိုက်တာကို သတိပြုလိုက်မိ၏။

"ဇီးသီး . . . ဇီးသီး . . . "

"လိမ္မော်သီးတွေ . . . အောင်ပန်းလိမ္မော်တွေ . . . "

ဈေးသည်များ၏အသံများကို ကြားရသည်။ သူသည် ထရပ်လိုက်ပြီး ပြတင်းပေါက်ကို ဖွင့်သည်။ ပြတင်းမှခေါင်းထွက်ပြီး ဟိုဒီကြည့်သည်။ ကျွန်တော်လည်း လှဲနေလျက်ကပင် သူဘာလုပ်မလဲ စောင့်ကြည့်နေလိုက်၏။

ကောင်လေးတစ်ယောက်သည် သူ့ရှေ့မှာလာရပ်ပြီး မေးလိုက်သည့်အသံကြားရ၏။

"ဘာမှာပေးရမလဲ ဆရာ . . . လက်ဖက်ရည်လား . . . ကော်ဖီလား . . . နွားနို့ကောင်းကောင်းရတယ် . . . "

သူက 'ရမ်ရမလား'ဟု မေးလိုက်၏။ သို့ရာတွင် သူ့အသံက မပီ၊ လျှာလေးအာလေးဖြစ်နေသဖြင့် 'လမ်များ' ဆိုသော အသံမျိုးသာ ထွက်သွား၏။ ဒါကို ကောင်လေးက တစ်မျိုးကြားသည်။

"နံပြားလား . . . ရတယ်ဆရာ . . . ဘယ်နှစ်ချပ်လဲ . . . "

သူကလည်း ရတယ်ဆိုတာကိုသာကြားပြီး အားတက်သွားသည်။ ဘယ်နှစ်ချပ်လဲ မေးတာကို ဘယ်နှစ်ပက်လဲဟု ကြားဟန်တူသည်။ ထို့ကြောင့် . . .

"တစ်ပိုင်း . . . "

ဟု ပြောလိုက်သည်။ ကောင်လေးဆီမှ 'ဗျာ'ဆိုသော ရေရွတ်သံကြားရ၏။ တော်တော် အူကြောင်ကြောင် ဖြစ်သွားပုံရသည်။ နံပြားတစ်ပိုင်းမှာစားသူမျိုး တစ်ခါမှကြုံဖူးလိမ့်မည် မဟုတ်သဖြင့် ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်နေရှာဟန်တူ၏။ ကျွန်တော်လည်း မဖြစ်ချေဘူးဆိုပြီး ကမန်းကတန်းထလိုက်ရသည်။

ကိုယ့်ဆရာဘေးမှာ ဝင်ရပ်လိုက်ပြီး . . .

"ညီလေး . . . ဘာမှမဟုတ်ဘူးကွ . . . သူက နောက်နေတာ . . . "

ဟု ဝင်ပြောလိုက်ရ၏။ ကောင်လေးလည်း . . .

"နောက်စရာ ရှားလို့ဗျာ . . . ကျုပ်တို့က အချိန်လုပြီးလုပ်ရတာဗျ . . . "

ဟု မကျေမချမ်းပြောရင်း ထွက်သွား၏။ ပုဂ္ဂိုလ်လည်း ကျွန်တော့်ကို မျက်ထောင့်နီနှင့် တစ်ချက်ကြည့်သည်။ ပြီးမှ . . .

"ဟင့် . . . နောက်တာ . . . ဟင့် . . . နောက်တာ . . . "

ဟု ပြောပြီး အိပ်စင်ပေါ် ပြန်ခွေချလိုက်၏။

မန္တလေးဘူတာသို့ ရထားဆိုက်ခါနီးတွင် ဆရာကြီးနှစ်ယောက် နိုးလာသည်။

"ဟား . . . အိပ်လို့ ကောင်းလိုက်တာဗျာ . . . "

"ဟုတ်တယ် . . . တော်တော် အိပ်ရေးဝသွားတယ် . . . "

တစ်ယောက်နှင့်တစ်ယောက် အပြန်အလှန်နှုတ်ဆက်ကြ၏။ ထိုစဉ်မှာပင် ဟိုဆရာလည်း နိုးလာပြီး အပျင်းဆန့်လိုက်သည်။ အပြင်ကို လှမ်းကြည့်ပြီး . . .

"ရောက်ခါနီးပြီ ထင်တယ် . . . "

ဟု ပြောလိုက်၏။ သူ့ပုံစံကလည်း ညတုန်းကနှင့်တခြားစီ။ လုံးဝ ကြည်ကြည်လင်လင် လန်းလန်းဆန်းဆန်း၊ ကောင်းကောင်း အနားယူလိုက်ရသူတစ်ယောက်လို မျက်နှာတွေလည်း ပြည့်လို့။

ကျွန်တော့်မှာသာ တစ်ညလုံးမအိပ်ရသဖြင့် မူးနောက်ရီဝေနေသည်။ မျက်လုံးတွေ ဖန်ကျိန်းနေသည်။ မျက်နှာကလည်း ချောင်ကျနေမှာ သေချာသည်။

ဘူတာမှာ ရထားဆိုက်တော့ သူတို့သုံးယောက်လည်း ရှင်လန်းတက်ကြွစွာ ရထားပေါ်မှဆင်းပြီး လာကြိုသူများကို ပြုံးပြုံးရွှင်ရွှင် အားပါးတရနှုတ်ဆက်ကြ၏။ နောက်ဆုံးမှ ငေါင်တောင်တောင် လေးကန်ကန်ဆင်းလာတာက ကျွန်တော်။ မြို့ခံတွေထဲက ကျွန်တော်နှင့်ရင်းနှီးသော စာပေသမားတစ်ယောက်က ကျွန်တော့်ပုံကိုကြည့်၍ . . .

"ဘယ်လိုလဲ . . . ခင်ဗျား ညကသောက်တာ တော်တော်များသွားတယ် ထင်တယ် . . . "

ဟု အနားကပ်ပြီး တိုးတိုးပြောလိုက်လေ၏။

ဒီလိုကိစ္စမျိုးတွေ ရှိတတ်သော်လည်း စာရေးဆရာအများစုမှာ စည်းကမ်းတစ်ခုကိုတော့ လိုက်နာလေ့ရှိပါသည်။ သောက်တာမူးတာက တခြား၊ စာပေဟောပြောပွဲတာဝန်ကို ကျေပွန်ဖို့က တခြား၊ စည်းခြားနိုင်ကြခြင်းပင်ဖြစ်၏။

တချို့ဆရာတွေ အောက်မှာ ဘယ်လောက်မူးမူး ဟောပြောပွဲစင်မြင့်ပေါ်ရောက်တာနဲ့ လုံးဝဣန္ဒြေဆယ်လိုက်နိုင်သည်။ ယမကာအရှိန်လေးနဲ့မို့ အာဝဇ္ဇန်းပိုရွှင်ပြီး ပိုအပြောကောင်းလာတတ်သေးသည်။

တချို့ဆိုလျှင် ကိုယ့်ကိုယ်ကိုယ်တောင် မဟန်နိုင်တော့သဖြင့် ဖြစ်မှဖြစ်ပါ့မလားဟု စိုးရိမ်စရာ။ ဘေးကလူတစ်ယောက်က လမ်းပြပေးသလိုလိုလုပ်ပြီး ထိန်းပေးတွဲပေးပြီး စင်ပေါ်တင်ရသည်။ တကယ်ပြောတော့လည်း အံ့သြစရာကောင်းလောက်အောင် အဆင်ပြေနေသည်။ စာဖတ်ပရိသတ်အတွက် တကယ်အကျိုးရှိရာရှိကြောင်းများကို ဥပမာများ၊ အရွှန်းအပြက်ကလေးများနှင့် ဝေဝေဆာဆာ တင်ပြသွားသည်မှာ အရက်သာသောက်မထားလျှင် ဒီလောက်ကောင်းမှကောင်းပါ့မလားဟုပင် ယူဆစရာ။

တကယ်တော့ ခုလိုဖြစ်ရသည့်အကြောင်းမှာ အရက်ကြိုက်လို့ သောက်သော်လည်း စာဖတ်ပရိသတ်ကိုတော့ လေးစားရမည်၊ စာပေတာဝန်ကို မလစ်ဟင်းစေရဆိုသော စာရေးဆရာစိတ်၏ ထိန်းချုပ်မှုကြောင့် ဖြစ်လေ၏။

တစ်ယောက်တစ်လေ ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ဖူးတာကလွဲလျှင် စာရေးဆရာအများစုမှာ စာပေစိတ်ရှိကြသူတွေချည်းသာ ဖြစ်ပါသည်။

(ဒီလိုလည်း နည်းနည်းပြန်ပင့်ပေးဦးမှ)

တစ်ခါတလေ စာရေးဆရာတွေထက် မြို့ခံပုဂ္ဂိုလ်တွေက ပိုကဲပြီး အသောက်ကြမ်းသူတွေ ဖြစ်နေတတ်သည်။ ထိုအခါ ကိုယ်ကတောင် သူတို့ကို ပြန်ပြီး ထိန်းနေရသေးသည်။

ဟောပြောပွဲပြီးတာတောင် မပြန်ပဲ အရက်ဝိုင်းဆက်ထိုင်ခိုင်းပြီး တစ်ညလုံး စကားထိုင်ပြောသူမျိုး။

ကျွန်တော်တို့ စာရေးဆရာတွေ စင်ပေါ်မှာဟောနေကြတုန်း တည်းခိုသည့်အိမ်မှာ ပွဲပြီးလျှင် ကျွန်တော်တို့ သောက်ဖို့ ပြင်ဆင်ထားသောအရက်တွေ ခိုးသောက်ပစ်လိုက်သူမျိုး။

ဟောပြောပွဲလာဖိတ်ကတည်းက အရက်နံ့တသင်းသင်းလေးနှင့် ရောက်လာသူမျိုး . . .

စသည်ဖြင့် ကြုံဖူးသည်။

ဟောပြောပွဲဖိတ်သည့် မြို့ခံပုဂ္ဂိုလ်နှင့် စာရေးဆရာတို့ အတွဲညီသွားပြီဆိုလျှင်လည်း ပွဲကြီးပွဲကောင်းပဲပေါ့။

တချို့က တစ်လနစ်လကြိုတင်ပြီး စာပေဟောပြောပွဲအတွက် လာဖိတ်ကြားစဉ်ကပင် စာရေးဆရာနှင့် နားလည်မှုရပြီး ပုလင်းမိတ်ဖြစ်သွားကြသည်။ မိတ်ဖြစ်ဆွေဖြစ် တစ်ပွဲနှစ်ပွဲ ဆုံသွားကြသည်။ ဟောပြောပွဲအတွက် လာခေါ်ပြန်တော့လည်း နှစ်ရက်သုံးရက်ကြိုရောက်လာပြီး ရန်ကုန်မှာ အကြိုပွဲနွှဲကြသေးသည်။

ပြီးတော့ ခရီးထွက်ရမည့်နေ့မှာ ကားဂိတ်တို့ ဘူတာတို့ကို စောစောချိန်း။ နည်းနည်းအရောင်တင်ပြီးမှ ရထားပေါ် ကားပေါ်တက်၊ တစ်လမ်းလုံးသောက်၊ ဟိုရောက်တော့လည်း သောက်၊ ဟောပြောပွဲပြီးတော့လည်း သောက်၊ ပြန်တော့လည်း မခွဲနိုင်မခွာရက်ဖြစ်ပြီး မြို့ခံပုဂ္ဂိုလ်က ရန်ကုန်ထိပြန်လိုက်ပို့၊ လမ်းမှာသောက်။ ဘယ်လောက်တောင် တစ်ယောက်နှင့်တစ်ယောက် ချစ်သွားကြသလဲဆိုလျှင် ပုဂ္ဂိုလ်က ရန်ကုန်မှစာရေးဆရာ၏အိမ်မှာ တစ်ပတ်လောက်တည်းခိုပြီး အတူတကွ ဆက်သောက်လိုက်သေးသည်။

ဒီလိုနှင့် တစ်သက်တာ ထာဝရ ခင်သွားသူတွေတောင်ရှိသည် ဆို၏။

***********

ကျွန်တော်သည် အရက်အတူတူသောက်လို့ ကောင်းသူ၊ အတူတူသောက်လို့ မကောင်းသူတွေအကြောင်း ရေးရာတွင် တစ်ယောက်ကျန်နေပါသည်။ ထိုပုဂ္ဂိုလ်မှာ အတူတူသောက်လို့ လုံးဝမကောင်းသူဖြစ်၏။ တခြားလူ တော့မဟုတ်။ ကျွန်တော်၏ အစ်ကိုအကြီးဆုံးဖြစ်သော ကိုဝဏ္ဏပင် ဖြစ်ပါသည်။ 'ဟင် . . . ဒီလောက်အေးတဲ့ လူကိုများ မင်းမို့လို့ ပြောရက်တယ် . . .'ဟု သူ့ကိုချစ်သောသူများက အပြစ်ဆိုကြလိမ့်မည်။ တကယ်တော့ အဲဒီလို အေးလွန်းလို့ ခက်ရသည့်အကြောင်း ပြောပြမလို့ပါပဲ။

သူနှင့်ကျွန်တော်သည် အသက်ချင်းကွာရုံမက အစ်ကိုအကြီးဆုံးနှင့် ညီအငယ်ဆုံးဖြစ်နေသောကြောင့် အလှမ်းလည်းဝေးလွန်းသည်။ ထို့ကြောင့် အရက်တူတူသောက်ဖို့ မပြောနဲ့၊ ကိုယ်သောက်တတ်နေပြီဆိုတာတောင် သူ့ကို အသိမပေးဝံ့သေးသောအချိန်။ ကျွန်တော်ဘွဲ့ရပြီးခါစ စာရေးဆရာပေါက်စဘဝ၊ တစ်ခုသောညနေခင်းတွင် . . .

မဂ္ဂဇင်းတိုက်တစ်ခုမှာ သူနှင့်ကျွန်တော်သွားဆုံသည်။ သူက စာမူခလာထုတ်ခြင်းဖြစ်၏။ ကျွန်တော်က စာမူသွားပို့တာ။

မဂ္ဂဇင်းတိုက်မှ ပြန်အထွက်တွင် သူက . . .

"မင်း သွားစရာကိစ္စရှိသေးလား . . . "

ဟု မေးသည်။ ကျွန်တော်က ခေါင်းခါပြသောအခါ . . .

"ဒါဆို ငါနဲ့လိုက်ခဲ့ . . . "

ဘယ်လိုက်ရမှာလဲ မသိ။ မေးလဲမမေးရဲသဖြင့် ဘာမှမပြောပဲ လိုက်သွားရသည်။ အောက်ဘက်ကိုဆင်း၊ ကုန်သည်လမ်းရောက်တော့ ဘယ်ချိုး၊ သုံးဆယ့်ရှစ်လမ်းထဲ ညာချိုး၊ ပြီးတော့မှ ဆိုင်တစ်ဆိုင်ထဲတန်းဝင်သွားသည်။ အော်ကျူးခေါ်သွားသဖြင့် နှစ်ခါသုံးခါ ရောက်ခဲ့ဖူးသော 'အိ'အမည်ရှိ စားသောက်ဆိုင်။ သူ စာမူခရလာလို့ တစ်ခုခုကျွေးမလို့ထင်တယ်ဟု ကျွန်တော်တွေးသည်။

စားပွဲတစ်ခုမှာ ထိုင်မိပြီးနောက် သူက . . .

"မင်း နည်းနည်းသောက်မလား . . . "

ဟု ရုတ်တရက်မေးလိုက်သဖြင့် ကျွန်တော်ယောင်ပြီး 'ဟုတ်ကဲ့'ဟု ဖြေမိ၏။ ပြီးမှ သူ့မျက်နှာအကဲခတ်ရသည်။ သူက ခေါင်းသာ တစ်ချက်ဆတ်၍ စားပွဲထိုးလေး ဘေးမှာလာရပ်သောအခါ ကျွန်တော့်ကို ထပ်မေးပြန်သည်။

"မင်း ဘာစားမလဲ . . . "

"ရပါတယ် . . . ဘာပဲဖြစ်ဖြစ် . . . "

ဒီတစ်ခါ နှုတ်ဆွံ့မိတာတော့ ကျွန်တော်မှားသွားတယ်။ သူက . . .

"ဘီအီးတစ်လုံး၊ ကြက်ဥမွှေကြော်တစ်ပွဲ . . . "

ဟု မှာလိုက်သည်။ ဘာထပ်မှာဦးမလဲလို့ စားပွဲထိုးကလေးက ဆက်ရပ်နေသေးသည်။ သူက 'ဒါပဲ'ဟု ပြောလိုက်၏။

တကယ်တော့ ဒီနေရာ ဒီအချိန်မှာ ကျွန်တော်ဆာနေပြီ။ ထမင်းကြော်တစ်ပွဲနှင့် ငါးရှဥ့်ခြောက်စပ်တစ်ပွဲ လောက်နှင့်မှ တင်းတိမ်နိုင်မည့် အခြေအနေ။ သို့ရာတွင် ကိုယ့်ဘာသာမမှာရဲတော့လည်း မတတ်နိုင်။

သူဘာကြောင့် ငါ့ကိုအဖက်လုပ်ပြီး အရက်ခေါ်တိုက်နေတာလဲဆိုသောအတွေးသည် ရုတ်တရက်ဝင်လာ၏။ မင်းသောက်တတ်တယ်ဆိုတာ ငါသိပါတယ်ဆိုသော သဘောလား၊ ကျွန်တော့်ကို ဘွဲ့တောင်ရပြီးပြီဆိုပြီး လူရာသွင်း လိုက်တာလား။ ကျွန်တော့်လက်ရည်(သောက်နိုင်စွမ်း)ကို အကဲခတ်ချင်လို့လား၊ ဒါမှမဟုတ် မိသားစုနှင့်ပတ်သတ်သော အရေးကြီးသည့်စကား ပြောချင်လို့လား။

အရက်နှင့်အမြည်းရောက်လာသောအခါ . . .

"မင်း သောက်တတ်သလိုသောက် . . . "

ဟု ပြောသည်။ စားတတ်သလိုစားဟူ၍တော့ မပြော။ သူကတော့ သူသောက်တတ်စားတတ်သလိုပင် . . .။

အရက်ကို ဖန်ခွက်ထဲ လက်နှစ်လုံးလောက်ငှဲ့၊ ရေခဲသေးသေးလေးတစ်လုံးထည့်၊ ရေတစ်ဝက်လောက် ရောပြီး တစ်မော့မော့။ ပြီးတော့ ဝါးတူကလေးကို ကောက်ကိုင်ပြီး ကြက်ဥမွှေကြော်ပန်းကန်ထဲ ထိုးဆွမွှေနှောက်နေ၏။ ချက်ချင်းယူမစားသေးပဲ တူကို ကြက်ဥမွှေကြော်ထဲမှာ ဟိုခပ်ထုတ်လိုက်၊ တစ်စုံတစ်ရာလိုက်ရှာသလို လုပ်လိုက်နေရာမှ ကြက်ဥဖတ်များကို ဘေးသို့ဖယ်ပြီး ကြက်သွန်ဖတ်တစ်ဖတ်ကို တူနှင့်ညှပ်ယူလိုက်သည်။ ပြီးတော့ ချဉ်ငန်စပ်အရည်ထဲ စိမ်ပြီးမှ စားလိုက်၏။

တကယ်တော့ ဒီကြက်ဥမွှေကြော်တစ်ပွဲလောက်မှာ ကျွန်တော်တို့သူငယ်ချင်းတွေဝိုင်းမှာဆိုလျှင် သုံးမိနစ်ထက် ပိုကြာကြာခံလိမ့်မည်မထင်။ ခုတော့ သူက တို့ကနန်းဆိတ်ကနန်း လုပ်နေသဖြင့် ကျွန်တော်လည်း ဘေးသားတွေကို နည်းနည်းစီဖဲ့စားနေရသည်။

သူသည် နဂိုကပင် စကားနည်းသူဖြစ်ရတဲ့ကြားထဲ သောက်လေငြိမ်လေဖြစ်ပြီး စကားတစ်ခွန်းမှတောင် မပြောတော့။ တစ်ခွက်မော့၊ ကြက်သွန်တစ်ဖတ် ချဉ်ငန်စပ်စိမ်ပြီးစား။ တစ်ခုခုတွေးသလို ငေးနေ။

ကျွန်တော်လည်း သူ့မျက်နှာရိပ်မျက်နှာကဲကြည့်၊ တစ်ငုံငုံ၊ ကြက်ဥမွှေကြော် တစ်ဖဲ့စား။ ကြာတော့ ငေါင်တောင်တောင် ကြောင်တောင်တောင်ဖြစ်လာပြီး ကြက်ဥမွှေကြော်ထဲက ကြက်သွန်ဖတ်များကို အရိုးနှင်သလိုရွေးပြီး သူအဆင်သင့်စားလို့ရအောင် ပြင်ဆင်ပေးနေမိလေ၏။ သူသည် ကြက်ဥကို လုံးဝမတို့၊ ကြက်သွန်ဖတ်တွေချည်း ရွေးစားနေသည်။

ကျွန်တော်လည်း သူဘာကြောင့် ကျွန်တော့်ကိုအရက်ခေါ်တိုက်ရသလဲဆိုတာကိုသာ စဉ်းစားနေ၏။ အဖြေကိုမရ။ သူကလည်း စကားတစ်ခွန်းမှ မပြော။ ကြာတော့ ပျင်းရိငြီးငွေ့ပြီး အိပ်တောင်အိပ်ချင်လာသည်။

ဆရာကြီး ရွှေဥဒေါင်း၏လေမျိုးနှင့်ပြောရလျှင် . . .

'ကျွန်ုပ်၏ တစ်သက်တာတွင် အခြောက်သွေ့ဆုံး ယမကာဝိုင်းတစ်ဝိုင်းဟု မှတ်တမ်းတင်လိုက်ရပေသည်။'

ကိုသုမောင်ကတော့ သူအရက်သောက်ခဲ့စဉ်က အကြောင်းများကို သူ့စာတွေထဲမှာ ကိုယ်တိုင်ဖွင့်ဟဝန်ခံရေးသားခဲ့ပြီးဖြစ်၍ ထူးထူးထွေထွေပြောစရာမလိုတော့ပါ။

ကျွန်တော်သောက်တတ်လာသည့်အချိန်တွင် သူက ရုပ်ရှင်မင်းသားဖြစ်နေသောကြောင့်တစ်ကြောင်း၊ ဌနေလည်းဝေးသောကြောင့်တစ်ကြောင်း အတူမသောက်ဖြစ်ခဲ့ပါ။ စာပေဟောပြောပွဲတွေ အတူသွားသည့်အခါကျမှသာ မြို့ခံပုဂ္ဂိုလ်တွေ ဧည့်ခံသောဝိုင်းတွေမှာ အတူထိုင်ဖြစ်သည်။

သူက မင်းသားလည်းဖြစ်၊ စကားပြောကောင်းသူလည်း ဖြစ်သောကြောင့် ဝိုင်းကို ကောင်းကောင်းထိန်းနိုင်ပါသည်။ သူက နားလည်မှုရှိတယ်ပဲထားဦး၊ မြန်မာဆန်သည့်မိသားစုမှ ပေါက်ဖွားလာသူပီပီ အစ်ကိုတစ်ယောက်နှင့် အတူတူ ထိုင်သောက်နေရခြင်းအတွက် အနေရအထိုင်ရခက်ပြီး စိတ်ကျဉ်းကျပ်မှုကို ခံစားရတာ အမှန်ပါပဲ။

ခုတော့ ကိုဝဏ္ဏသည် ယမကာလောကကို ကျောခိုင်းစွန့်ခွာခဲ့တာ ဆယ်နှစ်မက ရှိနေပါပြီ။ အရင်က သူနှင့် သောက်ဖော်သောက်ဖက်ဖြစ်သော အော်ကျူးကပင် . . .

"အေးကွာ . . . ပြတ်မယ့်ပြတ်တော့လဲ တစ်ခါတည်း တိခနဲပဲ . . . တစ်ခါတစ်ခါကျရင် ဟိုအရင်က သူသောက်တတ်ခဲ့တယ်ဆိုတာ မေ့တောင် မေ့နေတယ် . . . "

ဟု ပြောသည်။

ကိုသုမောင်ကတော့ ဖြတ်လိုက်သောက်လိုက်ဟု ဆိုရမည်။ တစ်ခုပဲ ရှိသည်။ နောက်ပိုင်းမှာ ဖြတ်သော ရက်တွေက များပြီး သောက်သောရက်တွေ နည်းနည်းလာသည်။ ခုနောက်ဆုံးတစ်ကြိမ်ဖြတ်ထားတာ ခြောက်လ ကျော်ကျော်လောက်ကြာသွားပြီ။ သူ၏ မိသားစုဆရာဝန်အရင်းကြီးဖြစ်သော ဒေါက်တာခိုင်စိုးဝင်းက . . .

"ဒီတစ်ခါတော့ တကယ်ဖြတ်တာဖြစ်မှာပါဗျာ . . . "

ဟု မှတ်ချက်ပြုထားတာပဲ။ (ရန်ကုန်၊ ဒီဇင်ဘာ၊ ၁၉၉၈)

********

ကျွန်တော့်ညီ (ဒေါ်မြတ်မွန်၏ သားအကြီးဆုံး) အာယုဆိုသော ကောင်တစ်ကောင်ရှိသေးသည်။ သူက အစ်ကိုတွေလုပ်သမျှ အကုန်လိုက်လုပ်သည်။ ဝတ္ထုရေးသည်၊ ကဗျာရေးသည်၊ သီချင်းရေးသည်၊ သီချင်းဆိုသည်၊ ဇာတ်ညွှန်းရေးသည်၊ ဗီဒီယိုဒါရိုက်တာလုပ်သည်။ လုပ်လည်းလုပ်တတ်သည်။ လုပ်နိုင်စွမ်းရှိသည်။

သို့ရာတွင် သူ့အကျင့်က တစ်ခုခုလုပ်လို့ အောင်မြင်ခါနီးပြီဆိုလျှင် ဆက်မလုပ်တော့ပဲ နောက်တစ်ခုပြောင်း သွားတတ်သည်။ သူရေးခဲ့သည့် 'မောင်'သီချင်းကို မေဆွိကဆိုခဲ့တာ အလွန်အမင်းအောင်မြင်သွားသည်။ သီချင်း စီးရီးထုတ်လုပ်သူများက သီချင်းများရေးပေးရန် သူ့ကို ဝိုင်းဝန်းတောင်းဆိုလာကြသည်။ ဒီအခါမှာ သူက . . .

"ကျွန်တော် ဝတ္ထုပဲ ရေးတော့မယ် . . . "

ဆိုပြီး လိုင်းပြောင်းသွားပြန်၏။

ခုတော့ ဗီဒီယိုဒါရိုက်တာလုပ်ဖို့ တာစူနေပြန်သည်။ စွဲစွဲမြဲမြဲလုပ်ခဲ့သည့် ကိစ္စတစ်ခုတော့ရှိ၏။ ယမကာမှီဝဲ ခြင်းပင်ဖြစ်သည်။ သူသည်လည်း တလောကခေတ်စားခဲ့သော 'ဖြတ်ဆက်' မော်တော်ကားတွေလို 'ဖြတ်သောက်' ဖြစ်၏။

ခုတော့ တိုက်ဖွိုက်ရောဂါဖြစ်ပြီးနောက် အရက်ကို နှစ်ပေါင်း ငါးဆယ်လောက် ရှောင်ရမည်ဟု ဒေါက်တာ ခိုင်စိုးဝင်းကပင် ညွှန်ကြားထားသည် ဆို၏။

ဒေါက်တာခိုင်စိုးဝင်းဆိုသည်မှာ တခြားမဟုတ်။ ကျွန်တော်တို့ညီမအငယ်ဆုံး၏ ယောကျ်ားဖြစ်၏။ သူ့ပုံစံ မှာ ဆရာဝန်တစ်ယောက်လို ဖြူဖြူသွယ်သွယ် မျက်မှန်နှင့်မဟုတ်။ ညိုညို၊ တုတ်တုတ်၊ ဆံပင် ထိုးထိုးထောင် ထောင်နှင့် ဖြစ်၏။ 'သဘာဝအုပ်စုထဲကို သဘာဝအတိုင်း ဝင်လာတာဖြစ်မှာပေါ့ . . . ' ဟု တစ်ချို့က ဆိုသည်။ ကျွန်တော်ကတော့ . . .

"နင့်ယောကျ်ားကလဲဟာ . . . ဆရာဝန်နဲ့လဲ မတူဘူး . . . တောကတက်လာတဲ့ လက်ဖွေ့သမားကျနေတာ ပဲ . . . ဘာများသဘောကျစရာရှိလို့ နင်က ကြိုက်ရတာလဲ . . . "

ဟု ကျွန်တော့်ညီမကို စလေ့ရှိ၏။ ထိုအခါ သူက . . .

"ကိုကို ဘာသိလဲ . . . သူက အရက်သမားတွေကို ဆေးကုတဲ့နေရာမှာ သိပ်တော်တာ . . . "

ဟု ပြန်ပြောလေသည်။

********

ကျွန်တော်တို့ညီအစ်ကိုတွေထဲမှာ မွေးထုံးရေခြားဟု ဆိုရမလား၊ စုန်းပြူးဟု ဆိုရမလား မသိသူတစ် ယောက်ပါသည်။ ထိုသူကား ကိုရှုပဖြစ်၏။ သူက ကျန်ညီအစ်ကိုတွေလို အရက်မသောက်တတ်။

ထို့ကြောင့် အဖေ့စကားကိုနားထောင်သူဟု ဆိုနိုင်သည်။ သို့ရာတွင် အဖေက ဆေးလိပ်တော်တော်ကြိုက်သည်။ သူကတော့ ဆေးလိပ်လည်းမသောက်တတ်။

အဖေနှင့်မတူသည့်နောက်တစ်ချက်က အဖေသည် အရက်ကိုအလွန်မုန်းသည်။ သူကတော့ အရက်ကိုမမုန်းတတ်။ အရက်သမားတွေကိုလည်း ချစ်တတ်သည်။ သူ၏ထူးခြားချက်ကတော့ သူကိုယ်တိုင်မသောက်သော်လည်း သူများတွေကို ဝိုင်းထောင်ပေးတတ်ခြင်းပင်ဖြစ်၏။ အထူးသဖြင့် ကျွန်တော့်သူငယ်ချင်းတွေ။

သူက မြို့ထဲထွက်လို့ ဆိုင်တွေလျှောက်ကြည့်ရင်း ထူးခြားသည့်အရက်တံဆိပ်အသစ်တစ်ခုခုတွေ့လျှင် ဝယ်လာတတ်သည်။ ပြီးတော့ ကျွန်တော့်ကို ပြ၍ . . .

"ပုလင်းလေးလှလို့ ဝယ်လာတာကွ . . . ဒီညနေ မင်းကောင်တွေလာဦးမလား . . . လာရင် ဖွင့်လိုက်လေ . . . "

(ခုနောက်ပိုင်းမှာတော့ အရက်တံဆိပ်အသစ်တွေ များလွန်းသဖြင့် သူတောင် လက်လျှော့ထားရ၏။)

သူ့သားအကြီးကောင် တစ်နှစ်ပြည့်တုန်းကလည်း . . .

"ငါ့သားမွေးနေ့ကျရင် အရက်ချောင်းစီးတိုက်မယ် . . . "

ဟု ကြွေးကြော်ပြီး သူငယ်ချင်းတွေအားလုံးကို ဖိတ်ထားသည်။ မွေးနေ့မတိုင်ခင် သုံးလလောက်ကတည်းက ကြိုပြီးစီစဉ်သည်။

သူလုပ်ပုံက အရက်ထဲစိမ်ရသည့် တရုတ်အားတိုးဆေးမြစ်စုံတွေ ဝယ်သည်။ စဉ့်အိုးခပ်လတ်လတ် တစ်လုံးထဲမှာ ဘီအီးဆယ်ပုလင်းလောက်နှင့် ထည့်ပြီးစိမ်သည်။ ပြီးတော့ စဉ့်အိုးကို အလုံပိတ်ပြီး မြေကြီးထဲမြှုပ်ထားသည်။ သူ့သားမွေးနေ့ကျမှ ပြန်ဖော်ပြီး အမြည်းမျိုးစုံနှင့်အတူ အပေါင်းအသင်းတွေကို ဧည့်ခံလေသည်။

သူအရက်တိုက်ရတဲ့အကြောင်းက သူငယ်ချင်းတွေဆုံစေချင်သောကြောင့်လည်းဖြစ်၏။ သူ စမ်းသပ်ပြီးချက်ထားသော ဆိတ်ခေါင်းတို့၊ ဝက်ခြေထောက်တို့၊ အစုံသည်းစုံတို့လိုဟာမျိုးတွေ ကျွေးချင်သောကြောင့်လည်း ဖြစ်၏။

အဲ . . . ကောင်းကောင်းကျွေး၊ ကောင်းကောင်းတိုက်ပြီးပြီဆိုလျှင်တော့ သူ့ဝသီအတိုင်း ဝင်နှောက်ပါတော့သည်။ ဝိုင်းက အရှိန်ကလေးရပြီး ပြောကောင်းဆိုကောင်းဖြစ်လာပြီ၊ တက်တက်ကြွကြွဖြစ်လာပြီဆိုလျှင် သူငယ်ချင်းတွေထဲက ဆတ်ဆတ်ထိမခံတတ်သူ၊ အငြင်းသန်သူနှစ်ယောက်ကို တည်ပေးလိုက်လေသည်။

"ကဲ . . . ဟေ့ကောင်တွေ . . . လူစုံတုန်းမှာ ရှင်းစရာရှိတာ ပွင့်ပွင့်လင်းလင်းရှင်းကြ၊ ကွယ်ရာကျမှ မိန်းမလိုမိန်းမရ အတင်းပြောတာမျိုးမလုပ်နဲ့ . . . "

ဟု စကားစသည်။ ထိုအခါ သူ့အထာသိသူတစ်ယောက်ယောက်က . . .

"ဘာဖြစ်လို့လဲကွ ရှုပကြီးရ . . . "

ဟု စကားထောက်ပေးလိုက်လျှင် . . .

"ရှင်းရမှာက ဒီကောင်နှစ်ကောင် . . . "

သူရွေးထားသည့်လူနှစ်ယောက်ကို လက်ညှိုးထိုးသည်။ ဒေါသကြီးတတ်တဲ့ကောင်က ဘာမှန်းတောင်မသိသေး၊ ခေါင်းက ဆတ်ခနဲထောင်လာပြီး . . .

"ဘာလဲကွ . . . ဘာရှင်းရမှာလဲ . . . "

ခပ်ဆတ်ဆတ်ပြောရင်း နောက်တစ်ကောင်ကို ဘုကြည့်လှမ်းကြည့်သည်။ ဒီလောက်ဆိုလျှင် ဇာတ်လမ်းစလို့ရပြီဖြစ်ကြောင်း ကောင်းကောင်းသိနေသောကိုရှုပက . . .

"တခြားမဟုတ်ပါဘူး . . . ဒီကောင်က မင်းကို ယစ်ထုပ်ကြီးဖြစ်နေပြီ . . . အဖတ်ဆည်လို့ မရတော့ဘူးလို့ ပြောနေတယ် . . . "

ဒေါသကောင်က တစ်ဖက်လူကို ပေစောင်းကြည့်လိုက်ပြီ။ ဟိုကောင်လည်း . . .

"ငါ ဘယ်တုန်းက ပြောလို့လဲ . . . "

ကိုရှုပက . . .

"ဟိုနေ့ကလေ . . . ကုန်တိုက်ပေါ်တက်ကြည့်နေတုန်း အိုးဘရန်ဒီပုလင်းတွေ တွေ့တော့ ဒီကောင်ကြီးကို သတိရတယ်လို့ ငါကပြောတော့ မင်းပြန်ပြောတာလေ . . . မေ့နေပြီလား . . . "

ဟိုကောင် ပြောတာတော့ ပြောခဲ့တာပဲ။ သို့သော် သူပြောတာက 'ဒီကောင် ခုတလော သောက်တာစိပ်တယ်ကွ . . . နည်းနည်းတော့ ပြောဦးမှ . . . ' ဆိုတာလောက်သာဖြစ်၏။ ဒါကို ကိုရှုပက တစ်မျိုးပုံဖော်လိုက်ခြင်း ဖြစ်သည်။ ခုချိန်ကျမှ ငြင်းဖို့ကလည်း မလွယ်။

"ဘာလဲ . . . မင်း ယောကျာ်းမဟုတ်ဘူးလား . . . ယောကျာ်းဆိုတာ ကိုယ်ပြောခဲ့တဲ့စကားကို ကိုယ်တာဝန်ယူရဲရတယ်ကွ . . . "

ဟု နောက်ဆုံးတစ်ခွန်း ပစ်သွင်းပြီး အသာလျှို၍လစ်သွားသည်။ ဒီအခါမှာ . . .

"နေစမ်းပါဦး . . . ငါ့ကို ယစ်ထုပ်ပြောရအောင် မင်းကကော မသောက်ဘူးလား . . . သူတော်ကောင်းကြီးလား . . . "

"ငါလဲ သောက်တတာပါပဲ . . . ဒါပေမယ့် မင်းလို စည်းမရှိကမ်းမရှိတော့ မဟုတ်ဘူး . . . "

"စည်းကမ်းဆိုတာ ဘာလဲ . . . ဝှပ်အစ်စ် ဒစ်စပလင် . . . "

"ဟာ . . . စပါးလင်ဆိုတာ မုန့်ဟင်းခါးချက်တဲ့အခါ အဓိကသုံးရတာပဲ . . . "

ဟု ဝင်ဆွတဲ့လူက ဆွသည်။ ဒီလိုနှင့် ငြင်းကြခုန်ကြ အော်ကြဟစ်ကြ၊ စားပွဲကိုထုကြ ဖြစ်ကုန်၏။ ဒါကို တစ်နေရာကကြည့်ပြီး ကိုရှုပက မှတ်ထားသည်။ နောက်တစ်နေ့ကျတော့ ဘယ်ကောင်က ဘယ်လိုပြောတာ၊ ဘယ်သူက ဘယ်လိုခုန်တာ စသည်ဖြင့် လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြောရင်း ဟားသည်။

ကိုရှုပသည် ရုပ်ရှင်တွေ ဗီဒီယိုတွေထဲမှာ အရက်သမားခန်း သရုပ်ဆောင်ရသောအခါ ကျွန်တော့်သူငယ်ချင်းတွေ မူးလျှင်လုပ်သည့်အိုက်တင်တွေအတိုင်း တစ်သဝေမတိမ်းတူအောင် လိုက်လုပ်တတ်သည်။ ထို့ကြောင့်ပင် ကိုရှုပတစ်ယောက် အရက်လည်းမသောက်တတ်ပဲနဲ့ အရက်သမားခန်းသရုပ်ဆောင်တာကျတော့ သိပ်ပီပြင်တာပဲဟု အချီးကျူးခံရခြင်းဖြစ်၏။ ဒါ ကျွန်တော့်သူငယ်ချင်းတွေကို အရက်တိုက်သည့်ကျေးဇူး။

တစ်ခါတလေကျတော့ အရက်ကိုင်မ်းမိသဖြင့် သူလုည့်စားတာ်ခံရသည်။ စောစောကပြောခဲ့သည့် အမြဲတမ်းငြိတတ်တဲ့ကောင်နှစ်ကောင် အိမ်လာလည်ရင်း သူတို့ဘာသာ အေးအေးဆေးဆေးစကားပြောနေစဉ် ကိုရှုပရောက်လာပြီး . . .

"ကဲ . . . သွေးရှိတဲ့ကောင်က စဖွင့်ပေတော့ . . . "

ဆိုပြီး သူတို့နှစ်ယောက်အလယ်မှာ အရက်ပုလင်းတစ်လုံးကို လာချပေးသည်။ ဖန်ခွက်နှစ်ခွက်နှင့် ရေချိုင့်ကိုလည်း ချပေးလိုက်၏။ ထိုအခါ ပြိုင်ဘက်များဖြစ်သော ဟိုနှစ်ကောင်လည်း တစ်ယောက်ကိုတစ်ယောက် စေ့စေ့ကြည့်လိုက်ပြီးနောက် တစ်ယောက်က ပုလင်းအောက်ပိုင်း၊ တစ်ယောက်က ပုလင်းလည်ပင်းကို ပြိုင်တူကိုင်မိလိုက်ကြသည်။

ပြီးမှ ပြုံးလိုက်ပြီး . . .

"ငါ ငှဲ့ပေးပါ့မယ်ကွ . . . "

တစ်ယောက်က ပြောပြီး ဖန်ခွက်နှစ်ခွက်ထဲ နည်းနည်းစီထည့်သည်။ ရေနည်းနည်းရောသည်။ ဖန်ခွက်ချင်းမြှောက်၍ ထိလိုက်ကြပြီး တစ်ငုံစီငုံသည်။ ချက်ချင်းပင် ရှုံ့မဲ့သွားပြီး . . .

"ငါ့လခွေး . . . ဟိုကောင် ငါတို့ကို လုပ်သွားပြီ . . . "

ပုလင်းထဲမှာက အရက်တွေမဟုတ်။ ရေနွေးကြမ်းကို ဆားတွေငန်ကျွက်နေအောင် ခပ်ထားခြင်းသာဖြစ်၏။

သူတို့ ဆိုဆိုဆဲဆဲလုပ်နေချိန်တွင် ကိုရှုပက ဘောလုံးကန်ဖို့ထွက်သွားခဲ့ပြီ။

တစ်ရက်တွင် နောင်စိုး အိမ်ရောက်လာသည်။ သူ့ပုံစံမှာ ရခိုင်မုန့်တီကို ငရုပ်သီးစပ်စပ်နှင့် စားလာသူတစ်ယောက်လို ရှူးရှူးရှဲရှဲဖြစ်နေ၏။ ဘယ်ဘက်လက်မှာလည်း လက်မောင်းနှင့်တံတောင်ဆစ်ကိုခွ၍ ပတ်တီးစည်းထားသည်။ ထိုလက်ကိုလည်း တမြှောက်မြှောက်ဖြစ်နေ၏။ မထိုင်ခင်ကတည်းကပင် 'သိပ်တရားလွန်တယ် . . . '၊ 'သိပ်တရားလွန်တယ် . . . ' ဆိုသောစကားကို ကြွေးကြော်သံတစ်ခုလို ဆက်တိုက်ရွတ်ဆိုနေ၏။

ကျွန်တော်ကလည်း ဘုမသိဘမသိ . . .

"ဟုတ်တယ် . . . ဘတ်စ်ကားစပယ်ယာတွေဟာ တော်တော်ဆိုးတယ်နော် . . . "

ဟု ပြောလိုက်ရာ . . .

"စပယ်ယာမဟုတ်ဘူးကွ . . . မင်းသူငယ်ချင်း . . . မင်းသူငယ်ချင်း . . . "

"နောင်စိုးရာ . . . မင်းလဲ ငါ့သူငယ်ချင်းပါပဲ . . . "

"အေး . . . မင်းကိုတော့ သူငယ်ချင်းလို့ သတ်မှတ်ပါတယ် . . . မင်းသူငယ်ချင်းကိုတော့ သူငယ်ချင်းစာရင်းထဲက ထုတ်ပစ်လိုက်ပြီ . . . "

ကိုရှုပသည် ဒီကောင့်အသံ ကျယ်လောင်လောင်ကိုကြားသဖြင့် ထွက်လာပြီး . . .

"မင်းစကားကလဲ ဟိုဒင်းပြုချင်ရင် ဟိုဟာလုပ်ပါလားဆိုတာလို ဖြစ်နေပြီ . . . ဘာဖြစ်တယ်ဆိုတာလဲ ပြောပါဦးကွ . . . "

“ဘာဖြစ်ရမှာလဲ . . . မင်းသူငယ်ချင်းပေါ့ . . . ”

“ဟာ . . . လုပ်ပြန်ပြီ . . . ဘယ်သူ့ကိုပြောတာလဲ . . . မင်းသူငယ်ချင်းဆိုတာ . . . ”

“ဒီကောင့်နာမည်တောင် မပြောချင်ဘူး . . . ပါးစပ်သနလို့ . . . ”

“ကဲ . . . ဒါဆိုလဲ ဘာနေ့သားလဲသာ ပြောကွာ . . . သူ့နာမည်ရဲ့ ရှေ့ဆုံးစာလုံးကကော ဘာအက္ခရာနဲ့စသလဲ . . . ငါတို့ဘာသာ ဖော်ယူမယ် . . . ”

ကျွန်တော်က ဝင်နောက်ပြန်သဖြင့် သူ ပို၍ရှုံ့မဲ့ဖြစ်လာပြီး . . .

“မင်းတို့က နောက်နေနိုင်တယ် . . . ငါ့မှာ ဒီကောင့်ကြောင့် ဘယ်လောက်ခံရတယ်မှတ်လဲ . . . ”

ဆိုပြီး ပတ်တီးစီးထားသောလက်ကို မြှောက်ပြပြန်သည်။ ကိုရှုပက ဝင်ထိုင်ပြီး . . .

“ကဲ . . . ကဲ . . . ဖြစ်ပုံကို အစကနေ စပြောပါဦး . . . ဒါမှရှင်းမှာပေါ့ . . . ”

ဒီတော့မှ . . .

“ဟိုကောင် ငထွေရှူးပေါ့ကွ . . . ”

ဒီနာမည်ကို ထုတ်သုံးကတည်းက သူတော်တော်စိတ်ဆိုးနေကြောင်း သိသာ၏။ ငထွေရှူးဆိုသည်မှာ ဟိုကောင့်ကို ကွယ်ရာမှာခေါ်ကြသော နာမည်ပြောင်ဖြစ်၏။ သူ့ရှေ့မှာတော့ မခေါ်ရဲ။ သူက သူ့ကိုဒီလိုခေါ်တာ မကြိုက်။

“မင်းတို့ စဉ်းစားကြည့် . . . သူက အရက်တိုက်ပါဆိုလို့ ငါ့မိန်းမ ရပ်ရှင်သွားပြဖို့ကိစ္စတောင် ဖျက်ပြီး တကူးတက လိုက်တိုက်ရတာ . . . ငါတိုက်တဲ့အရက်လဲ သောက်သေးတယ် . . . မူးလာတော့ ငါ့လက်ကိုလဲ လိမ်ချိုးသေးတယ် . . . ဒါ ကောင်းလားကွ . . . ”

“အခု မင်းလက် ဘယ့်နှယ်နေသေးလဲ . . . ”

“အဆစ်လွဲချင်သလို ဖြစ်သွားတာကွ . . . စဖြစ်ခါစတုန်းကဆို နစ်ဆလောက်ရောင်နေတာ . . . အခု တရုတ်ဆရာဆီမှာ ဆေးသွားသွားစည်းနေရတယ် . . . သုံးရက်ရှိပြီ . . . ငွေလဲ လေးငါးရာ ကုန်သွားပြီးပြီ . . .”

“မင်းကကော သူ့ကို စိတ်ဆိုးအောင် ဘာတွေပြောမိလို့လဲ . . . ”

“ဘာမှ နစ်နစ်နာနာ ပြောတာမဟုတ်ဘူး . . . နစ်ယောက်ကို ဂျင်တစ်ပြားသောက်ပြီးပြီပဲကွ . . . တော်ရောပေါ့ . . . ထပ်သောက်ချင်လဲ တစ်ပက်နှစ်ပက်မှာပါလား . . . ငါလဲတော်ပြီလို့ ပြောထားပြီပဲ . . . အဲဒါ တစ်ပြား မှာမပေးရကောင်းလားဆိုပြီး ပြဿနာရှာတယ် . . . ငါက မင်း အရက်ချိုးဖြစ်နေပြီလား . . . လူသောက် မသောက်တတ်တော့ဘူးလား . . . ပြောတာနဲ့ ငါ့ကို လက်သီးနဲ့ထိုးတယ် . . . ငါက သူ့လက်ဖမ်းကိုင်လိုက်တဲ့ အချိန်မှာ ငါ့လက်ကို တအားလိမ်ချိုးပစ်လိုက်တာကွ . . . ဒီကောင့်ကို မင်းတို့လဲသတိထား . . . မူးရင် လူစိတ် ပျောက်သွားတတ်တယ် . . . ”

ဟိုကောင် ခုတလော နည်းနည်းရမ်းချင်နေတာ ကြားကြားနေရသည်။ ဖြစ်နိုင်တာက နောင်စိုးသည် သူ့ကို အရက်လျှော့သောက် ဘာညာဆုံးမစကားပြောဟန်တူသည်။ ပြောလို့မရပဲ ဟိုကောင်က အရက်ထပ်မှာဖို့ဇွတ်လုပ် တော့ သူမကြိုက်သော ‘ငထွေရှူး’ ဆိုသည့်နာမည် တပ်ခေါ်လိုက်ဟန်တူသည်။ ဒီလိုနှင့် ပွဲကြမ်းသွားခြင်းဖြစ်ရမည်။

ကျွန်တော်က ပြေရာပြေကြောင်း တစ်ခုခုပြောမည်ပြုစဉ် ကိုရှုပက မျက်စိတစ်ဖက်မှိတ်ပြပြီး . . .

“နောင်စိုးရာ . . . မင်း ပြောလို့သာ ကြားလိုက်ရတယ် . . . ယုံရခက်ခက်ပဲ . . . ငထွေရှူးဆိုတဲ့ကောင်ဟာ မူးရင် သီချင်းဆိုပြီး ထကတတ်တာပဲ ရှိတယ် . . . သူများကို ရန်မမူတတ်ပါဘူး . . . ”

“မင်းက ငါပြောတာ မယုံဘူးပေါ့ . . . ”

“ယုံရခက်ခက်လို့ ငါပြောပြီးပြီပဲ . . . မင်းကို ခုလိုပြင်းပြင်းထန်ထန် နာကျင်အောင် လုပ်ဖို့နေနေသာသာ ခွေးကလေးတစ်ကောင် ခြေထောက်ကျိုးပြီး ထော့နဲ့ထော့နဲ့ဖြစ်နေတာမြင်ရင်တောင် စုတ်တသပ်သပ်လုပ်တတ်တဲ့ ကောင်မျိုးပါကွ . . . ”

“ဟော့ကောင် . . . ဒီမှာ သက်သေရှိတယ်ကွ . . . သက်သေ . . . ”

ပတ်တီးစည်းထားသော လက်ကို မြှောက်ပြသည်။

“ဒါတော့ မင်းဘာသာ အမူးလွန်ပြီးချော်လဲလို့ဖြစ်တာနေမှာပေါ့ . . . ”

“ဟုတ်တယ် . . . မင်းချော်လဲတဲ့အချိန်မှာ ဟိုကောင်က စိုးရိမ်ပြီး ဝင်ဆွဲလိုက်တာမှာ လက်ကို လိမ်ချိုးသလိုဖြစ်သွားတာနေမယ် . . . ”

ကျွန်တော်ကလည်း ကိုရှုပမျက်စိမှိတ်ပြထားသဖြင့် အလိုက်သင့်ဝင်ပြောပေးလိုက်၏။ နောင်စိုးမှာ သူ့စကားမယုံသဖြင့် အတော်မကျေမနပ်ဖြစ်နေ၏။ ‘မင်းတို့က ငါ့စကားမယုံဘူးလား . . . ငါဘယ်လောက် သောက်သောက် မူးတဲ့ကောင်မဟုတ်ဘူး . . . ချော်လဲဖို့နေနေသာသာ ခြေတစ်ပေါင်ကျိုးနဲ့ တစ်နာရီလောက် ရပ်နိုင်တယ် . . . ထိုင်ထတောင် လုပ်ပြလိုက်ဦးမယ်’ ဆိုပြီး ခြေတစ်ပေါင်ကျိုးပုံစံဖြင့် ထိုင်ထ လုပ်ပြနေသေးသည်။

“ဘာပဲဖြစ်ဖြစ်လေ . . . ငါတို့က မျက်မြင်ကိုယ်တွေ့မဟုတ်ပဲ ယုံဖို့ခက်တယ်ကွ . . . တကယ်မဟုတ်ခဲ့ရင် ဟိုကောင့်အပေါ် မျက်နှာပူစရာကြီး . . . ”

ကိုရှုပက လမ်းကြောင်းစခင်းသည်။ နောင်စိုးက . . .

“ဟာ . . . မင်းတို့ အဲဒီအချိန်က ရှိမှမရှိပဲ . . . ဘယ်လိုလုပ် မျက်မြင်ကိုယ်တွေ့ဖြစ်မလဲ . . . ”

“ဒီလိုရှိတယ်ကွ . . . မင်း ငါတို့ မျက်မြင်ကိုယ်တွေ့ဖြစ်အောင် လုပ်ပြပေါ့ . . . ”

“ဘာ . . . ဘယ်လိုလုပ်ရမှာလဲ . . . ”

“စုံထောက်ဇာတ်လမ်းတွေထဲကလိုပေါ့ကွာ . . . အမှုတစ်ခုဖြစ်တဲ့နေရာမှာ တရားခံဖော်ထုတ်ဖို့ခက်နေရင် အခင်းဖြစ်ပွားခဲ့တဲ့ပုံစံအတိုင်း ပြန်ဖန်တီးပြီး တရားခံကို မှုားခေါ်သလိုမျိုးပေါ့ . . . ”

ဆိုပြီး ကိုရှုပက သူ့အကြံအစည်ကို ပြောပြသည်။ သူငယ်ချင်းတွေအားလုံးကို သက်သေအဖြစ်ခေါ်ပြီး အရက်ဝိုင်းတစ်ဝိုင်းပြန်လုပ်မည်။ ထိုဝိုင်းတွင် ငထွေရှူး၏အခြေအနေကို အကဲခတ်ကြမည်။ သူမကြိုက်သည့်စကား မျိုးပြောကြည့်လို့ ထကြမ်းလျှင် နောင်စိုးပြောတာကို ယုံရမည်။ ငထွေရှူးကို ဝိုင်းပြီးနှိပ်ကွပ်ရမည်။

“အေး . . . စိန်လိုက် . . . ”

ကိုရှုပက ပွဲတစ်ပွဲစီစဉ်သည်။ လူစုံအောင်ဖိတ်သည်။ စားရင်းသောက်ရင်း အရှိန်ကလေးနည်းနည်းရလာသောအခါ ကိုရှုပက အချက်ပြလိုက်သည်။

နောင်စိုးသည် အရက်ထပ်ငှဲ့ရန်ပြင်လိုက်သော ငထွေရှူးကို . . .

"ဟေ့ကောင် . . . တော်တော့ . . . မင်းသိပ်များနေပြီ . . . "

ဟု ပြောလိုက်၏။ ငထွေရှူးက သွားဖြဲပြလိုက်ပြီး . . .

"ဒီလိုပွဲမျိုး ကြုံရခဲတယ်ကွ . . . ဝအောင် သောက်ပါရစေ . . . "

"မသောက်ရဘူး . . . မင်းဟာ အရက်သောက်ဖို့ပဲ စိတ်ကူးနေတယ် . . . အမြဲတမ်း မူးမူးရူးရူးနဲ့ ပေါ့ပေါ့နေ ပေါ့ပေါ့စားချင်တဲ့ကောင် . . . "

ဘာညာနှင့် နောင်စိုးက ပျစ်ပျစ်နှစ်နှစ်ပြောသည်။ ငထွေရှူးသည် လုံးဝစိတ်ဆိုးဟန်မပြသည့်အပြင် လေပျော့ကလေးဖြင့် . . .

"အေးပါကွာ . . . မင်းစေတနာကို ငါနားလည်ပါတယ် . . . အခု မင်းပြောနေတာလဲ ငါကောင်းဖို့ပြောနေတယ်ဆိုတာ သဘောပေါက်ပါတယ် . . . မင်းစကားတွေကို အလေးအနက်ထားပြီး ဆင်ခြင်သွားပါ့မယ် . . . "

ဟု လိုက်လိုက်လှဲလှဲပြောနေသဖြင့် နောင်စိုးမှာ အခက်တွေ့နေသည်။ နောက်ဆုံး စိတ်မရှည်နိုင်တော့ပဲ ဝုန်းခနဲထရပ်၍ . . .

"ဒီမှာဟေ့ကောင် . . . ငထွေရှူး . . . အရက်ချိုး . . . ယစ်ထုပ်ကြီး . . . "

ဟု နှစ်နှစ်နာနာပြောသော်လည်း ဟိုကောင်က ခေါင်းငုံ့ခံနေပြီး . . .

"မင်း ပြောချင်သလိုပြော . . . ငါစိတ်မဆိုးပါဘူး . . . "

ဟု ပြန်ပြောသည်။ နောင်စိုးမှာ ဘာဆက်ပြောရမှန်းမသိ ဖြစ်နေရာမှ . . .

"ဟေ့ကောင် . . . မင်းမကျေနပ်ရင် ငါ့လက်ကို လိမ်ချိုးစမ်း . . . "

ဟု ပေါ်တင်ကြီးပြောလေတော့သည်။ ဒီတော့လည်း ဟိုကောင်က . . .

"မင်းနဲ့ငါ ဒီလောက်ချစ်တဲ့သူငယ်ချင်းတွေကွာ . . . ငါ လက်ဖျားနဲ့တောင် မတို့ရက်ပါဘူး . . . တကယ်လို့ မင်းမကျေနပ်ရင် ငါ့ကို ဆွဲထိုးလိုက် . . . "

ဆိုပြီး မေးကို ရှေ့ထိုးပေးလိုက်၏။ နောင်စိုး ဘာလုပ်ရမှန်းမသိ၊ ကြောင်နေတုန်း ငထွေရှူးက . . .

"ထိုးပါကွာ . . . ထိုးပါ . . . မင်းလက်သီးနဲ့ထိုးတာကိုပဲ ပန်းနဲ့ပေါက်ခံရသလို ငါ ဂုဏ်ယူလိုက်ပါ့မယ် . . . "

ဟု ပြောပြီး ရှေ့တစ်လှမ်းတိုးသည်။ နောင်စိုးလည်း . . .

"ဟာ . . . မထိုးဘူး . . . ထိုးလို့ မဖြစ်ဘူး . . . "

ဆိုပြီး နောက်ဆုတ်နောက်ဆုတ်လုပ်သည်။ ငထွေရှူးလည်း ရှေ့ထပ်တိုးပြီး . . .

"ထိုးပါ . . . ထိုးပါကွာ . . . "

ဆိုပြီး နောင်စိုး၏လက်ကိုကိုင်၍ သူ့မေးရိုးကို လက်သီးနှင့်ထိအောင် အတင်းထိုးနေသည်။ နောင်စိုးမှာ . . .

"ဟောကောင် . . . မထိုးဘူး . . . မထိုးဘူးကွ . . . ဟောကောင်တွေ . . . ဒီကောင့်ကိုပြောဦး . . . "

ဆိုပြီး လက်ကို အတင်းရုန်းနေရလေတော့သည်။

ဤသို့ဖြင့် နောင်စိုးမှာ ငထွေရှူးသွေးဆိုးကြောင်း သက်သေမပြနိုင်တော့။ သူ့ခမျာ လက်လည်း လိမ်အချိုးခံရသေး၊ ဆေးဖိုးဝါးခလည်း ကုန်ရသေး။ ငထွေရှူးကို လုပ်ကြံစွပ်စွဲတယ်ဆိုပြီးတော့လည်း ဝိုင်းရှုံ့ချခံရသေး။ ဒီကောင့်မှာ ခုန်ဆွခုန်ဆွဖြစ်လောက်အောင် အခံရခက်နေသည်။

ဒါလည်း ကိုရှုပ လက်ချက်ပဲ။ ဒီလိုဒီလို အစီအစဥ်တွေ လုပ်ထားကြောင်း၊ အဆင်ပြေသလို ကြည့်ရှောင်ဖို့ အကြောင်း ငထွေရှူးကို ကြိုတင်သတင်းပေးထားခဲ့သောကြောင့်ပင် ဖြစ်လေ၏။

*********

# ဇိုးသမားတို့ အိမ်အပြန်

အကာလ ညအခါတွင် သီချင်းတကြော်ကြော်အော်၍ ဖြစ်စေ၊ ဘောလုံးသမားတစ်ယောက် တစ်ဖက်အသင်း ကလူကို လိမ်ခေါက်ဖို့ ကြိုးစားသည့်ဟန်မျိုး ယိုင်တိယိုင်ထိုးပုံစံဖြင့် ဖြစ်စေ၊ ဆိုက်ကားပေါ်မှာ ပိုးလိုးပက်လက် လန်၍ ဖြစ်စေ၊ ဘတ်စ်ကားပေါ်မှား ခေါင်းငိုက်စိုက်ချ၍ ဖြစ်စေ ပုံစံအမျိုးမျိုးနှင့် အိမ်ပြန်ကြသော ဇိုးသမားများကို မြင်ဖူးကြပေလိမ့်မည်။

သူတို့သည် တချို့က အိမ်စောစောပြန်သည်။ တချို့က ညဥ့်နက်မှ ပြန်သည်။ တချို့က အိမ်တန်းပြန် သည်။ တချို့က လမ်းမှာ ဆိုင်တစ်ဆိုင်ဝင်၍ တစ်ခွက်တစ်ဖလား ထပ်ချသေးသည်။ တချို့ကတော့ ပြဿနာလေး တွေနှင့် ခလုတ်ဝင်တိုက်သွားတတ်၏။ တချို့က အိမ်ရောက်လျှင် မိန်းမကို ပြဿနာရှာသည်။ တချို့က မိန်းမကို ချော့သည်။

ဒီထဲကမှ ထူးခြားသည့်ကိစ္စလေးတွေအကြောင်း ပြောပြပါမည်။

ကျွန်တော့်သူငယ်ချင်း ဖင်လန်ဆိုတဲ့ကောင်တစ်ယောက် ရှိသည်။ သူမူးပြီးအိပ်လျှင် ပုဆိုးကွင်းလုံးကျွတ်နေ တတ်သောကြောင့် ဒီနာမည် တွင်ခြင်းဖြစ်၏။

သူသည် မူးလာလျှင် သူ့မိန်းမ၏ပါးကို ကိုက်တတ်သည်ဟု ဆို၏။ အစပိုင်းတော့ သူ့မိန်းမက ချစ်စနိုးနဲ့ ကျီစားတာပဲဆိုပြီး သဘောတောင် ကျသေးသည်။ နောက်ပိုင်းကျတော့ ဒီကောင်က အမူးလွန်လာတဲ့အခါ အတိုင်း အဆမရှိပဲ တအားကိုက်သဖြင့် တစ်ခါတစ်ခါ သွားရာအကွင်းလိုက် ထင်သွားတတ်သည်။ ဒီတော့ မိန်းမက နောက် ဆိုလျှင် အကိုက်မခံတော့ပဲ ပတ်ပြေးနေရသည်ဟု ဆို၏။

တစ်ချို့သူငယ်ချင်းတွေကတော့ . . . "ဒီကောင် ရှက်လို့နေရာလွဲပြောတာဖြစ်မယ် . . . အမှန်တော့ ပါးကို ကိုက်တာမဟုတ်ဘူး၊ ခြေသလုံးကိုကိုက်တာ . . . ဟိုတစ်ရက်က ငါ သူတို့အိမ်သွားတုန်းက သူ့မိန်းမခြေသလုံးမှာ ပတ်တီးစည်းထားတာ တွေ့တယ် . . . ဘာဖြစ်တာလဲမေးတော့ ခွေးကိုက်ခံရတာလို့ ညာပြောတယ် . . . " ဟု အမနာပ ပြောကြလေ၏။

***********

ကျွန်တော့် ဦးလေးတစ်ယောက်ကျတော့ တစ်မျိုး။ သူမူးလာလျှင် ကလေးတွေကိုနှိုးပြီး စာသင်တတ်သည်။ သူပြန်လာတဲ့အချိန်က ညဆယ်နာရီလောက်။ သားသမီးတွေက မနက်ကျောင်းစောစောသွားရမှာမို့လို့ အိပ်ရာဝင်နေ ကြပြီ။ အိပ်မောကျခါစ၊ အိပ်လို့အကောင်းဆုံးအချိန်မှာ နှိုးပြီးစာသင်တော့ တော်တော်စိတ်ညစ်ကြရ၏။

သူက အင်္ဂလိပ်စာနှင့် သင်္ချာကို သင်ခြင်းဖြစ်၏။ သူစိတ်ပါလျှင် ဆယ့်တစ်နာရီ ဆယ့်နှစ်နာရီထိ သင်တတ်သည်။ သားသမီးတွေက အိပ်ချင်လွန်းလို့ ငိုက်နေလျှင်လည်း ကောင်းကောင်းနားမထောင်ရကောင်းလားဆိုပြီး ထိပ်ကို ထိုးတတ်သေးသည်။

တစ်ခုရှိတာကတော့ သူ့သားသမီးအားလုံးသည် ဆယ်တန်းကို ကျူရှင်မယူရပဲ နှစ်ချင်းပေါက်အောင်ရုံသာမက အနည်းဆုံး အင်္ဂလိပ်စာနှင့် သင်္ချာဂုဏ်ထူးပါခဲ့ကြခြင်းပင် ဖြစ်လေ၏။

***********

နောက်တစ်ယောက်ကတော့ မူးပြီးပြန်လာလျှင် မိန်းမကို ပြဿနာရှာသည်။ သူပြန်လာလို့ မိန်းမက ထမင်းပွဲ အဆင်သင့်ပြင်ထားလျှင် . . .

“ဒီအချိန်ကျမှတော့ စားခဲ့ပြီးပြီပေါ့ကွ . . . ဒီလောက်မှ နားမလည်ဘူးလား . . . သက်သက် ငွေကုန်အောင် ဖြုန်းတီးရသလား . . . ”

ဆိုပြီး ပြဿနာရှာသည်။ ထမင်းဟင်းချန်မထားမိတဲ့အခါကျတော့လည်း . . .

“ဒီလောက် ပင်ပင်ပန်းပန်းရှာရဖွေရတဲ့လူကို ထမင်းလေးတစ်နပ်တောင် မသဒ္ဒါဘူးလား . . . အေး . . . မရှိရင် ရှိတာစားမယ်ကွ . . . ”

ဟု ဆိုပြီး သူ့သမီးလေးမွေးထားသော ရွှေငါးလေးတွေကို ကြော်စားပစ်လိုက်သည်။ ကလေးမှာ အလွန်စိတ်ထိခိုက်ပြီး သုံးလေးရက်လောက် မစားနိုင်မသောက်နိုင်ပဲ ဖျားနေခဲ့သည်။

ဒီလောက်နှင့်လည်း မပြီးသေး။

“မိန်းမဆိုတာ ငွေမက်တတ်တယ် . . . ငွေရှာနိုင်မှ လူထင်တယ် . . . မိန်းမတွေဟာ သစ္စာမရှိဘူး . . . ခွေးကမှ သစ္စာရှိသေးတယ် . . . ”

ဆိုပြီး မိန်းမနှင့်မအိပ်ပဲ အိမ်မှာမွေးထားသည့်ခွေးနှင့်အတူ ဖိနပ်ချွတ်မှာ သွားပြီး ဖက်အိပ်နေတတ်သည်။ နောက်တော့ ခွေးသန်းတွေကိုက်ပြီး တစ်ကိုယ်လုံးယားနာတွေ ပေါက်လာသဖြင့် အတော်ကုယူလိုက်ရသည်။

***********

သူငယ်ချင်းတစ်ယောက်၏ မိန်းမက ခပ်ထက်ထက်ဖြစ်၏။ သူငယ်ချင်းက သူ့ကိုကြောက်ရသည်။ သူ့မှာက ပန်းနာရင်ကျပ်ရောဂါရှိသည်။ ရင်ကျပ်သမားတို့သည် ကိုယ်နှင့်ဓာတ်မတည့်သည့်အစားအသောက်ကို စားမိသည့်အခါဖြစ်စေ၊ ဓာတ်မတည့်သည့် အနံ့တစ်ခုခုကို ရှူမိသည့်အခါဖြစ်စေ အသက်ရှူကျပ်ပြီး ရောဂါထတတ်၏။

သူငယ်ချင်းရဲ့မိန်းမကတော့ သူများလို ပုဇွန်စားမိလို့၊ ပန်းအနံ့ရလို့၊ အမွေးတိုင်နံ့နဲ့ ဓာတ်မတည့်လို့ ဆိုတာမျိုးမဟုတ်။ အရက်နံ့ရလျှင် ရောဂါထတတ်ခြင်း ဖြစ်၏။

ထို့ကြောင့် ဟိုကောင်မူးလာလျှင် အိမ်ပေါ်အတက်မခံ။ တစ်ခါက ပြောမရပဲ အိမ်ပေါ်အတင်းတက်သဖြင့် မိန်းမက သနပ်ခါးတုံးနှင့်ဆော်ထည့်လိုက်ရာ ငယ်ထိပ်ကွဲသွားသည်။ မိန်းမမှာ အရက်နံ့လည်းရ၊ သွေးတွေလည်းမြင်ပြီး မူးမေ့လဲသွား၏။

သူတို့သားအကြီးကောင်က လမ်းထိပ်ပြေးပြီး ကျွန်တော့်ဆီဖုန်းဆက်သည်။ ကျွန်တော်လည်း အမြန်ပြေးသွားရသည်။ ဟိုရောက်တော့ တစ်ယောက်က အိမ်ရှေ့မှာ ခွေခွေလေးလဲနေပြီး တစ်ယောက်က ကွပ်ပျစ်ပေါ်မှာ စန့်စန့်ကြီးဖြစ်နေ၏။

ကျွန်တော့်မှာ ဘယ်သူ့ကိုအရင်ကြည့်ရမှန်းမသိ ဖြစ်နေ၏။ ပြီးမှ 'လေးဒီးစ်ဖက်စ်' ဆိုသော စကားကို သတိရပြီး မိန်းမကို အရင်နာနုပ်ရသည်။ ပြီးမှ ဟိုကောင့်ကိုကြည့်တော့ ငယ်ထိပ်မှာ တစ်လက်မကျော်ကျော် ကွဲသွားသည်။ အရက်ရှိန်ကြောင့် သွေးတစိမ့်စိမ့်ထွက်နေတုန်း။ အရက်ကြောင့်လား၊ အရိုက်ခံရတဲ့ဒဏ်ကြောင့်လားမသိ။ ကောင်းကောင်းစကားမေးမရချင်။

ကျွန်တော်လည်း ဆေးခန်းကိုပြေးရသည်။ ဆေးခန်းက အတော်ဝေးဝေးမှာမှ ရှိသည်။ ကျွန်တော်ရောက်သွားတော့ ဆရာဝန်က ပြန်တောင်ပြန်ခါနီးနေပြီ။ အမျိုးသမီးဆရာဝန်မဖြစ်နေသဖြင့် လိုက်မှလိုက်ပါ့မလား ထင်မိသေးသည်။ သို့ရာတွင် သူ့ကို ကားငှားလို့လွယ်သည့် လမ်းမကြီးပေါ်ထိ ပြန်ပို့ပေးဖို့သာပြောပြီး လိုက်လာသည်။

ဟိုရောက်တော့ မိန်းမလုပ်သူကို အရင်ကြည့်ခိုင်းရသည်။ ပြီးတော့မှ ဟိုပုဂ္ဂိုလ်။ ဆရာဝန်မက ဒဏ်ရာကို ကြည့်ပြီး . . .

"ဘာဖြစ်တာလဲ . . . "

ဟု မေးသည်။ ကျွန်တောလည်း ရှင်းပြနေရလျှင် ကြာမည်စိုး၍ . . .

"ဟိုဟာပါ . . . နည်းနည်းမူးပြီး လဲကျတော့ . . . ဟို . . . တိုင်နဲ့ ခေါင်းနဲ့ဆောင့်မိတာ . . . "

ဆရာဝန်မက မျက်မှောင်ကုတ်လိုက်ပြီး . . .

"တိုင်နဲ့ဆောင့်မိရင် နဖူးတို့၊ နောက်စေ့တို့မှာ ထိရမှာပေါ့ . . . ခုလို ငယ်ထိပ်မှာထိတာက တစ်ခုခုနဲ့ အရိုက်ခံရတဲ့သဘောပဲ . . . "

အရေးထဲမှာ ဒေါ်စုံရှားနဲ့ လာတွေ့နေသေးသည်။

"ကျွန်မကို အမှန်အတိုင်းပြောနော် . . . ပုလိစ်ကေ့စ်ဆိုရင်တော့ ကျွန်မတို့က အရမ်းလုပ်လို့ မရဘူး . . . "

မတတ်သာတော့သဖြင့် ပုလိစ်ကေ့စ်မဟုတ်ကြောင်း၊ သနပ်ခါးတုံးကေ့စ်သာဖြစ်ကြောင်း၊ လူနာကိုသာ ကောင်းအောင်ကြည့်လုပ်ပေးပါ၊ အစစအရာရာတာဝန်ယူပါကြောင်းပြောပြီး ပိုမိုယုံကြည်စိတ်ချစေရန် ကျွန်တော့် စာရေးဆရာအမည်ကိုပါ ပြောလိုက်ရသည်။

ဒီတော့မှ အဆင်ပြေသွားပြီး . . .

"သြော် . . . ဟုတ်ပြီ . . . ဟုတ်ပြီ . . . တစ်ခုတော့ ရှိတယ် . . . အရေးပေါ်ထွက်လာရလို့ ထုံဆေးတော့ ပါမလာဘူး . . . ဒီတိုင်းပဲ ချုပ်ရမှာပဲ . . . "

"ရပါတယ် . . . အဆင်ပြေသလိုသာ လုပ်ပါ . . . "

တကယ်တော့ ထုံဆေးတွေ မေ့ဆေးတွေတောင် မလိုပါ။ ကိုယ့်ဆရာမှာ အရက်နှင့်သနပ်ခါးတုံးအရှိန်ကြောင့် မိန်းမောနေသဖြင့် အပ်ကောက်ကလေးဖြင့် အရေပြားကို ဖောက်ခနဲထိုးဖောက်လိုက်တဲ့အခါမှ 'အင်း . . . ' 'အယ် . . . ' ဆိုတာလောက်သာ သဲ့သဲ့ညည်းနိုင်ရှာလေ၏။

ဆရာဝန်မကို လမ်းထိပ်အထိ လိုက်ပို့ရသည်။ လျှောက်သွားကြရင်း သူက ကျွန်တော့်စာအုပ်များကို ဖတ်ဖူးကြောင်း၊ တချို့ဝတ္ထုတွေကို ကြိုက်ကြောင်း၊ တစ်ချို့ဝတ္ထုတွေကိုတော့ အားမရလှကြောင်း ပြောသည်။ ပြီးတော့မှ . . .

"ဆရာ့သူငယ်ချင်းက အရက်တော်တော်သောက်တယ် ထင်တယ် . . . "

ဟု ပြော၏။ ကိုယ့်လူသိက္ခာကျမှာ စိုးသဖြင့် . . .

"သိပ်မသောက်ပါဘူး . . . ဒီနေ့တော့ ဧည့်ခံပွဲတစ်ခုရှိလို့ နည်းနည်းများသွားတယ် ထင်ပါရဲ့ . . . "

"ဆရာကော သောက်တတ်လား . . . "

ဟု လျှပ်တစ်ပြက်ရိုက်ချက် လုပ်နေသဖြင့် . . .

"တစ်ခါတလေတော့ သောက်ပါတယ် . . . သိပ်တော့ များများမသောက်ပါဘူး . . . "

ဟု ကြိုကာလိုက်ရသည်။ ဒါတောင် အရက်ဆိုတာ နည်းနည်းပဲသောက်သောက်၊ များများပဲသောက်သောက် မကောင်းကြောင်း၊ အရက်ဆိုသည်မှာ စင်စစ်အဆိပ်တစ်မျိုးနှင့်တူကြောင်း၊ လူ့အသည်း၏ တာဝန်မှာ ခန္ဓာကိုယ်တွင်း ဝင်ရောက်လာသော အဆိပ်အတောက်များကို ချေဖျက်ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အရက်များများသောက်လျှင် အသည်းက အလုပ်ပိုလုပ်ရပြီး ဒဏ်ပိုတတ်ကြောင်း၊ အရက်သည် အသည်းထဲမှာရှိသည့်ဆဲလ်များကို တိုက်ရိုက်ဖျက်ဆီးတတ်သေးကြောင်း၊ ကြာလျှင် အသည်းခြောက်ပြီး ကင်ဆာဖြစ်နိုင်ကြောင်း စသည်ဖြင့် လမ်းတစ်လျှောက်လုံး ပညာပေးသွားလေသည်။ ကျွန်တော်လည်း . . . 'ဟုတ်ကဲ့ . . . ကျွန်တော် ဆင်ခြင်ပါ့မယ် . . . ' ဟု ဘုမသိ ဘမသိ ကတိပေးလိုက်ရ၏။

သူ့စိတ်ထဲမှာတော့ 'ဒီစာရေးဆရာလဲ သူ့သူငယ်ချင်းလို အရက်သမားဖြစ်မှာပဲ . . . ' ဟု ထင်သွားမှာ သေချာသည်။

ထိုကိစ္စသည် ဤတွင်မပြီးသေး။ တစ်လလောက်ကြာသောအခါ ထိုသူငယ်ချင်းနှင့် လေထန်ကုန်းလက်ဖက်ရည်ဆိုင်မှာ သွားဆုံသည်။ ကျွန်တော်က . . .

"ဘယ်လိုလဲ . . . ကောင်းသွားပြီလား . . . "

"ကောင်းတော့ ကောင်းပါတယ် . . . ဒါပေမယ့် တစ်ခါတလေ ဗိုက်ထဲက အောင့်အောင့်နေသေးတယ် . . . "

ဟု ပြန်ဖြေသဖြင့် ကျွန်တော်ကြောင်သွားသည်။ ကျွန်တော်ဆိုလိုတာက သူ့ခေါင်းက ဒဏ်ရာကိစ္စဖြစ်၏။ သူက ဘာရောဂါအကြောင်း ပြန်ပြောသလဲ မသိ။ ထို့နောက် . . .

"ခုတလော ဘာဖြစ်မှန်း မသိပါဘူးကွာ . . . ရောဂါက ထူချင်တယ် . . . ခေါင်းမှာလဲ ယားနာလား ဘာလား မသိဘူး . . . ယားကျိကျိနဲ့ . . . စမ်းကြည့်တော့ အဖုလေးတွေကွ . . . ဆံပင်တွေလဲ ကွက်ပြီးကျွတ်တယ် . . . ဒီမှာကြည့် . . . "

ဆိုပြီး ခေါင်းငုံ့ပြသည်။ ကြည့်လိုက်တော့ ဟိုက်ခနဲဖြစ်သွား၏။ သူက ယားနာလို့ ဆိုနေတာက အရင်သူ့မိန်းမ သနပ်ခါးတုံးစာမိခဲ့လို့ ကွဲခဲ့သည့်ဒဏ်ရာက အနာရွတ်၊ ဆံပင်တွေ ကျွတ်တယ်ဆိုတာက ဒဏ်ရာကို

ချုပ်တုန်းက ဆရာဝန်မကိုယ်တိုင် ညှပ်ထုတ်ပစ်ခဲ့သည့် ဆံပင်များ၊ ပိုပြီးထူးခြားတာက ဒဏ်ရာကကျက်ပြီးနေတာတောင် ခုထိချုပ်ရိုးမဖြေရသေး။

ဖြစ်နိုင်တာက သူ့မိန်းမကလည်း ဒဏ်ရာချုပ်စဉ်က အနားမှာမရှိသဖြင့် သိဟန်မတူ။ ကျွန်တော်ကလည်း သူ့ဟာသူတော့သိမှာပဲ ဆိုပြီး အမှတ်တမဲ့နေလိုက်မိ၏။ ဒီပုဂ္ဂိုလ်ကတော့ သူခေါင်းကွဲခဲ့တာ ချုပ်ခဲ့ရတာ လုံးဝမသိခဲ့။ သူ့မိန်းမကလည်း ကိုယ့်အပြစ်ဖြစ်နေတော့ မေ့နေတာကို အစမဖော်ပဲ မသိလိုက် မသိဘာသာ ထားခဲ့ဟန်တူ၏။

ဆရာဝန်မကတော့ ဒီလူ တခြားဆေးခန်းမှာ ဆက်ပြတာပဲဖြစ်မည်ဟု ထင်ပေလိမ့်မည်။

***********

နောက်တစ်ယောက်ကလည်း မိန်းမကြောက်ရတာပဲ။ မိန်းမကြောက်ရတဲ့အတွက် တစ်ခုတော့ကောင်းသည်။ အရက်ကို စည်းမရှိ၊ ကမ်းမရှိ မသောက်ရဲတော့။ တစ်ခုခက်ပြန်တာက မသောက်မဖြစ်လို့ သောက်လိုက်ရတဲ့အခါမှာလည်း အိမ်ပြန်ခက်ရ၏။

တစ်ရက်မှာတော့ ကြောက်ရသည့်ဆရာတစ်ယောက်က အတင်းတိုက်သဖြင့် သောက်လိုက်ရ၏။ ဆရာက လက်ရည်မြင့်သူဖြစ်ပြီး သူသောက်သမျှလိုက်သောက်ခိုင်းရာ မငြင်းရဲသဖြင့် အတော်မူးသွားသည်။

ဖြစ်ချင်တော့ မနက်ကပင် အိမ်ကထွက်ခါနီးမှာ မိန်းမက ပြဿနာရှာလိုက်သေးသည်။ အိမ်မှာ ဆန်ဝယ်စရာပိုက်ဆံမရှိတာ၊ ဒီနေ့ရအောင် ရှာခဲ့၊ မရလျှင် အိမ်မပြန်ခဲ့နဲ့တဲ့။

ပြဿနာပဲ။ ငွေကလည်း မရခဲ့။ မူးကလည်း တော်တော်မူးနေသည်။ ဒီပုံစံနဲ့ အိမ်ပြန်သွားလျှင် မိန်းမက လေ့ကားတစ်ထစ်တောင် တက်ခွင့်ပြုမှာမဟုတ်။

စိတ်ညစ်ညစ်နဲ့ လျှောက်လာရင်း ရဲစခန်းရှေ့အရောက်တွင် မထူးပါဘူးဆိုပြီး စခန်းထဲ ဝင်သွား၏။ တာဝန်မှူးဆီ တန်းသွားပြီး . . .

"ကျွန်တော့်ကိုဖမ်းပါ ဆရာ . . . "

တာဝန်မှူး ဖျတ်ခနဲမော့ကြည့်သည်။ ကိုယ်တိုင် လာအဖမ်းခံရအောင် ဘယ်လိုအမှုမျိုးမို့လဲ။ ထို့ကြောင့် . . .

"ခင်ဗျားက ဘာကြောင့် ဖမ်းခိုင်းရတာလဲ . . . "

"ကျွန်တော်အရက်မူးနေလို့ . . . "

"မူးတိုင်း ဖမ်းလို့ရတာမဟုတ်ဘူးဗျ . . . အန္တရာယ်ဖြစ်လောက်အောင် မူးနေမှ . . . "

"ကျွန်တော့်မှာ တကယ်ကို အန္တရာယ်ဖြစ်နိုင်တာပါ . . . "

"ခင်ဗျား အန္တရယ်ဖြစ်တာကို ပြောတာမဟုတ်ဘူး . . . အများပြည်သူဖြစ်မှာကို ပြောတာ . . . "

"ဘာပဲဖြစ်ဖြစ် ဆရာရယ် . . . ဖမ်းသာဖမ်းပါ . . . "

တာဝန်မှူးမှာ ကိုယ့်ကိုယ်ကိုယ် အတင်းဖမ်းခိုင်းနေသူကိုကြည့်ပြီး အတော်စိတ်ရှုပ်သွား၏။

"ခင်ဗျားသွားတော့ဗျာ . . . ဒီမှာ အလုပ်တွေ အရေးကြီးရတဲ့ကြားထဲ လာမရှုပ်နဲ့ . . . "

"ကျွန်တော့်ကြောင့် ဆရာအလုပ်ပျက်သွားပြီ မဟုတ်လား . . . ဒါဆိုလဲ ဝတ္တရားနှောင့်ယှက်မှုနဲ့ ဖမ်းလို့ရပါတယ် . . . "

"ဟာ . . . တော်ဗျာ . . . တော် . . . ကြာရင် ခင်ဗျားကို . . . "

အရေးယူမိလိမ့်မယ်ဟု ပြောလို့မဖြစ်။ ဟိုလူ့အကြိုက်ကျသွားမည်။ ထို့ကြောင့် . . . 'သွားဗျာ . . . အခုထွက်သွား . . . 'ဟူ၍သာ မောင်းထုတ်ရသည်။

"မဟုတ်ပါဘူး ဆရာရယ် . . . ဖြစ်ပုံက ဒီလိုပါ . . . ကျွန်တော် အိမ်မပြန်ရဲလို့ပါ . . . အချုပ်ထဲမှာ တစ်ညအိပ်ပါရစေ . . . "

ဆိုပြီး သူ့မိန်းမ မနက်ကမှာတာကို ပြောပြသည်။ ဒီတော့မှ တာဝန်မှူးက သနားသွားပြီး . . .

"အချုပ်ထဲတော့ မဝင်ပါနဲ့ဗျာ . . . ဟောဟိုက ခုံတန်းလျားမှာသာ အိပ်ပေတော့ . . . "

ဟု ခွင့်ပြုလိုက်ရလေ၏။

***********

တချို့အရက်ဆရာများသည် ညက အရက်သောက်ပြီး ဘာတွေ ပြောခဲ့၊ ဘာတွေ လုပ်ခဲ့တယ်ဆိုတာ နောက်တစ်နေ့မနက်မှာ မမှတ်မိတော့။ တချို့ဆိုလျှင် ညက ဘယ်သူတွေနဲ့ သောက်ခဲ့တယ် . . . ဘယ်သူက အိမ်လိုက်ပို့တယ် . . . ဒါမှမဟုတ် ဘယ်လိုပြန်ခဲ့တယ်ဆိုတာတောင် မေ့နေတတ်၏။

ဥပမာတစ်ခု ပြောပြမည်။

ထုံးစံအတိုင်း ကျွန်တော်၏မိတ်ဆွေတစ်ယောက်ဟူ၍ပင် အစချီရပါမည်။ သူက လုပ်ငန်းကိုင်နန်းလေး ကောင်းသဖြင့် ငွေအသင့်အတင့်ရှိသည်။ သူ့မှာ ပစ်ကပ်ကားလေးတစ်စင်းလည်း ရှိ၏။ သူက အရက်လည်း ကြိုက်တတ်သဖြင့် မြို့လယ်က အလတ်တန်းစားဆိုင်တစ်ဆိုင်မှာ ညနေတိုင်း ပုံမှန်ထိုင်တတ်၏။

တစ်ခါတစ်လေကျလျှင် စားသောက်ပြီးနောက် ငွေရှင်းဖို့မေ့ပြီး ထွက်သွားတတ်သည်။ ဆိုင်ရှင်ကလည်း သတိမပေး။ ပုံမှန်ဖောက်သည်ဆိုတော့ နောက်နေ့ကျမှ ပေါင်းပြီး ရှင်းယူလို့ရသည်။

တစ်ရက်မှာ သူအိပ်ရာကနိုးတော့ စိတ်ထဲမှာ ဇဝေဇဝါဖြစ်နေသည်။ ညက ဘယ်လိုပြန်ခဲ့သလဲ။ ကားမှ ပြန်ပါလာရဲ့လားဟု စိုးရိမ်ပြီး ဂိုဒေါင်ထဲသွားကြည့်တော့ ကားကရှိနေသည်။ ထို့မျှမက . . .

သူ့အိမ်ဝင်းတံခါးက သိပ်မကျယ်လှ။ ဂိုဒေါင်ကလည်း နည်းနည်းကျဉ်းသည်။ သာမန်အချိန်မှာပင် လွတ်အောင် မနည်းသတိထားပြီး ဝင်ရသည်။ ခုကျတော့ ရိုးရိုးတောင်မဟုတ်၊ ကားကို နောက်ပြန်ဆုတ်ဝင်ထားခဲ့ခြင်းဖြစ်၏။ အပေါက်ဝဘက်ကို ခေါင်းတည်ထားပြီးသား။ ဧကန္တ ညတုန်းက သူမဟန်နိုင်လို့ တစ်ယောက်ယောက ကားကိုမောင်းပြီး လိုက်ပို့တာဖြစ်ရမည်။

သူ့မိန်းမကို ညက ကားဘယ်သူမောင်းလာသလဲ မေးတော့ . . .

"ရှင့်ဘာသာရှင် မောင်းလာတာပဲ . . . ကားကို နောက်ဆုတ်ပြီးဝင်တာက ဘက်ထရီမကောင်းလို့ မနက် တွန်းနိုးရလွယ်အောင် မှတ်လို့ . . . "

သူသည် သူ့ကိုယ်သူ တော်တော်အထင်ကြီးသွား၏။ ငါ ကားမောင်းတာ တော်တော်ကျွမ်းတာပဲ။ ဘယ်လို က ဘယ်လို မောင်းလာမှန်း မသိတာတစ်ခုပဲ ရှိတယ်။

သို့ရာတွင် . . .

နောက်တစ်ခေါက်ကျတော့ မီးပွိုင့်မှာစောင့်နေရင်း မီးစိမ်းပြတော့ ကားထွက်ရန်ဂီယာထိုးလိုက်သည်။ ဂီယာ ကမဝင်ပဲ တဂီးဂီးအော်သည်။ ကလပ်များမြင့်နေလို့လားဆိုပြီး ထပ်နင်းချသည်။ လေကိုသာ နင်းမိ၏။ ခြေထောက် အောက်မှာ ဘာကလပ်မှ မရှိ။ ထိုစဉ် . . .

"ဟေ့လူ . . . ဘာလုပ်တာလဲ . . . ဘာလုပ်တာလဲ . . . "

ဘေးမှထိုင်လိုက်လာသူတစ်ယောက်၏အသံကို ကြားလိုက်ရ၏။ သူ လှည့်ကြည့်သည်။ လူစိမ်းတစ် ယောက်။

"ခင်ဗျား . . . ခင်ဗျား . . . ဘယ်သူလဲ . . . ကျုပ်ကားပေါ် . . . ဟင် . . . "

သူ အံ့သြသွားရ၏။ ကားမောင်းနေတာ မိမိမဟုတ်ပါလား။ ဟိုလူက လက်ကိုင်ခွေကို အခန့်သားကိုင်လို့။ သေသေချာချာကြည့်တော့မှ သဘောပေါက်သည်။ သူသည် တက္ကစီတစ်စင်းပေါ် ရောက်နေတာပါလား။

"ဟင် . . . ကျွန်တော့်ကားရော . . . "

ဟု လွှတ်ခနဲမေးမိ၏။ တက္ကစီသမားက . . .

"ဘာ . . . ဘာကားလဲ . . . "

ဒီတော့မှ သူလည်း ဆိုင်မှာ သူ့ကားကိုမေ့ထားခဲ့ပြီး တက္ကစီငှားလာမိကြောင်း သတိရသဖြင့် ကားဆရာကို တောင်းပန်ပြီး ဆိုင်ကို ပြန်မောင်းခိုင်းပြီးမှ ကားပြန်ယူရ၏။

နောက်ကိုတော့ ကားကို မမေ့အောင် သတိထားနေရသည်။ ဒါတောင် တစ်နည်းတစ်ဖုံ ဖြစ်ခဲ့သေးသည်။

တစ်ရက်မှာ စားသောက်ပြီးနောက် ကားမောင်း၍အိမ်ပြန်ခဲ့သည်။ ကားကို ဂိုဒေါင်ထဲ အကျအန ထည့် သည်။ နောက်တစ်နေ့မနက် အလုပ်သွားဖို့ ကားထုတ်မယ်လုပ်တော့မှ ဟိုက်ခနဲဖြစ်သွား၏။

ကားက သူ့ကားမဟုတ်။ အရောင်တူ၊ အမျိုးအစားတူသော်လည်း နံပါတ်မတူ။ ညက ဆိုင်ရှေ့မှာတွေ့သည့် ကားတစ်စင်းကို သူ့ကားမှတ်လို့ မောင်းယူခဲ့မိခြင်းဖြစ်၏။

တချို့ကားတွေက အမျိုးအစားတူလျှင် သော့ချင်းလည်း မတိမ်းမယိမ်းတူတတ်သည်။ တံခါးဖွင့်လို့ရသည်၊ စက်နှိုးလို့ရသည်။ သော့ကို အသေခတ် (လော့က်) လုပ်ထားမှ စက်နှိုးလို့မရခြင်းဖြစ်၏။

သူ့မှာ အတော်စိုးရိမ်သွားသည်။ ကားပိုင်ရှင်ကတော့ ရဲစခန်းတိုင်ပြီးလောက်ပြီ။ ဘာပဲဖြစ်ဖြစ် သူ့ကားသွား ပြန်ယူရင်း ဆိုင်ရှင်ကို သက်သေအဖြစ် ခေါ်ရပေလိမ့်မည်။

သို့နှင့် ဆိုင်ရှိရာသို့ ကားကိုမောင်းလာခဲ့သည်။ ဆိုင်ရှေ့မှာ သူ့ကားကို ရပ်ထားလျက်သားတွေ့ရ၏။ သူလည်း မောင်းလာသည့်ကားကို နောက်မှာထိုးရပ်ပြီး ဆိုင်ထဲ ခပ်သုတ်သုတ်ဝင်လိုက်သည်။ သူ့ကို မြင်သောအခါ ဆိုင်ရှင်က . . .

"ဟော . . လာပြီ . . . "

ဟု ပြောလိုက်၏။ ထောင်ထောင်မောင်းမောင်း၊ ဗလတောင့်တောင့် လူတစ်ယောက် ထရပ်လိုက်သည်ကို တွေ့ရသည်။ ကားပိုင်ရှင်လား၊ ရဲအဖွဲ့ကပဲလား။ ဖြစ်ပုံကို ပြေပြေလည်လည် ရှင်းပြဖို့ပြင်လိုက်စဉ်မှာပင် ထိုသူက ဦးအောင်ပြောသည်။

"ဆောရီးပဲဗျာ . . . ကျွန်တော် မနေ့ညက သောက်တာနည်းနည်းများသွားလို့ ခင်ဗျားကားကို ကျွန်တော့်ကားမှတ်ပြီး မောင်းယူသွားမိတယ် . . . "

လက်စသတ်တော့ သူလည်း ကိုယ့်လိုလူပါပဲလား။ ထိုနေ့မှစ၍ သူတို့နှစ်ယောက်မှာ သောက်ဖော်သောက်ဖက်များ ဖြစ်သွားကြလေ၏။ အမယ် . . . တစ်ခါတလေ တမင်တကာတောင် ကားချင်းလဲမောင်းကြသေးတယ် ဆိုပဲ။

***********

# ပြတ၅/ သောက်များ

ယမကာလုလင်ဆိုပြီး နားဝင်ချိုအောင်ပဲ ခေါ်ခေါ်၊ အရက်သမား၊ ဗိုးငနဲ၊ ယစ်ထုပ်ကြီး၊ သောက်သုံးသူ၊ အသောက်သမား ဟူ၍ ချိုးချိုးဖဲ့ဖဲ့ပဲခေါ်ခေါ် သူတို့သည် အရက်ကြိုက်တတ်သူတွေချည်းပင် ဖြစ်၏။ သူတို့ကို အသည်းဝေဒနာရှင်အလောင်းအလျာများဟု ခေါ်ဆိုနိုင်မည် ထင်ပါသည်။

သူတို့ကား အသည်းရောဂါအထူးကုဌာနဆီသို့ ဦးတည်သွားနေကြသူများပင်ဖြစ်၏။ တစ်လှမ်းချင်းလျှောက်တာ၊ ခပ်သွက်သွက်လှမ်းတာ၊ ဒုန်းပြေးတာသာ ကွာခြားလိမ့်မည်။

အရက်ကို အကြောင်းအမျိုးမျိုးဖြင့် စတင်ထိတွေ့ဖူးကြသည်။ အသစ်အဆန်းတစ်ခုအဖြစ် မြည်းစမ်းကြည့်လိုကြခြင်း၊ အပေါင်းအသင်းက အဆွယ်ကောင်းခြင်း၊ ပေါင်းသင်းဆက်ဆံရေးအရ မသောက်မဖြစ်သောက်ရခြင်း၊ စီးပွားရေးအကျိုးအတွက် မျှော်ကိုးပြီး ညှိခံရာမှ ဝင်သောက်မိခြင်း စသည်ဖြင့် အရက်နှင့်မိတ်ဆက်မိကြသည်။

တစ်ချို့က တစ်ကြိမ်တည်းနှင့် နောက်ဆုတ်သွားသည်။ တစ်ချို့က ရံဖန်ရံခါ၊ တချို့က ရာသက်ပန်လက်တွဲမိကြလေသည်။

ပထမဆုံးအဆင့်မှာ ဝါသနာရှင်အဆင့်ဖြစ်၏။ ကြုံတဲ့အခါ ဝင်သောက်တတ်သူများ။ ထိုသူများမှာ မသောက်ရလည်း အရေးမကြီး၊ အဆင်သင့်တော့လည်း သောက်လိုက်ရုံ။

ဒီထဲကမှ တစ်ချို့သည် မကြာခဏကြုံခွင့်ဆုံခွင့်ရကြသည်။ ဒီလိုကြုံရတာမျိုးကိုလည်း အရသာတွေ့လာကြသည်။ မကြုံလျှင်လည်း ကြုံအောင်ကြိုးစားလာကြသည်။

ဒီနောက်တော့ သောက်တဲ့ရက်စိပ်လာသည်။ မသောက်ဖြစ်သည့်နေ့ညနေများမှာ နေမထိထိုင်မသာ ဖြစ်လာတတ်သည်။ သရိုးသရီဖြစ်လာသည်။ သောက်လိုက်ရ ကောင်းနိုး၊ နားလိုက်ရ ကောင်းနိုး စိတ်ထဲမှာ လွန်ဆွဲနေတတ်သည်။ နောက်ဆုံး သောက်မည့်ဘက်က အနိုင်ရသွားပြီး နေ့စဉ်သောက်သည့်အဆင့်ကို ရောက်တော့သည်။ ဒါလုံးဝအရက်စွဲသွားခြင်းပင် ဖြစ်၏။

အရက်ကို နေ့စဉ်ပုံမှန်လေး သောက်သွားသူများမှာ အနုစားအရက်စွဲသူများဖြစ်ပြီး အသောက်ကြမ်းလာခြင်း၊ ညနေတွင်သာမက နေ့ဘက်ပါသောက်လာလျှင် အရင့်စားဖြစ်လာ၏။ နောက်ဆုံး နှစ်ဆယ့်လေးနာရီလုံးသောက်သည့်အဆင့်၊ အဖတ်ဆည်ဖို့ခက်သည့်အဆင့်သို့ရောက်ပြီး လမ်းဆုံးရောက်လေသည်။

အရက်စွဲသူတော်တော်များများသည် အရက်ကိုသောက်ချင်လွန်းလို့မဟုတ်၊ စီးပွားရေးအဆင်မပြေလို့၊ မိန်းမကပြဿနာရှာလို့၊ သားသမီးမလိမ္မာလို့၊ သူငယ်ချင်းကို သတိရလို့ စသည်ဖြင့် အကြောင်းတွေ ပြတတ်သည်။ ဒီနည်းဖြင့် သူတို့အားနည်းချက်ကို ဖုံးကွယ်တတ်ကြသည်။

ဒီလိုဖုံးကွယ်လို့ မလွယ်တော့ဘူးဆိုလျှင်တော့ . . .

"သောက်ချင်လို့ သောက်တယ်ကွာ . . . ဘာဖြစ်လဲ . . . ဘယ်သူ့ဂရုစိုက်ရမှာလဲ . . . ငါ့ပိုက်ဆံနဲ့ ငါသောက်တာ . . . ငါ့ပါးစပ်နဲ့ ငါသောက်တာ . . . "

ဆိုပြီး မထူးဇာတ် ခင်းတော့သည်။

နောက်ဆုံးအဆင့်ကတော့ မိမိသည် အရက်စွဲနေသူဖြစ်ကြောင်း ဝန်ခံလိုက်ပြီးမှ သောက်ချင်လွန်းလို့ မဟုတ်၊ သွေးကတောင်းဆိုနေသောကြောင့် ဖြစ်ကြောင်း၊ မကောင်းမှန်းလည်း သိပါကြောင်း၊ သို့ရာတွင် မသောက်ရလျှင် သေမလောက်ဝေဒနာခံစားနေရသဖြင့် နည်းနည်းဖြစ်ဖြစ် သောက်ပါရစေဆိုပြီး သနားလောက်အောင်ပြော၍ တောင်းဆိုတတ်လေသည်။

ဘာပဲဖြစ်ဖြစ် အရက်စွဲလာပြီဆိုလျှင် အရက်ကိုဖြတ်မလား၊ လောကကြီးနဲ့အဆက်ဖြတ်မလား စဉ်းစားဆုံးဖြတ်ဖို့သာ ရှိတော့သည်။

တကယ်တော့ အရက်စွဲဖို့ဆိုတာ အလွန်လွယ်ပြီး ပြန်ဖြတ်ဖို့ကျတော့ အလွန်ခက်သည်။ အရက်ဖြတ်ကြရာတွင် ဆေးရုံမှာ တက်ဖြတ်ခြင်း၊ အိမ်မှာ ဆရာဝန်ပင့်၍ ဖြတ်ခြင်း၊ ဘုန်းတော်ကြီးတွေထံမှာ ကတိခံ၍ ဖြတ်ခြင်း၊ ကိုယ့်ဘာသာ သံန္နိဋ္ဌာန်ချ၍ ဖြတ်ခြင်း စသည်ဖြင့် နည်းလမ်းအမျိုးမျိုးရှိပါသည်။

ဘယ်နည်းလမ်းမှာပဲဖြစ်ဖြစ် ကာယကံရှင်ကိုယ်တိုင်က ဖြတ်ချင်သောဆန္ဒရှိမှ အောင်မြင်ဖို့များပါသည်။ အတင်းအကျပ် ဆေးရုံပိုင်းတင်ပြီး ဖြတ်ခိုင်းခြင်းမျိုးမှာ အားမတန်လို့ မာန်လျှော့ရခြင်းသာဖြစ်၍ ပြန်သောက်ဖို့ အလားအလာများပါသည်။

ကာယကံရှင်ကိုယ်တိုင်ဆိုရာမှာလည်း ဖြတ်ချင်သောဆန္ဒတော့ ရှိသည်၊ စိတ်ဓာတ်ကကြံ့ခိုင်မှုမရှိလျှင် မလွယ်ပါ။ တချို့လူတွေက ဖြတ်လျှင် ပြတ်သွားသည်။ နောက်တော့ ပြန်သောက်သည်။ နောက် ပြန်ဖြတ်၊ ပြီးတော့ ပြန်သောက်၊ 'ဖြတ်သောက်' ကြီးတွေ ဖြစ်နေကြလေသည်။

ပြီးတော့ အရက်ဖြတ်ရာမှာ ကာယကံရှင်သာမဟုတ်၊ ဘေးလူတွေပါ ဖွဲ့ရှိဖို့လိုသည်။ အရက်ဖြတ်နေတုန်းနှင့် ဖြတ်ပြီးခါစမှာ အလွန်စိတ်ရှည်စွာ ပြုစုစောင့်ရှောက်ပေးဖို့ လိုသည်။ ဒီလိုစောင့်ရှောက်ဖို့ဆိုတာက ကျန်းမာရေးလည်း ကောင်းပါမှ၊ အချိန်အားလည်း ရပါမှ၊ ကိုယ်ခွဲမရှိသော မိသားစုဆိုလျှင် မလွယ်။ ဆေးရုံမှာပဲ ဖြတ်ဖြတ်၊ အိမ်မှာပဲ ဖြတ်ဖြတ် ငွေအကုန်အကျလည်း ခံနိုင်ဦးမှ။

ဒီအချက်တွေ မပြည့်စုံသောကြောင့် ဖြတ်လိုပါလျက် ဖြတ်ခွင့်မကြုံသူတွေလည်း ရှိသည်။

ငွေအကုန်အကျခံ၊ အပင်ပန်းခံ၊ ဒုက္ခဝေဒနာခံ၊ မိသားစုလည်း ပင်ပန်း၊ အဖေအမေလည်း မနေရ၊ သူငယ်ချင်းလည်း ဝင်ပါရ၊ အိမ်နီးနားချင်းကပါ ဝိုင်းကူပြီး ခက်ခက်ခဲခဲ အရက်ဖြတ်ခဲ့ပြီးမှ တစ်မနက်တည်းနှင့် မျှော်လင့်ချက်ကို ဖျက်ဆီးပစ်သူတွေလည်းရှိ၏။

ဒီလိုပဲ အရက်ဖြတ်ရာမှာ ခံစားရသည့်ဝေဒနာကို အံကြိတ်ကျော်လွှားပြီး တကယ်ရာသတ်ပန်ဖြတ်နိုင်သူများကိုလည်း လေးစားချီးကျူးရပါမည်။

အကောင်းဆုံး အရက်ဖြတ်နည်းတစ်ခုကို ကျွန်တော့်သူငယ်ချင်းဆရာဝန်တစ်ယောက်က ပြောပြခဲ့တာကို တင်ပြပါရစေ။ သူက ပြောသည်။

“အရက်ကို တစ်ခါမှ မသောက်ဖူးခင်ကတည်းက ဖြတ်လိုက်တာ အကောင်းဆုံးပဲ . . . ” တဲ့။

*************

# ယမကာကို ကျောခိုင်းခြင်း

အရက်မကောင်းကြောင်းကို ဆရာဝန်များက ကျန်းမာရေးရှုထောင့်မှလည်းကောင်း၊ ပညာရှင်များကလည်း သက်ဆိုင်ရာရှုထောင့်များကလည်းကောင်း ရေးသားပညာပေးနေကြသည်။ အရက်ကြိုက်တတ်သူအများစုရှိနေသော စာရေးဆရာများထဲမှပင် ဦးလေးလှ(လူထုဦးလှ)က ‘အရက်သမား အမှားတစ်ထောင်’ ဟူသောအမည်ဖြင့် အရက်၏ ဆိုးကျိုးများအကြောင်း သတိပေးသည့်စာအုပ်တစ်အုပ် ရေးခဲ့ဖူးပါသည်။ (ထိုစာအုပ်ကို ခုချိန်ပြန်ထုတ်လျှင် ဘယ်လို နေမလဲမသိ။)

ထို့အတူ အရက်ထုတ်လုပ်၊ တင်သွင်း၊ ဖြန့်ချိသူများကလည်း ငွေသိန်းပေါင်းများစွာ အကုန်ခံ၍ အရက် ကောင်းကြောင်း ကြော်ငြာနေကြသည်။

ဒီတော့ အရက်ကောင်း မကောင်း၊ သင့် မသင့်ဆိုတာ ကိုယ့်ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဆင်ခြင်ဆုံးဖြတ် ကြဖို့သာရှိ၏။

ကျွန်တော်ကတော့ အရက်ကိုစသောက်ကတည်းက ဖြတ်ဖို့ရည်ရွယ်ချက်မရှိခဲ့ပါ။ အကြောင်းမှာ စကတည်း ကပင် ပြတ်ခဲ့ပြီးဖြစ်သောကြောင့်ပင်။

ကျွန်တော်က အရက်ကို များများမသောက်နိုင်။ တော်ရုံသောက်လျှင် မူးတတ်သည်။ နောက်တစ်နေ့ကျ တော့လည်း အစားအသောက်ပျက်ပြီး မအီမသာဖြစ်တတ်သည်။ ဒီဒဏ်ကို ကျွန်တော်မခံနိုင်။ ထို့ကြောင့် နေ့စဉ် သောက်လို့မရ။ တစ်ခါတလေတောင် များများသောက်လို့မရ။

ပြီးတော့ အရက်သောက်ပြီးလျှင် ကျွန်တော်စာမရေးနိုင်။ တချို့ဆရာတွေကတော့ အရက်သောက်ပြီးစာရေး လျှင် ဉာဏ်ရွှင်ပြီးလက်သွက်သည်ဟု ဆို၏။ ကျွန်တော်က ဒီလိုမဟုတ်။ အရက်သောက်ပြီးလျှင် အတွေးတွေသာ ယောက်ယက်ခတ်ပြီးထွက်လာသည်။ တကယ်ချရေးလို့မရ။ တစ်ခါက စမ်းပြီးရေးကြည့်ဖူးသည်။ မနက်ကျလို့ ပြန် ဖတ်ကြည့်တော့ ဝါကျတည်ဆောက်ပုံတွေက တလွဲဖြစ်နေပြီး အဓိပ္ပာယ်တွေကလည်း အဆက်အစပ်သိပ်မတည့်လှ။

(အရက်နှင့်ပတ်သတ်ပြီး နာမည်ကြီးသည့် ဆရာသော်တာဆွေပင်လျှင် အရက်သောက်ပြီး စာရေးသူမဟုတ်။ မနက်အစောကြီးထပြီး စာရေးခဲ့သူဖြစ်၏။)

ကျွန်တော့်မှာ အရက်ကံမပါဘူးပဲဆိုရမည်။ ကိုယ့်အခြေအနေနှင့်ကိုယ်မို့ သိပ်မသောက်ဖြစ်ပဲ စွဲလောက်သည့်အဆင့်ထိ မရောက်ခဲ့။ အရက်နှင့်ပတ်သတ်လျှင် ဝါသနာရှင်အဆင့်၊ ထမင်းထုပ် ဟင်းထုပ်အဆင့်လောက်သာ ရှိ၏။ ကျွန်တော်ကလည်း အရက်ကို တစ်ခါတလေ အပျင်းပြေရုပ်ရှင်ကြည့်တာလောက်သာ သဘောထားနိုင်ခဲ့သည်။ တီဗီဇာတ်လမ်းတွဲတွေ စွဲသလောက်တောင် မစွဲခဲ့။

ဒီကြားထဲကမှ အရက်ကို ထပ်ပြီး ကင်းကင်းနေဖို့အကြောင်းက ဖြစ်လာသေးသည်။ ခုနောက်ပိုင်း ကျွန်တော့်သွေးသားက ဘယ်လိုဖြစ်လာမှန်းမသိ။ အရက်ကို နည်းနည်းလေးသောက်ရုံနှင့် မူးသည်။ အရက်ပြင်းမပြောနှင့်၊ ဘီယာတစ်ပုလင်းလောက် သောက်ရုံနှင့် နောက်နေ့မှာ အရက်နာကျနေတာမျိုး ဖြစ်တတ်သည်။ တစ်ခါတလေ နှစ်ရက်သုံးရက်ဆက်ပြီး မအီမသာဖြစ်နေတတ်၏။

ဒါဟာ ကံကောင်းတာလို့လည်း ဆိုနိုင်သည်။ သောက်လို့ မဖြစ်တော့မသောက်ပဲ နေလိုက်ရုံပင်။ အရက်နှင့်ပတ်သတ်သည့်ဒုက္ခတွေ ကင်းသွားသည်။ စကတည်းကလည်း ကြက် ရေသောက်သလောက် သောက်သူဖြစ်၍ ဖြတ်တယ်ပြောလျှင် လူရယ်စရာဖြစ်ဦးမည်။ ဘာပဲဖြစ်ဖြစ် အချိန်ကော ငွေကော အကုန်သက်သာသဖြင့် ကံကောင်းသည်။

ကံဆိုးတယ်လို့ ဆိုရတာကတော့ ကျွန်တော်မသောက်တော့ပါဘူးဆိုမှ အရက်တွေက ပေါလိုက်သည့်ဖြစ်ခြင်း။ (ဈေးပေါခြင်းကို မဆိုလို။ ပစ္စည်းပေါခြင်းကိုသာ ပြောခြင်းဖြစ်၏။ စာပေါလောကလို အရက်ပေါလောကလို့တောင် ပြောနိုင်သည်။)

အထူးသဖြင့် ကျွန်တော်ကြိုက်ခဲ့ဖူးသော ဘီယာတွေက ပိုတောင် ပေါနေသေးသည်။ ဟိုအရင်ကဆိုလျှင် သုံးလေးလနေမှ တစ်ခါလောက် ဘီယာသောက်ခွင့် ကြုံနိုင်သည်။

ခုကျတော့ ဘီယာတိုက်ချင်သူတွေ ပေါများလှသည်။ သူငယ်ချင်းအပေါင်းအသင်းတွေထဲမှာ ငွေကြေးတတ်နိုင်သူတွေရှိလာတော့ အရက်တိုက်မယ့်လူက မရှား။ သဘော်သားတွေဆိုလျှင် သူတို့သဘော်မတက်ခင် ရန်ကုန်မှာ ရှိနေတုန်း နေ့တိုင်းသောက်မယ်ဆိုလျှင်တောင် တိုက်မယ့်ကောင်တွေ။

ဒီလိုပွဲကြီးပွဲကောင်းနွှဲနိုင်မည့် အခွင့်အရေးရှိလာတော့မှ ကိုယ်က မသောက်နိုင်တာ အရက်ကံခေလို့ပဲ ဖြစ်ရမည်။

မသောက်နိုင်ဘူးဆိုတော့လည်း တစ်မျိုးလာပြန်သေးသည်။

“မသောက်ရင်လဲ အမြည်းစားပေါ့ကွာ . . . လိုက်တော့ ထိုင်ပါ . . . စကားပြောရတာပေါ့ . . . ”

ဆိုသဖြင့် လိုက်ထိုင်ရသည်။ ဒီအခါကျပြန်တော့လည်း ဒုက္ခကတစ်မျိုး။ အရက်မသောက်ပဲ အရက်ဝိုင်းလိုက်ထိုင်ရတာ အတော်ခွကျသည်။ အရင်က သောက်ခဲ့ပြီး ခုမှမသောက်ပဲ ဘေးထိုင်နေရတာ ပိုဆိုးသည်။

ဒီအတိုင်းထိုင်နေရတာ ကြောင်သဖြင့် အချိုရည်တစ်ပုလင်းပြီး တစ်ပုလင်းမှာသောက်မိသဖြင့် ဗိုက်ကြီးကယ်လာ၊ လျှာတွေထူလာတော့သည်။ သူတို့ကလည်း တဖြည်းဖြည်းအရှိန်ရလာပြီး အသံတွေ ကျယ်လာ၊ လျှာတွေလေးလာ၊ စကားတွေ ဖွာလာသည်။

ဒီနေရာမှာပင် ပြဿနာက စဝင်လာပြီ။ ကျွန်တော်က သူတို့တော်တော်မူးနေပြီဟု ထင်သည်။ သူတို့ကတော့ ထုံးစံအတိုင်း . . .

"မမူးသေးပါဘူးကွ . . . ခုမှ သောက်ကောင်းရုံရှိသေးတယ် . . . "

ဆိုပြီး အရက်ထပ်မှာသည်။ ကျွန်တော်က တားသည်။ တားလို့မရလျှင် စိတ်ညစ်ရသည်။

ပြီးတော့ အရက်ဝိုင်းတို့၏ထုံးစံအတိုင်း ပြောရင်းဆိုရင်း ရင်ပွင့်လာတာတွေ ရှိသည်။ မပြောသင့်တာတွေ ပြောလာတတ်သည်။ အငြင်းအခုန်လေးတွေ ဖြစ်လာသည်။ ဒီအခါမှာ ကိုယ်က ဝင်ပြောရအခက်၊ မပြောရအခက်။ ဝင်ငြင်းရအခက်၊ ငြိမ်နေရအခက်။ သူတို့စကားမှားလျှင် ပြဿနာမရှိ။ မူးလို့ပြောတာ၊ စိတ်ထဲကပါလို့မဟုတ်ဘူးဟု အကြောင်းပြချေဖျက်လို့ရသည်။ ကိုယ်စကားမှားလျှင် ပြင်ရခက်သည်။ အရက်သောက်မထားသောကြောင့် အကြောင်းပြငြင်းပယ်လို့မရ။ ကိုယ့်စကားက အတည်ဖြစ်သွားသည်။ တကယ်စိတ်ထဲကပါလို့ ပြောတာပဲဟု စွပ်စွဲစရာ ကောင်းနေသည်။

နောက်တစ်ခုကတော့ စားသောက်ပြီးလို့ ဆိုင်ထဲကထွက်လာလျှင် လမ်းပေါ်မှာလျှောက်ပြီး သီချင်းဆိုကြ ခြင်းပင်ဖြစ်၏။ သူတို့ဆိုကြသောသီချင်းတွေကလည်း ချစ်မိုးကြီး၊ အချစ်ကို ဘယ်လိုပြောရမယ်၊ မုန်းရစ်လေဦး၊ တက္ကသိုလ်မှာ ဝေတဲ့နှင်း . . .။ တကယ့်ဖီလင်သီချင်းတွေချည်းပဲ။ ဒါတွေကို အော်ဆိုသောအခါ လမ်းသွားလမ်းလာ တွေက ကွက်ကြည့်ကွက်ကြည့်လုပ်သွားကြသည်။ ကျွန်တော့်မှာ ရှိုးတိုးရှန့်တန့်ဖြစ်ပြီး အနေရခက်သည်။ ဒီကြားထဲ . . .

"ဟေ့ကောင် . . . မင်းလဲ ဆိုလေကွာ . . . "

"ဟုတ်တယ် . . . နတ်သျှင်နောင်ဆိုကွာ . . . "

နတ်သျှင်နောင်သီချင်းနှင့် ဆုထူးရွယ်သီချင်းတို့မှာ ဟိုအရင် ကျွန်တော်သောက်ပြီးတိုင်း ဆိုနေကျ။ ခုတော့ ကျွန်တော်က လုံးဝသောက်ထားတာမဟုတ်သဖြင့် မဆိုရဲ။ ဒါကို သူတို့က မကျေနပ်ပဲ ပြဿနာရှာပြန်သည်။

သီချင်းဆိုလို့အားရပြီဆိုတော့လည်း မပြန်ချင်ကြသေး။ တစ်ခါတလေမှဆုံရတာ အားရအောင်သောက်ပြီး စကားပြောဦးမည်ဆိုပြီး အရက်ထပ်ဝယ်၊ လမ်းဘေးတစ်နေရာမှာ ထိုင်သောက်ရင်း စကားတွေပြောကြပြန်သည်။

ဆောင်းတွင်းလိုအခါမျိုးမှာဆိုလျှင် သူတို့က ကိုယ်တွင်းပါစကအားကောင်းနေသော်လည်း တစ်စက်မှ သောက်မထားသော ကျွန်တော်က ချမ်းလှပြီ။ ဒီအခါမျိုးမှာ 'ဆောင်းရယ် နှင်းရယ် ကိုယ့်ချစ်သူရယ်' သီချင်း ကိုဆိုပြီး 'အသည်းကွဲရေဒီယို' လုပ်ချင်ကြပြန်သည်။ ကျွန်တော့်မှာဖြင့် ငွေနှင်းဖြူတွေက ဆံပင်တစ်ခုလုံး စိုရွှဲပြီး နောက်နေ့ကျတော့ အအေးမိပြီး နှာစေးချောင်းဆိုးတွေ ဖြစ်လို့။

ဒီဒဏ်တွေကို မခံနိုင်တော့သဖြင့် ကျွန်တော် အရက်ဝိုင်းတွေနှင့် အဆက်ဖြတ်လိုက်သည်။ ချိန်းလျှင်လည်း မသွား၊ လာခေါ်လည်း မလိုက်။

ထိုအခါကျပြန်တော့လည်း မူးလာလျှင် အိမ်ကိုဝင်လာပြီး 'မင်းက သူတော်ကောင်းကြီးလား . . . ဘာလဲ . . . ငါတို့နဲ့တူတူသောက်ရတာ သိက္ခာကျမှာစိုးလို့လား . . . ' ဆိုပြီး လာရိတတ်သည်။ တစ်ချို့ကကျတော့လည်း . . .

"မင်းပါမလာတော့ တစ်ခုခုလိုနေသလိုပဲကွာ . . . သောက်ရတာ အရသာမရှိဘူး . . . သောက်ရင်းနဲ့ မင်းကိုသတိရတဲ့အကြောင်းတွေပဲ ပြောနေမိကြတယ် . . . "

ဟု အပျော့ဆွဲနှင့် လာဆွယ်တတ်ကြသည်။

ကျွန်တော်ကတော့ ခုထိ တင်းခံနေဆဲ။

********

တစ်ညနေစောင်းမှာ အေးသိန်း ကျွန်တော့်ဆီရောက်လာသည်။

"အပြင်ခဏ သွားရအောင်ကွာ . . ."

ဟု ပြော၏။ ကျွန်တော်က လက်မကိုထောင်၍ ပါးစပ်နားတေ့ပြပြီး . . .

"ဒါဆိုရင်တော့ ငါမလိုက်ဘူးနော် . . . "

"အေးပါ . . . ဒီကိစ္စမဟုတ်ပါဘူး . . . ပြောစရာရှိလို့ပါ . . . "

ကျွန်တော်က သိပ်မယုံသေး။ ဒီကောင်တွေက အလှည့်အပတ်ကလေးတွေနှင့် ခွင်ဆင်တတ်သည်။ ဟို တလောက သဘော်သီးတို့အိမ်မှာ ဘုရားကိုးဆူကပ်မှာမို့လို့ ညနေခြောက်နာရီ အရောက်လာပါဆိုပြီး ဖိတ်သည်။

ဟိုရောက်တော့ အိမ်ရှေ့ခန်းမှာ သူငယ်ချင်းတွေစုထိုင်နေတာပဲ တွေ့ရ၏။ ဘုရားကိုးဆူကိစ္စ အရိပ်အယောင်တောင် မမြင်ရ။ ကျွန်တော် ဝင်ထိုင်လိုက်သည့်အချိန်မှာပင် . . .

"ဝဲလ်ကမ်း သူငယ်ချင်း . . . "

ဆိုပြီး စားပွဲအောက်မှာဝှက်ထားသည့် ဘီယာဘူးတွေထုတ်ပြီး ဖောက်လိုက်ကြလေ၏။ ဒါမျိုးဖြစ်မှာစိုးသဖြင့် ကျွန်တော်က ကြိုကာထားခြင်းဖြစ်သည်။

အေးသိန်း၏မျက်နှာကိုကြည့်တော့ နည်းနည်းတည်နေတာတွေ့ရ၏။ ဒီကောင်က သိပ်ပြီး ဟန်ဆောင်ကောင်းသူမဟုတ်။ သို့တိုင်အောင် စိတ်မချသေးသဖြင့် . . .

"ဘာကိစ္စလဲဆိုတာ အရင်ပြောဦးကွာ . . . "

သူက သူ့ကိုမယုံရကောင်းလားဆိုသော အကြည့်ဖြင့် ဖျတ်ခနဲကြည့်၊ မျက်နှာတင်းသွားပြီးမှ စိတ်ကို ပြန်ထိန်းလိုက်ဟန်ဖြင့် . . .

"ဘဲလေး တော်တော်နေမကောင်းဘူးကွ . . . အဲဒါသွားကြည့်မလို့ မင်းကိုလာခေါ်တာ . . . "

"ဟင် . . . ဘာဖြစ်တာလဲ . . . "

"လမ်းကျမှ အေးအေးဆေးဆေးပြောပြမယ်ကွာ . . . "

ဆိုသဖြင့် ကျွန်တော် အဝတ်အစားလဲပြီး ထွက်လိုက်လာခဲ့၏။ လမ်းရောက်မှ သူက ပြောပြသည်။

"ဘဲလေးအကြောင်း မင်းလဲ သိပြီးသားပဲ . . . ဒီကောင် အရမ်းသောက်နေတဲ့အကြောင်းလေ . . . အခု ဖြစ်တာလဲ အရက်ကြောင့်ပဲ . . . "

ဘဲလေးဆိုသည်မှာ ကျွန်တော်တို့၏ငယ်သူငယ်ချင်းဖြစ်၏။ ငယ်ငယ်က တစ်ရပ်ကွက်ထဲအတူနေခဲ့ကြသည်။ အတူကစားဖက်၊ ဘောလုံးကန်ဖော်ကန်ဖက်၊ ကျောင်းနေဖက်တော့ မဖြစ်ခဲ့။ ကျွန်တော်တို့က မြို့ထဲကျောင်းမှာနေပြီး သူက ရပ်ထွက်ထဲက မူလတန်းကျောင်းလေးမှာ နေခဲ့ခြင်းဖြစ်၏။

ကျွန်တော်တို့ မြို့ထဲကျောင်းမှ သင်္ဃန်းကျွန်းအထက(၁)ကို ပြောင်းလာတော့ သူနှင့် တစ်ကျောင်းတည်းဆုံသေးသည်။ အတန်းချင်းတော့မတူ။ သူက အကျများသဖြင့် အတန်းငယ်သည်။ သူသည် ခြောက်တန်းမှာပဲလား၊ ခုနစ်တန်းရောက်မှလား မမှတ်မိ။ ကျောင်းထွက်သွားသည်။ ဆက်နေလည်း ဒီအတန်းက တက်မှာမဟုတ်တော့ဟု သူကပြောဖူး၏။

ကျောင်းကထွက်ပြီး အလုပ်ဝင်လုပ်သောအခါ ကျွန်တော်တို့နှင့် ကင်းကွာသွားသည်။ သူက ဆိုက်ကားနင်း၊ ကားစပယ်ယာလုပ်၊ လမ်းဘေးမှာဈေးရောင်း စသည်ဖြင့် ကျင်လည်နေစဉ် ကျွန်တော်တို့က တက္ကသိုလ်ရောက်၊ ဘွဲ့ရ၊ စာရေးဆရာဖြစ်၊ သဘော်သားဖြစ်၊ ကျူရှင်ဆရာဖြစ်၊ လုပ်ငန်းရှင်ဖြစ် . . .။ အခြေအနေချင်းကွာခြားသွားသဖြင့် သူနှင့် အနေဝေးကုန်ကြသည်။

လူချင်းဆုံမိလျှင်တော့ ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ပြောကြ ဆိုကြသည်။ သူက စောစောစီးစီးအိမ်ထောင်ကျပြီး သူ့မိန်းမအိမ်လိုက်နေသဖြင့် ပိုပြီး ကင်းကွာသွားသည်။

သူသည် အရက်ကိုစသောက်တတ်တာ ကျွန်တော်တို့နှင့်တစ်ချိန်တည်းလောက်ပင် ဖြစ်မည်။ တစ်ခါတလေ ကျွန်တော်တို့ဝိုင်းထဲမှာ သူပါလာတတ်သေးသည်။ သို့ရာတွင် မင်းတို့ပညာတတ်တွေ စကားဝိုင်းထဲ မဝင်ဆံ့ပါဘူးကွာဆိုပြီး နောက်ပိုင်း ကျွန်တော်တို့နှင့် မသောက်ဖြစ်တော့။

အသိုင်းအဝိုင်းပဲ ကွာလို့လား၊ ပညာအခြေခံချင်းပဲ ကွာလို့လား၊ ဘာပဲဖြစ်ဖြစ် သူသည် အရက်ကို ထိန်းထိန်းသိမ်းသိမ်းမသောက်ခဲ့။ ငယ်ငယ်ရွယ်ရွယ်မှာပင် တကယ့်အရက်သမားကြီးတစ်ယောက် ဖြစ်သွားခဲ့လေသည်။

လွန်ခဲ့သော လေးငါးနှစ်လောက်က စပြီး သူသည် ဘာအလုပ်မှမလုပ်တော့။ အရက်ကိုသာ သောက်နေတော့သည်။ ကျွန်တော်တို့နှင့်တွေ့သောအခါ အရက်တိုက်ခိုင်းတတ်သည်။ သူ့ကို သိပ်မသောက်ဖို့ပြောလျှင် . . . 'အေးပါကွာ . . . ခုတလော နည်းနည်းစိတ်ရှုပ်နေလို့ပါ . . . 'ဟု အကြောင်းပြတတ်သည်။

နောက်တစ်ခါ တွေ့ပြန်တော့ ဒီအတိုင်းပဲ။ နည်းနည်းတောင် ပိုဆိုးလာသလို။

"ငါ့ကို ပိုက်ဆံနှစ်ဆယ်လောက်ပေးစမ်းပါကွာ . . . နည်းနည်းလေး လိုနေသေးလို့ . . . "

ကျွန်တော့်လိုပင် တခြားသူငယ်ချင်းတွေကလည်း သူနဲ့တွေ့လျှင် ပိုက်ဆံတောင်းတတ်ကြောင်း ပြောကြသည်။ သူ့ကို အရက်ကိစ္စနှင့်ပတ်သတ်ပြီး သတိပေးစကားပြောသောအခါ . . .

"စိတ်ညစ်လို့ပါကွာ . . . မိန်းမက မကောင်းဘူးကွ . . . အမြဲ ဆူပူနေတာပဲ . . . "

ဟု လွှဲချပြန်သည်။

တကယ်တော့ သူ့မိန်းမသည် အတော်စိတ်ရှည်သည်းခံရှာသူ ဖြစ်ပါသည်။ ဘဲလေး အရက်စွဲပြီး အလုပ်မလုပ်တော့သည့်နောက်ပိုင်း ကလေးသုံးယောက်ရှိသော မိသားစုစားဝတ်နေရေးကိစ္စကို သူ့ဘာသာ ဖြစ်သလိုဖြေရှင်းရသည်။ ဘဲလေး အရင်လုပ်လက်စ လမ်းဘေးဆိုင်ကလေးကို ဆက်ထွက်ရသည်။ ထမင်းစားဖို့သာမက ဘဲလေးအတွက် အရက်ဖိုးပါ ရှာပေးရသေးသည်။ မပြေလည်တဲ့အချိန်မှာ ဘဲလေးက အရက်ဖိုးတကျီကျီတောင်းလို့ ဟိုက စိတ်မရှည်ပဲ ပြောတာဆိုတာကို သူက မိန်းမ မကောင်းဘူးလုပ်တာဖြစ်မည်။ အေးသိန်းက . . .

"ခုနောက်ပိုင်း သူပိုဆိုးလာတယ်ကွ . . . လမ်းမှာ မူးပြီးလဲနေတာ ငါနဲ့တွေ့လို့ ဆိုက်ကားငှားပြီး အိမ်ပြန်ပို့ပေးရတာ နှစ်ခါသုံးခါ ရှိပြီ . . . "

ဘဲလေးတို့အိမ်ကို ကျွန်တော်မရောက်တာကြာပြီ။ သူတို့ကလည်း အိမ်ငှားနေသူများဖြစ်၍ မကြာခဏ ပြောင်းရွှေ့တတ်သည်။ သူ့အိမ်ကို အေးသိန်းကသိနေသဖြင့် ဒီကောင် ဘဲလေးအပေါ် ဂရုတစိုက်ရှိတာ ချီးကျူးမိသည်။

ရပ်ကွက်တွင်းရှိ အိမ်ကြိုအိမ်ကြားမှ ကွေ့ပတ်ဝင်ပြီးနောက် ခနိမိုးထရံကာ တဲတစ်လုံးရှေ့ရောက်လာသည်။ တစ်ခြမ်းမှာ ဘဲလေးတို့ငှားနေကြခြင်းဖြစ်၏။

ဖိနပ်ချွတ်ကို နင်းပြီးတက်လိုက်တော့ ကျွိခနဲမြည်သွားသည်။ ဘဲလေး၏မိန်းမက လှည့်ကြည့်ပြီး နှုတ်ဆက်ပြုံးလေးပြုံးပြသည်။ ဘဲလေးကတော့ ဖျာတစ်ချပ်ပေါ်မှာ လှဲနေ၏။ ဘဲလေး နေမကောင်းမှန်းသာကြိုမသိခဲ့လျှင် ဒါသူပဲဟု သိမှာမဟုတ်။

သူ့ပုံစံမှာ မမှတ်မိနိုင်လောက်အောင် ယိုယွင်းနေသည်။ ကိုယ်ခန္ဓာက ချုံးကျနေပြီး ပါးနှစ်ဖက်၊ လက်ဖမိုး၊ ခြေဖမိုးများက ဖောရောင်နေ၏။ ဝမ်းဗိုက်က စူထွက်နေပြီ။ သူ့အသားသည် နဂိုက ခပ်ညိုညိုဖြစ်သော်လည်း ခုတော့ ဝါဖျော့နေသည်။ သူ့အသည်းသည် ဆိုးဆိုးရွားရွား ပျက်စီးနေသည့်သဘောပင်ဖြစ်၏။

အေးသိန်းက သူ့လက်ကိုကိုင်ပြီး 'ဘဲလေး'ဟု ခေါ်လိုက်သောအခါ မျက်လုံးအနည်းငယ်ပွင့်လာပြီး အသိအမှတ်ပြုဟန် တစ်ချက်နှစ်ချက် မျက်တောင်ခတ်ပြသည်။ ကျွန်တော်က သူ့မိန်းမက ခပ်လှမ်းလှမ်းသို့လာရန် မျက်ရိပ်ပြလိုက်သည်။

"ခုလိုဖြစ်တာ ဘယ်လောက်ကြာပြီလဲ . . . "

ဟု ကျွန်တော်မေးလိုက်၏။

"တစ်ပတ်လောက် ရှိပြီ . . . "

"ဆေးရုံမတင်ဘူးလား . . . "

ကျွန်တော်သည် အလွန်အလိုက်ကန်းဆိုးမသိစွာ မေးလိုက်မိလေ၏။ သူ့မိန်းမက ခေါင်းခါပြပြီး . . .

"ဆေးရုံတင်ဖို့နေနေသာသာ ကျွန်မတို့မှာ နေ့စဉ်စားဖို့သောက်ဖို့တောင် မနည်းရှာနေရတာ . . . ဟိုတလောက တစ်ခါသတိလစ်သွားလို့ ဆရာဝန်ခေါ်သေးတယ် . . . ဂလူးကိုစ့်သွင်းတာရော တခြားဆေးဖိုးရော သုံးရာလောက်ကုန်တယ် . . . ဒါတောင် ဆရာဝန်က ကျွန်မတို့မတတ်နိုင်တာသိလို့ သူ့အတွက်မယူပဲ ဆေးဖိုးပဲယူတာတဲ့ . . . နောက်သုံးရက်လောက်ဆက်ပြီး ဆေးသွင်းဖို့ ဆရာဝန်ကပြောသေးတယ် . . . ဒါပေမယ့် မသွင်းဖြစ်ပါဘူး . . . တစ်အိမ်လုံးထမင်းမစားပဲ သူ့ကိုဆေးကုဖို့ဆိုတာ ဖြစ်မှမဖြစ်နိုင်တာ . . . "

"ဒီကြားထဲမှာတော့ သူမသောက်ဘူးပေါ့ . . . "

"ဘယ်ရမလဲ . . . သူက မသောက်ပဲမှ မနေနိုင်တာ . . . သူ့ကို တစ်နေ့တစ်လုံးတော့ တိုက်တယ်လေ . . . "

"တစ်လုံး . . . အဲဒါကျတော့ တတ်နိုင်သလား . . . "

ကျွန်တော့်အသံက အလိုမကျသံ။ အေးသိန်းက အပြစ်မတင်ရန် မျက်မှောင်ကုတ်ပြပြီး သတိပေးသည်။ ဘဲလေးမိန်းမက . . .

"သူသောက်တာ တောအရက်ဆိုတော့ တစ်လုံးသုံးဆယ်ပဲ ပေးရတာ . . . ဆေးဖိုးထက်စာရင် အများကြီးသက်သာတာပေါ့ . . . ဒီလောက်တော့ ကျွန်မ တတ်နိုင်ပါတယ် . . . "

ဟု အရိုးခံအတိုင်း ပြောသည်။ သူ့စကားအဆုံးတွင် ကျွန်တော့်ရင်ထဲ နင့်ခနဲဖြစ်သွား၏။ အေးသိန်းထံမှ သက်ပြင်းချသံကြားရသည်။

ထိုစဉ်မှာ ဘဲလေးက 'အင့်' ခနဲ တစ်ချက်ညည်းလိုက်သည်။ သူ့မိန်းမက ထသွားပြီး ပန်းကန်လုံးထဲက ရေကို ဂွမ်းစကလေးဖြင့်စိမ်၍ ပါးစပ်ထဲကို အစက်ချပေးသည်။ ပြီးတော့ နှုတ်ခမ်းကို ဂွမ်းစဖြင့်သုတ်ပြီး ရေဆွတ်ပေးသည်။ ဘဲလေးက နှုတ်ခမ်းကို လျှာဖြင့်သပ်ပြီး ပြန်ငြိမ်သွား၏။

အေးသိန်းသည် ဖျတ်ခနဲထပြီး ဘဲလေးနားသို့သွားသည်။ ဂွမ်းစစိမ်ထားသော ပန်းကန်လုံးကိုယူပြီး နမ်းကြည့်သည်။ သူမျက်မှောင်ကုတ်ပြန်၏။ ပန်းကန်လုံးကို ယူလာပြီး ကျွန်တော့်နှာခေါင်းနားကပ်ပြသည်။ အရက်နံ့က ထောင်းခနဲထွက်လာ၏။ ပန်းကန်လုံးထဲမှာ ရေမဟုတ်။ အရက်တွေ . . . ။

"ခင်ဗျားဗျာ . . . "

ကျွန်တော် ဘဲလေးမိန်းမကိုကြည့်ပြီး ရေရွတ်မိပြန်၏။ သူက . . .

"အစကတော့ ဇွန်းလေးနဲ့ခပ်တိုက်ပါသေးတယ် . . . နောက်ပိုင်း လုံးဝမမျိုနိုင်တော့လို့ ခုလို အစက်ချပေးရတာ . . . ဒီလိုမှမလုပ်ရင်လဲ သူက တစ်ချိန်လုံး ညည်းညူနေတာကိုး . . . "

ကျွန်တော်သည် သက်ပြင်းသာ ချနိုင်တော့သည်။ အေးသိန်းက ခေါင်းကို ယမ်းခါနေ၏။

*************

ကျွန်တော်တို့သည် ဘဲလေးကို ဆေးရုံတင်ပေးကြသည်။ သူငယ်ချင်းတွေစုပြီး ကုန်ကျသမျှ တာဝန်ယူသည်။ သို့ရာတွင် ဘဲလေးသည် ကျွန်တော်တို့ကို အားနာသောကြောင့်လားမသိ။ ဆေးရုံပေါ်ရောက်ပြီး သုံးရက်အကြာမှာ ကွယ်လွန်သွားရှာ၏။

သူ၏ရျာပနအခမ်းအနားသည် မစည်ကားပါ။ သူ့မိသားစု၊ အိမ်နီးချင်းလေးငါးယောက်နှင့် ကျွန်တော်တို့ သူငယ်ချင်းတွေသာ လိုက်ပို့ကြသည်။ သူ့ကို သင်္ဂြိုလ်ခါနီးတွင် သူ့ရင်ခွင်ထဲသို့ အရက်ပုလင်းတစ်လုံးကို ကျွန်တော်တို့သူငယ်ချင်းများ၏ နောက်ဆုံးလက်ဆောင်အဖြစ် ထည့်ပေးလိုက်သည်။ သူ့တစ်သက်တာတွင် တစ်ခါမှ မသောက်ခဲ့ဖူးသော အဖိုးတန် ဂျော်နီဝါကားဘလက်လေဘယ်ပုလင်း ဖြစ်ပါသည်။

သူသည် လမ်းသွားလျှင် ဖင်ကလေးကောက်ပြီး ကားရားကားရား ဘဲသွား သွားတတ်သောကြောင့် သူ့ကို ဘဲလေးဟု ခေါ်ခဲ့ကြခြင်းဖြစ်၏။ ငယ်ငယ်က ဘောလုံးကန်လျှင် သူက နောက်တန်းက ကစားပြီး ကျွန်တော်က ဂိုးသမားဖြစ်၏။ ကျွန်တော် ဘောလုံးကိုဖမ်းမိပြီဆိုလျှင် တစ်ဖက်ရေ့တန်းလူတွေဝင်မတိုက်နိုင်အောင် သူက အနာခံပြီး ကာကွယ်ပေးလေ့ရှိ၏။ သူ့အလှည့်ကျတော့ ကျွန်တော်က မကာကွယ်နိုင်ခဲ့တာကို ယူကျုံးမရဖြစ်မိသည်။

ဘဲလေး ရက်လည်သောနေ့ ညနေတွင် အေးသိန်းက သူအရက်ဖြတ်တော့မည်ဖြစ်ကြောင်း ရုတ်တရက် ကြေညာလိုက်သည်။ ဘယ်သူမှ မအံ့သြကြ။ ဘယ်သူကမှလည်း မကန့်ကွက်ကြ။ သဘော်သီးကတော့ . . .

"မင်းအနေနဲ့ ငါ အရက်ဖြတ်တော့မယ်လို့ မပြောသင့်ဘူး . . . ငါတို့ အရက်ဖြတ်ကြရအောင်လို့ ပြောသင့်တယ် . . . "

သူ့စကားကို အားလုံးသဘောတူကြသည်။

သို့ရာတွင် . . .

********

အေးသိန်းနဲ့ မတွေ့တာကြာပြီ၊ သူ့အိမ်သွားရအောင်ဟု သဘော်သီးက လာခေါ်သည်။ အရက်ကို ရှောင်နေကြတာ ကြာပြီဖြစ်သောကြောင့် ကျွန်တော်လည်း သံသယကင်းစွာ လိုက်သွားခဲ့၏။

လမ်းမှာ သဘော်သီးက ပြောသည်။

"အေးကွာ . . . မသောက်ဖြစ်တာ ကြာတော့လဲ ဟိုအရင်ပျော်ခဲ့တာတွေကို လွမ်းသလိုရှိသား . . . "

"ဟော့ကောင် . . . မင်း ဇာတ်လမ်းတော့ ပြန်မစနဲ့နော် . . . "

"အေးပါကွ . . . ငါက စကားအဖြစ် ပြောတာပါ . . . "

ဆိုပြီး သူရယ်နေသည်။ သူ ကားမောင်းနေတာကို ဘေးက တစေ့တစောင်း အကဲခတ်ကြည့်မိ၏။ သူသည် မကြာခဏဆိုသလို ပြုံးစေ့ပြုံးစေ့ဖြစ်နေကြောင်း တွေ့ရ၏။ ကျွန်တော့်စိတ်ထဲ မသိုးမသန့်ဖြစ်လာသည်။ ဒီကောင် ကျွန်တော့်ကို ညာခေါ်လာတာလား။ အေးသိန်းနဲ့ ကြိုတင်တိုင်ပင်စီစဥ်ထားပြီးသားလား။

အေးသိန်းတို့အိမ်ရှေ့မှာ ကားရပ်သည်။ ကားပေါ်ကအဆင်း သူ့ကိုကြည့်တော့ သူက သွားဖြဲပြ၏။ ဒီကောင့်ပုံစံမှာ တစ်ခုခုကိုဖုံးကွယ်ထားလို့ လိပ်ပြာမလုံသလို ဖြစ်နေသလား ထင်မိ၏။

အေးသိန်းတို့အိမ် လှေကားထစ်ပေါ်တက်ပြီး ဖိနပ်ချွတ်အရောက်မှာပင် အိမ်ထဲကပျံ့လွင့်လာသော အနံ့ပတစ်ခုကို ရှူရှိုက်မိ၏။ အရက်နံ့။ ထောင်းခနဲထွက်လာသော အနံ့နှင့်အတူ ကျွန်တော့်စိတ်များလည်း ထောင်းခနဲ ဖြစ်သွား၏။ အလကားကောင်တွေ၊ ယောကျ်ားမပီသဘူး။ ကိုယ့်ကတိစကားကို ကိုယ်မလေးစားတဲ့ကောင်တွေ . . .။

ကျွန်တော် သဘော်သီးကို စိုက်ကြည့်လိုက်၏။ သူက . . . 'ငါနဲ့မဆိုင်ဘူး . . . 'ဆိုသောသဘော မျက်လုံးပြူးပြီး ခေါင်းခါပြသည်။ ကျွန်တော် ဘာမှမပြောတော့ပဲ အိမ်ထဲကို ခြေသံပြင်းပြင်းနှင့်ဝင်လိုက်၏။ တံခါးပေါက်အလွန်မှာ တုံ့ခနဲဖြစ်သွား၏။

အိမ်ရှေ့ခန်းတွင် အေးသိန်းသည် ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်နေသည်။ ပုဆိုးကို ပေါင်လယ်လောက်ထိ မတင်ထား၏။ သူ့မိန်းမက ကြမ်းပေါ်မှာ ကြုံ့ကြုံ့လေးထိုင်ပြီး သူ့ခြေထောက်များကို နှိပ်နယ်ပေးနေသည်။ ဘေးမှာတော့ ပုလင်းတစ်လုံး။

ကျွန်တော် သူတို့အနားလျှောက်သွားပြီး ပုလင်းကိုယူ၍ နမ်းကြည့်၏။ အရက်နံ့။ သို့ရာတွင် တစ်စုံတစ်ခု ရောစပ်ထားသည့်အနံ့။

အေးသိန်းက ပြုံးလိုက်ပြီး . . .

"မင်းက ဘယ်လိုထင်လို့လဲ . . . "

ဟု မေးသည်။ သူပြုံးပုံမှာ ဟိုအရင် ကျွန်တော့်ကို သူ အရက်သောက်သင်ပေးခဲ့စဉ်တုန်းကလို 'မင်းနပါသေးတယ်ကွာ . . . ' ဆိုသော အပြုံးမျိုး။ နောက်မှလိုက်လာသော သဘော်သားကိုလှည့်ကြည့်တော့ စပ်ဖြဲဖြဲလုပ်နေပြန်၏။ အေးသိန်းက . . .

"ထိုင်ကြလေကွာ . . . "

ဟု ပြောသည်။ ကျွန်တော်တို့လည်း ကုလားထိုင်ပေါ်မထိုင်ပဲ သူ့နားက ကြမ်းပြင်ပေါ်မှာပင် ထိုင်လိုက်ကြ၏။ အေးသိန်းက . . .

"ခုတလော ငါ့ခြေထောက်တွေ ကိုက်ကိုက်နေလို့ မီးတောက်အရက်ကို တောရှောက်ခါးနဲ့စိမ်ပြီး လိမ်းနေရတယ်ကွ . . . မဆိုးဘူး . . . တော်တော်သက်သာတယ် . . . "

သဘော်သားက . . .

"ဒါဆို အတော်ပဲကွာ . . . ငါလဲ ဒူးခေါင်းတွေ နာနာနေတယ် . . . "

ဆိုပြီး ပုလင်းကိုယူ၍ လက်ခုပ်ထဲ နည်းနည်းလောင်းထည့်ပြီး ဒူးခေါင်းကိုလိမ်းလိုက်သည်။ ပြီးတော့ ပုလင်းကို ကျွန်တော့်ဆီကမ်းပေး၏။ ကျွန်တော်လည်း ယောင်ပြီး လှမ်းယူလိုက်မိ၏။ ငါကော ဘယ်နေရာက နာနေကိုက်နေသလဲဟု အပူတပြင်း စဉ်းစားသည်။ စောစောက စိတ်လှုပ်ရှားပြီး ဒေါသထွက်မိသောကြောင့်လား မသိ၊ ခေါင်းတွေအုံပြီး ဇက်ကြောတွေ လေးနေသလိုလိုဖြစ်နေကြောင်း သတိပြုမိ၏။ ထို့ကြောင့် ဆေးစိမ်အရက်နည်းနည်းယူပြီး လည်ကုပ်ကို ပွတ်လိုက်ရသည်။ ဟုတ်တော့ ဟုတ်သား။ ချက်ချင်းလိုပင် ရှိန်းခနဲ ဖိန်းခနဲဖြစ်ပြီး ပေါ့ပါးသွား၏။

အေးသိန်း၏မိန်းမက ကျွန်တော်တို့လုပ်ပုံကိုကြည့်ပြီး ရယ်နေသည်။

"ဘာရယ်တာလဲ . . . နင်က . . . "

ကျွန်တော်မေးတော့ . . .

"မဟုတ်ပါဘူးဟာ . . . ပုလင်းကို တစ်ယောက်နဲ့တစ်ယောက် လက်ဆင့်ကမ်းနေတာမြင်တော့ ဟိုအရင်နင်တို့သောက်ခဲ့ကြတုန်းက ပုံစံကို သတိရလို့ . . . "

"အေးပေါ့ကွာ . . . ခုချိန်မှာတော့ ငါတို့အတွက် အရက်ဆိုတာ သောက်ဖို့မဟုတ်တော့ဘူး . . . လိမ်းဖို့ဖြစ်သွားပြီ . . . "

ဟု အေးသိန်းက ပြောသည်။ သဘော်သားက ကျွန်တော့်လက်ထဲမှပုလင်းကို လှမ်းယူသည်။ ထို့နောက် လက်ခုပ်ထဲ ခပ်များများလောင်းထည့်ပြီး ခြေသလုံးတွေကို နှံ့အောင် လိမ်းနေပြန်၏။

ကျွန်တော်လည်း . . .

"ဟော့ကောင် . . . တော်တော့ . . . မင်းသိပ်များနေပြီ . . . "

ဟု ယောင်ပြီး ပြောလိုက်မိလေသည်။

**********

အရက်နှင့်အချစ်ကို အစလုပ်မိလျှင် နောက်ဆုတ်ဖို့ခက်သည်ဟု ကျွန်တော်ပြောခဲ့၏။

ကျွန်တော်တို့သည် အရက်ကို အစလုပ်မိ၏။ သို့ရာတွင် အချိန်မီ အောင်မြင်စွာဆုတ်ခွာကျောခိုင်းလိုက်နိုင်သည်။

ကျွန်တော်တို့သည် အချစ်ကိုလည်း အစပျိုးမိခဲ့ကြ၏။ သို့ရာတွင် နောက်ပြန်ဆုတ်ဖို့တော့ စိတ်မကူးပါ။ ရှေ့ကိုသာ ဆက်တိုးရပေလိမ့်မည်။ အရက်ကိုသာ ဖြတ်လို့ရသည်။ အချစ်ကို ဖြတ်လို့မရ။ ဖြတ်လည်း မဖြတ်သင့်ပါ။ အကြောင်းမှာ အောက်ပါစကားပုံလေးတစ်ခု၏ တိုက်တွန်းနှိုးဆော်ချက်ကြောင့်ပင် ဖြစ်လေသည်။

**LOVE IS LIKE WINE**

**THE OLDER, THE BETTER.**

အချစ်သည် ဝိုင်အရက်နှင့်တူ၏။

ကြာလေ ကောင်းလေ . . .။

မင်းလူ
၉–၁၂–၁၉၉၈

www.myanmarcupid.net

အရက်နဲ့ပတ်သက်တာကိုရေးမှာဆိုတော့
အရက်ကောင်းကြောင်းရေးမှာလား
ဆိုးကြောင်းရေးမှာလား
အရက်ကောင်းကြောင်း၊
ချီးကျူးရေးသားဖို့ကတော့လုံးဝမဖြစ်နိုင်
သင့်လည်းမသင့်တော်
အရက်မကောင်းကြောင်း
ရှုံ့ချပြီးရေးမည်ဆိုလျှင်ကော ....



NTM Graphic Studio :383664